ပကိဏ္ဏကရှုဘွယ်ကျမ်း

(စလင်းဆရာတော်)

၊ကာ၊ဂဏ္ဌိ ရ။နာနာနယ။နိပုဏာ

ဗိပိဋကတ္တိုရှိ။အာဂုဝစက်။ဉာဏ်လက်

ချက်သင်လို့။သိကြွယ်ဝှယ။မြတ်ဝမ္မလည်း။စင်လွှဖြိုးသ

ပ၊ ဖြင့်။ သီးသီးဝန်းကျင်။ ပတ္တဿွိထင်သော။

ကြည့်မြင်တိုင်စလင်းဆရာ့တော်ဘုရား

သည်။ မြောက်မြားသောကျမ်းဂန်

တို့မှ။ နိုက်နည်းဘွဲ့နှုတ်။ ပြီရင်

ဘွင့်ထုတ်အပ်သော

ပဋ္ဌာန

ဂဏ္ဌိကျမ်း။

၆၅-ခု၊ တပို့တွဲလ အတွင်း ပုံနှိပ်ပြီးသတည်း၊

ရန်ကုန်မြို့၊
ဆူးလေဘုရားလမ်း၊
ဟံသာဝတီသတင်းစာတိုက်၊
၉၀၄-ခုနှစ်၊

သတသဟာသ်။ ကပ်တသိန်း၄န်။လွန်သချ်ချေ။ ပည်း၆ထွဲ
သ်သွတ်။ဖြည့်လတ်တုံရကား။ ဘဝတ္တယ။ ပဝရသင်းကျစ်။
ရာဇ်တန်ဆောင်။ရိုက်ထောင်မားမား။တရားရဋ္ဌင်။ယင်စေ
ဂါလတ်။ ပိဋကတ်နိကာ။ အင်္ဂါ ဓမ္မက္ခန်။ အတန်တန်တို့၌။
ဘန်သေချွေ။မြင့်မိုရ်ခြေဝယ်။ထွေထွေလျှံ၊ရတနာအလုံး
ကျူး၍ပြဇာ်သို့။အတ္တပရသ်။ဟိတတ်များဖြင်။နိသင်မဟာဋ္ဌ။
ဝသကျူးမြတ်ကို။ ဆတ်ဆတ်ရချ။ ရပစေခြင်း၌။ ရိုးရင်းစွဲ
း။ ပြဋ္ဌာန်းခြင်းကရုဏာရှိတော်မူသော စလင်းဆရာတော်
ဦးကြီးအား။ သံသာမဟာဏ်။ လျှင်ထန်သဲရုတ်။ခနောင်းကြ
ဲအစုတ်တို့၌။ နစ်မြုပ်ခြင်းပုနပ္ပု။ အဘိရုက။စိတ္တုတြာသ။
သောကြောင့်။စိန္တာသုတ။မယဝေပုလ်။ မဂ်ပညာရင့်မုံသ
ဘုံအဝဋ္ဋာ။ရောက်လွယ်ကြစေဌာ။ဓမ္မက္ခန္ဓာ။ခိုင်ညွှာညွှန့်
းတို့မှ။ဆွတ်ရူးရင့်ရှု။သုံးမှုသောက်စား။ မှတ်သားသိလွယ်
အောင်။စိရင်ဘွင့်ထုတ်တော်မူပါဟု။ ဘုရားဒါယကာကြီး
ဲတ်ဘုးနှင့်။ရှည်ကျူးမြွက်ထုံ။တူရေစက်ဃုံကြသောဘုရား
ကာမကြီးမယ်ရွှေမှုံတို့သည်။ရှိမုံညွှတ်ပျောင်း။ လျှောက်
ာင်းပန်အပ်သည်ဖြစ်၍။ သုတ္တ-သုတ္တာနုလောမ-အာစရိယ
- အတ္တနောမတိတည်းဟူသော မဟာပဒေသ လေးပါ
။ယုတ္တာယုတ္တ၊ အာဂမဒ္ဓိ။ ဂန္တိတိက္ခ။ ပုဗ္ဗင်မဉာဏ်နှင့်
ကရုဏာရှေ့တင်၍။ စိရင်ဘွင့်ထုတ်အပ်သောပကိဏ္ဏ
သ်ကျမ်းကို။အဟိုများစွာ။ဝေနေယျာတို့။လေ့လာမှတ်
စားမယုတ်။အားထုတ်ကျင့်ကြံကြစေရန်။ဟံသာဝတီ
ဘိုက်တွင်။ အဆိုပါဘုရားဒါယကာ။ ဘုရားဒါယကာ
ကစာအုပ်ရ(၃၀၀) အင်းစိန်ပိုင်သရက်ကုန်းရွာ
းမရိဘ်။ ခေါင်ဖြစ်သူ ကိုဘိုးဖြူ၊ ဇနီးမမတို့က
၁၀)၂-ရပေါင်း(၇၀၀)ကို။သပြာငွေကြေး။အ
ဒ်ုကိနှိပ်သူ့ဒါန်း၊၄၀ကမ်းအင်ပါသတ

သတသဘာသ်။ကပ်တသိန်း၄နံ။လွန်အသချေချေ။ပည်းထွေ
သ်သွတ်။ ဖြည့်လဘ်တုံရကား။ ဘဝတ္တယ။ ပဝရသကျ်စ်။
ရာဂ်ကတန်သောင်။ရိုက်ထောင်မားမား။တရားရဖွင့်။ယင်စေ
ဘလဘ်။ပိဋကတ်နိကာ။အင်္ဂမွကျွန်။အတန်တန်တို့၌။ စိတ်
[illegible]သသွေ။မြင့်မိုရ်ချေဝယ်။ထွေထွေလျှံပ။ရတနာအလုံးကို။
[illegible]၌ပြဲဖြဲ။သို့။အဏ္ဏပရသ်။ ဟိတတ်များဖြင့်။ နိသင်မဟာဏ္ဍ။ပိ
[illegible]သကျိုးမြတ်ကို။ ဆတ်ဆတ်မချ။ ရပစေခြင်းငှါ။ ရှိုးရင်းစွဲ
[illegible]။ပြဋ္ဌာန်းခြင်း ကရုဏာရှိတော်မူသော ဆရာတော်ဘုရား
[illegible]။သံသာမဘာဏ်။လျှင်ထန်သဲရုတ်။ ခနောင်းကြွလှဲ။ဝဲအစုတ်
၌။နှစ်မြှုပ်ခြင်း ပုနပ္ပု။ အဘိရုက။ စိတ္တပြုကြံသ။ ရှိလှသော
ကြံဝင့်။ဗိန္တာသုတ။မယဝေပုလ်။မဂ်ပညာရင့်မုံသဖြင့်၊ ဘုံအ
ဏ္ဍ။ချောက်လွယ်ကြဲစေ၄။ဓမ္မကျွန္တာ၊ ခိုင်သွာ ညွှန့်အနုံးတို့
ကွဘ်ခုးရင့်ရှု။ သုံးမှုသောက်စာ။ မှတ်သား သံလုယ်[illegible]ရ
[illegible]ခင်။ ကျောင်းဒါယကာကြီး ဦးမြတ်ဘူးနှင့်။ဂျည်ကု[illegible]
[illegible]။လှူရစက်မှိုကြံသောကျောင်းဒါယကာမကြီး မယ်သဲတို့
ည်၊ ဦးချို ညွှဘ် ညောင်း။ ချော်က် တောင်[illegible]နံ အင်သည်
[illegible]။ သုဏ္ဍ-သုဏ္ဍာနှသောမ-အာစရိယဝါဒ-အဏ္ဍနေ[illegible]
[illegible]ဟူသောမ[illegible]ဒသလေး[illegible]တို့ဖြင့်။ သုဏ္ဍာယုဏ္ဍ အ[illegible]
[illegible]၊ဂ[illegible]ဘိ[illegible]။ ပုဗ္ဗဂ်မဥဘဲ နှင့်အကွ။ကရုဏာရှင်[illegible]။
[illegible]ရးသာ [illegible]ပ်သော ပကိဏ္ဏကဂုဝွယ်ကျမ်းကို [illegible]
[illegible]။ ဝေဝေ[illegible]သူဘို၊ လေ့သ[illegible]တ်သား။ ကြိုးစား[illegible]
[illegible]တ်ကျင့်ကြံကြံစေရန်။ [illegible] ဝပ်[illegible]ဝင်[illegible]ကင်။
[illegible] ကျောင်းဒ[illegible]ယကာ။ [illegible] [illegible]
[illegible](၃၀၀)[illegible]နံပိုင်သရ[illegible] [illegible]မကြီးမ[illegible]
[illegible]ဖြဂ်သူ[illegible]ကိုးဖြူ၊ [illegible]မမတို့[illegible] [illegible] ၅၀၀ ၂-ရ
[illegible] (၁၀၀) [illegible]သဖြ[illegible] [illegible]
[illegible]နိုး၊ [illegible]ကမ်း[illegible]ပ်ပါသ[illegible]

ပကိဏ္ဏကရှုဘွယ်ကျမ်း။

အ:

တို့နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။
ငြေ

ဝင် တိကတိဏ္ဏကံတိရတနံနိစ္စံနမာမိ။ ။ဂန္ထာရမ္ဘံပဏာမံဘ
မှ။းနသဿတိ။

ငေ အဟံ၊ သိဟာဘိဝံသ သာသနဓဇ နာမဝေါဟာ၊ သမိုက်
လ်ဒ္ဒပ်သော ငါသည်။ တိကတိဏ္ဏကံ၊ သုံးမည်လောက။ ဘဝသုံး
သဲ၌။ဝဋ်သုံးမြွာမှ။ ကောင်းစွာကျူးမြောက်တော် မူပြီးထသော။
ဗုဒ္ဓရတနံ၊ဘုရားတရားသံဃာအားဖြင့် သုံးပါးသောရတနာကို။
နိစ္စံ၊ကျိုးနွံနှိမ်ချအခါမပြတ်မြဲစွာမှတ်၍။ နမာမိ၊ရှိခိုးပါ၏။ ။
ဂန္ထာရမ္ဘံ၊ကျမ်းကိုအားထုတ်သည်မှ လက်မွန်ရှေးဦး၌။ ပဏာ
မံ၊ ရှိခိုးခြင်းပဏာမသည်။ ဘယံ၊ ဘေးခပ်သိမ်းကို။ နသဿတိ၊
ပယ်ပျောက်စေသတည်း။

အနေကကပ္ပကောဋိကံ၊အပူရိညာဏမာကန်။ ပရေသံဆန္ဒ
မိန္တတံ၊သောမဒေတုသမ္မာသန္တံ၊

ယောတထာဂတော၊ အကြင်ဝိပဿီအစရှိသော ရှေးရှေး
ယခေါင်၊နောင်တော်ဘုရားရှင်တို့ကဲ့သို့လာခြင်းကောင်းတော်
မူသောမြတ်စွာဘုရားသည်၊ အနေကကပ္ပကောဋိကံ၊ အသိန်း
မကသောကမ္ဘာကုဋေကာလပတ်လုံး၊ ညာဏံ၊ အနာဝရဏ၊အာ
မည်သော၊ သဗ္ဗညုတ ဉာဏ်တော်ကို၊ အာကန် အာ

ကဝ်ဆွေ့ာ၊အလိုရှိတော်မူသည်ဖြစ်၍။ ပရေသံ၊သူတပါးတို့၏ ဇူဇ္ဇိတံ၊အလိုရှိအပ်တော်တအပ်သော။ဆန္ဒံ၊အလိုဆန္ဒ၊အဖြူး သယ၊ ဟူသမျှကို။ အပူရိ၊ ဖြည့်ကျင့်ဆည်းပူးတော် မူလေပြီ သော တထာဂတော၊ ထိုမြတ်စွာဘုရားသည်။ မေ၊ ငါ့အာ သမ္ဘာဆန္ဒံ၊ကောင်းမြတ်သောမင်္ဂလာ။ မဟာသုခ၊မြတ်ဆန္ဒ၊ ဒေတု၊လျှင်စွာမနှေး။ပေးသနားတော်မူစေသတည်း။

ခမ္ဗာပါပေတိနိဗ္ဗာနံ၊ သံသောနေတိသုခံပဒံ။ ဝေတေနသစ္စ ဝဇ္ဇေန၊သဒါဆန္ဒံကရောတုမေ။

ခမ္ဗာ၊ လောကုတ္တရ၊မြတ်ခမ္ဗာသည်။ နိဗ္ဗာနံ၊ ရှစ်ပါးမဂ္ဂင်။ မြိုက်ရေစင်ဖြင့်။ ကင်းစင်ဝေးကွာ။ဝါနမရှိ။ အတိသုခ။နိဗ္ဗာန သို့။ ပါပေတိ၊ ဆောစွာ ထုတ် ချောက်။ ရောက်စေ တတ်၏။ သံသော၊ရှစ်ပါးအရိယာ။ မြတ်သဃာသည်။ သုခံ၊ ချမ်းသာအ တိ။မရှိဒုက္ခာ။အရိယာတို့။ မွေ့လျော်ရာဖြစ်သော။ပဒံ၊မဟာအ မတ နိဗ္ဗာနသို့။ နေတိ၊ ဆောင်တော်မူတတ်၏။ ဝေတေနသာ ဝဇ္ဇေန၊ ဤသို့မှန်သောစကားကိုဆိုခြင်းကြောင့်။ မေ၊ ငါ့အာ သောခမ္ဗာသံဃော၊ ထိုတရားသဃာတော်သည်။ သဒါ၊အ လင့်။ဆန္ဒံ၊ဆန္ဒမျိုးပုံ၊ အလုံးစုံကို။ ကရောတု၊ ပြုတော်မူစေ တည်း။

ပုဗ္ဗာစရိယသီဟာနံ၊ နယံနိဿာယ သာရကံ။ ပက်ိဏ္ဏက ကရိဿာမိ၊တံပဿထသမာဟိတာ။

ပုဗ္ဗာစရိယသီဟာနံ၊ရှုရန္နစ်ဖြာ၊ သာသနာ၌။နေဝါတောက် ထိန်။ဝရဇိန်နှင့်တူသော ရှေးရင့်ထင်ပေါ်ဆရာတော်တို့၏။ နယံ၊ လဒ္ဓူပဒေသ၊နည်းနယကို။ နိဿာယနိဿယံကတွာ၊ အမှီတံ ကဲ၊သဟဲပြမ်းပြု၍။ သာရကံ၊ ကောင်းစွာ။ ပက်ိဏ္ဏကံ၊ သုတ ပညာ။ပွါးရာပွါးကြောင်းဖြစ်သော။ ပက်ိဏ္ဏက။ နာမထူးဆန်း။ ရှုဘွယ် ကျမ်းကို။ ကရိဿာမိ၊ ရေး သား စီရင် ပေအံ့။ တံ ပက်ိဏ္ဏကံ၊ထိုပက်ိဏ္ဏကမည်သောရှုဘွယ်ကျမ်းကို။သာဓဝေါ၊ ဇူသာမဏ္ဍ၊ပလာသနှင့်။ ဒေါသရန်မက်။ မဘက်ပြုစွာ။သဒ္ဓါ

သီလ၊ စသည်တရား။ ခုနစ်ပါးနှင့်ပြည့်စုံသော သူတော်ကောင်းတို့သည်။ သမာဟိတာ၊ ငြိမ်သက်သော ရွှင်။ ကြည်လင်သောစိတ်ရှိကုန်သည်ဖြစ်၍။ ပဿဒ၊ သုတပညာ။ ပွါးစိမ့်ငှါဟု၊ ရည်သန်[illegible]လျက်။ ရှုကြစေကုန်သတည်း။

သုတပညာကိုပွါးများရာမှိလေ့ရှိသောသူတော်ကောင်းတို့၏ပညာသုတကိုပွါးများစေရန်ရည်သန်တောင့်တလျက်အထူးထူးသော ကျမ်းဂန်တို့မှ ထုတ်ဆောင်၍ ပကိဏ္ဏကမည်သော ရှုဘွယ်ကျမ်းကိုရေးသားစီရင်ပေအံ့။

သဗ္ဗညုတဉာဏ်တော်၏ ကွန့်မြူးကျက်စားရာ အာရုံဖြစ်သောဗုဒ္ဓခေတ်သည်ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ်ဟူ၍သုံးပါးအပြားရှိ၏။

ထို့ကြောင့်။ ။ဗုဒ္ဓခေတ္တံနာမတိဝိဓံဟောတိ၊ ဇာတိခေတ္တံအာဏာခေတ္တံဝိသယခေတ္တဉ္စာတိ။ ။ဟုဒီဃနိကာယ်မဟာ[illegible]ဒါနသုတ်၊ အင်္ဂုညသုတ်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဝိနည်းဋီကာဖြစ်ကျမ်းတို့၌မိန့်အပ်ပြီ။

ဗုဒ္ဓခေတ္တံနာမ၊ သဗ္ဗညုတဉာဏ်တော်၏ကျက်စားရာ အာရုံဖြစ်သော ဗုဒ္ဓခေတ်မည်သည်ကား။ ဇာတိခေတ္တဉ္စ၊ ဇာတိခေတ်ရင်း။ အာဏာခေတ္တဉ္စ၊ အာဏာခေတ်ရင်း။ ဝိသယခေတ္တဉ္စ၊ ဝိသယခေတ်ရင်း။ ဇာတိ၊ ဤသို့။ တိဝိဓံ၊ သုံးပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ။ထိုသုံးပါးသောခေတ်တို့တွင်ပဋိသန္ဓိမဘာဝိကဖြစ်[illegible]သော ဘုရားလောင်းတို့ ပဋိသန္ဓေ နေတော်မူသောအခါ၊ [illegible]ဖွားတော်မူသောအခါ၊ သ[illegible]ညုတဉာဏ်ကိုရ၍ဘုရားဖြစ်[illegible]တော်မူသောအခါ၊ ဓမ္မစကြာတရားကို[illegible]ဟောတော်မူ[illegible]သောအခါ၊ အာယုသင်္ခါရွှတ်တော်မူ[illegible]သောအခါ၊ ပရိနိဗ္ဗာန်စံလွန်[illegible]တော်မူ[illegible]သော အခါ [illegible]စသည်တို့၌ မြေတုန်လှုပ်ခြင်း တည်းဟူသော[illegible]ညာ[illegible]တော်၏အာနု[illegible]ဘော် ပျံ့နှံ့ရာ[illegible]ဖြစ်သောအ

ရေအတွက်အားဖြင့်တသောင်းအပိုင်းအခြားရှိသောစကြဝဠာတိုက်အပေါင်းသည်ဇာတိခေတ်မည်၏။

ထို့ကြောင့်။ ။တတ္ထဇာတိခေတ္တံဒသသဟဿစက္ကဝါဠပရိယန္တံ ဟောတိ။တံတထာဂတဿမာတုကုစ္ဆိယံဩက္ကမနေ နိက္ခမနေ အဘိသမ္ဗောဓိယံ ဓမ္မစက္ကပ္ပဝတ္တနေ အာယုသင်္ခါဝေါဿဇ္ဇနေပရိနိဗ္ဗာနေတျာဒိသုကမ္ပတိ။ ။ဟုရင်းအဋ္ဌကထာဋီကာတို့၌မိန့်၏။

တတ္ထ၊ ထိုသုံးပါးသောခေတ်တို့တွင်။ ဇာတိခေတ္တံ၊ ဇာတိခေတ်သည်။ ဒသသဟဿ စက္ကဝါဠပရိယန္တံ၊ စကြဝဠာ တသောင်းအပိုင်းအခြားရှိသည်။ ဟောတိ၊ ဖြစ်၏။ တံသဗ္ဗံ၊ ထို စကြဝဠာ တသောင်း အပိုင်းအခြား ရှိသော အလုံး စုံသော လောကဓာတ်သည်။တထာဂတဿ၊ မြတ်စွာဘုရား၏။မာတုကုစ္ဆိယံ၊မယ်တော်ဝမ်း၌။ ဩက္ကမနေစ၊ ပဋိသန္ဓေနေတော်မူသောအခါ၌၎င်း။နိက္ခမနေစ၊ တောထွက်တော်မူသောအခါ၌၎င်း။ အဘိသမ္ဗောဓိယံ၊ သဗ္ဗညုတဉာဏ်တော်ကို ရတော်သောအခါ၌၎င်း။ ဓမ္မစက္ကပ္ပဝတ္တနေ၊ ဓမ္မစကြာတရားကိုဟောတော်မူသောအခါ၌၎င်း။ အာယုသင်္ခါရဝေါဿဇ္ဇနေ၊အာယုသင်္ခါရလွှတ်တော်မူသောအခါ၌၎င်း။ ပရိနိဗ္ဗာနေစ၊ပရိနိဗ္ဗာစံလွန်တော်မူသောအခါ၌၎င်း။ဣတိအာဒိသု၊ဤသို့အစရှိသော ကာလဝိသေသတို့၌။ကမ္ပတိ၊တုန်လှုပ်၏။

ရတနသုတ် ပရိတ်၊ ခန္ဓပရိတ်၊ ဓဇဂ္ဂပရိတ်၊ မောရပရိတ်၊ အာဋာနာဋိယ ပရိတ်တော်တို့၏ အာနုဘော်သည် စကြဝဠာကုဋေတသိန်းတိုင်တိုင်ပျံ့နှံ့၏။ ထိုပရိတ်တော်ဂုဏ်တော်တို့၏ပျံ့နှံ့ရာ၊စကြဝဠာကုဋေတသိန်းအပိုင်းအခြားရှိသော လောကဓာတ်သည်အာဏာခေတ်မည်၏။

သို့ကြောင့်။ ။အာဏာခေတ္တံပန ကောဋိသတသဟဿစက္ကဝါဠပရိယန္တံ၊ ယတ္ထရတနသုတ္တံ၊ ခန္ဓပရိတ္တံ၊ မောရပရိတ္တံ၊ ဓဇဂ္ဂပရိတ္တံ၊ အာဋာနာဋိယပရိတ္တန္တိ ဣမေသံ ပရိတ္တာနံ အာနု

ဘာဝေါပဝတ္တတိ။ ။ဟုဝိသုဒ္ဓိမဂ်ဋီကာနိကာယ်စသောအဋ္ဌကထာဋီကာတို့၌မိန့်၏။

အာကာသခေတ္တံပန၊ အာကာသခေတ်သည်ကား။ ကောဋ္ဌသတသဟဿပရိယန္တံ၊ စကြဝဠာ ကုဋေတသိန်း အပိုင်းအခြားရှိသည်။ ဟောတိ၊ ဖြစ်၏။ယတ္ထ၊ အကြင်ကုဋေတသိန်းအပိုင်းအခြားရှိသောစကြဝဠာဟုဆိုအပ်သောလောကဓာတ်၌။ ရတနသုတ္တံ၊ ရတနသုတ်ပရိတ်တော်၎င်း။ ခန္ဓပရိတ္တံ၊ ခန္ဓပရိတ်တော်၎င်း။ မောရပရိတ္တံ၊ မောရပရိတ်တော်၎င်း။ ဓဇဂ္ဂပရိတ္တံ၊ ဓဇဂ္ဂပရိတ်တော်၎င်း။ အာဋာနာဋိယပရိတ္တံ၊ အာဋာနာဋိယပရိတ်တော်၎င်း။ ဣတိ၊ ဤသို့။ ဣမေသံ၊ ဟောတော်မူအပ်ကုန်သော။ ဣမေသံပရိတ္တာနံ၊ ဤပရိတ်တော်တို့၏။ အာနုဘာဝေါ၊ တန်ခိုးအာနုဘော်သည်။ ပဝတ္တတိ၊ ပျံ့နှံ့၍ဖြစ်၏။ ။မြတ်စွာဘုရားသည် အကြင်အကြင် စကြဝဠာကို သိခြင်း မြင်ခြင်း၌ အလိုတော်ရှိ၏။ ထိုထိုအလိုတော်ရှိတိုင်း သိမြင်တော်မူအပ်သော လောကဓာတ်တို့သောင်း။ အာကာသခေတ်ကုဋေတသိန်းမှပြင်ပ၌ ရှိသော အရေ အတွက် အပိုင်း အခြား မရှိသော စကြဝဠာ အနန္တလောကဓာတ်သည်ဝိသယခေတ်မည်၏။

၃ ထို့ကြောင့်။ ။ဝိသယခေတ္တံပန အနန္တံ အပရိမာဏံ အနန္တာ အပရိမာဏေသုပိ စက္ကဝါဠေသု ယံယံ တထာဂတော အာကင်္ခတိ တံတံဇာနာတိ။ ။ဟုရင်းအဋ္ဌကထာ၊ ဋီကာစသည်တို့၌မိန့်၏။

ဝိသယခေတ္တံပန၊ ဝိသယခေတ်သည်ကား။ အနန္တံ၊ အဆုံးအပိုင်းအခြားမရှိ။ အပရိမာဏံ၊ အရေအတွက်အတိုင်းအရှည်မရှိ။ ဟိသစ္စံ၊ အရေအတွက် အပိုင်းအခြားမရှိဟူသော စကားအစဉ်သည်စင်စစ်မှန်၏။ အနန္တာအပရိမာဏေသု၊ ရေတွက်ပိုင်းခြားခြင်း၄ါမတတ်ကောင်းကုန်သော၊ စက္ကဝါဠေသု၊ စကြဝဠာအပေါင်းတို့တွင်။ တထာဂတော၊ မြတ်စွာဘုရားသည်။ ယံယံစက္ကဝါဠံ၊ အကြင်အကြင်စကြဝဠာကို။ ဗုဒ္ဓဉာဏေန၊ ဉာဏ်ဖြင့်

စက္ခုသဗ္ဗညုတဉာဏ်တော်ဖြင့်။ ပဿိတုံ၊ရှုခြင်းငှါ။ အာကင်္ခတိ၊အလိုတော်ရှိ၏။ တံတံစက္ကဝါဠံ၊ထိုထိုအနန္တအပရိမာဏဖြစ်သောစကြဝဠာကို။ဇာနာတိ၊သိမြင်တော်မူ၏။ ။

ကဗျာဆရာတို့လည်း။ ။အာဏာဇာတိ။ ခေတ်ဝိသယအနန္တတွင်။ရေဆကုဋေ။တသိန်းနေတိ။ဖြစ်လေတပြီ။ပျက်ဦးတပြိုင်။ မဏ္ဍိုင်သွန်းသွန်း။ လေးမည် ကျွန်းနှင့်။ တည် ထွေညီးညီး။ အသီးသီးတွင်။ဟုစပ်ဆိုကြကုန်သတည်း။ ။ဤဆိုအပ်ပြီး သည့်ကား။ ။ဗုဒ္ဓခေတ်သုံးပါး စကြဝဠာ အနန္တရှိကြောင်းစကားအမြွက်တည်း။

စကြဝဠာသာ၊အနန္တ ရှိသည်မဟုတ်။ ထိုအနန္တစကြဝဠာတို့တွင် သုံးချသုံးချသောစကြဝဠာတို့၏အကြားအကြား၌တည်သော လောကန္တရိက် ငရဲလည်း အနန္တပင်ရှိ၏ဟု မှတ်ယူရမည်။

ထို့ကြောင့်။ ။လောကန္တရိကနိရယောနာမအနန္တာပရိမာဏေသု စက္ကဝါဠေသု တိဏ္ဏံတိဏ္ဏံ စက္ကဝါဠာနံ အန္တရေဝိဝရောလောကန္တရော။ဟုမိန့်၏။

လောကန္တရိက နိရယောနာမ၊ လောကန္တရိက် ငရဲမည့်သည်ကား။အနန္တာပရိမာဏေသု၊ အနန္တအပရိမာဏဖြစ်ကုန်သော။စက္ကဝါဠေသု၊ စကြဝဠာတို့တွင်။တိဏ္ဏံတိဏ္ဏံစက္ကဝါဠာနံ၊သုံးချသုံးချသောစကြဝဠာတို့၏။အန္တရေ၊အလယ်အကြား၌။ဝိဝရော၊ဟင်းလင်းသော။လောကန္တရော၊လောကခွတ်သုံးချသုံးချတို့၏အကြားပင်တည်း။ ။(ဤစကားရပ်ဖြင့်စကြဝဠာလည်းအနန္တ၊ လောကန္တရိက်ငရဲလည်း အနန္တဟု ပြတော်မူသည်)။

ထိုစကြဝဠာတို့တည်ဟန်၊ လောကန္တရိက်ငရဲတို့ဖြစ်ဟန်ကား။ ။လှည်းဘီး၊ မန်း၊ စကော၊ ဒိုးခွက်စသည် တို့တွင်သုံးချသုံးချသောဝတ္ထုတို့ကို ထိကာထိကာ ထားသည်နှင့် တူကုန်၏။ ထိုသို့တည်ကုန်သော စကြဝဠာအပေါင်းတို့တွင်သုံးချ

သုံးရသော စကြာဠာတို့၏ အဆိုင်တိုင်း အကြားတိုင်း လောကန္တရိက်ငရဲတို့သည်ဖြစ်ကုန်၏။ ထိုငရဲတို့သည်ကား။ ယူဇနာရှစ်ထောင် အကျယ် ပမာဏရှိကုန်၏။ အောက်၌ မြေအခံသည်းမရှိ။ အထက် ကောင်းကင်နှင့် အောက်ကောင်းကင်တသတည်းဖြစ်၏။ အောက်အတိုင်၌လောကဓာတ်ကိုခံသောရေသာရှိလေသတည်း။

ထို့ကြောင့်ကျမ်းဂန်တို့၌။ ။တိဏ္ဏံတိဏ္ဏံဟိသကဋစက္ကာနံဝါပဏ္ဏာနံဝါအညမညာသန္တရာဝေနဌပိတာနံအန္တရသဒိသေတိဏ္ဏံတိဏ္ဏံစက္ကဝါဠာနံ အန္တရေဧကေကောလောကန္တရနိရယော။ သောပနပရိမာဏတောအဋ္ဌယောဇနသဟဿပရိမာဏောဟောတိ။ နိစ္စဝိဝဋော ဟေဋ္ဌာစ ဥပရိစကေနစိနပိဟိတော။ ။ဟုမိန့်၏။

ဟိတံပါကရုံကရောမိ၊ ထိုစကားကိုထင်ရှားပြဦးအံ့။ အညမညာသန္တရာဝေန၊ အချင်းချင်း နီးစပ်ထိပါးကြသော အားဖြင့်။ ဌပိတာနံ၊ ထားအပ်ကုန်သော။ တိဏ္ဏံတိဏ္ဏံ၊ သုံးခုသုံးခုကုန်သော၊ သကဋစက္ကာနံဝါ၊ လှည်းဘီးစက်တို့၏၎င်း။ တိဏ္ဏံတိဏ္ဏံ၊ သုံးခု သုံးခုကုန်သော။ ပဏ္ဏာနံဝါ၊ မန်း စကော ခွက်သပိတ်တို့၏၎င်း။ အန္တရသဒိသေ အကြားနှင့်တူသော။ တိဏ္ဏံတိဏ္ဏံ၊ သုံးခုသုံးခုကုန်သော။ စက္ကဝါဠာနံ၊ စကြာဝဠာတို့၏။ အန္တရေ၊ အကြားတိုင်း အကြားတိုင်း၌။ ဧကေကော၊ တခုတခုစီသော၊ လောကန္တရနိရယော၊ လောကန္တရိက်ငရဲသည်။ ဟောတိ၊ ဖြစ်၏။ သော ပန၊ ထိုလောကန္တရိက်ငရဲသည်ကား။ ပရိမာဏတော၊ အကျယ်အဝန်း အတိုင်းအရှည် ပမာဏ အားဖြင့်။ အဋ္ဌယောဇနသဟဿပရိမာဏော၊ ယူဇနာ ရှစ်ထောင် အတိုင်းအရှည်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဟေဋ္ဌာစ၊ အောက်အတိုင်၌၎င်း၊ ဥပရိစ၊ အထက်အတိုင်၌၎င်း။ ကေနစိ၊ တစုံတခုသော ဝတ္ထုဖြင့်၊ နပိဟိတော၊ ပိတ်အပ်သည်ဖြစ်၍။ နိစ္စဝိဝဋော၊

အခါခပ်သိမ်း အမြဲလျှင် ဟင်းလင်း အပြင်ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဒီဃနိကာယ်အဋ္ဌကထာ၌လည်း။ ။လောကန္တရိကာတိ တိဏ္ဏံတိဏ္ဏံစက္ကဝါဠာနံအန္တရာ ဧကေကာလောကန္တရိကာဟော[တိ]။ တိဏ္ဏံတိဏ္ဏံသကဋ စက္ကာနံဝါ ပတ္တာနံဝါ အညမညံအ[ာ]ဟစ္စ ဌပိတာနံမဇ္ဈေ ဩကာသောဝိယ။ သောပနလောကန္တရိ[က] ကနိရယောပရိဏာဟတော အဋ္ဌယောဇနသဟဿော ဟောတိ။ ။ဟူ၍ယခင်စကားနှင့်အဓိပ္ပါယ်တူ၏။ပါဠိသာစိုးစဉ်းမျှ ကွဲကြသည်။

၎င်းဒီဃနိကာယ် အဋ္ဌကထာ၏ အနက်ကား။ ။လောကန္တရိကာတိ၊ လောကန္တရိကဟူသည်ကား။တိဏ္ဏံတိဏ္ဏံစက္ကဝါဠာနံ၊ သုံးခုသုံးခုကုန်သော စကြဝဠာတိုက်တို့၏။ အန္တရာ၊ အကြား၌။ဧကေကာ၊တခုသော။လောကန္တရိကာ၊ လောကန္တရိက်ငရဲသည်။ ဟောတိ၊ ဖြစ်၏။ ။ကိမိဝ၊ ဥပမာအဘယ်ကဲ့သို့နည်း ဟူမူကား။ အည မညံ၊ အချင်းချင်း။ အာ ဟစ္စ၊ ထိ၍။ ဌပိတာနံ၊ ထားအပ်ကုန်သော။ တိဏ္ဏံတိဏ္ဏံ၊ သုံးခု သုံးခုကုန်သော။ သကဋစက္ကာနံဝါ၊ လှည်းဘီး စက်တို့၏ ၎င်း။ တိဏ္ဏံ တိဏ္ဏံ၊ သုံးလုံးသုံးလုံးကုန်သော။ ပတ္တာနံဝါ၊ သပိတ်တို့၏၎င်း။ မဇ္ဈေ၊ အလယ်၌။ ဩကာသော ဝိယ၊ အရပ် ကဲ့သို့ တည်း။ သောပန လောကန္တရိက နိရယော၊ ထိုလောကန္တရိက် ငရဲ သည်ကား။ပရိဏာဟတော၊အကျယ်အတိုင်းအရှည်အားဖြင့်။ အဋ္ဌယောဇနသဟဿော၊ ယူဇနာရှစ်ထောင်ရှိသည်၊ ဟော တိ၊ဖြစ်၏။ ။ထိုလောကန္တရိက်ငရဲ၏အောက်အဘို့၌အပိတ် အဆို့မရှိပကတိသော အဇဋာကာသ ဟင်းလင်းအပြင်သာဖြစ် လေသတည်း။

သို့ကြောင့်ဒီဃနိကာယ်မဟာပဒါနသုတ်၌။ ။ဟေဋ္ဌာဥ ဒကာဿပိဟိတပထဝီနတ္ထိတိ အသံဝုတာလောကန္တရိက နိရ ယာ၊ ။ဟူမိန့်၏။

ဥဒကာသာ၊ ရေ၏။ ဟေ႒ာ၊ အောက်၌။ ပိဟိတပထဝီ၊ ပိတ်ဆို့သောမြေသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ လောကန္တရိကနိရယာ၊ လောကန္တရိက်ငရဲသည်။ ဟေ႒ာ၊ အောက်အဘို့၌။ အသံဝုတာ၊ အပိတ်အဆို့ အဆီးအတား မရှိသော ကောင်းကင်သည်။ ဟောတိ၊ ဖြစ်၏။ ။ စကြဝဠာတိုက်တို့၌အထက်နတ်ပြည်ဗြဟ္မာပြည်ရှိသကဲ့သို့။ ထိုလောကန္တရိက်ငရဲ၏ အထက်၌နတ်ပြည်ဗြဟ္မာပြည်တည်းဟူသောအဖုံးအပိတ်လည်းမရှိ။ ပကတိသောအဇ္ဈာကာသ ဟင်းလင်းအပြင် ကောင်းကင်သာလျှင်ဖြစ်လေသည်။

ထို့ကြောင့်ဇင်းနိကာယ်မဟာပဒါနသုတ်အဋ္ဌကထာ၌။ ။ ဧဝံလောကန္တရိကနိရယဿဥပရိစက္ကဝါဠေသုဝိယ ဒေဝဝိမာနာနံအဘာဝတောအပိဟိတာလောကန္တရိကနိရယာ။ ။ ဟုမိန့်အပ်ပြီ။

ဧဝံ၊ ဤသို့။ ဥပရိစက္ကဝါဠေသု၊ အထက်စကြဝဠာတို့၌။ ဒေဝဝိမာနာနံ၊ နတ်ဗိမာန်ဗြဟ္မာဗိမာန်တို့၏။ အတ္ထိဝိယ၊ ရှိသကဲ့သို့။ လောကန္တရိက နိရယဿ၊ လောကန္တရိက်ငရဲ၏။ ဥပရိ၊ အထက်၌။ ဒေဝဝိမာနာနံ၊ နတ်ဗိမာန် ဗြဟ္မာဗိမာန်တို့၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ လောကန္တရိကနိရယာ၊ လောကန္တရိက်ငရဲသည်။ ဥပရိ၊ အထက်အဘို့၌။ အပိဟိတာ၊ အဖုံးအပိတ်မရှိ ပကတိသော အဇ္ဈာကာသ ကောင်းကင်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ။ ထိုလောကန္တရိက်ငရဲ၌ အထက်အဘို့အောက်အဘို့တို့၌အဆို့အပိတ်မရှိသော်လည်း အလင်းအတိရှိသည်မဟုတ် စက္ခုဝိညာဉ်၏ဖြစ်ခြင်းကို ဖြစ်ခြင်းငှါ စွမ်းနိုင်သောအမိုက်အတိနှင့်သာ ပြည့်စုံသည်ဖြစ်၍။ ထိုလောကန္တရိက်ငရဲ၌ရူပါရုံကို မြင်စွမ်းနိုင်သောစက္ခုဝိညာဉ်လည်း အာလောကတည်းဟူသောအလင်းကို မရသောကြောင့် ဖြစ်ခြင်းငှါမစွမ်းနိုင်၊ သုံးကျွန်းလုံးကို တပြိုင်နက်အရောင်အလင်းဖြင့် နှံ့

စေနိုင်သောသနေတို့သည်လည်းထိုလောကန္တရိက် ငရဲ၌အ ရောင်အလင်းကိုမပြနိုင်မဖြစ်စေနိုင်ကုန်။

ထို့ကြောင့် ၎င်းနိကာယ်အဋ္ဌကထာ၌။ ။စက္ခုဝိညာ ဏုပ္ပတ္တိ နိဝါရဏာ သမတ္ထေနစ အန္ဓကာရေန သမန္နာဂတတ္တာ တတ္ထကိရစက္ခုဝိညာဏံနဇာယတိ။အာလောကဿ အဘာဝ တော။တိသုပိဒီပေသု ဧကပဟာရေန အာလောကကရဏသ မတ္ထာပိဟိစန္ဒိမသူရိယာတတ္ထအဒ္ဓလောကံနဒဿေန္တိ တိ စက္ခု ဝိညာဏံနဥပ္ပဇ္ဇတိ။ ။ဟုမိန့်၏။

တတ္ထ၊ ထိုလောကန္တရိက်ငရဲ၌။ စက္ခုဝိညာဏုပ္ပတ္တိနိဝါရ ဏာသမတ္ထေန၊ စက္ခုဝိညာဉ်၏ဖြစ်ခြင်းကို မြစ်ခြင်းငှါ စွမ်းနိုင် သော။ အန္ဓကာရေနစ၊ အမိုက်အတိုက်နှင့်လည်း။ သမန္နာဂတတ္တာ၊ ပြည့်စုံ၏။ တတ္ထ၊ ထိုလောကန္တရိက်ငရဲ၌။ အာလောကဿ၊ အရောင် အလင်း၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ စက္ခု ဝိညာဏံ၊ စက္ခုဝိညာဉ်သည်။ နဇာယတိကိရ၊ မဖြစ်သတတ်။ ဟိ သစ္စံ၊ လောကန္တရိက်ငရဲ၌အရောင်အလင်းမရှိဟူသောစကား သည်စင်စစ်မှန်၏။ တိသုပိဒီပေသု၊ ကျွန်းကြီး သုံးကျွန်း တို့၌ သော်လည်း။ ဧကပဟာရေန၊ တပြိုင်နက်သောခဏဖြင့်။ အာ လောကကရဏသမတ္ထာပိ၊ အရောင်အလင်းကိုပြုခြင်းနှံ့ခြင်းငှါ စွမ်းနိုင်သော်သည်း။ စန္ဒိမသူရိယာ၊ လနေတို့သည်။ တတ္ထ၊ ထို လောကန္တရိက်ငရဲ၌။ အာလောကံ၊ အရောင် အလင်းကို။ နဒ ဿေန္တိ၊ မပြနိုင်ကုန်။ ဝါ၊ မနှံ့စေနိုင်မလင်းစေနိုင်ကုန်။ ဣတိ၊ ထို့ကြောင့်။ စက္ခုဝိညာဏံ၊ ရူပါရုံကို မြင်စွမ်းနိုင်သော စက္ခု ဝိညာဉ်သည်။ နဥပ္ပဇ္ဇတိ၊ မဖြစ်နိုင်။ ။အကြင်အခါ၌ဘုရားအ လောင်းတော်သည် မယ်တော်ဝမ်း၌ ပဋိသန္ဓေ နေတော်မူ၏။ ထိုအခါအဝီစိငရဲမျှမကြွင်းတသောင်းသောလောကဓာတ်၌အ ရောင်အလင်းကို ရကြလေရကား။ လောကန္တရိက်ငရဲ၌ ဖြစ် ကြသောငရဲသူတို့သည်ထိုနေ့၌အချင်းချင်း လက်ပစ် တတွက်

လျှပ်စစ်တပြက်ခန့်မြင်ပြီးလျှင်ဘယ်အရောင်ပါနည်းဟုဆိုစဉ် ဆဲဆဲပင်ကွယ်ပျောက်လေသတည်း။

ထို့ကြောင့်။ ။အဗ္ဘကထာဒီကာတို့၌။ ယဒါပန ဗောဓိ သတ္တဿ ပဋိသန္ဓိဂဟဏာဒိသု ဩဘာသော ဥပ္ပဇ္ဇတိ တဒါ အညေပိကိရဘောသန္တိသတ္တာဣဓူပပန္နာတိတံဒိဝသံအညမညံ ပဿန္တိအယံပနဩဘာသောဧကယာဂုပါနမတ္တံပိ နတိဋ္ဌတိ အစ္ဆရာသံဃာတမတ္တမေဝဝိဇ္ဇောဘာသောဝိယနိစ္ဆရိတွာ ကိံ ဣဒန္တိဘဏန္တာနံယေဝအန္တရဓာယတိ။ ။ဟုမိန့်၏။

ယဒါပန၊အကြင် အခါ၌ကား။ ဗောဓိ သတ္တဿ၊ ဘုရားအလောင်းတော်၏။ ပဋိသန္ဓိဂဟဏာ ဒိသု၊ မယ်တော်ဝမ်း၌ ပဋိသန္ဓေနေတော်မူသော ကာလစသည်တို့၌။ ဩဘာသော၊ အရောင်အလင်းသည်။ ဥပ္ပဇ္ဇတိ၊ တသောင်းသောလောကဓာတ်၌ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ဘော၊ အချင်းတို့။ ဣဓ၊ ဤအရပ်၌၊ ဥပပန္နာ၊ ဖြစ်ကုန်သော။ အညေပိသတ္တာ၊ တပါးသော သတ္တဝါတို့သည်လည်း။ သန္တိကိရ၊ ရှိကြကုန်သတတ်။ ဣတိ၊ ဤသို့။ တံဒိဝသံ၊ ထိုနေ့၌။ အညမညံ၊ အချင်းချင်း။ ပဿန္တိ၊ မြင်လိုက်ကြကုန်၏။ အယံပန ဩဘာသော၊ ဤအရောင်သည်ကား။ ဧကယာဂုပါနမတ္တံပိ၊ ယာဂုတကြိမ်သောက်လောက်ရုံမျှလည်း။ နတိဋ္ဌတိ၊ မတည်။ အစ္ဆရာသံဃာတမတ္တမေဝ၊ လက်ဖျစ်တတွက်မျှသာလျှင်။ ဝိဇ္ဇောဘာသောဝိယ၊ လျှပ်စစ်ရောင်ကဲ့သို့။ နိစ္ဆရိတွာ၊ အရောင်ထွက်၍။ ကိံ ဣဒံ၊ အဘယ်အရောင်နည်း။ ဣတိ၊ ဤသို့။ ဘဏန္တာနံယေဝ၊ ဆိုကုန်စဉ်သာလျှင်။ အန္တရဓာယတိ၊ ကွယ်ပျောက်၏။

အဘယ်မကောင်းမှုကို ပြုကျင့်သောသူတို့သည် ထိုသောကန္တရက်ငရဲ၌ခံရလေကုန်သနည်းဟူမူ ။မိဘတို့အထက်၌ရင်း။ တရားစောင့်သောရဟန်းပုဏ္ဏားတို့၏အထက်၌ရင်း။ လေးစွာသောအပြစ်ကြမ်းထမ်းစွာသောဝန်ကို တင်တတ်သောသူ။ အမိအဘ ရဟန်းပုဏ္ဏားတို့ကို ဆဲရေးပုတ်ခတ်သောသူ နေ့တိုင်းမပြတ်သူ့အသက်ကိုသတ်ခြင်းမပြတ်သူ့ဥစ္စာကိုခိုး[illegible]

လုယက်တိုက်ခိုက်ခြင်း။ မလွန်ကြူးအပ်သော မာတုရက္ခိတစ
သောဌာနတို့၌ များစွာကြူးလွန်ခြင်း။ သုရာဓုတ္တဖြစ်၍ လွန်စွာ
သောက်စားကြူးလွန်ခြင်း။ မပြတ်မလပ် မုသာဝါဒ ပြောများ
ခြင်းစသော မကောင်းမှုရှိသော သူတို့သည် ထိုငရဲ၌ကျက်စား
ကျရကုန်၏။ ထိုငရဲသူတို့၏ကိုယ်ကား သုံးဂါဝုတ်ပမာဏရှိ၍
ရှည်စွာသောခြေသည်းလက်သည်းရှိကုန်၏။ ထိုငရဲသူတို့သည်
လင်းနို့ကြီးတို့ကဲ့သို့ စကြဝဠာတောင်ခြေ၌ ခြေသည်း လက်
သည်းတို့ဖြင့်ချိတ်၍ တောင်ရွေ့မြောက်ရွေ့ တရွေ့ရွေ့သွား
လျက် သွားကြကုန်သည်ရှိသော် နေရောင်လရောင်မှ ကင်းသ
ဖြင့်၊အမိုက်အတိသာဖြစ်သောကြောင့် တဦးကိုတဦးမမြင်ကြ
ကုန်။ ထိုငရဲသူသတ္တဝါတို့သည် အချင်းချင်း နီးပါးတွေ့ထိကြ
ကုန်သည်ရှိသော်ငါတို့စားသောက်ရာအစာကိုတွေ့ရပေပြီဟု
ဆွဲငင်ကြကုန်စဉ်။တောင်ခါးပန်းမှလွတ်၍စကြဝဠာကိုခံသော
ရေ၌ကျ၍ မုန့်မုန့်ညက်ညက်ကြေမွကုန်ပြီးလျှင်။ တဘန် အကု
သိုလ်ကံမကုန်သမျှကာလပတ်လုံးဖြစ်မြဲတိုင်းဖြစ်ပြန်ကုန်၏။

ထို့ကြောင့်။ ဒီဃနိကာယ်အဋ္ဌကထာ၌။ ။ကိံပနကမ္မံ
ကတွာတတ္ထသတ္တာနိဗ္ဗတ္တန္တိတိ။ ဘာရိယံဒါရုဏံ မာတာပိတူနံ
ဓမ္မိက သမဏ ဗြာဟ္မဏာနဉ္စ ဥပရိအပရာဓံ အညံဒိဝသေ ဒိ
ဝသေပါဏာတိ ပါတာဒိကမ္မံ ကတွာဥပ္ပဇ္ဇန္တိ။ တမ္ဗပဏ္ဏိဒီပေ
စောရနာဂအာဘယစောရာ ဒယောဝိယတေသံ အတ္တဘာဝေါ
တိဂါဝုတော ဟောတိ။ ဝဂ္ဂုလိနံဝိယ ဒီဃနခါဟောန္တိ။ တေ
ရုက္ခေဝဂ္ဂုလိယောဝိယနခေဟိ စက္ကဝါဠပဗ္ဗတေလဂ္ဂန္တိ။ ယဒါ
သံသပ္ပန္တာအညမညဿဟတ္ထပါသဂတာဟောန္တိ။ အထနော
ဘက္ခောလဒ္ဓေါတိမညမာနာခါဒနတ္ထံ ဥပက္ကမန္တာပရိဝတ္တိတွာ
လောကသန္ဓာရကေဥဒကေပတန္တိ။ ဝါတေပဟာရန္တေမဓုက
ဖလာနိဝိယဆိဇ္ဇိတွာဥဒကေပတန္တိ။ ပတိတမတ္တာဝအစ္စန္တခါ
ရေဥဒကေပိဋ္ဌပိဏ္ဍိဝိယဝိလီယန္တိ။ ။ဟုမိန့်အပ်ပြီ။

ကိံပနကမ္မံ၊အဘယ်သို့သောမကောင်းမှုကံကို။ ကတွာ၊ပြု

ခြင်းကြောင့်။တတ္ထ၊ ထိုလောကန္တရိက်ငရဲ၌။ သတ္တာ၊သတ္တဝါ
တို့သည်။ နိဗ္ဗတ္တန္တိ၊ဖြစ်ရကုန်သနည်း။ဣတိစေ၊ ဤသို့မေးငြား
အံ့။ ။မာတာပိတူနဉ္စ၊ မိခင်ဘခင်တို့၏ရင်း။ ဓမ္မိကသမဏ
ဗြာဟ္မဏာနဉ္စ၊တရားကျင့်သောရဟန်းပုဏ္ဏားတို့၏ရင်း။ ဥပရိ၊
ထက်၌။ဘာရိယံ၊ ဝန်လေးသော။ ဒါရုန်၊ ကြမ်းထမ်းသော။
ဒဏ္ဍံပရာမဋ္ဌ၊ အပြစ်ကိုရင်း။ အညံ၊ ဤမှ တပါးသော။ ဒိဝသေ
ဒိဝသေ၊နေ့တိုင်းနေ့တိုင်း။ ပါဏာတိပါတာဒိကမ္မဉ္စ၊ပါဏာတိ
ပါတစသော များစွာသော မကောင်းမှု အကုသိုလ်ကံကိုရင်း။
ကတွာ၊ပြုခြင်းကြောင့်။ ဥပပဇ္ဇန္တိ၊ ဖြစ်ရကုန်၏။ တမ္ဗပဏ္ဏိဒီပေ၊
သီဟိုဠ်ကျွန်း၌။ စောရနာဂအဘယစောရာဒယော ဝိယ၊စောရ
နာဂအဘယ ခိုးသူကြီးတို့ကဲ့သို့။ တေသံ၊ ထိုလောကန္တရိက်
ငရဲသားတို့၏။အတ္တဘာဝေါ၊ အတ္တဘောသည်။တိဂါဝုတော၊
သုံးဂါဝုတ်ရှိသည်။ဟောတိ၊ ဖြစ်၏။ဝဂ္ဂုလိန်ဝိယ၊ လင်းနို့ကြီး
တို့ကဲ့သို့။ ဒီဃနခါ၊ ရှည်သော ခြေသည်း လက်သည်းရှိကုန်
သည်။ဟောန္တိ၊ ဖြစ်ကုန်၏။ တေသတ္တာ၊ထိုသတ္တဝါတို့သည်။
ရုက္ခေ၊သစ်ပင်၌။ဝဂ္ဂုလိယောဝိယ၊လင်းနို့ကြီးတို့ကဲ့သို့။စက္ကဝါ
ဠပဗ္ဗတေ၊စကြဝဠာတောင်ခါးပန်း၌။လဂ္ဂန္တိ၊ ဆွဲကပ်လျက်နေရ
ကုန်၏။ယဒါ၊ အကြင်အခါ၌။သံသပ္ပန္တာ၊ ရွရွတွားကုန်လျက်။
အညမညဿ၊အချင်းချင်း။ဟတ္ထပါသဂတာ၊ ဟတ္ထပါသ်အနီး
သို့ရောက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အထ၊ ထိုအခါ၌။
နော၊ငါတို့အား။ဘက္ခော၊ အစာကို။ လဒ္ဓေါ၊ရအပ်ပြီ။ ဣတိ၊ဤ
သို့။ မညမာနာ၊ မှတ်ထင်အောက်မေ့သည်ဖြစ်၍။ ခါဒနတ္ထံ၊
ခဲခြင်းအကျိုးငှါ။ဥပက္ကမန္တာ၊လုံ့လပြုခြင်းကြောင့်။ ပရိဝတ္တိတွာ၊
ပြန်လှန်၍။ လောက သန္ဓာရကေ၊ လောကဓာတ်ကို ခံသော။
ဥဒကေ၊ရေ၌။ပတန္တိ၊ကျကုန်၏။ ဝါတေပဟာရန္တေ၊ လေခတ်
သည့်ရှိသော်၊မဓုကဖလာနိဝိယ၊ သစ်မည်စည်သီးတို့ကဲ့သို့။
ဆိန္နတွာ၊ပြတ်၍။ဥဒကေ၊ရေ၌။ ပတန္တိ၊ ကျကုန်၏။ အစ္စန္တခါ
ရေ၊အလွန်ငန်သော။ ဥဒကေ၊ရေ၌။ ပတိတမတ္တာဝ၊ကျကာမျှ

ဖြစ်ကုန်၍သာလျှင်။ ပိဋ္ဌပိဏ္ဍိဝိယ၊ မုန့်ညက်စိုင်ကဲ့သို့။ ဝိလိယန္တိ။ ကြေမွကုန်၏။ ။ဤသို့စကြဝဠာ တည်ဟန်ကို သိရသဖြင့် စကြဝဠာများစွာ ရှိသည်၏အဖြစ်ကိုရင်း။ လောကန္တရိက်ငရဲတို့၏တည်ရာဌာနကိုရင်း။ လောကန္တရိက်ငရဲတို့၏ များသည်၏အဖြစ်ကိုရင်းသိကြရာ၏။

နိယတမိစ္ဆာဒိဋ္ဌိအယူရှိသောသူတို့သည် ငရဲသက်မကုန်ကမ္ဘာပျက်သော်သည်း ငရဲမှမလွတ်နိုင်။ မိမိခံရင်း စကြဝဠာပျက်သည်ရှိသော် မပျက်သောစကြဝဠာငရဲ၌ဖြစ်၍ ခံရကျက်ရကုန်၏။ မိစ္ဆာဒိဋ္ဌိဖြစ်သော ငရဲသူသတ္တဝါအား အကုသိုလ်ကံမကုန်မီငရဲမှလွတ်ခြင်းမည်သည် မရှိ။ ရင်းနိယတမိစ္ဆာဒိဋ္ဌိကံမှ တပါးငါးပါးသော အနန္တရိယကံတို့သည် ကမ္ဘာပျက်သည်ရှိသော်ငရဲမှလွတ်၍ အပရာပရိယဝေဒနီယကုသိုလ်ကံ၏ အစွမ်းအားဖြင့်နတ်ပြည်၌ဖြစ်၍။ ဝါယောကသိုဏ်းကိုပွါးသဖြင့် ဗြဟ္မာဘုံ၌ဖြစ်ကုန်၏။

ထို့ကြောင့်ကျမ်းဂန်တို့၌။ ။နိယတ မိစ္ဆာဒိဋ္ဌိကောပန၊ ဝိနဿမာနေပိကပ္ပေနိရယတောနမုစ္စတိယေဝ။ တသ္မာသော တတ္ထအနိဗ္ဗတ္တိတွာ ပိဋ္ဌိစက္ကဝါဠေ နိဗ္ဗတ္တတိ။ နိယတ မိစ္ဆာဒိဋ္ဌိယာဟိသမန္နာဂတဿဘဝတောဝုဋ္ဌာနံနာမနတ္ထိ။ တာယဟိသမန္နာဂတဿနေဝသဂ္ဂေါအတ္ထိနမဂ္ဂေါ။ တသ္မာသောသံဝဋ္ဋမာနစက္ကဝါဠတောအညတ္ထနိရယေနိဗ္ဗတ္တတိ။ ။ဟုမိန့်၏။

နိယတမိစ္ဆာဒိဋ္ဌိကောပန၊ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိသောသူသည်ကား။ ကပ္ပေ၊ ကမ္ဘာသည်။ ဝိနဿမာနေပိ၊ ပျက်သော်လည်း။ နိရယတော၊ ငရဲမှ။ နမုစ္စတိယေဝ၊ မလွတ်နိုင်သည်သာလျှင်တည်း။ တသ္မာ၊ ထိုသို့မလွတ်နိုင်သည်၏ အဖြစ်ကြောင့်။ သော၊ ထိုနိယတမိစ္ဆာဒိဋ္ဌိဖြစ်သောသတ္တဝါသည်။ တတ္ထ၊ ထိုပျက်သောကမ္ဘာ၌။ အနိဗ္ဗတ္တိတွာ၊ မဖြစ်မူ၍။ ပိဋ္ဌိစက္ကဝါဠေ၊ ပျက်သောစကြဝဠာမှပြင်တပါးအခြားသောစကြဝဠာ၌။ နိဗ္ဗတ္တတိ၊ ဖြစ်ရ၏။ ဟိသစ္စံ၊ မှန်၏။ နိယတမိစ္ဆာဒိဋ္ဌိယာ၊ နိယတမိစ္ဆာဒိဋ္ဌိနှင့်၊

သမန္တာဂတသာ၊ ပြည့်စုံသော သတ္တဝါအား။ ဘဝတော၊ ငရဲဘုံမှ။ဝုဋ္ဌာနံနာမ၊ ထမြောက်လွတ်ကင်းခြင်း မည်သည်။ နတ္ထိ၊ မရှိ။ဟိသစ္စံ၊မှန်၏။ တာယ၊ ထိုနိယတမိစ္ဆာဒိဋ္ဌိကံနှင့်။ သမန္တာဂတာသ၊ ပြည့်စုံသော သတ္တဝါအား။ သဂ္ဂေ၊ နတ်ပြည်လားကြောင်းတရားကောင်းသည်။ နေဝအတ္ထိ၊ မရှိသည် သာလျှင်တည်း။မဂ္ဂေ၊ မဂ်ကိုရကြောင်းတရားကောင်းသည်။ နတ္ထိဧဝ၊ မရှိသည်သာလျှင်တည်း။ တသ္မာ၊ ထိုသို့နတ်ရွာနိဗ္ဗာန်လမ်းမှန်ရောက်ကြောင်း တရားကောင်းမရှိသည်အဖြစ်ကြောင့်။ သောသတ္တော၊ ထိုနိယတမိစ္ဆာဒိဋ္ဌိကံနှင့်ပြည့်စုံသော သတ္တဝါသည်။ သံဝဋ္ဋမာနစက္ကဝါဠတော၊ ပျက်ဆဲသောစကြဝဠာမှ။ အညတ္တအညသ္မိံစက္ကဝါဠေ၊ တပါးသောစကြဝဠာ၌။ နိရယေ၊ငရဲ၌။ ကြီးစွာသောမကောင်းမှုရှိသောသူတို့၏ခံရာဖြစ်သောငရဲ၌။နိဗ္ဗတ္တတိ၊ ဖြစ်၏။

ကဗျာလင်္ကာတို့၌လည်း။ ။အသည်းအသံ။ မြဲမြဲဘိစွ။ နိယတမိစ္ဆာ။ဒိဋ္ဌိမှာမူ။ ကပ္ပာဝသန်။ ကုန်လည်းမဆုံး။ နှလုံးလဲဘောက်။ ရေထဲကျောက်သို့။ မှားမှောက်သတ္တဝါ။ သူတို့မှာကား။လွတ်ရာတခြား။ပြောင်းခဲ့သွားသည်။ ။လေးပါးပါယ်ရွာဘုံထဲတည်း။ဟုစပ်ဆိုကုန်သတည်း။

ယင်းသို့နိယတမိစ္ဆာဒိဋ္ဌိကံနှင့်ပြည့်စုံကုန်သော သတ္တဝါတို့သည်အဝိစိငရဲ၌ကျ၍ အကုသိုလ်ကံမကုန်မီ ကမ္ဘာပျက်သည်ရှိသော်မပျက်သောစကြဝဠာငရဲ၌ဖြစ်၍ ခံရကြောင်းကိုကျမ်းဂန်တို့၌တိုက်ရိုက်လာရှိသည်ကိုသိသဖြင့်။ စကြဝဠာများစွာရှိကြောင်းကိုလည်း သိသာလှလေပြီ။ ။စကြဝဠာသာအနန္တ၊ လောကန္တရက်ငရဲသာအနန္တရှိသည်မဟုတ်သေး။ ။ထိုမှတပါးလေပျက်သောကမ္ဘာ၌ ကမ္ဘာပျက်လေ၏အဟုန်ဖြင့် မြင့်မိုရ်၊စကြဝဠာ၊ဟိမဝန္တာတောင်တို့သည် ကောင်းကင်သို့လွင့်တက်၍အချင်းချင်း ပုတ်ခိုက် ထိ ါးခြင်း ကြောင့် မုန့်မုန့်ညက်ညက် ကျက်စီး ကြေ ပျောက်ခြင်းသို့ ပျောက်ကုန်၏ဆိုသဖြင့်စကြ

ဝဋ္ဋာတောင်လည်းအနန္တ၊ မြင့်မိုရ်တောင်လည်း အနန္တ၊ ဟိမဝန္တာတောင်လည်းအနန္တရှိ၏ဟုမှတ်ယူရမည်။

ထို့ကြောင့်။ ။စက္ကဝါဠပဗ္ဗတံပိသိနေရုပဗ္ဗတံပိဝါတော ဥက္ခိပိတွာအာကာသေဋ္ဌပေတိ။တေအညမညံအဘိဟာတာဝိရုဏ္ဏာ ဝိရုဏ္ဏာဟုတွာဝိနဿန္တိ။ ။ဟူ၍၎င်း။ ။တတ္ထစက္ကဝါဠ စက္ကဝါဠေဟိ ဟိမဝန္တာဟိမဝန္တေဟိ သိနေရုသိနေရုဟိအည မညံသမာဂန္တွာဝိရုဏ္ဏာဝိရုဏ္ဏာဝိနဿန္တိ။ ။ဟူ၍၎င်း။ ။ဝိသုဒ္ဓိ မဂ်အဋ္ဌကထာ။ဝိနည်းဋီကာစသည်တို့၌လာ၏။

အနက်ကား။ ။ဝါတော၊ကမ္ဘာပျက်လေသည်။ စက္ကဝါဠ ပဗ္ဗတံပိ၊စကြာဝဠာတောင်ကိုရင်း။သိနေရုပဗ္ဗတံပိ၊စကြာဝဠာ၏ မဏ္ဍိုင်ချက်မဖြစ်သောမြင့်မိုရ်တောင်ကိုရင်း။ဥက္ခိပိတွာ၊မြှောက် လွှင့်၍။အာကာသေ၊ကောင်းကင်၌။ဝါ၊ကောင်းကင်သို့။ဌပေတိ၊ ပစ်၏။တေ၊ထိုစကြာဝဠာတောင်မြင့်မိုရ်တောင်တို့သည်။ အည မညံ၊အချင်းချင်း။အဘိဟာတာ၊ ခတ်မိတိုက်မိကြကုန်သည်ဖြစ် ၍။ ဝိရုဏ္ဏာဝိရုဏ္ဏာ၊ မုန့်မုန့်ညက်ညက်တို့သည်။ ဟုတွာ၊ ဖြစ်ကြ ကုန်၍။ဝိနဿန္တိ၊ပျက်စီးကြေပျောက်ကုန်၏။ ။တတ္ထဝစနေ၊ ထိုစကားဌ။စက္ကဝါဠာ၊ တခုသောလောကဓာတ်၏တံတိုင်းအ ရံဖြစ်သောစကြာဝဠာတောင်တို့သည်။စက္ကဝါဠေဟိ၊တခုသော လောကဓာတ်၏တံတိုင်းအရံဖြစ်သောစကြာဝဠာတောင်တို့နှင့်။ ဟိမဝန္တာ၊တပါးသောစကြာဝဠာမှလွင့်တက်သော ဟိမဝန္တာ တောင်တို့သည်။ ဟိမဝန္တေဟိ၊ တပါးသော စကြာဝဠာမှလွင့် တက်သောဟိမဝန္တာတောင်တို့နှင့်။ သိနေရု၊ စကြာဝဠာတပါး ၏မဏ္ဍိုင်ဖြစ်သောမြင့်မိုရ်တောင်တို့သည်။ သိနေရုဟိ၊ စကြာဝ ဠာတပါး၏မဏ္ဍိုင်ဖြစ်သော မြင့်မိုရ်တောင်တို့နှင့်။ အညမညံ၊ အချင်းချင်း။သမာဂန္တွာ၊ ပေါင်းယှဉ်နီးစပ် ခတ်မိကြကုန်သည် ဖြစ်၍။ဝိရုဏ္ဏာဝိရုဏ္ဏာ၊မုန့်မုန့်ညက်ညက်ဖြစ်ကုန်လျက်။ဝိနဿန္တိ၊ ပျက်စီးကြေပျောက်ကုန်၏။ ။(ဤသို့စကြာဝဠာတောင်ချင်းချင်း၊ ဟိမဝန္တာတောင်ချင်းချင်း၊ မြင့်မိုရ်တောင် ချင်းချင်း၊ ကောင်း

ကင်၌ထိကြခိုက်ကြတိုက်မိကြ၍ ပျက်စီးကြေပျောက်ကြောင်းကိုကျမ်းဂန်တို၌ဆိုသောကြောင့်စကြဝဠာတောင်၊ ဟိမဝန္တာတောင်၊ မြင့်မိုရ်တောင်တို့သည် အများရှိကြောင်းကိုလည်းသိ ရှိမည်)။

သဲ ကဗျာဆရာတို့လည်း။ ။စက္ကဝါမြင့်မိုရ်။ ထိုထိုလောက။ ယံကြခိုက်ကြ။တိုက်ကြချင်းချင်း။ထို့နှယ်ဆင်းမှု။ ။ဟုစပ်ဆိုကြကုန်၏။

ထိုမှတပါး။စကြဝဠာအများ၊မြင့်မိုရ်အများ၊မာရ်နတ်သားအများရှိကြောင်းကို။ ။သဒေဝိ ကောဋိသတ သဟဿမာရာ-ကောဋိသတသဟဿသိနေရုံ ဥက္ကိပိတ္ဗာဗောဓိသတ္တဿဝါဗောဓိသတ္တဿမတုယာဝါအနုရာယကရဏတ္ထံအာဂန္တွာယျုံ။သမ္ဗွအန္တရာဝအန္တရဓာပေယျုံ။ ။ဟူ၍ဒီဃနိကာယ်အဋ္ဌကထာ၌လာ၏။

ကောဋိသတ သဟဿမာရာ၊ အာဏာခေတ် ဖြစ် သောစကြဝဠာ ကုဋေတသိန်း၌ရှိသောမာရ်နတ် ကုဋေတသိန်းတို့သည်။ကောဋိသတသဟဿသိနေရုံ၊ကုဋေတသိန်းသောမြင့်မိုရ် တောင်ကို။ ဥက္ခိပိတွာ၊ ချီ၍။ ဗောဓိသတ္တဿဝါ၊ ဘုရားလောင်းအားရင်း။ဗောဓိသတ္တဿ၊ဘုရားလောင်း၏။မာတုယာဝါ၊ မယ်တော်အားရင်း။ အန္တရာယကရဏတ္ထံ၊ အန္တရာယ်ပြုခြင်းငှါ။ သဒေဝိ အာဂန္တွာယျုံ၊ အကယ်၍ လာကုန်ငြားအံ့။ သမ္ဗွ၊ ခပ်သိမ်းကုန်သောမြင့်မိုရ်တောင်တို့သည်။ အန္တရာဝ၊ လမ်းခရီးအကြား၌သာလျှင်။ အန္တရဓာပေယျုံ၊ ကွယ်ပျောက်ကုန်ရာ၏။ ။(ဤသို့အာဏာခေတ်ဖြစ်သော ကုဋေတသိန်း၌မြင့်မိုရ်တောင် ကုဋေတသိန်း၊မာရ်နတ်သာ ကုဋေတသိန်းရှိကြောင်းကိုကျမ်းဂန်ဘိုက်ရိုက်ရှိသည်ကို ထောက်၍။ မြင့်မိုရ်တောင်အများ၊မာရ်နတ်သားအများရှိ၏ဟုမှတ်ယူရမည်)။

မာရ်နတ်သားသာအများရှိသည်မဟုတ်။မြင့်မိုရ်တောင်ကိုအဖွဲ့ပြု၍နေကုန်သော ဘုမ္မက-အာကာသဋ္ဌကဖြစ်သောကာ

မာဝစရ နတ်ပြည်ခြောက်ထပ်တို့သည်လည်း ဤစကြာဝဠာမှ တပါး၊ အခြားစကြာဝဠာတို့၌ရှိကြောင်းကိုလည်း။ ။တသ္မာ သေသ စက္ကဝါဠေသုပိ ဆကာမာဝစရ ဒေဝလောကာအတ္ထိ။ ဝုတ္တမ္ပိစေတံ၊ သဟဿိစာတုမဟာရာဇိကာနံ သဟဿိတာ ဝတိံသာနန္တိ။ ။ဟုဝိနည်းဋီကာစသည်တို့၌ သာဓကပါ တော်နှင့်တကွပင်လာလေသည်။

အနက်ကား။ ။တသ္မာ၊ ထိုသို့တာဝတိံသာဟူသော အမည်၏နာမပညတ်မျှသာဖြစ်သောကြောင့်။ သေသစက္ကဝါဠေသုပိ၊ဤစကြာဝဠာတပါး၊အခြားစကြာဝဠာတို့၌လည်း။ဆကာမာဝစရဒေဝလောကာ၊ဘုမ္မဋ္ဌက အာကာသဋ္ဌကဖြစ်သော ကာမာဝစရနတ်ပြည်ခြောက်ထပ်တို့သည်။ အတ္ထိသန္တိ၊ရှိကြကုန်၏။စသတ္တံ၊ စကြာဝဠာတပါး၌ နတ်ပြည် ခြောက်ထပ် ရှိ၏ဟူသောစကားသည် စင်စစ်မှန်၏။ သဟဿိ စာတုမဟာရာဇိကာနံသဟဿိတာဝတိံသာနန္တိ၊သဟဿိစတုမဟာရာဇိကာနံ သဟဿိ တာဝတိံသာနံ ဟူသော။ ဧတံဝစနံ၊ ဤသို့သောစကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ဝုတ္တမ္ပိဝုတ္တံ ဧဝ၊ ဟောတော်မူအပ်သည်သာလျှင်တည်း။ ။သဟဿိ၊ အထောင်မကသော။ စတုမဟာ ရာဇိကာနံ၊ စတုမဟာရာဇ် နတ်မင်းကြီးတို့၏။ အာဝါသော၊နေရာသည်။ဟောတိ၊ဖြစ်၏။ သဟဿိ၊ အထောင်မက သော။ တာဝတိံသာနံ၊ တာဝတိံ သာနတ်တို့၏။အာဝါသော၊နေရာသည်။ဟောတိ၊ဖြစ်၏။ ။ (ဤပါဠိ၌။ ။သဟဿ သဒ္ဒါကိုကား။ တဿတေအဓော သ ဟဿရံသိ၊အစရှိသည်တို့၌ကဲ့သို့။ သချာင်းပါးတို့တွင်အနေ ကသချာဟုမှတ်။ သဟဿိ တာဝတိံသာနန္တိ၌ ဣတိသဒ္ဒါကို ကားအာဒျတ္ထမှတ်။ထိုဣတိသဒ္ဒါဖြင့် ယာမာတုသိတာစသော အထက်အထက်ဖြစ်သောနတ်ဘုံတို့ကိုယူအပ်၏)။

ထိုမှတပါးလည်း။ ။ဇာတိခေတ်ဖြစ်သောစကြာဝဠာတ သောင်းတို့၌ လေးယောက် လေးယောက်စီပြု၍ လေးသောင်း

ကုန်သော စတု မဟာရာဇ် နတ်တို့သည် ရှိကုန်၏။ ထိုလေး
သောင်းသောစတုမဟာရာဇ်နတ်မင်းကြီးတို့တွင်ဤစကြာဝဠာ
မြင့်မိုရ်တောင်ခါးပန်း၌ နေကုန်သော နတ်မင်းကြီးလေးယော
က်သည်သန်လျက် လက်စွဲကုန်လျက် ဘုရားလောင်းကိုစောင့်
ရှောက်ခြင်းငှါချဉ်းကပ်၍ ကြက်သရေရှိသောတိုက်ခန်းတွင်း
သို့ဝင်လျက် စောင့်ရှောက်ကြကုန်၏။ တပါးစကြာဝဠာမှ လာ
ကုန်သော စတုမဟာရာဇ် နတ်မင်းကြီး လေးယောက် ယုတ်
လေးသောင်း တို့သည် ဘုရားလောင်း နေတော်မူသောကြက်
သရေတိုက်တံခါးမှတ်မှစ၍။ ဆန့်ကျင်ဘက်အမှုကို ပြုတတ်
ကုန်သောမြေဘုတ်ဘီလူးစသော ရက္ခိုသ်အပေါင်းတို့ကို ဘဲ
စေရှားစေလျက် စကြာဝဠာတံတိုင်းတိုင်အောင် စောင့်ရှောက်
ကြောင်းကိုလည်း။ ။ဒသသဟဿစက္ကဝါဠေသုပန၊စတ္တာ
ရော စတ္တာရောကတွာ၊ စတ္တာရိ ဒသသဟဿာနိ ဟောန္တိ။
တတ္ထ ဣမသ္မိံစက္ကဝါဠေ မဟာရာဇာနော ခဂ္ဂဟတ္ထာ၊ ဗောဓိ
သတ္တဿ အာရက္ခဏတ္ထာယ ဥပဂန္တွာသိရိဂဗ္ဘံပဝိဋ္ဌာ။ ဣတ
ရေဂဗ္ဘဒွါရတောပဋ္ဌာယ အဝရုဒ္ဓကေ ပံသုပိသာစကာဒိ ယက္ခဂ
ဏေပဋိက္ကမာပေတွာယာဝစက္ကဝါဠာအာရက္ခံဂဏှိံသု။ ။
ဟုဒီဃနိကာယ်အဋ္ဌကထာ၌လာ၏။

ပန၊စကားအထူးကိုဆိုဦးအံ့။ ဒသသဟဿစက္ကဝါဠေသု၊
တသောင်းသော စကြာဝဠာတိုက်တို့၌။ စတ္တာရောစတ္တာရော၊
လေးယောက်လေးယောက်သော နတ်မင်းကြီးတို့ကို။ ကတွာ၊
အရေအတွက်ပြု၍။ စတ္တာရိ ဒသသဟဿာနိ၊ လေးသောင်း
သောစတုမဟာရာဇ်နတ်မင်းကြီးတို့သည်။ ဟောန္တိ၊ရှိသည်
ဖြစ်ကုန်၏။ တတ္ထ၊ ထိုလေးသောင်းသောနတ်မင်းကြီးတို့တွင်။
ဣမသ္မိံ စက္ကဝါဠေ၊ ဤစကြာဝဠာ၌။ ဝသန္တာ၊ နေကုန်သော။
မဟာရာဇာနော၊ နတ်မင်းကြီး လေးယောက် တို့သည်။ ခဂ္ဂ
ဟတ္ထာ၊ သန်လျက်လက်စွဲကုန်လျက်။ဗောဓိသတ္တဿ၊ သိဒ္ဓတ်
မင်းသားဘုရားလောင်းအါး။အာရက္ခဏတ္ထာယ၊စောင့်ရှောက်အံ့

သော၌။ဥပဂတ္တိ၊ချည်းကပ်၍။ သိရိဂဗ္ဘံ၊ကြက်သရေရှိသော တိုက်ခန်းတွင်းသို့။ ပဝိဿ၊ဝင်၍နေကုန်၏။ ဧတရဟိ၊ ဤစကြဝဠာနတ်မင်းကြီးလေးယောက်မှတပါး။ စကြဝဠာတသောင်းမှလာကုန်သော လေးယောက်ဖြင့်ယုတ်သော စတုမဟာရာဇ် နတ်မင်းကြီး လေးသောင်း တို့သည်။ ဂန္ဓဗ္ဗါရတော၊ ဘုံ လောင်းစံရာကြက်သရေရှိသော တိုက်ခန်းတံခါးမှ။ ပဋ္ဌာယ၊ စ၍။အဝရုဒ္ဓကေ၊ဆန့်ကျင်သမှုပြုတတ်ကုန်သော။ပံသုပိစကာဒိယက္ခဂဏေ၊ မြေဘုတ်ဘီလူးစသော ယက္ခိုဏ်အပေါင်းတို့ကို။ ပဋိက္ကမာပေတွာ၊ဘဲစေ၍ရှားစေ၍။ ယာဝစက္ကဝါဠာ၊ စကြဝဠာတံတိုင်းတိုင်အောင်။ အာရက္ခံ၊ အစောင့် အရှောက်ကို။ ဂဏှိံသု၊ ယူကြကုန်၏။ ။(ဤအဋ္ဌကထာစကား၌ စတုမဟာရာဇ်နတ်မင်းကြီးများကြောင်းကို ဆိုသဖြင့်။ မြင့်မိုရ်စကြဝဠာအများရှိ၏ဟုသိကြောင်းစကားတည်း။စကြဝဠာတံတိုင်းတိုင်အောင်စတုမဟာရာဇ်နတ်မင်းကြီးတို့ စောင့်ရှောက်ကြောင်းကိုဆိုသဖြင့်လည်း တခုသော စကြဝဠာ၏ အကျယ် အနန္တမဟုတ်သည်၏အဖြစ်ကိုသိအပ်၏။ အကယ်၍ တခုသောစကြဝဠာသည် အကျယ် အနန္တဖြစ်ခဲ့အံ့။ ထိုနတ်မင်းကြီး တို့သည် စကြဝဠာတံတိုင်းတိုင်အောင်မရောက်နိုင်ရာ)။

တပါးစကြဝဠာ၌ မြင့်မိုရ် နတ်ပြည် ငရဲပြည် အသီးသီးရှိကြောင်းကိုဆိုခဲ့၏။ ဗြဟ္မာပြည်ရှိကြောင်းကိုမဆိုခဲ့သေးသော်လည်းကာမာဝစရနတ်ပြည်ခြောက်ထပ်တို့သည် အသီးသီးရှိသကဲ့သို့ဗြဟ္မာပြည်လည်းအသီးသီးရှိကြကုန်၏။ ရှိကြောင်းအအဖွက်ကိုအကျဉ်းမျှပြပေအံ့။

ငါတို့မြတ်စွာဘုရားသည် ဇမ္ဗူဒိပ်ကျွန်း၏ချက်မဖြစ်သောကမ္ဘာတည်စ ကာလ ကြာရှည် ပေါက်ရာ မဟာဗောဓိမဏ္ဍိုင်၌ ဘုရားအဖြစ်သို့ ရောက်သည်မှ အဋ္ဌမသတ္တာဟ၌ သတ္တဝါတို့ ပညာမျက်စိ၌ကိလေသာမြူထူထပ်သောကြောင့် ငါဟောငြား သော်လည်း တရားကို မသိနိုင်ရာ ပင်ပန်းရုံမျှသာ ရှိချေတော့

မည်ဟုဖြဟ္မာမင်း၏ တောင်းပန်ခြင်းကို ငဲ့တော်မူ၍။ တရားမ ဟောအံ့ဟု အပျော့သွက္က ကြောင့်ကြမဲ့နေတော်မူသောအခါ သဟံပတိအမည်ရှိသောပဌမဈာန်ဘုံဖြဟ္မာမင်းသည်စကြာဝဠာ သောင်းမှ ဖြဟ္မာအပေါင်းတို့ကိုခေါ်၍ ထိုတသောင်းသော ဟ္မာအပေါင်းခြံရံလျက် ဘုရားအထံတော်သို့ ဆည်းကပ်၍။ ဒေသေတုဘန္တေဘဂဝါ၊စသည်ဖြင့် တရားဟောစိမ့်သော၌ါ တောင်းပန်လာလေသတည်း။

ထို့ကြောင့်။ ။ဓမ္မဒေသနာယာစနတ္ထံ၊ ဒသသုစက္ကဝါဠ သဟဿေသု မဟာဖြဟ္မေ ဂဟေတွာ အာဂမ္မ ဘဂဝတော ပါတုရဟောသိ။ ။ဟုဝိနည်းအဌကထာ စသည်တို့၌ လာ ၏။

ဖြဟ္မာ၊ သဟံပတိ အမည်ရှိသော ပဌမဈာန် ဖြဟ္မာသည်။ ဓမ္မဒေသနာယာစနတ္ထံ၊တရားဟောတော်မူပါမည်အကြောင်း ကိုတောင်းပန်ခြင်း၌ါ။ဒသသုစက္ကဝါဠသဟဿေသု၊တသောင်း သော စကြာဝဠာ တိုက်တို့၌။ ဝသန္တေ၊ နေကုန်သော။ မဟာ ဖြဟ္မေ၊ တသောင်းသော ဖြဟ္မာကြီးတို့ကို။ ဂဟေတွာ၊ ခေါ် ၍။ အာဂမ္မ၊ လာလတ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပုရ တော၊ ရှေ့တော်၌။ ပါတုရဟောသိ၊ ထင်ရှားဖြစ်၏။ ။ဤ သို့တပါးစကြာဝဠာမှ နတ်ဖြဟ္မာတို့လာခြင်းသည် သည်မျှသာ မဟုတ်သေး။ ဓမ္မစကြာတရားကို ဟောတော်မူသော အခါ၊ ယမိုက်ပြာဋိဟာကိုပြတော်မူသောအခါ၊တာဝတိံသာ၌ အဘိ ဓမ္မာတရားကိုဟောတော်မူသောအခါစသည်တို့၌ တသောင်း သောစကြာဝဠာမှနတ်ဖြဟ္မာတို့လာကုန်သည်သာတည်း။ များ စွာသော နတ်ဖြဟ္မာအပေါင်းတို့လာ၍။ စကြာဝဠာတိုက်အလုံး ပြည့်သောကြောင့်မနေသာ။ နေရာမရ နောက်ကျသော နတ် ဖြဟ္မာတို့သည်ရေအပြင်၌ တန်းခိုးဖြင့်နေရာဘန်ဆင်း၍ နေရ ကြောင်း၊ အပ်နဖါးခန့်မျှ လောက်သော အရပ်၌ ရှစ်ယောက် ယောက် ဟက်ျပ်စသော နတ်ဖြဟ္မာတို့သည် တန်းခိုးဘန်

ဆင်း၍ နေရကြောင်းများကို ကျမ်းဂန်အရပ်ရပ်တို့၌ များစွာ လာလျက်ရှိသည်ဖြစ်၍။ တခုတည်းသော စကြဝဠာ အကျယ် အနန္တဟူသောမိန္တာဂါဟာကိုစွန့်လျက်။တပါးစကြဝဠာ၌လည်း ဖြပ္ပာပြည်အသီးသီးပင်ရှိကြ၏ဟုမှတ်ယူရမည်။

သည်မျှသာမဟုတ်သေး။ ။သုခ္ခါ ဝါသာ ဝိဝဋ္ဋပဂေ္ဂ တာ နသဗ္ဗကာလိကာ။ ကပ္ပသတ သဟာဿမှိ အသင်္ချေယျမှိ ဗုဒ္ဓါသုညေ လောကေ နဥပ္ပဇ္ဇန္တိ။ သောဠသကပ္ပ သတသဟ ဿတ္တန္တရေ ဗုဒ္ဓေသုဥပ္ပန္နေသုယေဝဥပ္ပဇ္ဇန္တိ။ ။ဟူသောပဒို သန္တ ဒါမဂ်အဋ္ဌကထာ။

သုဒ္ဓါဝါသေပန၊ ဓာတိခေတ္တတော အပရဘာဂေ သတိပိ အနာဂါမိနံ တတ္ထုပ္ပတ္တိနယုတ္တာ။ တတ္ထနိကန္တိအသိဒ္ဓိတော။ ဇာဓာတာနံပနတတ္ထဝါသောယုတ္တောအနာဂါမိဏာတာယဖါသု ဝိဟာရပဟောတုတ္တာ။ ။ဟူသောပဒိုသန္တိဒါမဂ်ဂဏ္ဌိပါဌ်ဖြင့် လည်းတပါးစကြဝဠာ၌ဖြပ္ပာဘုံ၊ ဖြပ္ပာပြည်ရှိကြောင်းကို ယုံ မှားမရှိသင့်သည်ကိုသိကြရမည်။

သုဒ္ဓါဝါသာ၊သုဒ္ဓါဝါသဘုံတို့သည်။ဝိဝဋ္ဋပက္ခာ၊ဝိဝဋ္ဋအဘို့ ၌။ဌိတာ၊တည်ကုန်သည်ဖြစ်၍။နသဗ္ဗကာလိကာ၊အခါခပ်သိမ်း မတည်မရှိကုန်။ ကပ္ပသတသဟာဿမှိ၊ ကမ္ဘာတသိန်းပတ်လုံး ၎င်း။အသင်္ချေယျမှိ၊ အသင်္ချေပတ်လုံး၎င်း။ လောကေ၊လောက ၌။ ဗုဒ္ဓါသုညေ၊ ဘုရားရှင်တို့ဆိတ်ခဲ့သည်ရှိသော်။ နဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ သောဠသကပ္ပ သတသဟာဿတ္တန္တရေ၊ ကမ္ဘာတ သောင်းခြောက်ထောင်အတွင်း၌။ဗုဒ္ဓေသု၊ ဘုရားရှင်တို့သည်။ ဥပ္ပန္နေသုယေဝ၊ ပွင့်တော်မူကုန်သော်သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ် ကုန်၏။

သုဒ္ဓါဝါသေပန၊ သုဒ္ဓါဝါသ ဘုံသည်ကား။ ဓာတိ ခေတ္တ တော၊ ဓာတိခေတ်စကြဝဠာတသောင်းမှ။ အပရဘာဂေ၊ အခြား ဖြစ်သော အာဏာခေတ်၊ ဝိသယခေတ်၌။ သတိပိ၊ ရှိသော် လည်း။အနာဂါမိနံ၊ အနာဂံဖြပ္ပာတို့၏။တတ္ထ၊ထိုဘုံ၌။ ဥပ္ပတ္တိ၊

ဖြစ်ခြင်းသည်။နယုတ္တာ၊ မသင့်။ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။တတ္ထ၊ထိုဘုံ၌။နိကန္တိအသိဒ္ဓိတော၊ တပ်ခြင်းတဏှာ၏မပြီးခြင်းမပြည့်စုံခြင်းကြောင့်တည်း။ဣဓ၊ ဤဇာတိခေတ်အတွင်း၌။ဇာတာနံ၊ဖြစ်ကုန်သောဗြဟ္မာတို့၏။အနာဂါမိတ္တာတာယ၊ ရောပြွမ်းခြင်းအကျိုးငှါ။ ဖါသုဝိဟာရပဟောတုတ္တာ၊ ချမ်းသာစွာနေခြင်း၏ အကြောင်း ဖြစ်သောကြောင့်။ တတ္ထ၊ ထိုဇာတိခေတ်မှ အပဖြစ်သော အာဏာခေတ်၊ ဝိသယခေတ်၌ တည်သော သုဒ္ဓါဝါသဘုံတို့၌။ ဝါသော၊ နေခြင်းသည်။ ယုတ္တော၊ သင့်၏။

(အဓိပ္ပါယ်ကား။ဇာတိခေတ်တသောင်း၌သုဒ္ဓါဝါသဘုံအမြဲတည်၏။ဇာတိခေတ်၏ပြင်ပဖြစ်သော အာဏာခေတ်၊ ဝိသယခေတ် တို့၌ကား ဘုံသာ ရှိသည်။ ပုဂ္ဂိုလ်ကား မရှိ။ အဘယ့်ကြောင့်နည်းဟူမူကား။ ထိုဘုံ၌တပ်တတ်သောနိကန္တိတဏှာနှင့်ပြည့်သောပုဂ္ဂိုလ်မရှိသောကြောင့်အနာဂံပုဂ္ဂိုလ်တို့ဖြစ်ခြင်းငှါမထိုက်သောကြောင့်တည်း။ မနှောင့်ယှက်ခြင်း၊ ချမ်းသာစွာနေခြင်းအကျိုးငှါဤဇာတိခေတ်၌သာ အနာဂံဗြဟ္မာတို့သည်ရှိခါသွား၍နေ၏ဟူလို)။

ကဗျာဆရာတို့လည်း။ ။စကြဝဠာ။ ခြားရာမှာလည်း။ မကြာမားမား။ကိုယ်တိုင်သွား၍။ တရားညွှတ်နူး။ ချွတ်ဖူးသည်ချည်း။ ။ဟူ၍စကြဝဠာတပါးသို့ကြွတော်မူ၍။ တရားဟောဘူးကြောင်း၊ချွတ်တော်မူဘူးကြောင်းကိုစပ်ဆိုတော်မူကြကုန်၏။ ။ဤကားဇာတိခေတ္တကထာတည်း။

ကပ်ကမ္ဘာ ပျက်သောကာလ၊ အောက်က ပြဆိုအပ်သော ခေတ္တသုံးပါးတို့တွင် တရသောဇာတိခေတ်သည် ပျက်စီးခြင်းသို့ ရောက်၏။

ထို့ကြောင့်။ ။ယဒါကပ္ပေါတေဇေနသံဝဋ္ဋတိ။အာဘဿရတော အဂ္ဂိနာ ဍယှတိ။ ယဒါအာပေနသံဝဋ္ဋတိ၊သုဘကိဏှ

တောဟောဗွာဥဒကေနဝိလိယတိ။ယဒါဝါယုနာသံဝဋ္ဋတိ။ ဝေဟပ္ဖလတော ဝါတေန ဝိဒ္ဓံသေတိ။ ဝိတ္ထာရတောပန တီသုပိသံဝဋ္ဋေသုဧကံဗုဒ္ဓခေတ္တံဝိနဿတိ။ ။ဟာဒိဿနိကာယ်ပိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌မိန့်၏။

ယဒါ၊ အကြင်အခါ၌။ ကပ္ပေါ၊ ကမ္ဘာသည်။ တေဇေန၊မီးကြောင့်။သံဝဋ္ဋတိ၊ပျက်၏။တဒါ၊ထိုအခါ၌။အာဘဿရတော၊အာဘဿရဗြဟ္မာ့ဘုံမှ။ဟေဋ္ဌာ၊ အောက်၌။အဂ္ဂိနာ၊မီးသည်။ဍယှတိ၊လောင်၏။ ယဒါ၊အကြင်အခါ၌။အာပေန၊ ရေကြောင့်။သံဝဋ္ဋတိ၊ပျက်၏ ။တဒါ၊ထိုအခါ၌။ သုဘကိဏှတော သုဘကိဏှဗြဟ္မာ့ဘုံမှ။ဟေဋ္ဌာ၊အောက်၌။ဥဒကေနရေဖြင့်။ဝိလိယတိ၊ကြေ၏။ ယဒါယသ္မိံကာလေ၊ အကြင်ကာလ၌။ ဝါယုနာ၊လေကြောင့်။ သံဝဋ္ဋတိ၊ပျက်၏။ တဒါတသ္မိံကာလေ၊ ထိုကာလ၌။ဝေဟပ္ဖလတော၊ဝေဟပ္ဖိုလ်ဘုံမှ။ဟေဋ္ဌာ၊အောက်၌။ ဝါတေန၊ လေဖြင့်။ ဝိဒ္ဓံသေတိ၊ ပျက်စီး၏။ ဝိတ္ထာရတောပန၊အကျယ်အားဖြင့်ကား။တီသုပိသံဝဋ္ဋေသု၊သုံးပါးသောပျက်စီးခြင်းတို့၌လည်း။ ဧကံဗုဒ္ဓခေတ္တံ၊ တခုသောဗုဒ္ဓခေတ်သည်။ ဝိနဿတိ၊ပျက်စီး၏။ ။ထိုကပ်သည်လည်း။အာယုကပ်၊အန္တရကပ်၊အသင်္ချေယျကပ်၊ မဟာကပ်ဟူ၍လေးပါးရှိသည်။ ထိုလေးပါးတို့တွင် သတ္တဝါတို့ ပဋိသန္ဓေနေသည်ကစ၍ စုတိတိုင်အောင်အသက်အပိုင်းအခြားသည် အာယုကပ် မည်၏။ ။လူတို့အသက် ဆယ်နှစ် တမ်းမှသည် အသင်္ချေယျ တိုင်အောင် ထိုအသင်္ချေမှသည် ဆယ်နှစ်တမ်းတိုင်အောင်သောကာလအပိုင်းအခြားသည် အန္တရကပ်မည်၏။ ။ထိုအန္တရကပ် ခြောက်ဆယ့်လေးရပ်တို့ဖြင့် မှတ်အပ်သောဝိဝဋ္ဋဋ္ဌာယီကပ်သည် အသင်္ချေယျတကပ်မည်၏။ ။ထိုမျှလောက်သောကာလဖြင့်ပိုင်းခြားအပ်သောသံဝဋ္ဋကပ်၊ သံဝဋ္ဋဋ္ဌာယီကပ်၊ ဝိဝဋ္ဋကပ်တို့သည်အသင်္ချေယျကပ်မည်ကုန်၏။ ဤအသင်္ချေယျ လေးကပ်သည်တခုသောမဟာကပ်မည်၏ဟုမှတ်။ ။ဤသို့တေဇောသံဝဋ္ဋ၊အာ

ပေါသံဝဋ္ဋ၊ ဝါယောသံဝဋ္ဋ်ဟုဆိုအပ်သောသုံးပါးသောသံဝဋ္ဋ် ကပ်တို့၌ပင်တရသောဗုဒ္ဓခေတ်သည်ပျက်လေသတည်း။

သတ္တသတ္တဂ္ဂိနာဝါရာ၊ အဋ္ဌမေအဋ္ဌမေဒကာ။ စတုသဋ္ဌိယ သံပုဏ္ဏာ၊ ဧကောဝါယုဝရောသိယာ။ ။ဟူသောဂါထာနှင့် သညီ။ မီးဖျက်သောကမ္ဘာခုနစ်ကြိမ်ခုနစ်ကြိမ်ဖြစ်၍။ ရှစ်ကြိမ် မြောက်ရှစ်ကြိမ်မြောက်၌ရေဖျက်သည်။ မီးခုနစ်ကြိမ်ရှစ်လီ။ ရေခုနစ်ကြိမ်အားဖြင့် ခြောက်ဆဲ့သုံးကြိမ်ဖျက်ပြီး၍။ ခြောက် ဆဲ့လေးကြိမ် မြောက်၌ လေဖျက်သော ကမ္ဘာဖြစ်သည်။ ။ သတ္တသတ္တဝါရာ၊ခုနစ်ကြိမ်။ ခုနစ်ကြိမ် တိုင်တိုင်။ အဂ္ဂိနာ၊မီး ကြောင့်။ဝိနဿတိ၊ပျက်၏။ အဋ္ဌမေအဋ္ဌမေ၊ ရှစ်ကြိမ်ရှစ်ကြိမ် မြောက်၌။ဒကာဒကေန၊ရေကြောင့်။ဝိနဿတိ၊ပျက်၏။ ယဒါ၊ အကြင်အခါ၌။ စတုသဋ္ဌိ၊ ခြောက်ဆဲ့လေးကြိမ်သည်။ ပုဏ္ဏာ၊ ပြည့်၏။တဒါ၊ ထိုခြောက်ဆဲ့လေးကြိမ်မြောက်၌။ ဧကောဝါယု ဝရော၊ လေတကြိမ်သည်။သိယာ၊ဖြစ်လေသတည်း။

ထို့ကြောင့် လောကဝိဒူပျို၌။ ။မီးငါးဆဲ့ ခြောက်။ အ တောက်လျှံဝေ။ ရေခုနစ်ကြိမ်။ လေတကြိမ်ဖြင့်။ဖွဲ့အိမ်လော က။ဖြိုဖျွဲ့ဘုံထွတ်။ ရောက်တိုင်းလွတ်၍။ သံဝဋ္ဋ်သုံးလီ။ ပျက် ပြီကမ္ဘာ။တည်ထွန်းခါဝယ်။ ။ဟုစပ်ဆိုလေသည်။

ကမ္ဘာပျက်သောကာလ၌ကုဋေတသိန်းအတိုင်းအရှည်ပမာ ဏရှိသောတရသောအာဏာခေတ်ပျက်လေသတည်း။ထိုအာ ဏာခေတ် ပျက်သည်ရှိသော် ဇာတိ ခေတ်လည်း ပျက်ရလေ တော့သည်သာဟုမှတ်ရမည်။

ထို့ကြောင့်။ ။ဝေမေတေသုတီသုဗုဒ္ဓခေတ္တေသုဧကံအာ ဏာခေတ္တံဝိနဿတိ။ တသ္မိံဝိနဿန္တေဇာတိခေတ္တံဝိနဿမေဝ ဟောတိ ဝိနဿန္တံပိ။ ဧကတောဝဝိနဿတိ။ သဏ္ဌဟန္တံပိဧ ကတောဝသဏ္ဌဟတိ။ ။ဟုအဋ္ဌကထာတို့၌မိန့်၏။

ဧဝံ၊ ဤသို့ကမ္ဘာပျက်သောအခါ၌။တီသု၊ သုံးပါးကုန်သော။ ဧတေသုဗုဒ္ဓခေတ္တေသု၊ ထိုဇာတိ၊ အာဏာ၊ဝိသယာဟုဆိုအပ်

သောဗုဒ္ဓခေတ်တို့တွင်။ ဇောာ်၊ တခုသော။ အာဏာခေတ္တာ၊ အာဏာခေတ်သည်။ ဝိနဿတိ၊ ပျက်၏။ တသ္မိံ၊ ထိုအာဏာခေတ်သည်။ ဝိနဿန္တေ၊ ပျက်စီးသည်ရှိသော်။ ဇာတိခေတ္တံ၊ ဇာတိခေတ်သည်။ ဝိနဿမေဝ၊ ပျက်ရသည်သာလျှင်။ ဟောတိ၊ ဖြစ်၏ ဝိနဿန္တံပိ၊ ပျက်စီးခြင်းသို့ ရောက်သော်လည်း။ ဇောဓေ ဝ၊ တပြိုင်နက်သာလျှင်။ ဝိနဿတိ၊ ပျက်စီး၏။ သဏ္ဌဟန္တံပိ၊ တည်သော်လည်း။ ဧကတောဝ၊ တပြိုင်နက်သာလျှင်။ သဏ္ဌဟ တိ၊ တည်၏။

ဤအရာ၌ကပ်ကမ္ဘာတို့၏ ပျက်ခြင်းတည်ခြင်းကို အမြွက်မျှ အကျဉ်းပြဦးအံ့။ ။

ကပ်ကမ္ဘာတို့၏ပျက်ခြင်းကား။ တေဇောသံဝဋ္ဋ၊ အာပေါသံဝဋ္ဋ၊ ဝါယောသံဝဋ္ဋဟူ၍မီးဖျက်၊ ရေဖျက်၊ လေဖျက်သော ကမ္ဘာအားဖြင့်သုံးပါးရှိ၏။ ထိုသုံးပါးတို့တွင်မီးဖျက်သောကမ္ဘာ၌ ဤသို့သိအပ်၏။ ။ရှေးဦးစွာ ကမ္ဘာပျက်မိုဃ်းကြီးသည် စကြာဝဠာ်ကုဋေတသိန်း၌တပြိုင်နက်ရွာ၏။ ထိုအခါလူတို့သည် ဝမ်းမြောက် ဝမ်းသာခပ်သိမ်းသော မျိုးစေ့တို့ကို စိုက်ပျိုးကြကုန်၏။ ထိုအခါကောက်ပင်သစ်ပင်တို့သည်နွားစားလောက်ရုံ မျှဖြစ်လတ်သည်ရှိသော် မြည်းသံကဲ့သို့သောအသံကိုပြင်းစွာ မြည်လျက် မိုဃ်းတပေါက်မျှ မကျမရွာကုန်။ ထိုအခါမှစ၍အ နှစ်အရာ အထောင်အသောင်း အသိန်း တိုင်အောင် မိုဃ်းမရွာ ကုန်။

ဤကိုရည်၍ မြတ်စွာဘုရားသည်။ ။အထခေါ သော ဘိက္ခဝေသမယော ဗဟူနိဝဿာနိ၊ ဗဟူနိဝဿသတာနိ၊ ဗဟူ နိဝဿသဟဿာနိ၊ ဗဟူနိဝဿသတသဟဿာနိဒေဝေါန ဝဿတိ။ ။ဟုဟောတော်မူပြီ။

ဘိက္ခဝေ၊ တို့။ အထခေါ၊ ထိုကမ္ဘာဖျက် မိုဃ်းကြီးရွာ ပြီးသည်မှနောက်ကာလ၌။ ဗဟူနိ၊ များစွာကုန်သော။ ဝဿာနိ၊ နှစ်တို့ပတ်လုံး။ ဗဟူနိ၊ များစွာကုန်သော။ ဝဿသတာနိ၊ နှစ်အရာ

တို့ပတ်လုံး၊ဗဟူနိ၊ များစွာကုန်သော။ ဝဿသဟဿာနိ၊ နှစ်အထောင်တို့ပတ်လုံး။ ဗဟူနိ၊ များစွာကုန်သော။ ဝဿသတသဟဿာနိ၊ နှစ်အသိန်းတို့ပတ်လုံး။ဒေဝေါ၊ မိုးသည်။ နဝဿတိ၊ မရွာ။သောသမယော၊ ထိုအခါသည်။ဟောတိ၊ ဖြစ်၏။ ။ထိုအခါမိုးကိုမှီ၍ အသက်မွေးကုန်သော သတ္တဝါတို့ စုတေ၍ဗြဟ္မာပြည်၌ဖြစ်ကြကုန်၏။ ဗြဟ္မာပြည်၌ ဖြစ်ကုန်၏ ဆိုသော်လည်း မိဂပဒဝလဉ္ဇန နည်းအားဖြင့်ဆိုသတည်း။ လူ့ပြည်က စုတေ၍ဗြဟ္မာပြည်၌ဖြစ်သည်မဟုတ်။ စင်စစ်မူကား။ အပါယ်လေးဘုံ၊ ဤလူ့ဘုံမှစုတေ၍ နတ်ပြည်၌ ဖြစ်ကုန်၏။ ၎င်းနတ်ပြည်၌ ဝါယောကသိုဏ်းကိုပွါး၍ ဈာန်ကိုရကြသဖြင့်ထိုဈာန်နှင့်စုတေ၍ဗြဟ္မာပြည်၌ဖြစ်ကြကုန်၏။

ထို့ကြောင့်။ ။ဒီဃနိကာယ်အဋ္ဌကထာစသည်တို့၌။ ။မစ္ဆကစ္ဆပါပိကာလံကတွာဗြဟ္မလောကေနိဗ္ဗတ္တန္တိ။တထာနေရယိကသတ္တာပိဈာနံပန ဝိနာ နတ္ထိ။ဗြဟ္မလောကေနိဗ္ဗတ္တိကေန တေတတ္ထ နိဗ္ဗတ္တန္တိဒေဝလောကေ ပဋိလဒ္ဓဈာန ဝသေန။ ယေဘုယျေန မနုဿာစဘုမ္မဒေဝါစသံဝေဂဇာတာ အညမညံ မုဒုစိတ္တာ ဟုတွာ မေတ္တာဒိနိပုညာနိ ကရိတွာဒေဝ လောကေ နိဗ္ဗတ္တန္တိ။တတ္ထဒိဗ္ဗသုဓာဘောဇနံဘုဉ္ဇိတွာ။ ဝါယောကသိဏေ ပရိကမ္မံကတွာဈာနံပဋိလဘန္တိ။ ဧဝံဒေဝလောကေပဋိလဒ္ဓဈာနဝသေနသဗ္ဗေပိဗြဟ္မလောကေနိဗ္ဗတ္တန္တိ။ ။ဟုမိန့်အပ်ပြီ။

မစ္ဆကစ္ဆပါပိ၊ ငါးလိပ် တို့သည်၎င်း။ တထာ၊ ထို့အတူ။ နေရယိကသတ္တာပိ၊ ငရဲသူ သတ္တဝါတို့သည်၎င်း။ ဗြဟ္မလောကေ၊ ဗြဟ္မာ ပြည်၌ ။နိဗ္ဗတ္တန္တိ၊ ဖြစ် ကြ ကုန်၏။ ပန၊ ထိုသို့ဗြဟ္မာပြည်၌ ဖြစ်၏ဟု ဆိုသော်လည်း။ ဈာနံ၊ ဈာန်ကို။ ဝိနာ၊ ကြဉ်၍။ ဗြဟ္မလောကေ၊ ဗြဟ္မာပြည်၌။ နိဗ္ဗတ္တိ၊ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိ။ ကေန၊ အဘယ်ကြောင်းမှုကြောင့်။ တေသတ္တာ၊ ထိုအပါယ်သတ္တဝါတို့သည်။ တတ္ထ၊ ထိုဗြဟ္မာဘုံ၌။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကြကုန်သနည်း။ ဣတိစေ၊ ဤသို့ဆိုငြားအံ့။ ဒေဝလောကေ၊ နတ်

ဖြည့်၌။ ပဋိလဒ္ဓ ဈာနဝသေန၊ ရအပ်သော ဈာန်၏အစွမ်းဖြင့်။
နိဗ္ဗတ္တန္တိ၊ ဖြစ်ရ ကုန်၏။ ယေဘုယျေန၊ များသော အားဖြင့်။
မနုဿာစ၊ လူတို့သည်၎င်း၊ ဘုမ္မဒေဝါစ၊ ဘုမ္မစိုးနတ်တို့သည်
၎င်း။ သံဝေဂဇာတာ၊ ဖြစ်သောထိတ်လန့်ခြင်းရှိကုန်သည်ဖြ
၍။ အညမညံ၊ အချင်းချင်း။ မုဒုစိတ္တာ နူးညံ့သောစိတ်ရှိကုန်သ
ဟုတွာ၊ ဖြစ်၍။ မေတ္တာဒိနိ၊ မေတ္တာအစရှိကုန်သော။ ပုညာ၊ မိ
ကောင်းမှုတို့ကို။ ကရိတွာ၊ ပြု၍။ ဒေဝလောကေ၊ နတ်ပြည်၌..
နိဗ္ဗတ္တန္တိ၊ ဖြစ်ကြကုန်၏။ တတ္ထ၊ ထိုနတ်ပြည်၌။ ဒိဗ္ဗသုဓဘောဇ
နံ၊ နတ်သုဓာဘောဇဉ်ကို။ ဘုဉ္ဇိတွာ၊ စား၍။ ဝါယောကသိဏေ၊
ဝါယောကသိုဏ်း၌။ ပရိကမ္မံကတွာ၊ စီးဖြန်းခြင်းပရိကံကိုပြု၍။
ဈာနံ၊ ဈာန်ကို။ ပဋိလဘန္တိ၊ ရကြကုန်၏။ ဧဝံ၊ ဤသို့။ ဒေဝလော
ကေ၊ နတ်ပြည်၌။ ပဋိလဒ္ဓဈာနဝသေန၊ ရအပ်သော ဈာန်၏အ
စွမ်းဖြင့်။ သဗ္ဗေပိ၊ ခပ်သိမ်းသောသတ္တဝါတို့သည်လည်း။ ဗြဟ္မ
လောကေ၊ ဗြဟ္မာ့ပြည်၌။ နိဗ္ဗတ္တန္တိ၊ ဖြစ်ရကုန်၏။

အပါယ်ဘုံ၊ ဤလူ့ဘုံတို့မှစ၍ နတ်ပြည်၊ ဗြဟ္မာ့ပြည်၌
ဖြစ်ခြင်းအကြောင်းကားအဘယ်နည်းဟူမူကား။ ။ထိုကမ္ဘာ
ပျက်ခါနီးကာလ၌ လောကဗြူဟာအမည်ရှိသောကာမာဝစရ
နတ်သည် ဖြည့်သောဆံဖြင့်ငိုသောမျက်နှာရှိသည်ဖြစ်၍မျက်
ရည်ကိုလက်ဖြင့်သုတ်လျက်၊ နီသောအဝတ်ကိုဝတ်လျက်၊ အ
လွန်ဘောက်ပြန်သော အဆင်းအသွင်ကို ဆောင်သည် ဖြစ်၍။
အကြင်အခါ၌ အနှစ်တသိန်းကို လွန်သဖြင့် ကမ္ဘာ ပျက်ခြင်း
သည်ဖြစ်လတ္တံ့။ ထိုအခါ၌ ထိုလောကဗြူဟာနတ်သားသည်
လူတို့၏သွားလာရာလမ်းခရီး၌လှည့်လည်၍လူအပေါင်းတို့အား
ဤသို့ကြားကုန်၏။ ။အိုလူများအပေါင်းတို့၊ ဤနေ့၊ ဤရက်၊ ဤ
ကာလမှစ၍ အနှစ်တသိန်းလွန်သဖြင့် ကမ္ဘာပျက်လတ္တံ့။ မဟာ
သမုဒ္ဒရာခန်းခြောက်လတ္တံ့၊ မြေကြီးစကြဝဠာ မြင့်မိုရ်တောင်
တို့သည် မီးလောင်၍ ပျက်စီးလတ္တံ့။ ဗြဟ္မာ့ပြည် တိုင်အောင်
ပျက်စီးလတ္တံ့။ အိုလူများ အပေါင်းတို့၊ မေတ္တာကို ပွါးကြကုန်

လော့။ ကရုဏာ၊မုဒိတာ၊ဥပေက္ခာဟုဆိုအပ်သော ဗြဟ္မဝိဟာရတရားကိုပွါးများကြကုန်လော့။ အမိအဘအသက်ကြီးသောသူတို့ကို အရိုအသေ အလေးအမြတ် ပြုကြကုန်လောဟု လူတို့ [illegible]းလာရာခရီးတို့၌ လှည့်လည်၍ကြားလေသတည်း။ ထိုနတ်သ[illegible]း၏စကားကိုကြား၍။လူ၊ဘုမ္မစိုးနတ်တို့သည် ထိတ်လန့်ကြ[illegible]ရကား။ အချင်းချင်းနူးညံ့သော စိတ်ရှိကြကုန်၍။ ဗြဟ္မစိုရ[illegible]ရားကိုပွါးခြင်း။ အမိအဘ အသက်ကြီးသောသူတို့အား ဂါရဝမဂ်လာကုသိုလ်တရားကို ပြုကျင့်ကြ၍ နတ်ပြည်၌ ဖြစ်ကြကုန်၏။နတ်ပြည်မှဝါယောကသိုဏ်း၌ပရိကံပြု၍ ဈာန်ကိုရသဖြင့်ဗြဟ္မာ့ပြည်၌ဖြစ်ကြကုန်၏။ ငရဲသူသတ္တဝါ၊ ပြိတ္တာစသောသတ္တဝါတို့သည်လည်းအပရာပရိယဝေဒနီယကံဖြင့် နတ်ပြည်၌ဖြစ်၍။ဆိုခဲ့ပြီးသောဈာန်ကိုပွါးစေသဖြင့်ဗြဟ္မာ့ပြည်၌ဖြစ်ကြကုန်၏။နိယတမိစ္ဆာဒိဋ္ဌိကံနှင့်ပြည့်စုံသောသူကား။အကုသိုလ်အားကြီးသောကြောင့်အပရာအပရိယကံအကျိုးပေးခွင့်မရနိုင်သည်ဖြစ်၍။နည်ပြည်၌မဖြစ်ရဘဲ၊အခြားစကြဝဠာသို့ ပြောင်းလဲလျက် ငရဲ၌ဖြစ်၍ခံရလေသတည်း။

ထို့ကြောင့်။ ။ဒီဃနိကာယ်စသောအဋ္ဌကထာတို့၌။ ။တဒါဟိ ဝဿသတသဟဿစ္စယေန ကပ္ပုဋ္ဌာနံ ဘဝိဿတီတိ လောကဗျူဟာနာမ ကာမာဝစရဒေဝါ ဝိမုတ္တသိရာ ဝိကိဏ္ဏကေသာရုဒမုခါအဿူနိဟတ္ထေဟိပုဉ္ဆမာနာရတ္တဝတ္ထနိဝတ္ထာ အတိဝိယဝိရူပဝေသဓာရိနောဟုတွာ။ မနုဿပထေဝိစရန္တာ ဧဝံ အာရောစေန္တိ။ မာရိသာ မာရိသာ ဣတော ဝဿ သတသဟဿစ္စယေန ကပ္ပုဋ္ဌာနံ ဘဝိဿတိ။ အယံ လောကော ဝိနဿိဿတိ။ မဟာသမုဒ္ဒေါပိ သုဿိဿတိ။ အယဉ္စ မဟာပထဝီ သိနေရုစပဗ္ဗတရာဇာဒယှိဿတိ ဝိနဿိဿတိ။ ယာဝဗြဟ္မလောကာလောကဝိနာသော ဘဝိဿတိ။ မေတ္တံမာရိသာ ဘာဝေထ။ကရုဏံမုဒိတံဥပေက္ခံမာရိသာဘာဝေထ။မာတရံ ဥပဋ္ဌဟထ။ပိတရံဥပဋ္ဌဟထ။ကုလေဇေဋ္ဌာပစာယိနော ဟော

ထာတိ။ တေသံပန ဝစနံသုတွာ ယေဘုယျေန မနုဿာစ ဘုမ္မဒေဝါစ သံဝေဂဇာတာ အညမညံ မုဒုစိတ္တာ ဟုတွာ မေတ္တာဒိနိ ပုညာနိ ကရိတွာ ဒေဝလောကေ နိဗ္ဗတ္တန္တိ။ တဒညေပန အပါယိကာ သတ္တာ အပရာပရိယကမ္မေန ဒေဝလောကေ နိဗ္ဗတ္တန္တိ။ အပရာပရိယကမ္မရဟိတေ သံသာရေ သံသရန္တော နာမ နတ္ထိ။ ဟုမိန့်၏။

ဟိ၊ အကြောင်းကိုပြဦးအံ့။ တဒါ၊ ထိုကမ္ဘာပျက်ခါနီး ကာလ၌။ ဝဿသတသဟဿစ္စယေန၊ အနှစ်တသိန်းလွန်သဖြင့်။ ကပ္ပဝုဋ္ဌာနံ၊ ကမ္ဘာပျက်ခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ဆိုသင့်ဆိုထိုက်သောအခါ၌။ လောကဗျူဟာ နာမ၊ လောကဗျူဟာအမည်ရှိကုန်သော။ ကာမာဝစရဒေဝါ၊ ကာမဘုံ၌ ကျင်လည်ကျက်စားသော နတ်တို့သည်။ ဝိမုတ္တသိရာ၊ လွတ်သောဦးခေါင်းရှိကုန်လျက်။ ဝိကိဏ္ဏကေသာ၊ ဖရိုဖရဲသောဆံရှိကုန်လျက်။ ရုဒမုခါ၊ ငိုယိုသောမျက်နှာ၊ ယိုစီးသောမျက်ရည်ရှိကုန်လျက်။ အဿူနိ၊ မျက်ရည်တို့ကို။ ဟတ္ထေဟိ၊ လက်တို့ဖြင့်။ ပုဉ္ဆမာနာ၊ သုတ်ကုန်လျက်။ ရတ္တဝတ္ထနိဝတ္ထာ၊ နီမြန်းသောအဝတ်ကိုဝတ်ဆင်ကုန်လျက်။ အတိဝိယ၊ လွန်စွာသာလျှင်။ ဝိရူပဝေသ ဓာရိနော၊ အလွန်ဘောက်ပြန်သော အဆင်းအသွင်ကို ဆောင်ကုန်သည်။ ဟုတွာ၊ ဖြစ်၍။ မနုဿပထေ၊ လူအပေါင်းတို့ သွားလာရာခရီး၌။ ဝိစရန္တာ၊ လှည့်လည်ကုန်လျက်။ မာရိသာ မာရိသာ၊ အိုအချင်းအိုအဆွေတို့။ ဣတော၊ ဤနေ့၊ ဤရက်၊ ဤအခါမှ။ ဝဿသတသဟဿစ္စယေန၊ အနှစ်တသိန်းကို လွန်သဖြင့်။ ကပ္ပဝုဋ္ဌာနံ၊ ကမ္ဘာပျက်ခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အယံလောကော၊ ဤကုဋေတသိန်းသောလောကဓာတ်သည်။ ဝိနဿတိ၊ ပျက်စီးလတ္တံ့။ မဟာသမုဒ္ဒေါပိ၊ မဟာ သမုဒ္ဒရာသည်လည်း။ သုဿိဿတိ၊ ခန်းခြောက်လတ္တံ့။ အယဉ္စမဟာပထဝီ၊ ဤမဟာပထဝီမြေကြီးသည်လည်း။ ဍယှိဿတိ၊ လောင်လတ္တံ့။ သိနေရုစပဗ္ဗတရာဇာ၊ မေရုရာဇာ မြင့်မိုရ်တောင်မင်း

သည်လည်း။ ဝိနသိဿတိ၊ ပျက်စီးလတ္တံ့။ ယာဝပြဗ္ဗလောကာ၊ ပြဟ္မာ့ပြည်တိုင်အောင်။ လောက ဝိနာသော၊ လောကဓာတ်၏ပျက်စီးခြင်းသည်။ ဘဝိဿတိ၊ မချွတ်ဖြစ်လတ္တံ့။ မာရိသာ၊ အိုလူများတို့။ မေတ္တံ၊ မေတ္တာကို။ ဘာဝေထ၊ ပွါးစေကြသည်။ မာရိသာ၊ အိုအချင်းတို့။ ကရုဏံ၊ ကရုဏာတရားကို။ မုဒိတံ၊ မုဒိတာတရားကို။ ဥပေက္ခံ၊ ဥပေက္ခာတရားကို။ ဘာဝေထ၊ ပွါးကြလေကုန်။ ဣတိဝံ၊ ဤသို့။ အာရောစေန္တိ၊ ထက်ဝန်းကျင်ကြားစေကုန်၏။ မာရိသာ၊ အိုအဆွေတို့။ မာတရံ၊ အမိကို။ ဥပဋ္ဌဟထ၊ လုပ်ကျွေးကြကုန်။ ပိတရံ၊ အဘကို။ ဥပဋ္ဌဟထ၊ လုပ်ကျွေးကြကုန်။ ကုလေ၊ အမျိုးလေးပါး၌။ ဇေဋ္ဌာ ပစာယိနော၊ ကြီးမြတ်သောသူတို့၌ရိုသေလေးမြတ်ခြင်းရှိကုန်သည်။ ဟောထ၊ ဖြစ်ကြလေကုန်။ ဣတိ၊ ဤသို့ဆို၍။ အာရောစေန္တိ၊ ကြားကုန်၏။ တေသံ၊ ထိုလောကဗြူဟာနတ်သားတို့၏။ ဝစနံ၊ စကားကြွေးကြော်သံကို။ သုတွာပန၊ ကြား၍သာလျှင်။ ယေဘုယျေန၊ များသောအားဖြင့်။ မနုဿာစ၊ လူတို့သည်၎င်း။ ဘုမ္မဒေဝါစ၊ ဘုမ္မစိုးနတ်တို့သည်၎င်း။ သံဝေဂဇာတာ၊ ဖြစ်သောထိတ်လန့်ခြင်းရှိကုန်သည်ဖြစ်၍။ အညမညံ၊ အချင်းချင်း။ မုဒုစိတ္တာ၊ နူးညံ့သောစိတ်ရှိကြကုန်သည်။ ဟုတွာ၊ ဖြစ်၍၊ မေတ္တာဒီနိ၊ မေတ္တာအစရှိကုန်သော။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကရိတွာ၊ ပြု၍။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကြကုန်၏။ တဒညေ၊ ထိုမှတပါးကုန်သော။ အပါယိကသတ္တာ၊ အပါယ်သတ္တဝါတို့သည်ကား။ အပရာပရိယကမ္မေန၊ အပရာပရိယကံကြောင့်။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကြကုန်၏။ အပရာ ပရိယကမ္မရဟိတော၊ အပရာပရိယကံမှကင်းလျက်။ သံသာရေ၊ သံသရာ၌။ သံသရန္တော နာမ၊ ကျင်လည်သောသတ္တဝါမည်သည်။ နတ္ထိ၊ စင်စစ်မရှိသည်သာတည်း။

ထို့နောင်မိုးပြတ်ပြီးသည်မှနောက်ကာလအခွန့်ကြာမြင့်လတ်သော်၊ နေတစင်းထွက်၍ ပကတိနေနှင့်နှစ်စင်းဖြစ်၏။ ထို

အခါနေတစင်းဝင်လျှင်နေတစင်းထွက်လေရကား၊ နေ့ညဉ့်အပိုင်းအခြားမရှိပြီ။ ပကတိနေ၌ နေနတ်သားရှိသကဲ့သို့ ကမ္ဘာပျက်နေ၌နေနတ်သားမရှိ။ ထိုပကတိနေ၌နေနတ်သားလည်းဈာန်ကိုဖြစ်စေ၍။ လူတို့ကဲ့သို့စုတေ့လျှင်ဗြဟ္မာ့ပြည်၌ဖြစ်ပေ၏။ ပကတိနေထွက်သောအခါ အခိုးတိမ်တိုက်တို့သည် ရှိကဲ့သို့။ ကမ္ဘာပျက် နေထွက်သောအခါ အခိုး တိမ်တိုက် မရှိ ကြေးမုံပြင်ကဲ့သို့ အညစ်အကြေးကင်းသော ကောင်းကင်သထင်၏။ မြစ်ကြီးငါးစင်းတို့ကိုထား၍ ကြွင်းသော မြစ်ငယ်အပေါင်းတို့သည်ခန်းခြောက်ကုန်၏။

ထို့ကြောင့်ဒီဃနိကာယ်စသောအဋ္ဌကထာ၊ဝိနည်းဋီကာစသောကျမ်းတို့၌။ ။ဝဿုပစ္ဆေဒတောပန၊ဥဒ္ဓံဒီဃဿအဒ္ဓုနောအစ္စယေနဒုတိယောသူရိယောပါတုဘဝတိ၊ပါတုဘူတေပနတသ္မိံနေဝရတ္တိပရိစ္ဆေဒေါပညာယတိ။ဧကောသူရိယောဥဒေတိ။ ဧကောအတ္ထံဂစ္ဆတိ၊ အစ္ဆိန္နသူရိယ သန္တာပေါဝလောကောဟောတိ။ယထာစကပ္ပဝုဋ္ဌာနကာလတောပုဗ္ဗေဥပ္ပန္နသူရိယဝိမာနေသူရိယဒေဝပုတ္တောဟောတိ။ ဧဝံကပ္ပဝိနာသကသူရိယေနတ္ထိ။ ကပ္ပဝုဋ္ဌာနကာလေပနယထာအညေကာမာဝစရဒေဝါ ဧဝံသူရိယဒေဝပုတ္တောပိ ဈာနံနိဗ္ဗတ္တေတွာ ဗြဟ္မလောကေနိဗ္ဗတ္တတိ။တတ္ထပကတိသူရိယေဝတ္တမာနေအာကာသေဝလာဟကာပိဓူမသိခါပိစရန္တိ၊ကပ္ပဝိနာသကသူရိယေဝတ္တမာနေဝိဂတဓူမဝလာဟကံအာဒါသမဏ္ဍလံဝိယနိမ္မလံနဘံဟောတိ။ ဌပေတွာပဉ္စမဟာနဒိယော၊ သေသကုန္နဒီအာဒီသုဥဒကံသုဿတိ။ ။ဟူ၍မိန့်၏။

ဝဿုပစ္ဆေဒတော၊ ကမ္ဘာပျက်မိုးသည်းကြီးပြတ်သည်မှ။ ဥဒ္ဓံ၊ အထက်၌။ဒီဃဿအဒ္ဓုနော၊ ရှည်စွာသောအခွန့်၏။အစ္စယေန၊ လွန်သဖြင့်။ ဒုတိယောသူရိယော၊ နှစ်ခုမြောက်သောနေသည်။ ပါတုဘဝတိ၊ထင်စွာဖြစ်ပေါ်၏။တသ္မိံ၊ထိုဒုတိယနေသည်။ ပါတုဘူတေပန၊ ထင်ရှားဖြစ်ပေါ်သည်ရှိသော်ကား။ ရတ္တိပရိစ္ဆေ

ဒေါ၊ ညဥ့်အပိုင်းအခြားသည်။ နေဝပညာယတိ၊ မထင်။ ဧကော
သူရိယော၊ နေတစင်းသည်။ ဥဒေတိ၊ တက်၏။ ဧကော၊ တစင်း
သောနေသည်။ အတ္ထံ၊ ချုပ်ခြင်းဝင်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။
သာကော၊ လောကဓာတ်သည်။ အန္ဓကာရသူရိယသန္တာပေါစ၊
ပြတ်သောနေ၏ပူလောင်ခြင်းရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်
ကပ္ပဝုဋ္ဌာနကာလတော၊ ကမ္ဘာပျက်သောကာလမှ။ ပုဗ္ဗေ၊
ဘူး၌။ ဥပ္ပန္နသူရိယဝိမာနေ၊ ဖြစ်သောနေဗိမာန်၌။ သူရိယဒေဝ
ပုတ္တော၊ နေနတ်သား သည်။ ဟောတိယ ထာစ၊ ဖြစ်သကဲ့သို့
လည်း။ ဧဝံ၊ ဤအတူ။ ကပ္ပဝိနာသကသူရိယေ၊ ကမ္ဘာပျက်နေ၌။
သူရိယဒေဝပုတ္တော၊ နေနတ်သားသည်။ နတ္ထိ၊ မရှိ။ ကပ္ပဝုဋ္ဌာန
ကာလေပန၊ ကမ္ဘာပျက်သော ကာလ၌ကား။ အညော၊ တပါး
ကုန်သော။ ကာမါဝစရဒေဝါ၊ ကာမာဝစရနတ်တို့သည်။ ဖြဟ္မ
လောကေ၊ ဗြဟ္မာ့ပြည်၌။ နိဗ္ဗတ္တိပိယ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။
သူရိယဒေဝပုတ္တောပိ၊ နေနတ်သားသည်လည်း။ ဈာနံ၊ ဈာန်ကို။
နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ပြည်၌။ နိဗ္ဗတ္တိ၊ ဖြစ်
လေ၏။ တတ္ထ၊ ထိုနှစ်စင်းသောနေတို့တွင်။ ပကတိသူရိယေ၊ ပ
ကတိသောနေသည်။ ဝတ္တမာနေ၊ ဖြစ်သည်ရှိသော်။ အာကာ
သေ၊ ကောင်းကင်၌။ ဝလာဟကာပိ၊ တိမ်တိုက်တို့သည်ရင်း။ ဓူ
မသိခါပိ၊ အခိုးအညွန့်တို့သည်ရင်း။ ဝိစရန္တိ၊ သွားလာလျက်ဖြစ်
ကုန်၏။ ကပ္ပဝိနာသကသူရိယေ၊ ကမ္ဘာပျက်နေသည်။ ဝတ္တမာ
နေ၊ ဖြစ်သောအခါ၌။ ဝိဂတဝလာဟကံ၊ ကင်းသောတိမ်တိုက်
ရှိသည်ဖြစ်၍။ အာဒါသမဏ္ဍလံဝိယ၊ ကြေးမုံပြင်ကဲ့သို့။ နိမ္မလံ၊
ကင်းသော အညစ်အကြေးရှိသော။ နဘံ၊ ကောင်းကင်သည်။
ဟောတိ၊ ဖြစ်၏။ ပဉ္စမဟာနဒီယော၊ ငါးစင်းသောမြစ်ကြီးတို့
ကို။ ဌပေတွာ၊ ထား၍။ သေသကုန္နဒီအာဒိသု၊ ကြွင်းသောမြစ်
ငယ်စသည်တို့၌။ ဥဒကံ၊ ရေသည်။ သုဿတိ၊ ခြောက်၏။

ထို့နောင်ကာလအစွန့်ရှည်ကြာလတ်သော်တတိယမြောက်
နေတစင်းထွက်ပြန်၏။ ထိုအခါ မြစ်ကြီးငါးစင်းတို့သည် ခန်း

ခြောက်ကျန်၏။ ။ထို့နောင်ကာလအငွန့်ရှည်ကြာလတ်သော်စတုတ္ထမြောက် နေတစင်းထွက်ပြန်၏။ ထိုအခါ အနောတတ္တစသော အိုင်ကြီးခုနစ်အိုင်တို့သည်ခန်းခြောက်ကျန်၏။ ။ထို့နောင်ကာလအငွန့်ရှည်ကြာလတ်သော်ပဉ္စမမြောက်နေတစင်းထွက်ပြန်၏။ထိုအခါမဟာသမုဒ္ဒရာခန်းခြောက်လေ၏။ ။ထို့နောင်ကာလအငွန့်ရှည်ကြာလတ်သော်ဆဋ္ဌမမြောက်နေတစင်းထွက်ပြန်၏။ ထိုအခါစကြာဝဠာကုဋေတသိန်းတပြိုင်နက်အခိုးထ၏။

ထို့ကြောင့်။ ။ဝင်းအဋ္ဌကထာဒီကာတို့၌။ ။တတောပဋ္ဌိဃာသာအစ္စုနော အစ္စယေန တတိယောသူရိယော ပါတုဘဝတိ။ ယဿပါတုဘာဝါမဟာနဒီယောပိသုဿန္တိ။ တတောစတုတ္တောသူရိယောပါတုဘဝတိ။ ယဿပါတုဘာဝါဟိမဝတိမဟာနဒီနံ ပဘာဝါ အနောတတ္တာ ဒယော သတ္တမဟာသရာသုဿန္တိ။တတောပိပဉ္စမောသူရိယောပါတုဘဝတိ။ယဿပါတုဘာဝါအနုပုဗ္ဗေန မဟာသမုဒ္ဒေအင်္ဂုလိတေမနမတ္တံပိဥဒကံ နသဏ္ဌာတိ။ တတောပိဒီဃာသာအစ္စုနောအစ္စယေနဆဋ္ဌောသူရိယောပါတုဘဝတိ။ယဿပါတုဘာဝါသကလစက္ကဝါဠံဧကဓူမံဟောတိ။ ။ဟုမိန့်၏။

တတောပိ၊ ထိုဒုတိယနေထွက်ပြီးသည်မှနောက်၌လည်း။ ဒီဃာသာအစ္စုနော၊ရှည်စွာအငွန့်၏။အစ္စယေန၊လွန်သဖြင့်။ တတိယောသူရိယော၊သုံးခုမြောက်သောနေသည်။ပါတုဘဝတိ၊ ထင်ရှားဖြစ်၏။ ယဿ၊ အကြင်တတိယနေ၏။ ပါတုဘာဝါ၊ ထင်စွာဖြစ်ခြင်းကြောင့်။ မဟာနဒီယောပိ၊ မြစ်ကြီးငါးစင်းတို့သည်သည်း။ သုဿန္တိ၊ခြောက်ခန်းကုန်၏။ တတော၊ထိုတတိယနေထွက်ပြီးသည်မှ။ ဒီဃာသာအစ္စုနော၊ရှည်စွာသောအငွန့်၏။အစ္စယေန၊ လွန်သဖြင့်။စတုတ္ထောသူရိယော၊ လေးခုမြောက်သောနေသည်။ပါတုဘဝတိ၊ထင်စွာဖြစ်၏။ယဿ၊ အကြင်စတုတ္ထနေ၏။ပါတုဘာဝါ၊ထင်စွာဖြစ်ခြင်းကြောင့်။ ဟိမဝတိမ

ဟာနုဒိနံ၊ ဟိမဝန္တာမဟာမြစ်ကြီးတို့၏။ ပဘာဝ၊ အမွန်ဖြစ်ကျန်သော။ အနောတတ္တာဒယော၊ အနဝတတ်အိုင်အစရှိကုန်သော။ သတ္တမဟာသရာ၊ အိုင်ကြီးခုနစ်အိုင်တို့သည်။ သုသဏ္ဌိတ၊ ခန်းဆုံးခြောက်ကုန်၏။ တတောပိ၊ ထိုစတုတ္ထနေထွက်ပြီးသည်မှနောက်၌လည်း။ ဒီဃဿအဒ္ဓုနော၊ ရှည်စွာသောအဓွန့်၏။ အစ္စယေန၊ လွန်သဖြင့်။ ပဉ္စမော၊ သူရိယော၊ ငါးခုမြောက်သောနေသည်။ ပါတုဘဝတိ၊ ထင်ရှားဖြစ်၏။ ယဿ၊ အကြင်ပဉ္စမနေ၏။ ပါတုဘာဝ၊ ထင်စွာဖြစ်ခြင်းကြောင့်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ အင်္ဂုလိတေမနမတ္တံပိ၊ လက်စွတ်လောက်ရုံမျှလည်း။ ဥဒကံ၊ ရေသည်။ နသဏ္ဌာတိ၊ မတည်။ တတောပိ၊ ထိုပဉ္စမနေထွက်ပြီးသည်မှနောက်၌လည်း။ ဒီဃဿအဒ္ဓုနော၊ ရှည်စွာသောအဓွန့်၏။ အစ္စယေန၊ လွန်သဖြင့်။ ဆဋ္ဌော သူရိယော၊ ခြောက်ခုမြောက်သောနေသည်။ ပါတုဘဝတိ၊ ထင်ရှားဖြစ်၏။ ယဿ၊ အကြင်ဆဋ္ဌနေ၏။ ပါတုဘာဝ၊ ထင်စွာဖြစ်ခြင်းကြောင့်။ သကလစက္ကဝါဠံ၊ ကုဋေတသိန်းသောစကြဝဠာသည်။ ဧကဓူမံ၊ တမြိုင်နက်အခိုးထသည်။ ဟောတိ၊ ဖြစ်၏။

ထို့နောင်ကာလအဓွန့်ရှည်လတ်သော် သတ္တမမြောက်နေတစင်းထွက်ပြန်၏။ ထိုအခါ စကြဝဠာကုဋေတသိန်း တမြိုင်နက်မီးထ၏။ ထိုမီးလျှံသည် စတုမဟာရာဇ်တာဝတိံသာမှစ၍၊ ပထမဈာန်သုံးဘုံတို့ကိုလောင်၍။ အာဘဿရဗြဟ္မာ့ဘုံကိုထိလျက်တည်၏။ အနုမြူခန့်မျှသင်္ခါရတို့ကို မကြွင်းစေမူ၍။ အကြွင်းမဲ့လောင်၍ငြိမ်း၏။ အထက်ကောင်းကင်နှင့်အောက်ကောင်းကင်တစပ်တည်းဟင်းလင်းအပြင်သာဖြစ်၍တစုံတခု အနုမြူခန့်မျှမရှိမှောင်အတိသာကြီးစွာဖြစ်လေ၏။

ထို့ကြောင့်။ ။၎င်းအဋ္ဌကထာဋီကာတို့၌။ ။တတောပိ ဒီဃဿအဒ္ဓုနောအစ္စယေနသတ္တမောသူရိယောပါတုဘဝတိ။ ယဿပါတုဘာဝါ၊ သကလစက္ကဝါဠံဧကဇာလံဟောတိသဒ္ဓိံ ကောဋိသတ သဟဿေဟိ စက္ကဝါဠေဟိ။ သာအဂ္ဂိ ဇာလာ

ဥဒ္ဒဟိတွာစတုမဟာရာဇိကေဂဏှာတိ။ တတ္ထကနက ဝိမာန ဖလိကဝိမာနာနိဗျာပေတွာ၊တာဝတိံသဘဝနံဂဏှာတိ။ဧတေ နေဝဥပါယေနယာဝပဌမဈာနဘူမိံဂဏှာတိ။တတ္ထတယောပိ ဗြဟ္မလောကေဗျာပေတွာအာဘဿရေအာဟစ္စတိဋ္ဌတိ။ သော သင်္ခါရေအနဝသေသေကတွာနိဗ္ဗာယတိ။ ။ဟုမိန့်၏။

တတောပိ၊ ထိုခြောက်ခုမြောက်သောနေ့ထွက်ပြီးသည်မှ။ ဒီဃဿအဒ္ဓုနော၊ ရှည်စွာသောအခွန့်၏။ အစ္စယေန၊ လွန်သဖြင့်။သတ္တမောသူရိယော၊ ခုနစ်ခုမြောက်သောနေ့သည်။ ပါတုဘဝတိ၊ ထင်ရှားဖြစ်၏။ ယဿ၊ အကြင်သတ္တမမြောက်သောနေ့၏။ ပါတုဘာဝါ၊ ထင်စွာဖြစ်ခြင်းကြောင့်။ ကောဋိသတသဟဿေဟိ၊ ကုဋေတသိန်းအတိုင်းအရှည်ရှိကုန်သော။စက္ကဝါဠေဟိ၊စကြာဝဠာတို့နှင့်။သဒ္ဓိံ၊တကွ။ သကလစက္ကဝါဠံ၊အလုံးစုံသောစကြာဝဠာသည်။ ဧကဇာလံ၊ တပြိုင်နက်ထသောမီးလျှံရှိသည်။ဟောတိ၊ ဖြစ်၏။ သာအဂ္ဂိဇာလာ၊ ထိုမီးလျှံသည်။ ဥဒ္ဒဟိတွာ၊ထ၍။စတုမဟာရာဇိကေ၊ စတုမဟာရာဇ်နတ်ပြည်တို့ကို။ဂဏှာတိ၊ယူ၏။တတ္ထ၊ ထိုစတုမဟာရာဇ်နတ်ပြည်၌။ ကနကဝိမာန ဖလိက ဝိမာနာနိ၊ ရွှေဗိမာန်၊ ဖလ်ဗိမာန်တို့ကို။ ဗျာပေတွာ၊ ကျွမ်းစေ၍။ တာဝတိံသဘဝနံ၊ တာဝတိံသာနတ်ပြည်ကို။ ဂဏှာတိ၊ ယူ၏။ဧတေနေဝဥပါယေန၊ ဤသို့သောနည်းဖြင့်သာလျှင်။ ယာဝပဌမ ဈာနဘူမိံ၊ ပဌမဈာန်ဘုံတိုင်အောင်။ဂဏှာတိ၊ယူ၏။ တတ္ထ၊ ထိုပဌမဈာန်ဘုံ၌။ တယောပိ ဗြဟ္မလောကေ၊ သုံးရပ်သောပဌမဈာန်ဘုံတို့ကို။ ဗျာပေတွာ၊ ကျွမ်းစေ၍။ အာဘဿရေ၊ အာဘဿရာဘုံတို့ကို။ အာဟစ္စ၊ ထိ၍။တိဋ္ဌတိ၊ တည်၏။သဗ္ဗသင်္ခါရေ၊ အလုံးစုံသင်္ခါရဟူသမျှတို့ကို။အနဝသေသေကတွာ၊ မကြွင်းစေမူ၍။နိဗ္ဗာယတိ။ငြိမ်းလေ၏။ ။ဤကားကပ္ပဝိနာသကထာတည်း။

ထို့နောင်ကာလ ရှည်ကြာလတ်သော် ကမ္ဘာပြု မိုးကြီး တက်၍ရှေးဦးစွာဖွဲ့ဖွဲ့ရွာ၏။ အစဉ်အတိုင်းတိုးပွါး၍ ကုမုဒ္ဒရာ ကြာရိုးပမာဏ၊ ကျည်ပွေ့ ပမာဏ၊ ထန်းလုံးပမာဏ စသော မိုးရေတို့ဖြင့် ရွာလျက်စကြဝဠာကုဋေတသိန်းတိုင်တိုင် အ လုံးစုံသောမီးလောင်ရာဟင်းလင်းအပြင်ကိုရေဖြင့် ပြည့်စေပြီး မှ၊ မိုးကြီးစဲလေသတည်း။ထိုရေသဉ်တဖြည်းတဖြည်းအောက် သို့သက်သည့်ကာလ၊ ရေသက်တိုင်းသက်တိုင်းဗြဟ္မာ့ဘုံတည် ရာအရပ်၌ ဗြဟ္မာ့ဘုံ ထင်ရှားဖြစ်၏။ ယာမာစသော နတ်ပြည် လေးထပ် တည်ရာအရပ်၌ နတ်ပြည်ထင်ရှား ဖြစ်၏။ ရှေးမြေ တည်ရာအရပ်သို့ သက်ရောက်သော အခါ၌ကား။ သည်းစွာ သောလေတို့သည်လာ၍ ထိုကမ္ဘာပြုမိုးရေကို ဓမကရိတ်၌ တည်သောရေကဲ့သို့ မြေတည်ရာအရပ်မှအောက်သို့မသက်မ ကျသည်ကိုပြု၍ငြိမ်းကျန်၏။ ရေကုန်လတ်သော်ရသပထဝီကို ဖြစ်စေ၏။ထိုရသပထဝီသည်အဆင်းအနံ့အရသာနှင့်ပြည့်စုံ၏။ ရေမရောသောနို့ဃနာ၏အပေါ်၌တက်သောအထပ်နှင့်တူ၏။

ထို့ကြောင့်။ ။အဋ္ဌကထာဋီကာတို့၌။ ။တတောပရံ လောကဿသဏ္ဌာဟနတ္ထာယမဟာမေဃော ဥဋ္ဌဟိတွာ ပဌမံ သုခုမံသုခုမံ ဝဿန္တော အနုပုဗ္ဗေန ကုမုဒနာဠ မုသလတာ လက္ခန္ဓာဒိ ပမာဏာဟိ ဓာရာဟိ ဝဿန္တော ကောဋိသတ သဟဿ စက္ကဝါဠေသု သဗ္ဗံ ဒဍ္ဎဋ္ဌာနံ ပူရေတွာ အန္တရဓာ ယတိ။ တံဥဒကံဟေဋ္ဌာစတိရိယဉ္စဝါတော သမုဋ္ဌဟိတွာဃနံ ကရောတိပရိဝဋ္ဋံ ပဒုမိနိပတ္တေဥဒကဗိန္ဒုသဒိသံ တံပရိက္ခယ မာနံအနုပုဗ္ဗေနဟေဋ္ဌာဩတရတိ။ ဩတိဏ္ဏေ ဩတိဏ္ဏေ ဥဒ ကေ ဗြဟ္မလောကဋ္ဌာနေ ဗြဟ္မလောကာ ဥပရိစတုကာမာ ဝစရဒေဝလောကဋ္ဌာနေ စ ဒေဝလောကာ ပါတုဘဝန္တိ။ စတုမဟာရာဇိက တာဝတိံသာနိ ပန ပထဝီသမ္ဗန္ဓတာ ယန တာဝပါတုဘဝန္တိ။ ပုရိမပထဝီဋ္ဌာနေ ပထဝီသဏ္ဌာတိ။ သာ ကဏိကာရ ပုပ္ဖံဝိယ ဝဏ္ဏသမ္ပန္နာစေဝ ဟောတိ။ သုရဘိဂန္ဓ

သမ္ဗန္ဓာစပက္ခိတ္တာဒိဗ္ဗောဇမိဝရသသမ္ဗန္ဓာစနိရုဒကပါယာသသ ဥပရိခတသံပိယတိဌတိ။ ။ဟုမိန့်၏။

တဒါ၊ ထိုကမ္ဘာပျက်ပြီးသည်မှ။ ပရံ၊ နောက်၌။ လောကဿ၊ လောကဓါတ်၏။ သဏ္ဌဟနတ္ထာယ၊ တည်စေခြင်းငှါ။ မဟာမေဃော၊ ကြီးစွာသောမိုဃ်းသည်။ ဥဋ္ဌဟိတွာ၊ တက်၍၊ ပဌမံ၊ ရှေးဦးစွာ။ သုခုမံ သုခုမံ၊ သေးသေးဖွဲဖွဲ။ ဝဿန္တော၊ ရွာလျက်။ အနုပုဗ္ဗေန၊ အစဉ်အတိုင်း။ ကုမုဒနာဠ္ဌမုသလတာလခန္ဓာဒိပမာဏာဟိ၊ ကုမုဒ္ဒရာကြာရိုးပမာဏ။ ကျည်ပွေ့ပမာဏ၊ ထန်းလုံးပမာဏအစရှိကုန်သော။ ဓာရာဟိ၊ မိုဃ်းရေအယဉ်တို့ဖြင့်။ ဝဿန္တော၊ ရွာလျက်။ ကောဋိသတသဟဿစက္ကဝါဠေသု၊ ကုဋေတသိန်းသောစကြာဝဠာတို့၌။ သဗ္ဗဒဍ္ဎဋ္ဌာနံ၊ မီးလောင်ရာဖြစ်သောအလုံးစုံသောအရပ်ကို။ ပူရေတွာ၊ ပြည့်စေ၍။ အန္တရဓာယတိ၊ ကွယ်ပျောက်၏။ တံဥဒကံ၊ ထိုရေကို။ ဟေဋ္ဌာစ၊ အောက်၌ရင်း။ တိရိယဉ္စ၊ ဘီသာအရပ်၌ရင်း။ ဝါတော၊ လေသည်။ သမုဋ္ဌဟိတွာ၊ ပြင်းစွာထ၍။ ဃနံ၊ တခဲနက်ကို။ ကရောတိ၊ ပြု၏။ ပရိဝဋ္ဋုမံ၊ ထက်ဝန်းကျင်လုံးသည်ဖြစ်၍။ ပဒုမိနိပတ္တေ၊ ပဒုမ္မာကြာဘက်၌။ ဥဒကဗိန္ဒု၊ သဒိသံ၊ လုံးသောရေပေါက်နှင့်တူ၏။ တံဥဒကံ၊ ထိုရေသည်။ ပရိက္ခယမာနံ၊ ကုန်ခန်းခြင်းသို့ရောက်သည်ရှိသော်။ အနုပုဗ္ဗေန၊ အစဉ်အတိုင်း။ ဟေဋ္ဌါ၊ အောက်သို့။ ဩတရတိ၊ သက်၏။ ဥဒကေ၊ ရေသည်။ ဩတိဏ္ဏေ ဩတိဏ္ဏေ၊ သက်တိုင်းကျတိုင်း။ ဗြဟ္မလောကဋ္ဌာနေ၊ ဗြဟ္မာ့ပြည်တည်ရာအရပ်၌။ ဗြဟ္မလောကာစ၊ ဗြဟ္မာ့ပြည်သည်ရင်း။ ဥပရိ၊ အထက်ဖြစ်သော။ စတုကာမာပစရဒေဝလောကဋ္ဌာနေ၊ ယာမာစသောကာမာဝစရနတ်ပြည်လေးထပ်တို့ တည်ရာအရပ်၌။ စတုဒေဝလောကာ၊ လေးဆပ်သောနတ်ပြည်တို့သည်ရင်း။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ စတုမဟာရာဇိကတာဝတိံသာနိပန၊ စတုမဟာရာဇ်တာဝတိံသာဘုံတို့သည်ကား။ ပထဝီသမ္ဗန္ဓတာယ၊ မြေနှင့်စပ်သည်၏အဖြစ်ကြောင့်။ နတာဝပါတုဘဝန္တိ၊ ထင်ရှားမ

ဖြစ်ကုန်သေး။ ပုရိမပထဝီဌာနေ၊ ရှေးမြေ တည်ရာ အရပ်၌။
ပထဝီ၊ မြေသည်။ သဏ္ဌာတိ၊ တည်လေ၏။ သာပထဝီ၊ ထိုမြေ
၇ည်။ ကဏိကာရ ပုပ္ဖဝိယ၊ မဟာလှေကားပန်းကဲ့သို့။ ဝဏ္ဏ
မ္ပန္နာစေဝ၊ အဆင်းနှင့်ပြည့်စုံသည်လည်း။ ဟောတိ၊ဖြစ်၏။
သုရဘိဂန္ဓသမ္ပန္နာစ၊ ကောင်းသောအနံ့နှင့်ပြည့်စုံသည်လည်း။
ဟောတိ၊ဖြစ်၏။ ပက္ခိတ္တဒိဗ္ဗောဇံဝ၊ ထည့်အပ်သောနတ်သြ
ဇာကဲ့သို့။ ရသသမ္ပန္နာစ၊ ပြည့်စုံကောင်းမြတ်သောအရသာရှိ
သည်လည်း။ ဟောတိ၊ဖြစ်၏။ နိရုဒကပါယာသဿ၊ ရေမရော
သော နို့ဃနာ၏။ ဥပရိမ တလံ ဝိယ၊ အထက် အပြင်ကဲ့သို့။
တိဋ္ဌတိ၊တည်၏။ ။

ထိုအခါ၌ အာဘဿရ ဗြဟ္မာ ဘုံမှ ရှေးဦးစွာ ဖြစ်သော
ဗြဟ္မာတို့သည် အာယုက္ခယ၊ ပုညက္ခယအား ဖြင့်၍လူတို့နေရာ
မြေအရပ်၌ ကိုယ်ရောင်ကိုယ်ဝါနှင့် ပြည့်စုံစွာ ကောင်းကင်၌
သွားလာနိုင်သော လူဥပပါတ် ဖြစ်လာကုန်၏။ ထိုသတ္တဝါတို့
သည် ရသတဏှာ နှိပ်စက်ကုန်သဖြင့် ရသပထဝီကို စားအံ့
သော၌ အားထုတ်ကြသည်ရှိသော် ကိုယ်ရောင်ကိုယ်ဝါတို့
သည်ကွယ်ပျောက်၍ အမိုက်အတိ ဖြစ်ကုန်၏။ ထိုအခါ၌ယူဇ
နာ ငါးဆယ်ရှိသော နေဝန်းသည် ထင်ရှားဖြစ်၏။ ထိုနေဝန်း
သည်အနောက်လောကဓာတ်သို့ဝင်လတ်သော် အမိုက်အတိ
ဖြစ်ပြန်၏။ ထိုအခါသတ္တဝါတို့ ကြောက်လန့်ခြင်း ဖြစ်ပြန်သဖြင့်
ထိုသူတို့အလိုကို သိဘိသကဲ့သို့ လေးဆဲ့ကိုးယူဇနာရှိသောလ
ဝန်းသည်ထင်ရှားဖြစ်လာ၏။ ထိုသို့နေလတို့သည်ထင်ရှားဖြစ်
ကုန်လတ်သော် ကြယ်တာရာ နက္ခတ် အပေါင်းတို့သည် ထင်
ရှားဖြစ်ကုန်၏၊ ထိုအခါမှစ၍ နေ့ညဉ့်အပိုင်းအခြား လဥတုနှစ်
အပိုင်းအခြားတို့သည်ထင်ကုန်၏။ ထိုလနေနက္ခတ်ကြယ်တာ
ရာတို့ ထင်ရှားဖြစ်သော နေ့၌ ပင်လျှင် မြင့်မိုရ်စကြဝဠာဟိမ
ဝန္တာတို့သည် မရှေးမနှောင်း တပေါင်းလပြည့်နေ့၌ သာလျှင်
တပြိုင်နက်ဖြစ်ကြလေကုန်သတည်း။

ထို့ကြောင့်ကျမ်းဂန်တို့၌။ ။တဒါအာဘဿရဗြဟ္မလောကေပဉ္စမတာရာနိဗ္ဗတ္တာသတ္တာအာယုက္ခယာဝါ၊ပုညက္ခယာဝါ၊ တတော စဝိတွာ ဩပ ပါတိကော ဟုတွာ ဣဓုပ္ပဇ္ဇန္တိ။ တေ ဟောန္တိ သယံပဘာအန္တလိက္ခစရာတေတံ ရသပထဝိံ သာယိတွာတဏှာဘိဘူတာ ပရိဘုဉ္ဇိတုံဥပက္ကမန္တိ။ အထတေသံ သယံ ပဘာအန္တရဓာယန္တိ အန္ဓကာရောဟောတိ။ တေအန္ဓကာရံဒိသွာဘာယန္တိ၊ တတောတေသံဘယံ နာသေတွာသူရဘာဝံဇနယန္တံပရိပုဏ္ဏံပညာသယောဇနံ သူရိယမဏ္ဍလံပါတုဘဝတိ။ အထသူရိယေဒိဝသံအာလောကံကတွာအတ္ထင်္ဂတေ ပုနဘီတာဟောန္တိ။ အထတေသံစိတ္တံဉာတွာဝိယ ဧကူနပညာသယောဇနံ စန္ဒမဏ္ဍလံ ပါတုဘဝတိ။ ။တေစန္ဒိမသူရိယေ ပါတုဘူတေနက္ခတ္တာနိတာရကရူပါနိပါတု ဘဝန္တိ တတော ပဘုတိရတ္တိဒိဝါပညာယန္တိ အနုက္ကမေနေဝမာသဥတုသံဝစ္ဆရာ။စန္ဒိမသူရိယာနံပနပါတုဘူတဒိဝသေယေဝသိနေရုစက္ကဝါဠဟိမဝန္တပဗ္ဗတာဒိပါသမုဒ္ဒါစပါတုဘဝန္တိ။ တေစခေါအပုဗ္ဗံအစရိမံ ဖဂ္ဂုဏပုဏ္ဏမ ဒိဝသေယေဝ ပါတုဘဝန္တိ။ ။ဟုပိန့်၏။

တဒါ၊ ထိုရသပထဝီ တည်သော ကာလ၌။ အာဘဿရဗြဟ္မလောကေ၊ အာဘဿရဗြဟ္မာဘုံ၌။ပဉ္စမတာရာ၊ရှေးဦးစွာ။ နိဗ္ဗတ္တာ၊ ဖြစ်ကုန်သော။သတ္တာ၊ သတ္တဝါတို့သည်။အာယုက္ခယာဝါ၊ အသက်၏ကုန်ခြင်းကြောင့်၎င်း။ ပုညက္ခယာဝါ၊ ကောင်းမှု၏ကုန်ခြင်းကြောင့်၎င်း။ တတော၊ ထိုအာဘဿရဗြဟ္မာဘုံမှ။ စဝိတွာ၊ စုတေ၍။ ဣဓ၊ဤလူ့ပြည်၌။ ဩပပါတိကာ၊ လူဥပပါတ်သည်။ဟုတွာ၊ဖြစ်၍။ ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ သယံပဘာ၊ကိုယ်ရောင်နှင့်ပြည့်စုံကုန်သည်ဖြစ်၍။ အန္တလိက္ခစရာ၊ ကောင်းကင်၌ သွားလာနိုင်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ တံရသာပထဝိံ၊ ထိုရသပထဝီကို။သာယိတွာ၊သာယာ၍။ တဏှာ

ဘိဘူတာ၊ တဏှာဖြင့်နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ပရိဘုဥ္ဇတုံ၊ သုံးဆောင် စားသောက်ခြင်းငှါ။ ဥပက္ကမန္တိ၊ လုံ့လပြုကုန်၏။ အထ၊ ထိုအခါ၌။ တေသံ၊ ထိုသတ္တဝါ တို့အား။ သယံပဘာ၊ ကိုယ်ရောင်ကိုယ်ဝါတို့သည်။ အန္တရဓာယန္တိ၊ ကွယ်ပျောက် ကုန်၏။ အန္ဓကာရော၊ တခဲနက်သော အမိုက် အတိ သည်။ ပါတိ၊ ဖြစ်၏။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ အန္ဓကာရံ၊ အမိုက်တိုက်ကို။ ဒိသွာ၊ မြင်၍။ ဘာယန္တိ၊ ကြောက်လန့်ကုန်၏။ တတောပဋ္ဌာယ၊ ထို့နောင်မှ။ တေသံသတ္တာနံ၊ ထိုကမ္ဘာဦး၌ဖြစ် ကုန်သောသတ္တဝါတို့၏။ ဘယံ၊ ကြောက်ခြင်းကို။ နာသေတွာ၊ ပျောက်၍။ သူရဘာဝံ၊ ရဲရင့်သည်၏အဖြစ်ကို။ ဇနယန္တံ၊ ဖြစ်စေ လျက်။ ပရိပုဏ္ဏံ၊ ပြည့်စုံသော။ ပညာသယောဇနံ၊ ယူဇနာငါး ဆယ်ရှိသော။ သူရိယမဏ္ဍလံ၊ နေဝန်းသည်။ ပါတုဘဝတိ၊ ထင် ရှားဖြစ်၏။ အထ၊ ထိုအခါ၌။ သူရိယော၊ နေသည်။ ဒိဝသံ၊ နေ့အခါ ၌။ အာလောကံ၊ အလင်းကို။ ကတွာ၊ ပြု၍။ အတ္ထင်္ဂတေ၊ ဝင်ခြင်းသို့ ရောက်သည်ရှိသော်။ ပုန၊ တဖန်။ ဘီတာ၊ ကြောက်လန့်ကုန် သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အထ၊ ထိုအခါ၌။ တေသံ၊ ထိုကမ္ဘာ ဦးသူတို့၏။ စိတ္တံ၊ စိတ်ကို။ ဥတွာပိယ၊ သိဘိသကဲ့သို့။ ဧကူန ပညာသ ယောဇနံ၊ ၄၉ ယူဇနာ ရှိသော။ စန္ဒမဏ္ဍလံ၊ လဝန်း သည်။ ပါတုဘဝတိ၊ ထင်ရှားဖြစ်၏။ ဧဝံ၊ ဤသို့။ စန္ဒိမသူရိယေ၊ လနေ တို့သည်။ ပါတု ဘူတေ၊ ထင်ရှား ဖြစ်သည် ရှိသော်။ နက္ခတ္တာနိ တာရကရူပါနိ၊ နက္ခတ်စသော ကြယ် တာရာအ ပေါင်းတို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ကုန်၏။ တတောပ ဘုတိ၊ ထိုနေလနက္ခတ်တို့ ထင်ရှားဖြစ်သောအခါမှစ၍။ ရတ္တိ ဒိဝါ၊ ညဉ့်နေ့တို့သည်။ ပညာယန္တိ၊ ထင်ကုန်၏။ အနုက္ကမေနေဝ၊ အစဉ် အားဖြင့်သာလျှင်။ မာသဥတု သံဝစ္ဆရာ၊ လဥတုနှစ်အ ပိုင်းအခြားတို့သည်။ ပညာယန္တိ၊ ထင်ကုန်၏။ စန္ဒိမသူရိယာနံ၊ လနေတို့၏။ ပါတုဘူတဒိဝသေယေဝ၊ ထင်ရှားဖြစ်သောနေ့၌ သာလျှင်။ သိနေရုစက္ကဝါဠဟိမဝန္တပဗ္ဗတာစ၊ မြင့်မိုရ်စကြဝဠာ

ဟိမဝန္တာတောင်တို့သည်ရှင်း။ ဒီပါစ၊ ကျွန်းကြီးကျွန်းငယ်တို့
သည်ရှင်း။သမုဒ္ဒါစ၊သမုဒ္ဒရာတို့သည်ရှင်း။ ပါတုဘာဝန္တိ၊ထင်
ရှားဖြစ်ကုန်၏။တေစခေါ၊ ထိုနေလနက္ခတ်မြင့်မိုရ်စကြာဝဠာသ
သည်တို့သည်လည်း။ ဖဂ္ဂုဏာပုဏ္ဏမီယေဝ၊ တံပေါင်းလပြည့်
နေ့၌သာလျှင်။အဒုပ္ပံအစရိမံ၊မရှေးမနှောင်း။ပါတုဘာဝန္တိ၊ထင်
ရှားဖြစ်ပေါ်ကုန်၏။

မီးကြောင့်ပျက်သော ကမ္ဘာကား။ ။ဤမီးဖျက်သော
ကမ္ဘာ၌ ကမ္ဘာဖျက်မိုးရွာသည်မှ၊ မီးလျှံစဲသည်တိုင်အောင်
တခုသောသံဝဋ္ဋအသင်္ချေယျကပ်မည်၏၊ မီးလျှံစဲသည်မှကမ္ဘာ
ပြုမိုးရွာသည်တိုင်အောင်နှစ်ခုမြောက်သောသံဝဋ္ဋဋ္ဌာယီအ
သင်္ချေယျကပ်မည်၏။ကမ္ဘာပြုမိုးရွာသည်မှနေလပေါ်သည်
တိုင်အောင် သုံးခုမြောက်သော ဝိဝဋ္ဋအသင်္ချေယျ ကပ်မည်၏။
နေလနက္ခတ်ပေါ်သည်မှတဖန်ကမ္ဘာဖျက်မိုးရွာသည်တိုင်
အောင်လေးခုမြောက်သော ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်မည်
၏။ဤအသင်္ချေယျလေးကပ်သည်မဟာကပ်မည်၏။ ။ဤကား
ရှေးဦးစွာ မီးဖျက်သော တေဇော သံဝဋ္ဋ ကပ်၏ အဓိပ္ပါယ် အ
ကျဉ်းအဖွင့်တည်း။

ထို့ကြောင့်။ ။အဋ္ဌကထာတို့၌။ ။ကပ္ပဝိနာသကမဟာမေ
ဃတောယာဝဇာလောပစ္ဆေဒေါ။ ဣဒံပဌမံ အသင်္ချေယျံ သံ
ဝဋ္ဋောတိဝုစ္စတိ။ ကပ္ပဝိနာသက ဇာလောပစ္ဆေဒတော ယာဝ
ကောဋိသတသဟဿစက္ကဝါဠပရိပူရိတော။သမ္ပတ္တိမဟာမေ
ဃော။ ဣဒံဒုတိယံအသင်္ချေယျံဝိဝဋ္ဋဋ္ဌာယီတိဝုစ္စတိ။ သမ္ပတ္တိမ
ဟာမေဃတောယာဝ စန္ဒိမသူရိယပါတုဘာဝါ။ ဣဒံတတိယံ
အသင်္ချေယျံဝိဝဋ္ဋောတိဝုစ္စတိ။ စန္ဒိမသူရိယပါတုဘာဝတောယာ
ဝပုနကပ္ပဝိနာသကမဟာမေဃော။ ဣဒံစတုတ္ထံအသင်္ချေယျံဝိ
ဝဋ္ဋဋ္ဌာယီတိဝုစ္စတိ။ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျံ စတုသဋ္ဌိ အန္တရ
ကပ္ပသင်္ဂဟံ။ ဝီသတိအန္တရ ကပ္ပသင်္ဂဟန္တိကေစိ။ သေသာ
အသင်္ချေယျာနိကာလတော တေနသမပမာဏာနေဝ။ ဣမာနိ

စတ္တာရိအသင်္ချေယျာနိ ဧကောမဟာကပ္ပေါတိ ဧဝံတာဝအဂ္ဂိနာဝိနာသော စသဏ္ဌာနဉ္စဝေဒိတဗ္ဗံ။ ။ဟုမိန့်၏။

ကပ္ပဝိနာသကမဟာမေဃတော၊ ကမ္ဘာပျက်မိုးကြီးရွာသည်မှ။ ယာဝဇာလောပစ္ဆေဒေါ၊ မီးလျှံစဲသည် တိုင်အောင်သောကာလသည်။အတ္ထိ၊ ရှိ၏။ ပဌမံ၊ ရှေးဦးစွာသော။ ဣဒမံအသင်္ချေယျံ၊ ဤမီးလျှံ စဲသည်တိုင်အောင်သောအသင်္ချေကို။ သံဝဋ္ဋောတိ၊ သံဝဋ္ဋအသင်္ချေဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ကပ္ပဝိနာသကဇာလောပစ္ဆေဒတော၊ ကမ္ဘာပျက်မီးလျှံစဲသည်မှ။ ကောဋိသတသဟဿ စက္ကဝါဠ ပရိပူရိတော၊ စကြဝဠာ ကုဋေတသိန်းတိုင်အောင် ပြည့်စေနိုင်သော။ ယာဝ သမ္ပတ္တိမဟာ မေဃော၊ အကြင်သမ္ပတ္တိဖြစ်သောကမ္ဘာပြုမိုးကြီးသည်။ အတ္ထိ၊ ရှိ၏။ ဒုတိယံ၊ နှစ်ကြိမ်မြောက်သော။ ဣဒမံအသင်္ချေယျံ၊ ဤအသင်္ချေကို။သံဝဋ္ဋဋ္ဌာယီတိ၊ သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။သမ္ပတ္တိမဟာမေဃတော၊ပြည့်စုံသောကမ္ဘာပြုမိုးကြီးရွာသည်မှ။ ယာဝစန္ဒိမသူရိယပါတုဘာဝေါ၊ နေလပေါ်သည်တိုင်အောင်သောကာလသည်။ အတ္ထိ၊ ရှိ၏။ တတိယံ၊ သုံးကြိမ်မြောက်သော။ ဣဒမံအသင်္ချေယျံ၊ဤအသင်္ချေကို။ဝိဝဋ္ဋောတိ၊ဝိဝဋ္ဋအသင်္ချေယျကပ်ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ ။စန္ဒိမသူရိယပါတုဘာဝတော၊လနေပေါ်သည်မှ။ပုန၊တဖန်။ ယာဝကပ္ပဝိနာသက မဟာမေဃော၊ အကြင်ကမ္ဘာပျက်မိုးကြီးသည်။ အတ္ထိ၊ ရှိ၏။စတုတ္ထံ၊ လေးကြိမ်မြောက်သော။ ဣဒမံအသင်္ချေယျံ။ ဤအသင်္ချေကို၊ ဝိဝဋ္ဋဋ္ဌာယီတိ။ ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျံ၊ ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်ကို။ စတုသဋ္ဌိအန္တရကပ္ပသင်္ဂဟံ၊ ခြောက်ဆဲ့လေးရပ်သောအန္တရကပ်ဖြင့် ရေတွက် အပ်၏။ ဝီသတိအန္တရကပ္ပသင်္ဂဟံ၊ နှစ်ဆယ်သောအန္တရကပ်ဖြင့်ရေတွက်အပ်၏။ဣတိ၊ ဤသို့။ ကေစိ၊အချို့သော ဆရာတို့က။ ဝဒန္တိ၊ ဆိုကုန်၏။ သေသာအသင်္ချေယျာနိ၊ကြွင်းသောအသင်္ချေယျသုံးကပ်တို့သည်။ တေန၊

ထိုဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်နှင့်။ သမပမာဏာနေဝ၊ တူမျှသော ပမာဏရှိကုန်သည် သာလျှင်တည်း။ ဣမာနိစတ္တာရိအသင်္ချေယျာနိ၊ ဤသံဝဋ္ဋ၊ သံဝဋ္ဋဋ္ဌာယီ၊ ဝိဝဋ္ဋ၊ ဝိဝဋ္ဋဋ္ဌာယီဟုဆိုအပ်သောအသင်္ချေယျလေးကပ်တို့သည်။ ဧကောမဟာကပ္ပေါ၊ တခုသောမဟာကပ်မည်၏။ ဧဝံ၊ ဤသို့။ တာဝ၊ ရှေးဦးစွာ။ အဂ္ဂိနာ၊ မီးကြောင့်။ ဝိနာသော စ၊ ပျက်ခြင်းကို၎င်း။ သဏ္ဌဟနဉ္စ၊ တည်ခြင်းကို၎င်း။ ဝေဒိတဗ္ဗံ၊ သိအပ်မှတ်အပ်၏။ ။မီးဖျက်သောကမ္ဘာပြီး၏။

ရေကြောင့်ပျက်သော ကမ္ဘာ၌ကား။ ။ရှေးဦးစွာကမ္ဘာဖျက်မိုဃ်းကြီးသည် စကြဝဠာ ကုဋေတသိန်း၌တပြိုင်နက်ရွာ၏။ ထို့နောင်ရှေးနည်းအတိုင်းမှတ်အပ်၏။ ။အထူးအားဖြင့်ကား မီးဖျက်သောကမ္ဘာ၌ ဒုတိယနေထွက်သကဲ့သို့ အလွန်သောကမ္ဘာဖျက်မိုဃ်းကြီး သေးသေးဖွဲဖွဲရွာ၏။ ထို့နောင်တတိယစသောသောနေထွက်သကဲ့သို့ကြာရိုးပမာဏ၊ ကျည်ပွေ့ပမာဏ၊ ထန်းလုံးပမာဏ၊ တောင်ထွဋ်ပမာဏ စသည်ဖြင့် အစဉ်အတိုင်းမိုဃ်းလုံးကြီးပွါး၍။ အရည်ထန်စွာစကြဝဠာကုဋေတသိန်းကိုပြည့်စေလျက်ရွာ၏။ ဆားငံရေဖြင့်ထိတိုင်းထိတိုင်းမြေတောင် စသည်တို့သည် ကြေပျောက်ကုန်၏။ မြေအပြင်မှသည်ဒုတိယဈာန်ဘုံတိုင်အောင်ရေပြည့်၏။ ဒုတိယဈာန်ဘုံတို့ကို ကြေစေပြီးမှ၊ သုဘ ကိဏှဘုံကို ထိ၍ တည်၏။ အနုမြူမျှလောက်သော သင်္ခါရတို့ကို မကြွင်းစေမူ၍ အကြွင်းမဲ့ကမ္ဘာဖျက်ရေဖြင့်ကြေပျောက်စေ၍အဆောတလျင်ငြိမ်းခြင်း ကွယ်ခြင်း၊ ပျောက်ခြင်းသို့ရောက်လေ၏။ အောက်ကောင်းကင်နှင့်အထက်ကောင်းကင်တစပ်တည်းဟင်းလင်းအပြင်ဖြစ်၍ တစုံတခုအနုမြူခန့်မျှမရှိ မှောင်အတိ ဖြစ်၏။ ။ထို့နောင် ကမ္ဘာပြုမိုဃ်းရွာခြင်း၊ နေလနက္ခတ်စသည်တို့ တပြိုင်နက်ဖြစ်ခြင်း စသော စကားရပ်သည် ရှေးနှင့်တူပြီး။ ။ဤရေ ဖျက်သောကမ္ဘာ၌ ကမ္ဘာဖျက်မိုဃ်းရွာသည်မှ၊ ကမ္ဘာဖျက်ရေပြတ်သည်

ထိုင်အောင်တခုသော သံဝဋ္ဋအသင်္ချေယျကပ်မည်၏။ ။ရေဖျက်သည့်မှ၊ ကမ္ဘာပြုမိုးစင်းရွာသည် တိုင်အောင် နှစ်ခုမြောက်သောသံဝဋ္ဋဌာယီအသင်္ချေယျကပ်မည်၏။ ။မိုးစင်းရွာသည်မှ၊ နေလပေါ်သည် တိုင်အောင် သုံးခုမြောက်သော ဝိဝဋ္ဋအသင်္ချေယျကပ်မည်၏။ ။နေလပေါ်သည်မှ တဘန်ကမ္ဘာပျက်မိုးစင်းရွာသည်တိုင်အောင်လေးခုမြောက်သောဝိဝဋ္ဋဌာယီအသင်္ချေယျကပ်မည်၏။ ။ဤအသင်္ချေယျလေး ကပ်သည်တခုသောမဟာကပ်မည်၏။ ။ဤကားနှစ်ကြိမ်မြောက်ရေဖျက်သောအာပေါသံဝဋ္ဋကပ်၏အကျဉ်းအဓိပ္ပါယ်တည်း။ ။ပါဠိကိုအလိုရှိလျှင်ဒီဃနိကာယ်ဝိသုဒ္ဓိမဂ်၊ဝိနည်းဋီကာစသည်တို့၌ယူလေ။

လေကြောင့်ပျက်သောကမ္ဘာ၌ကား။ ။ရှေးဦးစွာကမ္ဘာပျက်မိုးကြီးသည် စကြဝဠာကုဋေတသိန်း၌ တပြိုင်နက်ရွာ၏။ထို့နောက်ရှေးကမ္ဘာနည်းအတိုင်းမှတ်လေ။ ။အထူးအားဖြင့်ကား။ မီးဖျက်သောကမ္ဘာ၌ ဒုတိယနေ ထွက်သကဲ့သို့ထို့အတူကမ္ဘာကိုဖျက်ခြင်းငှာ လေသည်ထ၏။ ထိုလေသည်ရှေးဦးစွာ ရုန့်ရင်းသော မြူကိုလွင့်တက်စေ၏။ ထို့နောက်သိမ်မွေ့သော မြူကိုလွင့်တက်စေ၏။ ထို့နောက် သိမ်မွေ့သော သဲကိုလွင့်တက်စေ၏။ ထို့နောက်ရုန့်ရင်းသောသဲကို လွင့်တက်စေ၏။ ထို့နောက် ကျောက်စရစ် ကျောက်ခဲ တောင်ထွဋ်ပမာဏရှိသောကျောက်သစ်ပင်တို့ကိုလွင့်တက်စေ၏။ထိုသို့လွင့်တက်ကုန်သောမြူသေး မြူကြီးသဲကျောက်ခဲသစ်ပင် စသည်တို့သည်တဘန်မကျမူ၍။ကောင်းကင်၌ မှုန့်မှုန့်ညက်ညက်ကြေပျောက်ကုန်၏။ ။ထို့နောက်အစဉ်အတိုင်းလောကဓာတ်၏အောက်၌ခံသော လေသည် ထလတ်၍။ နှစ်သိန်း လေးသောင်း အထုရှိသောမဟာပထဝီကို အောက်အထက် ပြောင်းပြန်လှန်၍ကောင်းကင်၌ဖြစ်၏။မြေကြီးသည်ယူဇနာတရာ နှစ်ရာ၊ သုံးရာ လေးရာ၊ ငါးရာပမာဏ အစိုင်အခဲကွဲပြီးလျှင် လေ၏အဟုန်ဖြင့်ကောင်း

ကင်၌ ကြေပျော်လေကုန်၏။ စကြာဝဠာတောင်၊ မြင့်မိုရ်တောင်တို့သည်လည်းကမ္ဘာပျက်လေ၏အဟုန်ဖြင့်ကောင်းကင်သို့လွင့်လျက်အချင်းချင်း တိုက်ခိုက်ကြ၍ မုန့်မုန့်ညက်ညက် ပျက်စီး၍ကြေပျော်ကုန်၏။ ။ဤနည်းဖြင့်မြေ၌တည်သောဗိမာန်ကောင်းကင်၌ တည်သော ဗိမာန်တို့ကိုဖင်း။ ကာမာဝစရ နတ်ပြည်ခြောက်ထပ်တို့ကိုဖင်းပျက်ဆီး၍ စကြာဝဠာကုဋေ တသိန်းတပြိုင်နက်ပျက်၏။ထိုအခါ၌စကြာဝဠာတောင်ကုဋေတသိန်း၊ ဟိမဝန္တာတောင် ကုဋေတသိန်း၊ မြင့်မိုရ်ကုဋေတသိန်းတို့သည်ကမ္ဘာပျက်လေ၏အဟုန်ဖြင့် ကောင်းကင်သို့ ပျံတက် ကုန်၍။ စကြာဝဠာတောင်ချင်း၊ ဟိမဝန္တာတောင်ချင်း၊ မြင့်မိုရ်တောင်ချင်းတိုက်ခိုက်ကြသဖြင့်ပျက်စီးကြေပျောက်ကုန်၏။ ထိုကမ္ဘာပျက်လေသည်မြေမှစ၍တဘိယစျာန်ဘုံတိုင်အောင်ယူ၏။ကိုးဘုံသောပြဟ္မာဘုံတို့ကိုပျက်၍ဝေဟပ္ဖိုလ်ဘုံကိုထိ၍တည်၏။ ဤသို့အလုံးစုံသောသင်္ခါရတို့ကိုကုန်စေပြီးသည်ရှိသော်ကမ္ဘာပျက်လေသည် မိမိ အလိုလို ငြိမ်း၏။ အသက် ကောင်းကင်အောက်ကောင်းကင်တစပ်တည်း ဟင်းလင်းအပြင်သာဖြစ်၍။ တစုံတခုအနုမြူခန့်မျှမရှိအမိုက်အတိသာဖြစ်၏။ ။ဤမှနောက်၌ကမ္ဘာပြုမိုဃ်းရွာခြင်းနေလနက္ခတ်စသည်တို့ တပြိုင်နက်ဖြစ်ခြင်းစသောစကားအစဉ်ကားရှေးနှင့်တူပြီ။ ။ဤလေဖျက်သောကမ္ဘာ၌ကမ္ဘာပျက်မိုဃ်းရွာသည်မှ၊ကမ္ဘာပျက်လေပြတ်သည်တိုင်အောင်တခုသောသံဝဋ္ဋအသင်္ချေယျကပ်မည်၏။ ။လေပြတ်သည်မှ၊ ကမ္ဘာပြု မိုဃ်းရွာသည် တိုင်အောင် နှစ်ခုမြောက်သောသံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်မည်၏။ ။ကမ္ဘာပြုမိုဃ်းရွာသည်မှ၊ နေလနက္ခတ် ပေါ်သည်တိုင်အောင် သုံးခုမြောက်သော ဝိဝဋ္ဋအသင်္ချေယျကပ် မည်၏။ ။နေလပေါ်မှ၊တဖန်ကမ္ဘာပျက်မိုဃ်းရွာသည်တိုင်အောင် လေးခုမြောက်သောဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်မည်၏။ ။ဤအသင်္ချေယျလေးကပ်သည်မဟာကပ်မည်၏။ ။ဤကားသုံးဆင့်မြောက်

လေဖျက်သောဝါယောသံဝဋ္ဋကပ် အဓိပ္ပါယ် အကြဉ်းအမြွက် တည်း။ ။ပါဠိပါဌ်ကိုအလိုရှိလျှင် ဒီဃနိကာယ်စသော အဋ္ဌကထာတို့မှယူလေ။

မီး၊ ရေ၊ လေသုံးပါးကြောင့်ကမ္ဘာပျက်ခြင်း၌အမြွက်ကား။ ။ ဥဂ္ဂေဥဿန္နတရေအဂ္ဂိနာဝိနဿတိ။ ဒေါသေဥဿန္နတရေ ဥဒကေန ဝိနဿတိ။ မောဟေ ဥဿန္နတရေဝါတေနဝိနဿ တိ။ ။ဟူ၍ဝိသုဒ္ဓိမဂ်အဋ္ဌကထာဝိနည်းဋီကာကျမ်းတို့၌ လာ သောကြောင့်သတ္တဝါတို့သန္တာန်၌ ရာဂပြောသည့်ရှိသော်မီး ဖြင့်ပျက်၏။ ဒေါသပြောသည့်ရှိသော်ရေဖြင့်ပျက်၏။ မောဟ ပြောသည့်ရှိသော်လေဖြင့်ပျက်၏။ ။ထိုသုံးပါးတို့တွင်မီး ဖြင့်ပျက်ရာ၌ခုနစ်ကြိမ်တိုင်တိုင် ဆုတ်ချည်တက်ချည်ပျက်၏။ ရှစ်ကြိမ်မြောက်၌ရေဖြင့်ပျက်၏။ ဤအတူမီးခုနစ်ကြိမ် ရေတ ကြိမ်အားဖြင့်ရှစ်ကြိမ်ခုနစ်လီပျက်၏။ ထို့နောင်မီးခုနစ်ကြိမ် လောင်ပြီးလျှင် လေတကြိမ်လာ၍ သုဘကိဏှာဘုံ တိုင်အောင် ပျက်၏။ ။အရေအတွက်အားဖြင့်မီးငါးဆဲ့ခြောက်ကြိမ်၊ ရေ ခုနစ်ကြိမ်၊ လေတကြိမ်အားဖြင့်ခြောက်ဆဲ့လေးကြိမ်ပျက်၏။

ကဗျာသက်ာတို့၌လည်း။ ။မီးခုနစ်ချီ။ခုနစ်လီမှ။ရေသိ တာ တောက်။ ခုနစ်ခေါက်နှင့်။ သဘ္ဘာ မြောက်မီး။ တောက် လောင်ပြီးသော်။လေကြီးမြို့ကြွး။ခြောက်ဆဲ့လေးဟူ၍ရင်း။ ။ မီးငါးဆဲ့ခြောက်။ အတောက်လျှော။ ရေခုနစ်ကြိမ်။ လေတ ကြိမ်ဖြင့်။ရွှေအိမ်လောက။ဖြိုဖျက်ဘုံထွတ်။ ရေကတိုင်းလွတ် ဟူ၍ရင်း။စပ်ဆိုကြကုန်၏။ ။တကြိမ်တကြိမ်လျှင်အန္တရကပ် တကပ်ခန့် ကြာမြင့်၏ဟု မှတ်ယူရမည်။ ။ဤကားဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒီဃနိကာယ်အဋ္ဌကထာ။ ဝိနည်းဋီကာတို့မှထုတ် နုတ်စီရင်အပ်သောကပ္ပဝိနာသ။ ကပ္ပသဏ္ဌာနအကျဉ်းအမြွက် တည်း။

[illegible]

ယတောပဋ္ဌာယက်ရအမှာကံ ဟဂဝတာအဘိနိ [illegible]

တော။ ဧတသ္မိံအန္တရေ ကေကပ္ပေပိ ပဉ္စဗုဒ္ဓါ နိဗ္ဗုတ္တာနာမ နတ္ထိ။
အမှာကံ ဘဂဝတော အဘိနီဟာရဒသာ ပုရတော ပန တဏှင်္က
ရော၊ မေဓင်္ကရော၊ သရဏင်္ကရော၊ ဒီပင်္ကရောတိ စတ္တာရော
ဗုဒ္ဓါ ကေကပ္ပေ နိဗ္ဗုတ္တိံသု။ ။ဒီဃနိကာယ် မဟာပဒါနသုတ်
အဖွင့်အဋ္ဌကထာ၌မိန့်၏။

အနက်ကား။ ။အမှာကံ၊ ငါတို့၏။ ဘဂဝတော၊ မြတ်စွာဘု
ရားသည်။ ယတော၊ အကြင်ကာလမှ။ ပဋ္ဌာယ၊ စ၍။ အဘိနီဟာ
ရော၊ ဘုရားဖြစ်ကြောင်းဆုတောင်းခြင်း ပတ္ထနာကို။ ကတော၊
ပြုတော်မူအပ်ပြီ။ ဧတသ္မိံ အန္တရေ၊ ထိုဘုရား ဖြစ်ကြောင်း ဆု
တောင်းပတ္ထနာပြုရာကာလအတွင်း၌။ ဧကကပ္ပေပိ၊ တခုသော
ကပ်ကမ္ဘာ၌လည်း။ ပဉ္စဗုဒ္ဓါ၊ ငါးဆူသော ဘုရားရှင် တို့သည်။
နိဗ္ဗုတ္တာနာမ၊ ပွင့်ဘူးသောကမ္ဘာမည်သည်။ နတ္ထိကိရ၊ မရှိကုန်
သတတ်။ ပန၊ ကာလန္တရ ပုရိမဝယ်။ ဘုန်းကြွယ်လေးဆူ၊ ပွင့်
တော်မူဟန်ကိုတ ဘန်ဆိုဦးအံ့။ အမှာကံ ဘဂဝတော၊ ငါတို့ဆ
ရာမြတ်စွာဘုရား၏။ အဘိနီဟာရဒသာ၊ ဆုတောင်းပတ္ထနာပြုရာ
ကာလ၏။ ပုရတော၊ လက်မှန်မဆွရှေးကာလ၌။ တဏှင်္ကရော၊
တဏှင်္ကရာဘုရားရှင်။ မေဓင်္ကရော၊ မေဓင်္ကရာဘုရားရှင်။ သ
ရဏင်္ကရော၊ သရဏင်္ကရာ ဘုရားရှင်။ ဒီပင်္ကရော၊ ဒီပင်္ကရာ
ဘုရားရှင်။ ဣတိ၊ ဤသို့။ စတ္တာရော ဗုဒ္ဓါ၊ လေးဆူသော ဘုရားရှင်
တို့သည်။ ဧကကပ္ပေ၊ တခုသောကမ္ဘာအတွင်း၌။ နိဗ္ဗုတ္တိံသု၊ ပွင့်
တော်မူကုန်၏။ ။ဤအဋ္ဌကထာ၌။ ။ဗျာဒိတ်ရသောကမ္ဘာ
ကိုလည်းဆုတောင်းစသာဖြစ်၍ပါရမီဖြည့်ရာကမ္ဘာသို့ မသွင်း
ရ။ ဤဘဒ္ဒကမ္ဘာကိုလည်းပါရမီဖြည့်၍ ပွင့်တော်မူသောကမ္ဘာ
ဖြစ်သောကြောင့်ပါရမီဖြည့်ရာကမ္ဘာသို့မဝင်။ ။ထိုလေးဆူ
ပွင့်ရာဗျာဒိတ်ရသောကမ္ဘာမှနောက်ကမ္ဘာတသင်္ချေတိုင်တိုင်
ဘုရားမပွင့်၍။ သုညကမ္ဘာဟုသုဒ္ဓါဝါသဗြဟ္မာကြီးတို့ ဥဒါန်းစ
ကားဘတ်ကြားကြလေသတည်း။ ။ထိုသုညကမ္ဘာတသင်္ချေ၏
အဆုံးတခုသောကမ္ဘာ၌ ကောဏ္ဍညအမည်ရှိသော ဘုရားတ

ဆူသည်ပွင့်တော်မူ၏။ ။ထိုကောဏ္ဍညဘုရားပွင့်တော်မူသောကမ္ဘာမှ နောက်ကမ္ဘာပေါင်း တသင်္ချေ၌လည်း ဘုရားမပွင့်၍သုညကမ္ဘာဟုဖြဲပွားကြီးတို့ ဥဒါန်းစကား ဘတ်ကြားကြကုန်၏။ ။ထိုဒုတိယသုညကမ္ဘာပေါင်းတသင်္ချေ၏အဆုံးတခုသော ကမ္ဘာ၌ မင်္ဂလဘုရား၊ သုမန ဘုရား၊ ရေဝတ ဘုရား၊ သောဘိတဘုရား၊ လေးဆူပွင့်တော်မူ၏။ ထိုဘုရားလေးဆူပွင့်တော်မူသည်မှနောက်ကမ္ဘာပေါင်း တသင်္ချေ၌လည်း ဘုရားမပွင့်၍ သုညကမ္ဘာဟု ဖြဲပွားကြီးတို့ဥဒါန်းစကားဘတ်ကြားကြကုန်၏။ ။ထိုတတိယသုညကမ္ဘာပေါင်းအသင်္ချေ၏အဆုံးတခုသောကမ္ဘာ၌အနောမဒဿီဘုရား၊ ပဒုမဘုရား၊ နာရဒဘုရား၊ သုံးဆူပွင့်တော်မူ၏။ ထိုသုံးဆူသော ဘုရားပွင့်တော် မူသောကမ္ဘာမှနောက် ကမ္ဘာပေါင်း တသင်္ချေ၌လည်း ဘုရားမပွင့်၍ သုညကမ္ဘာဟု ဖြဲပွားကြီးတို့ ဥဒါန်းစကား ဘတ်ကြားကြကုန်၏။ ။ဤတွင်ရွေ့ကားကမ္ဘာပေါင်းလေးအသင်္ချေဖြစ်၏။ ။ ထိုလေးသင်္ချေ၏အဆုံး။ ။ဤဘဒ္ဒကမ္ဘာမှပြန်၍ရေတွက်သည်ရှိသော်ကမ္ဘာတသိန်းထက်၌ပဒုမုတ္တရဘုရားတဆူပွင့်တော်မူ၏။ ထို့နောင် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်သော် ကမ္ဘာသုံးသောင်းထက်၌ သုမေဓဘုရား၊ သုဇာတဘုရား နှစ်ဆူပွင့်တော်မူ၏။ကမ္ဘာခုနစ်သောင်းဘုရားမပွင့်သုညကမ္ဘာဖြစ်၏။ ။ ထို့နောင် ဤဘဒ္ဒကမ္ဘာမှပြန်၍ရေသော် ကမ္ဘာတသောင်းရှစ်ထောင်ထက်၌ ပိယဒဿီဘုရား၊ အတ္ထဒဿီဘုရား၊ ဓမ္မဒဿီဘုရားသုံးဆူပွင့်တော်မူ၏။ငါးသောင်း နှစ်ထောင်ဘုရား မပွင့်သုညကမ္ဘာဖြစ်၏။ ။ထို့နောင်ဤဘဒ္ဒကမ္ဘာမှပြန်၍ရေသော်ကိုးဆဲ့ လေး ကမ္ဘာ ထက်၌ သိဒ္ဓတ်ဘုရား တဆူ ပွင့်တော်မူ၏။ တသောင်းခုနစ်ထောင်ကိုးရာခြောက်ကမ္ဘာ ဘုရားမပွင့်သုညကမ္ဘာဖြစ်၏။ ထို့နောင်ဤဘဒ္ဒကမ္ဘာမှပြန်၍ရေသော်ကိုးဆဲ့နှစ်ကမ္ဘာထက်၌တိဿဘုရား၊ဖုဿဘုရား၊နှစ်ဆူပွင့်တော်မူ၏။သုညတကမ္ဘာဘုရားမပွင့်။ ။ထို့နောင်ဤဘဒ္ဒကမ္ဘာမှပြန်

၍ရေသော် ကိုးဆဲ့ တကမ္ဘာ ထက်၌ ဝိပဿီဘုရားတဆူ ပွင့်တော်မူ၏။ ။ကိုးဆဲ့နှစ်ကမ္ဘာနှင့်ကိုးဆဲ့တကမ္ဘာ ဖြစ်၍သုညကမ္ဘာမရှိမှတ်။ ။ထို့နောင် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေသော် သုံးဆဲ့တကမ္ဘာထက်၌ သိခီဘုရား၊ ဝေဿဘူဘုရား နှစ်ဆူပွင့်တော်မူ၏။ကမ္ဘာခြောံဆယ်ဘုရားမပွင့်သုညကမ္ဘာဖြစ်၏။ ထို့နောင် ဤဘဒ္ဒကမ္ဘာ၌ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဘုရား လေးဆူ ပွင့်တော်မူပြီ။ အရိမေတ္တေယျဘုရား နောင်ပွင့်လတ္တံ့။ ။သိခီ၊ ဝေဿဘူနှစ်ဆူပွင့်သောကမ္ဘာနှင့် ဤဘဒ္ဒကမ္ဘာအကြား ဘုရားမပွင့်သော သုညကမ္ဘာသုံးဆယ်ရှိ၏။ ။ဘုရားပွင့်သောကမ္ဘာ၊ မပွင့်သောကမ္ဘာကိုအဘယ်သို့သိရသနည်းဟူမူကား။ ။မဟာဗောဓိပင်ပလ္လင်တော်ပေါက်ရာအောင်မြေချက်မအရပ်သည် လောကဓာတ်ပျက်သောအခါ နောက်မှပျက်၏။ တည်သောအခါ ရှေးဦးစွာတည်၏။ ။ထိုအောင်မြေအရပ်၌ ကမ္ဘာတည်စကာလ၊ ပုဗ္ဗနိမိတ် ဖြစ်သော တခုသောကြာရုံ ပေါက်လေသတည်း။ အကြင်ကမ္ဘာ၌ ဘုရားပွင့်အံ့။ ထိုကြာရုံ၌အပွင့်ပါ၏။ ဘုရားမပွင့်သော ကမ္ဘာ၌ကား ကြာရုံ၌အပွင့်မပါ။ အပွင့်ပါသော ကြာရုံ၌လည်း ဘုရားတဆူပွင့်အံ့သောကမ္ဘာ၌ တပွင့်ပါ၏။ နှစ်ဆူပွင့်အံ့သောကမ္ဘာ၌ နှစ်ပွင့်။ သုံးဆူပွင့်အံ့သော ကမ္ဘာ၌ သုံးပွင့်။ လေးဆူပွင့်အံ့သော ကမ္ဘာ၌လေးပွင့်။ ငါးဆူပွင့်အံ့သောကမ္ဘာ၌ငါးပွင့်ပါ၏။ အရိုးတခုတည်း၌ချက်ဖြင့်ဘွဲ့ကုန်၏။ ထိုအခါ သုဒ္ဓါဝါသ ဗြဟ္မာတို့သည်အချင်းချင်း ပြောဆိုကုန်လျက်။ အိုဗြဟ္မာမင်းတို့၊ မဟာဗောဓိပင်၏တည်ရာသို့သွား၍ပုဗ္ဗနိမိတ်ကို ကြည့်ကြကုန်အံ့ဟုခေါ်၍ လာကြကုန်၏။ ထိုအခါ သုဒ္ဓါဝါသဗြဟ္မာကြီးတို့သည် မဟာဗောဓိပလ္လင်တည်ရာအရပ်၌ အပွင့်မပါသော ကြာရုံကိုမြင်ကုန်ကြလတ်သော်။ အန္ဓကာရော ဝတဘော လောကောဘဝိဿတိ။စသည်ဖြင့်။ အိုဗြဟ္မာအပေါင်းတို့၊ လောကဓာတ်အလုံးသည် ဘုရားမပွင့်သည်ဖြစ်၍ဆိတ်လတ္တံ့။ အမိုက်အတိ

ဖြစ်လတ္တံ့။သတ္တဝါတို့သည်သေတိုင်းသေတိုင်းများသောအား ဖြင့်အပါယ်ဘုံ၌ပြည့်ကုန်လတ္တံ့။ ။နတ်ပြည်ဗြဟ္မာပြည်တို့ သည်ဆိတ်ကုန်လတ္တံ့ဟုနှလုံးမသာဖြစ်ကြကုန်၏။ ။ဘုရား ဖြစ်အံ့သောကမ္ဘာနိမိတ် ကြာရုံ၌ကြာပွင့်ကို မြင်ကြ ကုန်လတ် သော် ဘုရားလောင်းတို့ ပဋိသန္ဓေနေတော်မူသောအခါ၊ ဘွား တော်မူသောအခါ၊ ဓမ္မစကြာတရားကို ဟောတော်မူသောအ ခါ၊ ယမိုက်ပြာဋိဟာကို ပြတော်မူသောအခါ၊ တာဝတိံသာ နတ်ပြည်မှ သက်တော်မူသောအခါ၊ အာယုသင်္ခါရကို လွှတ် တော်မူသောအခါ၊ ပရိနိဗ္ဗာန်ပြုတော်သောအခါ စသည်တို့၌ လောကဓာတ် တသောင်း တုန်လှုပ်ခြင်းစသော ယမိုက်ပြာဋိ ဟာကို ကြည့်ရှုရကုန်အံ့ဟူ၍ရင်း။ အပါယ်ဘုံတို့၌ ဆိတ်ကုန် လတ္တံ့။နတ်ပြည်ဗြဟ္မာပြည်တို့သည်ပြည့်ကုန်လတ္တံ့ဟူ၍ရင်း။ အလွန်ဝမ်းမြောက်သောဥဒါန်းစကားကိုဆိုကြကုန်လျက်။ မိမိ တို့နေရာသုဒ္ဓါဝါသဗြဟ္မာဘုံသို့ပြန်ကြလေကုန်၏။

ထို့ကြောင့် ဒီဃနိကာယ် မဟာပဒါနသုတ်အဘွင့်၌။ ။ မဟာဗောဓိပလ္လင်္ကေ ဝိနဿမာနေ လောကေပစ္ဆာဝိနဿတိ။ သဏ္ဌဟမာနေ ပဌမံ သဏ္ဌဟတိ။ တတ္ထ ပုဗ္ဗ နိမိတ္တံ ဟုတွာ ဧကော ပဒုမိနိဂစ္ဆော ဥပ္ပဇ္ဇတိ။ တဿစေတသ္မိံ ကပ္ပေဗုဒ္ဓေါ နိဗ္ဗတ္တိဿတိ။ပုပ္ဖံဥပ္ပဇ္ဇတိ။နောစေနဥပ္ပဇ္ဇတိ။ဥပ္ပဇ္ဇမာနဉ္စသစေ ဧကောဗုဒ္ဓေါနိဗ္ဗတ္တိဿတိ ဧကံ ဥပ္ပဇ္ဇတိ။ သစေ ဒွေ တယော စတ္တာရော ပဉ္စဗုဒ္ဓါ နိဗ္ဗတ္တိဿန္တိ။ ဒွေတိဏိ စတ္တာရိပဉ္စ ပုပ္ဖါနိ ဥပ္ပဇ္ဇန္တိ။ တာနိစ ဧကသ္မိံ နာဠေ ကဏ္ဏိကာဟုတွာ နိဗ္ဗတ္တန္တီတိ ဝေဒိတဗ္ဗာနိ။ ။ဟုမိန့်၏။

အနက်ကား။ ။မဟာဗောဓိပလ္လင်္ကေ၊မဟာဗောဓိပလ္လင် တည်ရာ အောင်မြေအရပ်သည်။ လောကေ၊ လောကသည်။ ဝိနဿမာနေ၊ ပျက်သည်ရှိသော်။ပစ္ဆာ၊ နောက်မှ။ ဝိနဿတိ၊ ပျက်၏။သဏ္ဌဟမာနေ၊ ကမ္ဘာတည်သည်ရှိသော်။ပဌမံ၊ရှေးဦး စွာ။သဏ္ဌဟတိ၊တည်၏။တတ္ထ၊ ထိုကမ္ဘာတည်စကာလ၌။ ပုဗ္ဗ

နိမိတ္တံဟုတွာ၊ပုဗ္ဗနိမိတ်၏အဖြစ်ဖြင့်။ ဧကော၊ တခုသော။ပဒုမနိဂစ္ဆော၊ပဒုမာကြာရုံသည်။ ဥပ္ပဇ္ဇတိ၊ ပေါက်၏။ တသ္မိံ စ၊ထိုကြာရုံ၏လည်း။ဧတသ္မိံ ကပ္ပေ၊ ထိုကမ္ဘာ၌။ဗုဒ္ဓေါ၊ဘုရားသည်။နိဗ္ဗတ္တိဿတိ၊ပွင့်တော်မူအံ့။ပုပ္ဖံ၊ အပွင့်သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။နော စေ နိဗ္ဗတ္တိဿတိ၊ အကယ်၍ပွင့်တော်မမူအံ့။နဥပ္ပဇ္ဇတိ၊ ပွင့်မဖြစ်။ ဥပ္ပဇ္ဇမာနဉ္စ၊ ဖြစ်သော်လည်း။ဧကော၊ တခုတည်းသော။ဗုဒ္ဓေါ၊ဘုရားသည်။ သစေနိဗ္ဗတ္တိဿတိ၊ အကယ်၍ပွင့်တော်မူအံ့။ဧကံ၊တခုတည်းသော ကြာပွင့်သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ ဒွေတယောစတ္တာရောပဉ္စဗုဒ္ဓါ၊ နှစ်ဆူသုံးဆူ လေးဆူငါးဆူသောဘုရားရှင်တို့သည်။ သစေနိဗ္ဗတ္တိဿန္တိ၊ အကယ်၍ ပွင့်တော်မူကုန်အံ့။ ဒွေတိဏိစတ္တာရိ ပဉ္စပုပ္ဖါ၊ နှစ်ပွင့်သုံးပွင့်လေးပွင့်ငါးပွင့်တို့သည်။ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။ တာနိစ၊ထိုကြာပွင့်တို့သည်လည်း။ ဧကသ္မိံယေဝနာဠေ၊ တခုသောအရိုး၌သာလျှင်။ကဏ္ဏိကာ၊ချက်ဖြင့်ဘွဲ့လျက်။ ဟုတွာ၊ ဖြစ်၍။နိဗ္ဗတ္တာနိ၊ဖြစ်ကုန်၏။ဣတိ၊ဤသို့။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

ထို့ကြောင့်။ ။ကဗျာလင်္ကာတို့၌လည်း။ ။မြေဦးခေါင်း၌။ပွင့်ညောင်းမုံအာ။ပဒုမာကို။သုညာသုည။ကမ္ဘာနိမိတ်။ဘုရားဟိတ်လျှင်။ဆိတ်လိမ့်မည်လော။ ပွင့်အံ့လောဟု။သဘောသိ၍။ကြည့်အံ့လာသည်။ သုဒ္ဓါဝါသား။ ဗြဟ္မာများတို့။ ပဏ္ဍုမြားပွင့်ချပ်။မမြင်လတ်မူ။ဤကပ်အလို။ဖိုလ်ဖလဗ္ဘာန်။နိဗ္ဗါန်ဟောကြား။တရားသတင်း။နတ်ရွာကင်း၍။ အလင်းမရှိ။ မိုက်အတိဖြင့်။ဝိစိမြေထုံ။ငရဲပြည်ရွာ။စည့်ပြောသာလိမ့်။ ခက်ဖြာညွန့်ဖြူး။ပန်းဦးခိုင်တင့်။လှိုင်ပေလင့်က။ တပွင့်တဆူ။ ဆွတ်ယူခန့်ချုံး။ နှစ်သုံးလေးငါး။ ဘုရားနှင့်ကြာ။ အလာ ဆတ်ဆတ်။ ဗြဟ္မာဘတ်၍။သတပတ်သဘင်။ မော်ကွန်း ဘင်သည်။ ။သို့စင် မဖြစ်စတောင်းတည်း။ ။ဟူ၍စပ်ဆိုကုန်၏။

ဤသို့ဆိုအပ်ခဲ့ပြီးသော ဘုရားနှစ်ကျိပ်ရှစ်ဆူ။ ထိုဘုရားတို့၏ပွင့်ရာကမ္ဘာ။ ထိုကမ္ဘာ၏တည်စကာလ။ မဟာဗောဓိပင်၏

တည်ရာဌာနနှင့် ကမ္ဘာနိမိတ် ဖြစ်သော ကြာရုံ ပေါက်ခြင်း ဟူသောအဋ္ဌကထာစကားရပ်နှင့်။ ။ကမ္ဘာသည်ကြာနိမိတ်အားဖြင့် သုညကမ္ဘာ၊ အသုညကမ္ဘာဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် အကြင်ကမ္ဘာ၌ ဘုရားပစ္စေကဗုဒ္ဓါ စကြာမင်း တို့သည် ဖြစ်ကုန်အံ့။ထိုကပ်ကမ္ဘာကိုသုညကမ္ဘာဟုမှတ်ယူရမည်။ ထိုမှပြန်သော အားဖြင့် အကြင် ကပ်ကမ္ဘာ၌ ဘုရားပစ္စေကဗုဒ္ဓါ စကြာမန္ဓာတ်တို့သည် မဖြစ်ကုန်အံ့။ ထိုကပ်ကမ္ဘာကို အသုညကမ္ဘာဟုဆိုအပ်၏။ ထိုအသုညကပ်ကမ္ဘာသည်လည်းသာရကပ်၊ မဏ္ဍကပ်၊ဝရကပ်၊ သာရမဏ္ဍကပ်၊ဘဒ္ဒကပ်ဟူ၍ ငါးပါးရှိ၏။ ထိုငါးပါးသောကပ်ကမ္ဘာတို့တွင်ကမ္ဘာနိမိတ်ကြာရုံ၌တပွင့်မြင်အံ့။ဘုရားတဆူပွင့်အံ့သောနိမိတ်ဖြစ်၍။ သာရကမ္ဘာဟု ဖြဟ္မာကြီးတို့ဥဒါန်းစကားဘတ်ကြားကုန်၏။ နှစ်ပွင့်မြင်အံ့။ သုံးပွင့်၊ လေးပွင့်၊ငါးပွင့်မြင်အံ့။ နှစ်ဆူသုံးဆူ လေးဆူငါးဆူပွင့်အံ့သော နိမိတ်ဖြစ်၍။ မဏ္ဍကပ်၊ ဝရကပ်၊ သာရမဏ္ဍကပ်၊ဘဒ္ဒကပ်ဟု ဗြဟ္မာကြီးတို့ဥဒါန်းစကားဘတ်ကြားကုန်၏။

ထို့ကြောင့်။ ။ဗုဒ္ဓဝံသအဋ္ဌကထာ၌။ ။ဒုဝိဓောဟိ ကပ္ပေါသုညကပ္ပေါ အသုညကပ္ပေါတိ၊ တတ္ထသုညကပ္ပေ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ စက္ကဝတ္တိနော နုပ္ပဇ္ဇန္တိ။ တသ္မာဂုဏာဝန္တ ပုဂ္ဂလ သုညတ္တာ သုညကပ္ပေါတိ ဝုစ္စတိ။ အသုညကပ္ပေါ ပဥ္စဝိဓော သာရကပ္ပေါ မဏ္ဍကပ္ပေါ ဝရကပ္ပေါ သာရမဏ္ဍကပ္ပေါဘဒ္ဒ ကပ္ပေါတိ။ တတ္ထကေသ သမ္မာသမ္ဗုဒ္ဓေသ ပါတု ဘာဝေန သာရကပ္ပေါတိ ဝုစ္စတိ။ ယသ္မိံ ကပ္ပေ ဒွေလောက နာယကာ ဥပ္ပဇ္ဇန္တိ။သောမဏ္ဍကပ္ပေါတိဝုစ္စတိ။ယသ္မိံကပ္ပေတယော်ဗုဒ္ဓါ ဥပ္ပဇ္ဇန္တိ။ သောဝရကပ္ပေါတိဝုစ္စတိ။ယတ္ထပနကပ္ပေစတ္တာရော ဗုဒ္ဓါဥပ္ပဇ္ဇန္တိ။ သော သာရမဏ္ဍကပ္ပေါတိ ဝုစ္စတိ။ ယသ္မိံ ပန ကပ္ပေပဉ္စဗုဒ္ဓါဥပ္ပဇ္ဇန္တိ၊ သောဘဒ္ဒကပ္ပေါတိဝုစ္စတိ။ ။ဟုမိန့်၏။

ဟိ၊ ဝင်မှာပြဲဦး ...။ကပ္ပေါ၊ ကပ်ကမ္ဘာသည်၊ သုည ... ပ္ပေါစ၊ သုညကပ်ရင်း။ အသုညကပ္ပေါစ၊ အသုညကပ်ရင်း။ ဣတိ၊ ဤသို့။

ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။ တတ္ထ၊ ထိုနှစ်ပါးသောသညာကပ်၊ အသညာကပ်တို့တွင်။ သညာကပ္ပေ၊ သညာကမ္ဘာ၌။ ဗုဒ္ဓပစ္စေကဗုဒ္ဓ စက္ကဝတ္တိနော၊ ဘုရား ပစ္စေကဗုဒ္ဓါ စကြာမင်း တို့သည်။ နုပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်။ တသ္မာဂုဏဝန္တံပုဂ္ဂလသုညတ္တာ၊ ထိုသို့ဂုဏ်ရှိသောပုဂ္ဂိုလ်မှကင်းသည်၏အဖြစ်ကြောင့်။သညာကပ္ပေါတိ၊သညာကမ္ဘာဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ အသညာကပ္ပေ၊အသညာကမ္ဘာသည်။ သာရကပ္ပေ၊သာရကပ်ဗင်း။မဏ္ဍကပ္ပေ။ မဏ္ဍကပ်ဗင်း။ ဝရကပ္ပေ၊ ဝရကပ်ဗင်း။ သာရမဏ္ဍကပ္ပေ၊ သာရမဏ္ဍကပ်ဗင်း။ဘဒ္ဒကပ္ပေ၊ ဘဒ္ဒကပ်ဗင်း။ဣတိ၊ဤသို့။ပဉ္စဝိဓော၊ ငါးပါးအပြားရှိ၏။ တတ္ထ၊ ထိုငါးပါးတို့တွင်။ ဧကော၊ တခုသော။သမ္မာသမ္ဗုဒ္ဓေါ၊မြတ်စွာဘုရား၏။ ပါတုဘာဝေန၊ထင်ရှားဖြစ်ခြင်းကြောင့်။သာရကပ္ပေါတိ၊သာရကပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယသ္မိံကပ္ပေ၊ အကြင်ကပ်ကမ္ဘာ၌။ ဒွေ၊ နှစ်ဆူကုန်သော။လောကနာယကာ၊ဘုရားရှင်တို့သည်။ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။ သောကပ္ပေါ၊ထိုကပ်ကမ္ဘာကို။ မဏ္ဍကပ္ပေါတိ၊ မဏ္ဍကပ်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ယသ္မိံကပ္ပေ၊အကြင်ကပ်ကမ္ဘာ၌။ တယော၊ သုံးဆူကုန်သော။ ဗုဒ္ဓါ၊ဘုရားရှင်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။သောကပ္ပေါ၊ထိုကပ်ကမ္ဘာကို။ ဝရကပ္ပေါတိ၊ဝရကပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယတ္ထပနကပ္ပေ၊ အကြင်ကပ်ကမ္ဘာ၌ကား။ စတ္တာရော၊ လေးဆူကုန်သော။ ဗုဒ္ဓါ၊ဘုရားရှင်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်အံ့။ သောကပ္ပေါ၊ ထိုကမ္ဘာကို။ သာရမဏ္ဍကပ္ပေါတိ၊ သာရမဏ္ဍကပ်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ယသ္မိံပနကပ္ပေ၊အကြင်ကမ္ဘာ၌ကား။ ပဉ္စဗုဒ္ဓါ၊ ငါးဆူသော ဘုရားရှင်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်အံ့။ သောကပ္ပေါ၊ ထိုကမ္ဘာကို။ ဘဒ္ဒကပ္ပေါတိ၊ ဘဒ္ဒကပ်ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

ဤကိုရည်၍ကဗျာလင်္ကာဆရာတို့သည်လည်း။ ။သညာသညာ။ကမ္ဘာ့အပြား။ ဘုရားဘုန်းမြင့်။ပွင့်မပွင့်တွင်။ မပွင့်ကျန်လတ်။ သညာကပ်တည်း။ ငါးရပ်ကမ္ဘာ။ သစ္စာမုံထွား။ ဘုရား

မြတ်ကျော်။ပွင့်တော်မူထ။အသုညဟု။သာသရမဏ္ဍ။ဝရတသွန်။
သာသနမန်နှင့်။ကဲလွန်မြတ်လှ။ ဘဒ္ဒကမ္ဘာ။သချိုတွက်စစ်။ တစ်
စ်ပိုင်းခြား။ သုံးလေးငါးတွင်။ ဘုရားနှင့်ကပ်။ ထက်ကြပ်ပြိုင်
။ဆိုင်ရာယူလော့။ ။ဟူ၍စပ်ဆိုကုန်၏။ ။ဤကားကပ္ပ
ဥဏ္ဏာနကဏ္ဍတည်း။

ထိုမှတပါး သဂ္ဂမောက္ခ၏ အန္တရာယ်ကို ပြုတတ်သော
ကံကြီးငါးပါးရှိသည်။ အဘယ်ငါးပါးတို့နည်းဟူမူကား။ ။
ကမ္မန္တရာယ်၊ ကိလေသန္တရာယ်၊ ဝိပါကန္တရာယ်၊ ဥပဝါဒန္တ
ရာယ်၊ အာဏာဝီတိက္ကမန္တရာယ်ဟူ၍ ငါးပါးတို့တည်း။ ထိုငါး
ပါးသောအန္တရာယ်ကြီးတို့တွင် မာတုဃာတက၊ ပိတုဃာတ
က၊ အရဟန္တဃာတက၊ လောဟိတုပ္ပါဒက၊ သံဃ ဘေဒက
တည်းဟူသော၊ ငါးပါးသောအနန္တရိယကံနှင့်တကွ၊ ဘိက္ခုနီ
ဒူသကကံသည် ကမ္မန္တရာယ်မည်၏။နိယတမိစ္ဆာဒိဋ္ဌိကံသည်
ကိလေသန္တရာယ်မည်၏။ ပဏ္ဍုက်၊တိရစ္ဆာန်၊ ဥဘတောဗျည်း
မှစ၍ အဟိတ်ပဋိသန္ဓေ၊ ဒွိဟိတ် ပဋိသန္ဓေ ဝိပါက်သည် ဝိပါ
ကန္တရာယ်မည်၏။အရိယာပုဂ္ဂိုလ်တို့အား စွပ်စွဲဆဲရေးပြစ်မှား
သောကံသည်အရိယူပဝါဒန္တရာယ်မည်၏။ဝီတိက္ကမစေတနာ
ဖြင့်လွန်ကျူးအပ်သော အာပတ်ခုနစ်ပါးသည် အာဏာဝီတိက္က
မန္တရာယ်မည်၏။

ထို့ကြောင့်။ ။ပဉ္စဝိဓေဟိ အန္တရာယိကာ။ ကမ္မန္တရာယိ
ကံ၊ ကိလေသန္တရာယိကံ၊ ဝိပါကန္တရာယိကံ၊ ဥပဝါဒန္တရာယိ
ကံ၊ အာဏာဝီတိက္ကမန္တရာယိကန္တိ။ တတ္ထ ပဉ္စာနန္တရိယ
ကမ္မံ ကမ္မန္တရာယိကံ နာမ။ တထာ ဘိက္ခုနီဒူသကကမ္မံပိ။ တံ ပန
မောက္ခဿေဝ အန္တရာယံ ကရောတိ။ န သဂ္ဂဿ မိစ္ဆာစာရလက္ခ
ဏာ၊ ဘာဝတော။ နိယတ မိစ္ဆာဒိဋ္ဌိကမ္မံ ကိလေသန္တရာယိကံ
နာမ။ ပဏ္ဍက တိရစ္ဆာနဂတ ဥဘတော ဗျဉ္ဇနကာနံ ပဋိသန္ဓိ
ယော ဝိပါကန္တရာယိကံ နာမ၊ အရိယူပဝါဒ၊ စေတနာ ဥပဝါဒန္တ-

ရာယိကံနာမ။ တံပန ယာဝအရိယေန ခမာပေန္တိ တာဝဒေဝ သဂ္ဂမောက္ခာနံ အန္တရာယံကရောတိ နတဝောပရံ သင္ဂြဟအာ ပန္နာသတ္တာပဋ္ဌိယော အာဏာဝိတိက္ကမန္တရာယိကံနာမ။ တံပိ ယာဝဘိက္ခုဘာဝံဝါပဋိဇာနာတိ နဝုဋ္ဌာတိဝါနဒေသေတိ တာဝဒေဝ အန္တရာယံကရောတိ။ နတဝောပရံ။ ။ဟုဝိသုဒ္ဓိ မဂ်အဋ္ဌကထာ၊မဇ္ဈိမနိကာယ်အဋ္ဌကထာတို့၌မိန့်အပ်၏။

အနက်ကား။ ။ဟိသစ္စံ၊အန္တရာယ်ကြီးငါးပါးရှိ၏ဟူသော စကားစင်စစ်မှန်၏။ အန္တရာယိကာ၊ သဂ္ဂမောက္ခ၏အန္တရာယ် ကို ပြုတတ်သော တရားတို့သည်။ ကမ္မန္တရာယိကဉ္စ၊ ကမ္မန္တ ရာယ်ဇင်း။ ကိလေသန္တရာယိ ကဉ္စ၊ ကိလေသန္တရာယ် ဇင်း။ ဝိပါကန္တရာယိကဉ္စ၊ဝိပါကန္တရာယ်ဇင်း။ ဥပဝါဒန္တရာယိကဉ္စ၊ ဥပဝါဒန္တရာယ်ဇင်း။ အာဏာဝိတိက္ကမန္တရာယိကဉ္စ၊ အာဏာ ဝိတိက္ကမန္တရာယ်ဇင်း။ဣတိ၊ ဤသို့။ပဉ္စဝိဓာ၊ ငါးပါးအပြားရှိကုန် သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ တတ္ထ၊ထိုငါးပါးသောအန္တရာယ် တို့တွင်။ ပဉ္စာနန္တရိယကမ္မံ၊ ငါးပါးသော အနန္တရိယကံသည်။ ကမ္မန္တရာယိကံနာမ၊ကမ္မန္တရာယ်မည်၏။ ဘိက္ခုနီဒူသကကမ္မံ ပိ၊ဘိက္ခုနီမတို့အားဖျက်ဆီးသောကံသည်လည်း။တထာ၊ ထို အတူ။ကမ္မန္တရာယိကံ၊ကမ္မန္တရာယ်မည်၏။ တံပန၊ထိုဘိက္ခုနီ ဒူသကကံသည်ကား။မောက္ခဿဝ၊ချွန်မဂ်ဖိုလ်၏သာလျှင်။ အန္တရာယံ၊ အန္တရာယ်ကို။ ကရောတိ၊ ပြုတတ်၏။ မိစ္ဆာစာရ လက္ခဏာဘာဝတော၊မိစ္ဆာစာရလက္ခဏာ၏မရှိခြင်းကြောင့်။ သဂ္ဂဿ၊ နတ်ရွာသုဂတိ၏။အန္တရာယံ၊အန္တရာယ်ကို။ နကရော တိ၊ မပြုတတ်။ နိယတမိစ္ဆာဒိဋ္ဌိကမ္မံ၊ နိယတမိစ္ဆာဒိဋ္ဌိကံသည်။ ကိလေသန္တရာယိကံနာမ၊ ကိလေသန္တရာယ်မည်၏။ ပဏ္ဍက တိရစ္ဆာနဂတ ဥဘတော ဗျဉ္ဇနကာနံ၊ ပဏ္ဍုက်၊ တိရစ္ဆာန်၊ ဥဘတောဗျည်း တို့၏။ ပဋိသန္ဓိယော၊ အဟိတ် ပဋိသန္ဓေ၊ ဒွိ ဟိတ် ပဋိသန္ဓေတို့သည်။ ဝိပါကန္တရာယိကံ နာမ၊ ဝိပါကန္တ ရာယ်မည်၏။ အရိယူပဝါဒစေတနာ၊ အရိယာ ပုဂ္ဂိုလ်တို့အား

စွပ်စွဲဆဲရေးကြောင်းဖြစ်သော စေတနာသည်။ ဥပဝါဒန္တရာယိကံနာမ၊ ဥပဝါဒန္တရာယ်မည်၏။ တံပန၊ ထိုဥပဝါဒန္တရာယ်သည်ကား။ယာဝ၊ အကြင်မျှလောက်။ အရိယေ၊အရိယာပုဂ္ဂိုလ်တို့ကို။ နခမာပေန္တိ၊ မကန်တော့ကုန်။ တာဝဒေဝ၊ ထိုမျှလောက်သာလျှင်။ သဂ္ဂမောက္ခာနံ၊ နတ်ရွာ မဂ်ဖိုလ်တို့၏။ အန္တရာယံ၊ အန္တရာယ်ကို။ကရောတိ၊ပြုတတ်၏။တတောပရံ၊ထိုကန်တော့ပြီးသည်မှနောက်၌။ နကရောတိ၊ မပြုတတ်။ သဉ္စိစ္စ၊ ဝီတိက္ကမစေတနာနှင့်တကွ။အာပန္နာ၊သင့်ကုန်သော။ သတ္တာပတ္တိယော၊ ခုနစ်ပါးသောအာပတ်အစုတို့သည်။အာဏာဝီတိက္ကမန္တရာယိကံနာမ၊ အာဏာ ဝီတိက္ကမန္တရာယ်မည်၏။ တံပိ၊ ထိုအာဏာဝီတိက္ကမန္တရာယ်သည်လည်း။ယာဝ၊အကြင်မျှလောက်။ဘိက္ခုဘာဝံဝါ၊ ရဟန်းအဖြစ်ကိုမူလည်း။ပဋိဇာနာတိ၊ဝန်ခံအံ့။နဝုဋ္ဌာတိဝါ၊အာပတ်မှမူလည်းမထသေးအံ့။နဒေသေတိဝါ၊ ဒေသနာမူလည်း မကြားသေးအံ့။ တာဝဒေဝ၊ ထိုမျှလောက် သာလျှင်။ အန္တရာယံ၊ သဂ္ဂမောက္ခအန္တရာယ်ကို။ ကရောတိ၊ ပြုတတ်၏။ တတော၊ထိုဒေသနာကံ၊ဝုဋ္ဌာနကံပြုပြီးသည်မှ။ပရံ၊ နောက်၌။ နကရောတိ၊ မပြုနိုင်။

ထိုငါးပါးသောသဂ္ဂမောက္ခအန္တရာယ်ကြီးတို့တွင် ကမ္မန္တရာယ်၌အကျုံးဝင်သောအနန္တရိယကံငါးပါးကိုအဖွင့်မှုပြဦးအံ့။ ။မာတရံဇီဝိတာဝေါရောပေယျ၊ပိတရံဇီဝိတာဝေါရောပေယျ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေယျ။ ။ဟူသော ပါဠိတော်၌အမိတိုင်းအဘတိုင်းရဟန္တာတိုင်း အနန္တရိယကံထိုက်သည်မဟုတ်။လူဖြစ်သောအမိရင်း၊ လူဖြစ်သောအဘရင်း၊ လူဖြစ်သောရဟန္တာကိုသတ်မှသာမာတုဃာတက၊ ပိတုဃာတက၊ အရဟန္တဃာတက၊ အနန္တရိယကံမြောက်သည်။ မွေးမြူသောအမိ၊ မွေးမြူသောအဘ၊ မိကြီးမိထွေး၊ ဘကြီးဘထွေး၊ နတ်၊ ရဟန္တာတို့ကိုသတ်ရာ၌ အနန္တရိယကံမထိုက်။ အနန္တရိယကံနှင့် အသားတူ ကြီးသောလေးသော ပါဏာတိပါတကံ

ကြီးထိုက်၏။ မိမိကလည်းလူဇာတ်ဖြစ်၍ လူဇာတ်ရှိသောအမိ ရင်း၊ အဘရင်း၊ လူဇာတ်ရှိသော ရဟန္တာကို သတ်သော်သာ လျှင်အနန္တရိယကံထိုက်သည်။ မိမိကတိရစ္ဆာန်ဖြစ်၍ လူဇာတ်, ရှိသော အမိ၊အဘ၊ရဟန္တာတို့ကိုသတ်ရာ၌လည်း အနန္တရိယ ကံမထိုက်ဟုမှတ်ယူရမည်။

ထို့ကြောင့် ဝိနည်းအဋ္ဌကထာ၊ ဝိဘင်းအဋ္ဌကထာ၊ မဇ္ဈိမ နိကာယ်၊ အင်္ဂုတ္တရနိကာယ် အဋ္ဌကထာတို့၌။ ။တတ္ထ မာတ ရန္တိအာဒီသုဇနိကာ ၀ မာတာ၊ ဇနကော ပိတာ၊ မနုဿဘူတော ခီဏာသဝေါ အရဟာတိအဓိပ္ပေတော။ အတ္တနာပဟိ မနုဿ ဘူ တဿေ၀ မနုဿဘူတံမာတရံဝါ။ အပရိ၀တ္တိတလိင်္ဂံ ဇီ၀ိတာ ၀ေါရောပေန္တဿ ကမ္မံ အနန္တရိယံဟောတိ။ ယောပန ဇနိ ကာ။ ပေါသာ၀နိကာမာတာ ၀ါ စူဠမာတာ ၀ါ ဃာတေတိ၊ န အ နန္တရိကာဟောတိ။ သစေပိ ၀ေသိယာ။ ပုတ္တောဟောတိ။ အယံ မေ ပိတာတိ န ဇာနာတိ။ ယဿ သမ္ဘ၀ေန နိဗ္ဗတ္တော။ သော စေ ဃာတိတော ပိတုဃာတကော တွေ၀ သင်္ချံ ဂစ္ဆတိ။ အနန္တရိ ယဉ္စ ဖုသတိ။ ယောပန သယံ မနုဿဘူတော တိရစ္ဆာနဘူတံ မာတရံ ဝါ ပိတရံ။ သယံ တိရစ္ဆာနဘူတော မနုဿဘူတံ မာတ ရံ ဝါ ပိတရံ ဝါ။ တိရစ္ဆာနော ယေ၀ တိရစ္ဆာနဘူတံ ဇီ၀ိတာ ၀ေါရောပေတိ။ တဿ ကမ္မံ အနန္တရိယံ န ဟောတိ။ ဘာရိယံ ပန ဟောတိ။ အနန္တရိယံ အာဟစ္စေ၀ တိဋ္ဌတိ။ ။ဟုမိန့်တော်မူကြ ကုန်၏။

တတ္ထ၊ ထိုငါးပါးသောကံတို့တွင်။ မာတရန္တိအာဒီသု၊ မာ တရံအစရှိသောပုဒ်တို့၌။ ဇနိကာ ၀၊ မိမိကိုဖြစ်စေတတ်သော အမိရင်းကိုသာလျှင်။ မာတာတိ၊ အမိဟူ၍။ အဓိပ္ပေတာ၊ အလိုရှိ အပ်၏။ ဇနကော ၀၊ မိမိကိုဖြစ်စေတတ်သော အဘရင်းကိုသာ လျှင်။ ပိတာတိ၊ အဘဟူ၍။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ မနုဿ ဘူတော၊ လူဇာတ်ဖြစ်၍ဖြစ်သော။ ခီဏာသဝေါ ၀၊ အာသဝေါ ကုန်ခန်းသောသူကိုသာလျှင်။ အရဟာတိ၊ ရဟန္တာဟူ၍။ အ

မိပြေတော၊ အလိုရှိအပ်၏။ ဟိသစ္စံ၊ ဧရှးဆိုသောစကားသည် စင်စစ်မှန်၏။အတ္တနာ၊မိမိသည်။ မနုဿဘူတသောဝ၊ လူဇာတ်ဖြစ်လျက်သာလျှင်။အပရိဝတ္တိတလိင်္ဂံ၊မပြန်သောလိင်ရှိသော။ မနုဿဘူတံ၊ လူဇာတ်ဖြစ်၍ဖြစ်သော။ မာတရံဝါ၊ အမိကိုလည်းငှင်း။ ပိတရံဝါ။ အဘကိုလည်းငှင်း၊ဇီဝိတာ၊ဇီဝိတိန္ဒြေမှ။ ဝေါရောပေန္တဿ၊ချသောသူအား။ ကမ္မံ၊ကံသည်။ အနန္တရိယံ၊အနန္တရိယကံမြောက်သည်။ဟောတိ၊ဖြစ်၏။ယော ပန၊အကြင်သူသည်ကား။အဇနိကာ၊အမိရင်းမဟုတ်သော။ပေါသာဝနိကာ၊ မိမိကိုမွေးမြူပေသော။ မာတာဝါ၊အမိကိုရင်း။ ရုဠ္ဌမာတာဝါ၊ မိကြီးမိထွေးကိုရင်း။ ဃာတိတာ၊သတ်မိအံ့။ အနန္တရိကာ၊ အနန္တရိယကံထိုက်သည်။န ဟောတိ၊မဖြစ်။ဝေသိယာ၊ ပြည့်တန်ဆာမ၏။ ပုတ္တော၊သားသည်။ သစေပိ ဟောတိ၊ အကယ်၍မူလည်းဖြစ်စေ။အယံ၊ ဤသူကား။ မေပိတာ၊ ငါ၏အဘတည်း။ ဣတိ၊ဤသို့။သစေပိန ဇာနာတိ၊ အကယ်၍မသိသည့်မူလည်းဖြစ်စေ။ယဿပုရိသဿ၊ အကြင်ယောကျ်ား၏။သမ္ဘဝေန၊သုက်သွေးကြောင့်။နိဗ္ဗတ္တော ဖြစ်အံ့။သောပုရိသော၊ ထိုယောကျ်ားကို။ဃာတိတော၊ အကယ်၍ သတ်မိအံ့။ ပိတုဃာတကော တွေဝသင်္ခံ၊ပိတုဃာတကဟူသောရေတွက်ခြင်းသို့သာလျှင်။ ဂစ္ဆတိ၊ရောက်၏။အနန္တရိယဉ္စ၊အနန္တရိယကံသို့လည်း။ဂစ္ဆတိ၊ ရောက်၏။ ယော ပန၊ အကြင်သူသည်ကား။ သယံ၊ မိမိသည်။ မနုဿဘူတော၊လူဖြစ်၍ဖြစ်လျက်။တိရစ္ဆာနဘူတံ၊ တိရစ္ဆာန် ဖြစ်၍ဖြစ်သော။မာတရံဝါ၊အမိကိုရင်း။ပိတရံဝါ၊ အဘကိုရင်း။ ယော ပန၊အကြင်သူသည်ကား။ သယံ၊မိမိသည်။ တိရစ္ဆာနဘူတော၊ တိရစ္ဆာန်ဖြစ်လျက်။ မနုဿဘူတံ၊ လူဖြစ်၍ဖြစ်သော။မာတရံဝါ၊အမိကိုရင်း။ပိတရံဝါ၊ အဘကိုရင်း။တိရစ္ဆာနေ ယေဝ၊ တိရစ္ဆာန်ဖြစ်လျက်သာလျှင်။တိရစ္ဆာနဘူတံ၊တိရစ္ဆာန်ဖြစ်၍ဖြစ် သော။မာတရံဝါ၊အမိကိုရင်း။ ပိတရံဝါ၊အဘကိုရင်း။ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ဝေါရောပေတိ၊ ချငြားအံ့။တဿ၊ထိုသူ၏။ ကမ္မံ၊ကံ

သည်။ အနန္တရိယံ၊ အနန္တရိယကံသည်။ နဟောတိ၊ မဖြစ်။ ဘာရိယံပန၊ ကြီးလေးသောဝန်သည်ကား။ ဟောတိ၊ ဖြစ်၏။ အနန္တရိယံ၊ အနန္တရိယကံသို့။ အာဟစ္စ၊ ထိ၍။ တိဋ္ဌတိ၊ တည်၏။

အရဟန္တဃာတကကံ၌ အဖြွက်မျှပြဦးအံ့။ ။လူဇာတ်၌ရှိသောရဟန္တာကိုသတ်သော်သာ အရဟန္တဃာတကအနန္တရိယကံထိုက်သည်။ နတ်ယက္ခိုဠ်ရဟန္တာတို့အားသတ်ရာ၌အနန္တရိယကံမထိုက်။ ကံကားကြီးလေးသေါအနန္တရိယကံနှင့်အလားတူသော ပါဏာတိပါတ မဟာသာဝဇ္ဇကံ ကြီးပင်ဖြစ်သည်။ အကြွင်းသူသည် သေစေလိုသောဝဓကစေတနာဖြင့်ပုထုဇဉ်ကာလ၌ထားလက်နက်ဖြင့်ပုတ်ခတ်ခြင်းကိုရင်း။ အဆိပ်အတောက်ကိုရင်းပေး၏။ ထိုပုထုဇဉ်ပုဂ္ဂိုလ်အရဟတ္တဖိုလ်သို့ရောက်၍၊ ထိုအဆိပ်လက်နက် ဒဏ်ကြောင့် သေဆုံးခြင်းသို့ရောက်သည်ဖြစ်အံ့။ ပုထုဇဉ်ကာလကလက်နက်ဖြင့်ပုတ်ခတ်သောသူ၊ အဆိပ်ပေးဘူးသောသူသည်အရဟန္တဃာတကအနန္တရိယကံထိုက်၏။ အကြွင်းသူသည် ဆွမ်းခဲဘွယ် ဘောဇဉ်စသောဝတ္ထုကို ပုထုဇဉ်ပုဂ္ဂိုလ်အားလှူ၏။ ထိုပုထုဇဉ် ပုဂ္ဂိုလ်သည်အရဟတ္တဖိုလ်သို့ရောက်မှ၊ သုံးဆောင်သော်လည်းပုထုဇဉ်ပုဂ္ဂိုလ်အားသာ လှူသည်မည်၏။ ရဟန္တာပုဂ္ဂိုလ်အား လှူသည်မမည်။ ကြွင်းသောအရိယာပုဂ္ဂိုလ်တို့အားသတ်ရာ၌အနန္တရိယကံမထိုက်။ တိရစ္ဆာန်သည်လူရဟန္တာကိုပင် သတ်သော်လည်း အနန္တရိယကံ မထိုက်မူ၍ ကြီးလေးသော အပြစ်သာထိုက်လေသည်။

ထို့ကြောင့်။ ။၎င်းအဋ္ဌကထာကြီးတို့၌။ ။အပဗ္ဗဇိတံပိမနုဿအရဟန္တမေဝ။ မာရေတွာအနန္တရိယံဖုသတိ၊ နယက္ခဘူတံ၊ ကမ္မံပနဘာရိယံ၊ အနန္တရိယသဒိသမေဝ။ မနုဿအရဟန္တဿပုထုဇ္ဇနကာလေယေဝသတ္ထပဟာရေဝါဝိသံဝါဒိန္နေပိယဒိသော အရဟတ္တံပတွာ တေနေဝမရတိအရဟန္တဃာတကောဟောတိယေဝ၊ ယံပနပုထုဇ္ဇနကာလေဒိန္နံဒါနံအရဟတ္တံ

ပတွာပရိဘုဉ္ဇတိ။ ပုထုဇ္ဇနဿေဝ တံ ဒိန္နံ ဟောတိ။ သေသအရိယပုဂ္ဂလေ မာရေန္တဿ အနန္တရိယံ နတ္ထိ။ ကမ္မံ ပန ဘာရိယံ အနန္တရိယ သဒိသမေဝ။ တိရစ္ဆာနော မနုဿ အရဟန္တံ မာရေတွာ အနန္တရိယော န ဟောတိ ကမ္မံ ပန ဘာရိယံ။ ။မိန့်အပ်၏။

အပဗ္ဗဇိတံပိ၊ ရဟန်းမဟုတ်သော်လည်း။ မနုဿအရဟန္တံမေဝ၊ လူရဟန္တာကိုသာလျှင်။ မာရေတွာ၊ သတ်၍။ အနန္တရိယံ၊ အနန္တရိယကံသို့။ ဖုသတိ၊ ရောက်၏။ ယက္ခဘူတံ၊ နတ်ယက္ခြိသ် ဖြစ်သောရဟန္တာကို။ မာရေတွာ၊ သတ်ခြင်းကြောင့်။ အနန္တရိယံ၊ အနန္တရိယကံသို့။ နဖုသတိ၊ မရောက်။ ကမ္မံပန၊ ကံသည်ကား။ ဘာရိယံ၊ ဝန်လေး၏။ အနန္တရိယသဒိသမေဝ၊ အနန္တရိယကံနှင့် အလားတူသည်သာလျှင်တည်း။ မနုဿ အရဟန္တဿ၊ လူရဟန္တာပုဂ္ဂိုလ်အား။ ပုထုဇ္ဇနကာလေယေဝ၊ ပုထုဇ္ဇဉ်ကာလက သာလျှင်။ သတ္ထပဟာရေ၀ါ၊ ထားလက်နက်ဖြင့်ပုတ်ခတ်ခြင်းကိုဇင်း။ ဝိသံဝါ၊ အဆိပ်ကိုဇင်း။ ဒိန္နေပိ၊ ပေးသော်လည်း။ သော၊ ထိုပုထုဇ္ဇဉ်ပုဂ္ဂိုလ်သည်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့၊ ပတွာ၊ ရောက်၍။ တေနေဝ၊ ထိုပုတ်ခတ်သောလက်နက်အဆိပ်ဒဏ်ကြောင့် သာလျှင်။ မရတိ၊ သေအံ့။ အရဟန္တဃာတကော၊ အရဟန္တာဃာတကအနန္တရိယကံသည်။ ဟောတိယေဝ၊ ဖြစ်သည်သာလျှင် တည်း။ ပုထုဇ္ဇနကာလေ ပုထုဇ္ဇဉ်ကာလ၌။ ဒိန္နံ၊ လှူအပ်သော။ ယံ ဒါနံ၊ အကြင်အလှူဝတ္ထုကို။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတွာ၊ ရောက်မှ။ ပရိဘုဉ္ဇတိ၊ သုံးဆောင်အံ့။ ပုထုဇ္ဇနဿေဝ၊ ပုထုဇ္ဇဉ် ပုဂ္ဂိုလ်အားသာလျှင်။ တံဒါနံ၊ ထိုအလှူသည်။ ဟောတိ၊ ဖြစ်၏။ သေသအရိယပုဂ္ဂလေ၊ ကြွင်းသောအရိယာပုဂ္ဂိုလ်တို့ကို။ မာရေန္တဿ၊ သတ်သောသူအား။ အနန္တရိယံ၊ အနန္တရိယကံသည်။ နတ္ထိ၊ မရှိ။ ကမ္မံပန၊ ကံသည်ကား။ ဘာရိယံ၊ ဝန်လေးစွ၊ အနန္တရိယ သဒိသမေဝ၊ အနန္တရိယကံနှင့်အလားတူသည်သာလျှင်တည်း။ တိရစ္ဆာနော၊ တိရစ္ဆာန်သတ္တဝါသည်။ မနုဿအရဟန္တံ၊ လူ

ဟာန္တာကို။ မာရေတွာ၊ သတ်ခြင်းကြောင့်။ အနန္တရိယော၊ အနန္တရိယကံသည်။ နှောတိ၊ မဖြစ်။ ကမ္မံပန၊ ကံသည်ကား။ ဘာရိယံ၊ ဝန်လေးစွာ၏။

လောဟိတုပ္ပါဒကကံ၌ကား။ ။အကြင်သူသည်ဒေဝဒတ်ကဲ့သို့ဝဓကစေတနာတည်းဟူသောပဒုဋ္ဌစိတ်ဖြင့်သက်တော်ထင်ရှားရှိသော မြတ်စွာဘုရား၏ ကိုယ်တော်၌ ယင်ငယ်သောက်လောက်ရုံမျှသောသွေးကို အမှတ်မရှိသောကိုယ်တော်၏အတွင်း၌ဖြစ်စေရဝေးစေအံ့။ထိုသူသည်လောဟိတုပ္ပါဒကအနန္တရိယကံထိုက်၏။ အကြင်သူသည်မြတ်စွာဘုရား ကိုယ်တော်၌အနာရောဂါပျောက်ငြိမ်းစေခြင်းငှါ ဇီဝကကဲ့သို့ထားငယ်ဖြင့်ခွဲ၍ ပုပ်သောအသားအသွေးတို့ကိုထုတ်၍ချမ်းသာသည်ကိုပြု၏။ထိုသူသည်များစွာသော ကောင်းမှုကုသိုလ်ပွါးများ လေသတည်း။

ထို့ကြောင့်။ကျမ်းဂန်းတို့၌။ ။လောဟိတုပ္ပါဒကောတိ ဒေဝဒတ္တောဝိယပဒုဋ္ဌစိတ္တေနဝဓကစိတ္တေန တထာဂတဿ ဇီဝမာနကာယသရီရေ ခုဒ္ဒကမက္ခိကာယပိဝနမတ္တံ ပိလောဟိတံ ဥပ္ပါဒေတိ။အယံလောဟိတုပ္ပါဒကောနာမ။ ဇီဝကရောနက္တာဿ အနန္တရိယံဟောတိ။ ယောပနယောဂဂုပသမတ္တံဇီဝိကောဝိယ သတ္ထေနဖါလေတွာ ပုတိမံသဥ္စလောဟိတဉ္စ နီဟရိတွာ ဖါသုကံကရောတိသောဗဟုံပုညံပသဝတိ။ ။မိန့်၏။

လောဟိတုပ္ပါဒကောတိ၊လောဟိတုပ္ပါဒကဟူသည်ကား။ ဒေဝဒတ္တောဝိယ၊ ဒေဝဒတ်ကဲ့သို့။ ပဒုဋ္ဌစိတ္တေန၊ ဖြစ်မှားလိုသောစိတ်ဖြင့်။ဝဓကစိတ္တေန၊သေစေလိုသောစိတ်ဖြင့်။တထာဂတဿ၊ မြတ်စွာဘုရား၏။ ဇီဝမာနက သရီရေ၊ သက်တော်ထင်ရှားရှိသောကိုယ်တော်၌။ ခုဒ္ဒကမက္ခိကာယ၊ ယင်ငယ်၏။ ပိဝနမတ္တံပိ၊သောက်လောက်ရုံမျှလည်းဖြစ်သော။လောဟိတံ၊ သွေးကို။ ဥပ္ပါဒေတိ၊ ဖြစ်စေရဝေးစေအံ့။ အယံ၊ ဤသူသည်။ လောဟိတုပ္ပါဒကောနာမ၊ ဘုရားကိုသွေးစိမ်းတည်အောင်ပြုသောသူမည်၏။ ဇီဝံ၊ ဤသို့။ ကရောန္တဿ၊ ပြုသော သူအား။

အနန္တရိယံ၊အနန္တရိယကံသည်။ဟောတိ၊ဖြစ်၏။ ယောပန၊အကြင်သူသည်ကား။ ယောဂူပသမတ္ထံ၊ ယောဂါ ဝေဒနာငြိမ်းပျောက်စေခြင်း အကျိုး၄ါ။ ဇီဝကောဝိယ၊ ဇီဝကဆရာကဲ့သို့။ သတ္ထေန၊ ထားငယ်ဖြင့်။ ဖါလေတွာ၊ ခွဲ၍။ ပုတိမံသဥ္စ၊ ပုပ်သော အသားကိုငင်း။ လောဟိတဥ္စ၊ သွေးပုပ်ကို ငင်း။ နီဟရိတွာ၊ထုတ်ပယ်၍။ဖါသုကံ၊ချမ်းသာအောင်။ ကရောတိ၊ပြု၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဗဟုံပုညံ၊ များစွာ သောကောင်းမှုကုသိုလ်တရားသည်။ပသဝတိ၊ပွါး၏။ ။

သံဃဘေဒကကံ၌ကား။ ။အကြင် ရဟန်းသည် ဒေဝဒတ်ကဲ့သို့ မြတ်စွာဘုရားသာသနာတော်ကို ဓမ္မဝိနယမှအပ။ ဓမ္မမဟုတ် ဝိနည်း မဟုတ်သည်ကို ပြု၍ ကံလေးပါး တို့တွင်တပါးပါးအစွမ်းဖြင့် သိမ်တွင်း၌ တည်သော ရဟန်းတို့ကို မစည်းဝေးမူ၍ ကံကိုအသီးပြုသော ရဟန်းအား သံဃဘေဒကလည်းဖြစ်၊ အနန္တရိယကံလည်းထိုက်၏ဟူ၍ မှတ်ရမည်။ အယုတ်အားဖြင့်ကိုးယောက်သောရဟန်းတို့တွင် အကြင်ရဟန်းသည်ဓမ္မဝါဒီပက္ခကလေးပါး။ အဓမ္မဝါဒီပက္ခကလေးပါး။ငင်းနှစ်ပက္ခဖြစ်သောသံဃာကိုကွဲပြားအောင်ပြု၏။ထိုကိုးယောက်မြောက်သောရဟန်းအား သံဃဘေဒက အနန္တရိယကံ ထိုက်၏။ဘေဒါနုဝတ္တကအဓမ္မဝါဒီရဟန်းတို့အား မဟာသာဝဇ္ဇကံထိုက်၏။ဓမ္မဝါဒီရဟန်းတို့အားအနဝဇ္ဇအပြစ်မရှိဟုမှတ်။

ထို့ကြောင့်၊ ။ဝိနည်းအဋ္ဌကထာတို့၌။ ။သံဃဘေဒကောတိ၊ ဒေဝဒတ္တောဝိယ ဥဒ္ဓမ္မံဥဗ္ဗိနယံကတွာ စတုန္နံကမ္မာနံအညတရဝသေနသီမဋ္ဌကသံဃေအသန္နိပတိတေဝိသုံပရိသံဂဟေတွာကမ္မံကရောန္တော ဘေဒကောစဟောတိ၊ အန္တရိယဥ္စ။ နပနနဝတော ဦနပရိသာယ သဗ္ဗန္တိမေ နပရိစ္ဆေဒေနနဝန္နံဇနာနံယောသံဃံဘိန္ဒတိတဿအနန္တရိယကမ္မံဟောတိ။အနုဝတ္တကာနံ အဓမ္မဝါဒီနံမဟာသာဝဇ္ဇကမ္မံ ဓမ္မဝါဒီနော အနဝဇ္ဇာ။ ။ဟုမိန့်တော်မူသည်။

သံသဘောဇကောတိ၊ သံသဘောဇကဟူသည့်ကား။ ဖဒဝ
ဇတ္တော၁ပိယ၊ဖဒဝဇတ်ကဲ့သို့။ဥဒ္ဓမ္မံ၊ဓမ္မမဟုတ်သည့်ကို။ဥဗ္ဗိနယံ၊
ဝိနည်းမဟုတ်သည့်ကို။ကတွာ၊ ပြု၍။စတုန္နံကမ္မာနံ၊ ဝိနည်းကံ
လေးပါးတို့တွင်။အညတရဝသေန၊တပါးပါးသောကံ၏အစွမ်း
ဖြင့်။သိမဋ္ဌကသံဃော၊ သိမ်တွင်း၌တည်သောရဟန်းတို့ကို။
သန္တိပတိတော၊မစည်းဝေးဘဲ။ဝိသုံ၊အသီး။ ပရိသံ၊ပရိသတ်ကို။
ဂဟေတွာ၊ ယူ၍။ ကမ္မံ၊ ကံကို။ ကရောန္တဿ၊ပြုသောရဟန်း
အား။ ဘေဒကောစ၊ သင်္ဃာဘေဒကသည်လည်း။ ဟောတိ၊
ဖြစ်၏။ အနန္တရိယဥ္စ၊အနန္တရိယကံသည်လည်း။ ဟောတိ၊ဖြစ်
၏။နဝတော၊ကိုးယောက်သောရဟန်းအောက်။ဦနပရိသာယ၊
ယုတ်သောရဟန်းပရိသတ်၌။နဟောတိ၊ သံသဘောဇကအနန္တ
ရိယကံမဖြစ်။သဗ္ဗန္တိမေန၊ အလုံးစုံတို့အောက်အယုတ်ဆုံးဖြစ်
သော။ ပရိစ္ဆေဒေန၊ အပိုင်းအခြားအားဖြင့်။ နဝန္နံဇနာနံ၊ ကိုး
ယောက်သော ရဟန်းတို့တွင်။ ယောဘိက္ခု၊ အကြင် ရဟန်း
သည်။ သံဃံ၊သင်္ဃာကို။ ဘိန္ဒတိ၊ခွဲ၏။ တဿ၊ ထိုရဟန်းအား။
အနန္တရိယကမ္မံ၊အနန္တရိယကံသည်။ဟောတိ၊ဖြစ်၏။အနုဝတ္တ
ကာနံ၊ ကွဲပြားခြင်းသို့အစဉ်လိုက်ကုန်သော။အဓမ္မဝါဒီနံ၊အဓမ္မ
ဝါဒီရဟန်းတို့အား။ မဟာသာဝဇ္ဇကမ္မံ၊ ကြီးစွာအပြစ်ရှိသော
ကံသည်။ ဟောတိ၊ ဖြစ်၏။ ဓမ္မဝါဒီနော၊ ဓမ္မဝါဒီ ပုဂ္ဂိုလ်တို့
သည်။ အနဝဇ္ဇာ၊ အပြစ်မရှိ အပြစ်ကင်းကုန်သည်။ ဟောန္တိ၊
ဖြစ်ကုန်၏။ ။

ဤယခုပြခဲ့ပြီးသော မာတုဃာတကစသောအနန္တရိ
ယကံငါးပါးကို ပုထုဇဉ်ပုဂ္ဂိုလ်တို့သာလျှင် ပြုနိုင်သည်။ အရိ
ယာပုဂ္ဂိုလ်တို့အား တရံတဆစ်မျှပြုခြင်းငှါမထိုက်ဟု မှတ်ယူ
ရမည်။ ။

ထို့ကြောင့်။ ။အင်္ဂုတ္တိုရ်ပါဠိတော်၌။ ။အဋ္ဌာနမေတံ
ဘိက္ခဝေအနဝကာသောယံဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလောမာတရံပိတ
ရံ အရဟန္တံ ဇီဝိတာဝေါရောပေယျ။ တထာဂတဿဒုဋ္ဌေန

စိတ္တေနလောဟိတံ ဥပ္ပါဒေယျသံဃံဘိန္ဒေယျ။ နေတံဌာနံဝိဇ္ဇတိ။ ။ဟူ၍ငင်း။ ။အဋ္ဌကထာတို့၌လည်း။ ။ထွေ့ာဝတာယာနိ မာတုဃာတကာဒီနိ ပဉ္စာနန္တရိယကမ္မာနိ ဒဿိတာနိ ဟောန္တိတာနိပုထုဇ္ဇနောကရောတိ။နအရိယသာဝကော။ ။ ဝိ[illegible]မိန္နံ၍။ ။

ဘိက္ခဝေ၊ချစ်သားတို့။ဒိဋ္ဌိသမ္ပန္နော၊မဂ်ဉာဏ်ဖိုလ်ဉာဏ်နှင့်ပြည့်စုံသော။ပုဂ္ဂလော၊အရိယာပုဂ္ဂိုလ်သည်။မာတရံ၊အမိကို။ပိတရံ၊ အဘကို။ အရဟန္တံ၊ ရဟန္တာပုဂ္ဂိုလ်ကို။ ဇီဝိတာ၊ဇီဝိတိန္ဒြေမှ။ ယံဝေါရောပေယျ၊ အကြင်ချရာ၏။ ဌာနံ၊ ဤအရိယာပုဂ္ဂိုလ်တို့အား အမိ၊ အဘရဟန္တာကို သတ်ခြင်းသည်ကား။ အဋ္ဌာနံ၊ အရာမဟုတ်။အနဝကာသော၊အခွင့်မဟုတ်။ တထာဂတဿ၊မြတ်စွာဘုရားအား။ ဒုဋ္ဌေန၊ ဖျက်ဆီးပြစ်မှားလိုသော။ စိတ္တေန၊ သေစေလိုသောဝဓကစိတ်ဖြင့်။ လောဟိတံ၊ သွေးကို။ ဥပ္ပါဒေယျ၊ဖြစ်စေရာ၏။သံဃံ၊သဃာကို။ယံဘိန္ဒေယျ၊အကြင်ကွဲစေရာ၏။ ဌာနံ၊ ဤအကြောင်းသည်။ အဋ္ဌာနံ၊ အရာမဟုတ်။အနဝကာသော၊အခွင့်မဟုတ်။ဌာနံ၊ ဤငါးပါးကိုပြုခြင်းအကြောင်းကား။နဝိဇ္ဇတိ၊မရှိသည်သာတည်း။ထွေ့ာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော စကားဖြင့်။ မာတုဃာတကာဒီနိ၊ မာတုဃာတကအစရှိကုန်သော။ ယာနိပဉ္စအနန္တရိယကမ္မာနိ၊ အကြင်ငါးပါးသော အနန္တရိယကံတို့ကို။ ဒဿိတာနိ၊ပြအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာနိ၊ထိုငါးပါးသောကံတို့ကို။ ပုထုဇ္ဇနော၊ပုထုဇဉ်သည်သာ။ ကရောတိ၊ပြု၏။ အရိယသာဝကော၊အရိယာသာဝကသည်။နကရောတိ၊မပြု။

အရိယာ သာဝက တို့သည် အမိအဘ ရဟန္တာကိုသာ မသတ်သည် မဟုတ်။ ဘဝတပါးသို့ ရောက်သော အရိယာသူငယ်သည် မိမိ၏အရိယာသာဝကအဖြစ်ကိုမသိသေးဘဲလျက် တစုံတယောက်သောသူကလာ၍၊ ဤပိုးရွခြပုန်းကိုသတ်၍ အလုံးစုံသောစကြဝဠာတိုက်၌ စကြဝတေးမင်း ပြုလော့ဟု ဆို

ပြားသော်၎င်း။ ဤပိုးရွခြပုန်းကိုမသတ်လျှင်သင်၏ဦးခေါင်းကို ဖြတ်အံ့ဟုဆိုသော်၎င်း။ မိမိအသက်ကိုစွန့်လျက် ဦးခေါင်းကို သာ အဖြတ် ခံရာ၏။ ထိုပိုးရွ ခြပုန်းကို မသတ် သည် သာ တည်း။ ။

ထို့ကြောင့်။ ။အဋ္ဌကထာ၌။ ။သစေပိဘဝဂ္ဂရဂတံ ရိယသာဝကံ အတ္တနော အရိယသာဝက ဘာဝံ အဇာနန္တမ္ပိ ကောစိ ဧဝံဝဒေယျ။ ဣမံကုန္ထကိပ္ပိလိကံ ဇီဝိတာ ဝေါရောပေဟွိ သကလစက္ကဝါဠဂဗ္ဘေ စက္ကဝတ္တိရဇ္ဇံ ပဋိပဇ္ဇာဟီတိ နေဝ သော တံဇီဝိတာဝေါရောပေယျ။ အထာပိနံ ဧဝံဝဒေယျ။ သစေ ဣမံ န ဃာတေဿသိ။ သီသံတေ ဆိန္ဒိဿာမာတိ။ သီသမေဝဿ ဆိန္ဒေယျ။ နေဝ သော ဃာတေယျ။ ။ဟုမိန့်၏။

အတ္တနော၊ မိမိ၏။ အရိယသာဝကဘာဝံ၊ အရိယသာဝက အဖြစ်ကို။ အဇာနန္တမ္ပိ၊ မသိဘဲလျက်လည်း။ ဘဝဂ္ဂရဂတံ၊ ဘဝ တပါးသို့ရောက်သော။ အရိယသာဝကံ၊ အရိယသာဝကကို။ ကောစိ၊ တစုံတယောက်သောသူသည်။ ဧဝံဝဒေယျ၊ ဤသို့ ဆိုရာ၏။ ဣမံကုန္ထကိပ္ပိလိကံ၊ ဤပိုးရွခြပုန်းကို။ ဇီဝိတာ၊ ဇီဝိ တိန္ဒြေမှ။ ဝေါရောပေတွာ၊ ချ၍။ သကလစက္ကဝါဠဂဗ္ဘေ၊ စကြ ဝဠာတိုက်အလုံး၌။ စက္ကဝတ္တိရဇ္ဇံ၊ စကြဝတေးမင်း အဖြစ်ကို။ ပဋိပဇ္ဇာဟိ၊ ကျင့်လော့။ ဣတိ၊ ဤသို့။ သစေပိဝဒေယျ၊ အကယ် ၍မူလည်း ဆိုငြားအံ့၊ သော အရိယ သာဝကော၊ ထိုအရိယ သာဝကသည်။ တံ၊ ထိုပိုးရွခြပုန်းကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ နေဝဝေါရောပေယျ၊ မချသည်သာလျှင်တည်း။ ။အပိ၊ ထိုသို့ မဟုတ်။ နံ၊ ထိုအရိယသာဝကကို။ ဧဝံ၊ ဤသို့။ အထဝဒေယျ၊ အ ကယ်၍ဆိုငြားအံ့။ ဣမံ၊ ဤပိုးရွခြပုန်းကို။ သစေနဃာတေဿ သိ၊ အကယ်၍မသတ်ငြားအံ့။ တေ၊ သင်၏။ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒိဿာမိ၊ ဖြတ်ကုန်အံ့။ ဣတိ၊ ဤသို့။ ဝဒေယျ၊ ဆိုငြားအံ့။ အဿ၊ ထိုအရိယသာဝကအား။ သီသမေဝ၊ ဦးခေါင်းကိုသာ လျှင်။ ဆိန္ဒေယျ၊ အဖြတ်ခံရာ၏။ သော အရိယသာဝကော၊ ထို

အရိယာသာဝကသည်။တံ၊ထိုမိုးရွာခြင်းကို။နေဝဿာတေယျ၊ မသိသည်သာလျှင်တည်း။

ကုရုန္တသုတ်အဋ္ဌကထာ၌လည်း။ ။ဘဂဝန္တံရေပိဟိအရိယ သာဝကော ဇီဝိတဟေတုပိ။ နေဝပါဏံဟာနတိ နသုရံပိဝတိ။ ဝိသစေပိသဿသုရဉ္စ ခီရဉ္စမိသေဿတွာ မုခေပက္ခိပန္တိ။ ခီရမေဝ ပဝိသတိနသုရာ။ ယထာ ကောဉ္စသကုဏာနံ ခီရ မိဿကေ ဥဒကေခီရမေဝပဝိသတိနဥဒကံ။ ။ဟုမိန့်၏။

ဟိသစ္စံ၊မှန်ဆိုအပ်သောစကားသည်စင်စစ်မှန်၏။ဘဂဝန္တံ ရေပိ၊ ဘဝတပါး၌သော်လည်း။ အရိယသာဝကော၊ အရိယာ သာဝကသည်။ ဇီဝိတဟေတုပိ၊ အသက်ဟူသောအကြောင်း ကြောင့်သော်လည်း။ ပါဏံ၊ သူ၏ အသက်ကို။ နေဝဟာနတိ၊ မသတ်သည်သာတည်း။ သုရံ၊ သေအရက်ကို၊ နပိဝတိ ဧဝ၊ မသောက်သည်သာလျှင်တည်း။ ကောဉ္စသကုဏာနံ ကြိုးကြာ ငှက်တို့အား။ခီရမိဿကေ၊နို့နှင့်ရောသော။ဥဒကေ၊ရေ၌။ခီရ မေဝ၊ နို့ရေသာလျှင်။ပဝိသတိ၊ဝင်၏။ဥဒကံ၊ရေသည်။နပဝိသ တိယထာ၊မဝင်သကဲ့သို့။ အသသ၊ ထိုအရိယာသာဝကအား။ သု ရဉ္စ၊ သေအရက်ကိုရင်း။ ခီရဉ္စ၊နို့ကိုရင်း။ မိသေဿတွာ၊ရော၍။ မုခေ၊ခံတွင်း၌။ သစေပိပက္ခိပန္တိ အကယ်၍မူလည်း ထည့်ကုန် ငြားအံ့။ခီရမေဝ၊နို့ရေသာလျှင်။ပဝိသတိ၊ဝင်၏။ သုရာ၊သေအ ရက်ကား။နပဝိသတိ၊မဝင်။

ထိုအနန္တရိယကံ၏အကျိုးကိုတားမြစ်အံ့သော၄ါ၊စကြဝဠာ တိုက်အလုံးကိုမဟာစေတီတော်ပမာဏရှိသောရွှေစေတီကြီး တို့ဖြင့်ပြည့်စေလျက် ပူဇော်သော်ငြား။ စကြဝဠာတိုက်အလုံး ကိုပြည့်စေလျက် နေသောရဟန်းသံဃာတော်တို့အား မဟာ ဒါနကြီးပေး၍ လှူဒါန်းပူဇော်သော်ငြား။ မြတ်စွာဘုရားဒုကုဋ် ပွန်းကိုမလွတ်စေမူ၍လှည့်လည်သွားလာသော်ငြား။ မြစ်တား ခြင်းငှါမတတ်နိုင်။ ကိုယ်ခန္ဓာ ပျက်သည်၏အခြားမဲ့၌ အပါယ် နရက်သို့သာလျှင်မချွတ်ကျရောက်ရလေသတည်း။

ထို့ကြောင့်။ ။အဋ္ဌကထာတို့၌။ ။တသာ၀ိပါကံပဋိဗာ ဟိသာသာမိတိ သကလ စက္ကဝါဠံ မဟာစေတိယ ပမာဏေဟိ ကဥ္စနထူပေဟိ ပူရေတွာ။ သကလစက္ကဝါဠံ ပူရေတွာ နိသိန္န ဘိက္ခု သံဃဿ မဟာဒါနံ ဒတွာပိ။ ဗုဒ္ဓဿ ဘဂဝတော သံဃာဋိကဏ္ဏံ အရုန္ဓိတွာ၀ိစရန္တော ပိ ကာယဿဘေဒါ နိရ ယေယေဝဥပ္ပဇ္ဇတိ။ ။ဟူ၍မိန့်၏။

တသာ၊ ထိုအနန္တရိယကံ၏။ ဝိပါကံ၊ အကျိုးကို။ ပဋိဗာ ဟိသာသာမိ၊ မြစ်တားအံ့။ ဣတိ၊ ဤသို့ဆော်၍သင့်တ၍။ သကလစက္က ဝါဠံ၊ အလုံးစုံသော စကြဝဠာတိုက်ကို။ မဟာစေတိယ ပမာ ဏေဟိ၊ မဟာစေတီမျှပမာဏရှိကုန်သော။ ကဥ္စန ထူပေဟိ၊ ရွှေစေတီတို့ဖြင့်။ ပူရေတွာပိ၊ ပြည့်စေလျက်ပူဇော်သော်ငြား။ သကလစက္ကဝါဠံ၊ အလုံးစုံသောစကြဝဠာတိုက်ကို။ ပူရေတွာ၊ ပြည့်စေ၍။ နိသိန္န ဘိက္ခုသံဃဿ၊ နေသော ရဟန်းသံဃာ တော်အပေါင်းအား။ မဟာဒါနံ၊ ကြီးစွာသော မဟာဒါနကို။ ဒတွာပိ၊ ပေးလှူ၍သော်ငြား။ ဗုဒ္ဓဿ ဘဂဝတော၊ မြတ်စွာ ဘုရား၏။ သံဃာဋိကဏ္ဏံ၊ ဒုကုဋ်စွန်းကို။ အရုန္ဓိတွာ၊ မလွှတ်စေ မူ၍။ ဝိစရန္တောပိ၊ လှည့်လည်သွားလာသော်ငြား။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်သည်မှနောက်၌။ နိရယေယေဝ၊ ငရဲ၌သာလျှင်။ ဥပ္ပဇ္ဇတိ ဖြစ်ရ၏။

ဒွါရအားဖြင့် အလုံးစုံသော အနန္တရိယကံတို့သည် ကာယ ဒွါရကြောင့်လည်းဖြစ်၏။ ဝစီဒွါရကြောင့်လည်းဖြစ်၏။ ။ကံ အားဖြင့်ကား။ ထိုငါးပါးသောအနန္တရိယကံတို့တွင် သံဃဘေ ဒကကံသာလျှင် ဝစီကံမည်၏။ ကြွင်းသော အနန္တရိယကံတို့ သည်ကာယကံတို့မည်ကုန်၏။ ။သာဓာရဏအားဖြင့်ကား။ ရှေးအနန္တရိယကံလေးပါးတို့သည်ခပ်သိမ်းသောလူရဟန်းတို့ နှင့်ဆက်ဆံကုန်၏။ သံဃဘေဒကကံသည်ကား ရဟန်းမိန်းမ၊ သိက္ခမာန်၊ သာမဏေယောကျ်ား၊ သာမဏေမိန်းမ၊ ဒါယကာ

ယောကျ်ား၊ ဒါယကာမိန်းမတို့နှင့်မဆက်ဆံ။ ရဟန်းယောကျ်ား
တို့နှင့်သာဆက်ဆံ၏ဟူ၍မှတ်။

ထို့ကြောင့် ဝိဘင်း အဋ္ဌကထာ၊ အင်္ဂုတ္တိုရ် အဋ္ဌကထာ
၌လာသည်တို့၌။ ။သဗ္ဗာနေဝေတာနိ ကာယဒွါရတောပိ ဝစီ
ဒွါရတောပိသမုဋ္ဌဟန္တိ ဧတေသုပဉ္စသုသံဃဘေဒေါ ဝစီကမ္မံ
သေသာနိ ကာယကမ္မာနီတိ ပုရိမာနိစတ္တာရိသဗ္ဗေသမ္ပိဂဟဋ္ဌ
ပဗ္ဗဇိတာနံ သာဓာရဏာနိ။ သံဃဘေဒေါပန ဘိက္ခုနောဝ
ဟောတိ။ နအညဿ။ ။ဟူ၍ရင်း။ ။ဝိနည်းပါဠိတော်၌
လည်း။ ။နခေါ ဥပါလိဘိက္ခုနီသံဃံဘိန္ဒတိ၊ နသိက္ခမာနာ၊
နသာမဏေရော၊ နသာမဏေရီ၊ နဥပါသကော၊ နဥပါသိကာ၊
သံဃံဘိန္ဒတိ။ ဘိက္ခုခေါဥပါလိပကတတ္တော သမာနသံဝါသ
ကော သမာနသီမာယဌိတောသံဃံဘိန္ဒတိ။ ။ဟူ၍ရင်း။ မိန့်
ဟောတော်မူပြီ။

သဗ္ဗာနေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ ဧတာနိ ပဉ္စပိ
အနန္တရိယာနိ၊ ထိုငါးပါးသော အနန္တရိယကံတို့သည်လည်း။
ကာယ ဒွါရတောပိ၊ ကာယဒွါရကြောင့်လည်း။ သမုဋ္ဌဟန္တိ၊
ဖြစ်ကုန်၏။ ဝစီဒွါရတောပိ၊ ဝစီဒွါရကြောင့်လည်း။ သမုဋ္ဌဟန္တိ၊
ဖြစ်ကုန်၏။ ဧတေသုပဉ္စသု၊ ထိုငါးပါးသော အနန္တရိယကံတို့
တွင်။ သံဃဘေဒေါ၊ သံဃဘေဒကံတခုသာလျှင်။ ဝစီကမ္မံ၊
ဝစီကံမည်၏။ သေသာနိ၊ ကြွင်းသော ကံလေးပါး တို့သည်။
ကာယကမ္မာနိ၊ ကာယကံတို့ မည်ကုန်၏။ ပုရိမာနိ၊ ရှေး၌ဖြစ်
ကုန်သော။ စတ္တာရိ၊ လေးပါးသောအနန္တရိယကံတို့သည်။ သဗ္ဗေ
သမ္ပိဂဟဋ္ဌပဗ္ဗဇိတာနံ၊ ခပ်သိမ်းသောလူရဟန်းတို့အားလည်း။
သာဓာရဏာနိ၊ ဆက်ဆံကုန်၏။ သံဃဘေဒေါပန၊ သံဃဘေဒ
ကံသည်ကား။ ဘိက္ခုနောဝ၊ ရဟန်းယောကျ်ားအားသာလျှင်။
ဟောတိ၊ ဖြစ်၏။ အညဿ၊ ရဟန်းယောကျ်ားမှတပါးသောသူ
အား။ နဟောတိ၊ မဖြစ်။ ။ဥပါလိ၊ ဥပါလိ။ ဘိက္ခုနီ၊ ရဟန်း
မိန်းမသည်။ သံဃံ၊ သံဃာကို။ နဘိန္ဒတိ၊ မခွဲနိုင်။ သိက္ခမာနာ၊

သိက္ခမာန်သည်။သာမဏေရော၊ သာမဏေယောကျ်ားသည်။ သာမဏေရီ၊ သာမဏေမ သည်။ ဥပါ သကော၊ ဒါယကာ ယောကျ်ားသည်။ ဥပါသိကာ၊ဒါယကာမသည်။ သံဃာ၊သဃော် ကို။နဘိန္ဒတိ၊မခွဲနိုင်။ဥပါလိ၊ဥပါလိ။ခေါ၊စင်စစ်။ ပကတတ္တော်၊ ပကတိသီလရှိသော။သမာနသံဝါသကော၊ တူသော သံဝါ ရှိသော။သမာနသီမာယ၊တူသောသိမ်၌။ ဌိတော၊တည်သော။ ဘိက္ခု၊ရဟန်းသည်။သံဃာ၊သင်္ဃာကို။ဘိန္ဒတိ၊ခွဲနိုင်၏။

ထိုမှတပါးလည်း။ ။ငါးပါးသော အနန္တရိယကံတို့တွင် သံဃာဘေဒကံသာလျှင် အာယုကပ်ပတ်လုံးအပါယ်၌ ကျက်ရ သောကြောင့်ကပ္ပဋ္ဌိတိကလည်းမည်၏။ အနန္တရိယလည်းမည် ၏။ ကြွင်းသောကံလေးပါးတို့မှာ စုတေသည်၏အခြားမဲ့၌ အ ပါယ်ရောက်၍မချွတ် ကျစေတတ်သောကြောင့် အနန္တရိယသာ မည်သည်။ အာယုကပ်ပတ်လုံး ငရဲ၌ မကျက်ရသောကြောင့် ကပ္ပဋ္ဌိတိကမမည်။ အကြွင်းသူသည် ကမ္ဘာတည်စ၌သော်ငင်း၊ ကမ္ဘာ၏အလယ်၌သော်ငင်း သံဃာဘေဒကံကို ပြုမိအံ့။ ကမ္ဘာ ပျက်မှသာလွတ်ရလေ၏။ ယနေ့သံဃာဘေဒကံကိုပြုမိအံ့။ နက် ဖန်ကမ္ဘာပျက်သျှင်တရက်သာခံ၍လွတ်ရ၏။

ထို့ကြောင့်။ ။အဋ္ဌကထာကြီးတို့၌။ ။သံဃာဘေဒေါ ယေဝစေတ္ထ ကပ္ပဋ္ဌိတိကော သဏ္ဌဟန္တေပိ ကပ္ပေကပ္ပ ဝေ မဇ္ဈေဝါသံဃာဘေဒံကတွာ ကပ္ပဝိနာသေယေဝမုစ္စတိ။ သစေ ဝိဟိသွေယေဝကပ္ပေါ ဝိနဿတိ။ အဇ္ဇသံဃာဘေဒံကရောတိ။ သွေဝမုစ္စတိ။ ကေဒိဝသေယေဝ နိရယေ ပစ္စတိ။ သေသာနိ စတ္တာရိကမ္မာနိအနန္တရိယာနိဝေဟောန္တိ၊နကပ္ပဋ္ဌိတိကာနိ။ ။ ဟုမိန့်၏။

စ၊အထူးကိုဆိုဦးအံ့။ထွေ၊ ဤငါးပါးသောအနန္တရိယကံတို့ တွင်။ သံဃာဘေဒေါ ယေဝ၊ သံဃာဘေဒ ကံသည်သာ လျှင်။ ကပ္ပဋ္ဌိတိကော၊အာယုကပ်ပတ်လုံးတည်သည်။ ဟောတိ၊ ဖြစ် ၏။ကပ္ပေ၊ကမ္ဘာသည်။ သဏ္ဌဟန္တေပိ၊ တည်စကာလ၌သော်

ရင်း။ကပ္ပဝေမဏ္ဍောဝါ၊ကမ္ဘာ၏အလယ်၌သော်ရင်း။သံဃဘေဒံ၊ သင်္ဃဘေဒကံကို။ကတ္တာ၊ပြုမိသည့်ရှိသော်။ကပ္ပဝိနာသေယေ ဝ၊ကမ္ဘာပျက်မှုသာလျှင်။မုစ္စတိ၊လွတ်ရ၏။ ဟိသစ္စံ၊ကမ္ဘာပျက် ခြင်းလွတ်ရ၏ဟူသောစကားကားမှန်၏။ သွေယေဝ၊နက်ဖြန် ပါပင်လျှင်။ကပ္ပေါ၊ကမ္ဘာသည်။ဝိနဿတိ၊ပျက်အံ့။အဇ္ဇ၊ယနေ့။ သံဃဘေဒံ၊သင်္ဃဘေဒကံကို။ ကရောတိ၊ ပြုကျင့်အံ့။ သွေဝ၊ နက်ဖြန်တနေ့၌ပင်လျှင်။မုစ္စတိ၊လွတ်ရ၏။ ဧကဒိဝသေယေဝ၊ တနေ့သာလျှင်။ နိရယေ၊ငရဲ၌။ ပစ္စတိ၊ ကျက်ရ၏။သေသာနိ၊ သံဃ ဘေဒကံမှ ကြွင်းကုန်သော။ စတ္တာရိ ကမ္မာနိ၊ လေးပါး သောကံတို့သည်။ အနန္တရိယာနိဧဝ၊ အနန္တရိယကံသာ မည် ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။နကပ္ပဋ္ဌိတိကာနိ၊ကပ္ပဋ္ဌိတိကမ မည်ကုန်။ဣတိ၊ဤသို့။ဝေဒိတဗ္ဗာနိ၊သိအပ်ကုန်၏။

ထိုမှတပါး ထိုအနန္တရိယကံ၏ အကျိုး ပေးဟန်ကို ပြဦး အံ့။ ။အကြင်သူတယောက်သည် ငါးပါးသောအနန္တရိယကံ ကိုပြုမိသည်ဖြစ်အံ့။ ထိုသူအား သံဃဘေဒကံသည် သာလျှင် ပဋိသန္ဓေ၏အစွမ်းဖြင့်အကျိုးကိုဖြစ်စေ၏။ ကြွင်းသောကံလေး ပါးတို့သည် ပဋိသန္ဓေအကျိုးကိုမပေးနိုင်၍ အဟောသိကံသာ ဖြစ်လေ၏။ သံဃဘေဒကံမရှိခဲ့လျှင် လောဟိတုပ္ပါဒကံအကျိုး ပေးသည်။လောဟိတုပ္ပါဒကံမရှိခဲ့လျှင် အရဟန္တဃာတကကံ အကျိုးပေးသည်။ အရဟန္တဃာတကကံမရှိခဲ့လျှင်။ အဘက သီလရှိ၍အမိဒုဿီလဖြစ်အံ့။ ပိတုဃာတကကံသည်ပဋိသန္ဓေ အစွမ်းဖြင့်အကျိုးကိုဖြစ်စေ၏။ ။အမိကသီလရှိ၍အဘဒုဿီလ ဖြစ်အံ့။ မာတုဃာတက ကံသည် ပဋိသန္ဓေအကျိုးကို ဖြစ်စေ ၏။ ။အမိအဘနှစ်ဦးလုံးသီလဝန္တဖြစ်အံ့။ မာတုဃာတကကံ သည် ပဋိသန္ဓေအကျိုးကို ဖြစ်စေ၏။ ။အမိအဘနှစ်ဦးလုံး ဒုဿီလဖြစ်ခဲ့အံ့။ အမိကိုသတ်သော မာတုဃာတကကံသည် ပဋိသန္ဓေအစွမ်းဖြင့် အကျိုးကိုဖြစ်စေ၏။ ။ပိတုဃာတက

ကံသည်ပဋိသန္ဓေအကျိုးကိုမပေးနိုင်၍ အဟောသိကံဖြစ်လေ
သတည်း။

ထို့ကြောင့်။ ။သမ္မောဟဝိနောဒနီစသော အဋ္ဌကထာ
တို့၌။ ။ယေနပဌမပေတာနိကမ္မာနိကတာနိဟောန္တိ။ တဿ
သံဃဘေဒေါယေဝ ပဋိသန္ဓိဝသေန ဝိပစ္စတိ။ သေသာနိ အ
ဟောသိကမ္မံ။ နာဟောသိ ကမ္မဝိပါကောတိဧဝမာဒိသု သင်္ချံ
ဂစ္ဆန္တိ။ သံဃဘေဒါဘာဝေလောဟိတုပ္ပါဒေါ။ တဒဘာဝေ
အရဟန္တဃာတောတဒဘာဝေသစေပိတာ သီလဝါဟောတိ
မာတုဒုဿီလာပိတုဃာတော ပဋိသန္ဓိဝသေနဝိပစ္စတိ၊သစေ
မာတာသီလဝါ ပိတာဒုဿီလော မာတုဃာတော။ ဒွီသုပိ သီ
လေနဝါဒုဿီလေ နဝါသမေမာတုဃာတော ပဋိသန္ဓိဝသေန
ဝိပစ္စတိ။ ။ဟုမိန့်၏။

ယေန၊ အကြင်သူသည်ကား။ ပဌမံ၊ ငါးပါးလည်းဖြစ်ကုန်
သော။ ပေတာနိကမ္မာနိ၊ ထိုအနန္တရိယကံတို့ကို။ ကတာနိ၊ပြုမိ
ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ တဿ၊ ထိုသူအား။သံဃဘေ
ဒေါယေဝ၊သံဃဘေဒကံသည်လျှင်။ပဋိသန္ဓိဝသေန၊ပဋိသန္ဓေ
၏အစွမ်းဖြင့်။ ဝိပစ္စတိ၊ အကျိုးကိုဖြစ်စေ၏။ သေသာနိ၊ကြွင်း
လေးပါးသောအနန္တရိယကံတို့သည်။အဟောသိကမ္မံနာဟော
သိကမ္မဝိပါကောတိဧဝမာဒိသု၊ ကံကားဖြစ်ပြီကံ၏အကျိုးကား
ဖြစ်ပြီမဟုတ် ဤသို့အစရှိသည်တို့၌။ သင်္ချံ၊ ရေတွက်ခြင်းသို့။
ဂစ္ဆန္တိ၊ရောက်ကုန်၏။သံဃဘေဒါဘာဝေ၊ သံဃဘေဒကံမရှိ
သည်ရှိသော်။ လောဟိတုပ္ပါဒေါ၊လောဟိတုပ္ပါဒကံသည်။ဝိပစ္စ
တိ၊အကျိုးပေး၏။တဒဘာဝေ၊ထိုလောဟိတုပ္ပါဒကံမရှိခဲ့သော်။
အရဟန္တဃာတော၊အရဟန္တဃာတကကံသည်။ ဝိပစ္စတိ၊ပဋိ
သန္ဓေ အကျိုးကိုဖြစ်စေ၏။ တဒဘာဝေ၊ ထိုအရဟန္တဃာတ
ကကံမရှိခဲ့သော်။ပိတာ၊အဘသည်။သီလဝါ၊သီလရှိအံ့။မာတာ၊
အမိသည်။ဒုဿီလာ၊ပျက်သောသီလရှိသည်။ သစေဟောတိ၊

အကယ်၍ဖြစ်အံ့။ ဝိတုဇာတော၊ဝိတုဇာတကကံသည်။ ပဋိ
သန္ဓိဝသေန၊ပဋိသန္ဓေ၏အစွမ်းဖြင့်။ ဝိပစ္စတိ၊အကျိုးကိုပေး၏။
မာတာ၊အမိသည်။ သီလဝါ၊ သီလရှိသည်။ ပိတာ၊အဘကား။
သဝီလော၊ သီလမဲ့သည်။ သစေဟောတိ၊ အကယ်၍ဖြစ်အံ့။
မာတုဇာတော၊ မာတုဇာတကကံသည်။ ဝိပစ္စတိ၊ပဋိသန္ဓေ
ကိုဖြစ်စေ၏။ ဒွိသုပိ၊ နှစ်ဦးသော မိဘတို့သည်လည်း။ သီလေ
နဝါ၊ သီလအားဖြင့်ရင်း။ ဒုဿီလေနဝါ၊ သီလပျက်သောအား
ဖြင့်ရင်း။သမေ၊တူမျှရာ၌။ မာတုဇာတော၊ မာတုဇာတကကံ
သည်။ပဋိသန္ဓိဝသေန၊ပဋိသန္ဓေ၏အစွမ်းဖြင့်။ ဝိပစ္စတိ၊အကျိုး
ကိုဖြစ်စေ၏။

ဤအဋ္ဌကထာ၏အဓိပ္ပါယ်ကား။ ။ပဋိသမ္ဘိဒါမဂ်၌လာ
သောနည်းအားဖြင့်။ ။အဟောသိကမ္မံ အဟောသိကမ္မဝိပါ
ကော။ အဟောသိကမ္မံနာဟောသိကမ္မဝိပါကော။ အဟောသိ
ကမ္မံ အတ္ထိကမ္မဝိပါကော။ အဟောသိကမ္မံနတ္ထိကမ္မဝိပါကော။
အဟောသိကမ္မံ ဘဝိဿတိ ကမ္မဝိပါကော။ အဟောသိကမ္မံ
နဘဝိဿတိကမ္မဝိပါကော။ ။ဟူ၍အဟောသိကံခြောက်
ပါးသာသည်။

ထိုခြောက်ပါးသောအဟောသိကံတို့တွင်။ ။အကြင်ကံ
ကိုအတိတ်၌ ပြုပြီး၍အတိတ်ဘဝ၌ပင်အကျိုးကိုပေးခဲ့အံ့။ ထိုကံ
သည်အဟောသိကမ္မအဟောသိကမ္မဝိပါကမည်၏။ ။အကြင်
သူသည်အတိတ်ဘဝ၌များစွာသောဒိဋ္ဌဓမ္မဝေဒနီယကံကိုပြု၍
တချို့သော ဒိဋ္ဌဓမ္မကံသည်အကျိုးကိုပေး ခြင်းကြောင့် မပေးရ
သေးသော ကံတို့သည် ရင်း။ တချို့သော ဥပပဇ္ဇကံသည် ပဋိ
သန္ဓေကိုငင်၍ ကြွင်းသောအကျိုးကို မပေးရသော ကံသည်
ရင်း။ အနန္တရိယကံနှစ်ပါးသုံးပါးလေးပါးငါးပါးကို ပြုမိရာတွင်
တချို့သောဗလဝကံသည်ငရဲဘုံ၌ပဋိသန္ဓေကိုငင်၍ကြွင်းသော
အကျိုးကို မပေးနိုင်သော အနန္တရိယ ကံတို့သည် ရင်း။ သမာ
ပါတ်ရှစ်ပါးတို့တွင် တပါးပါးသော သမာပါတ်ဖြင့်ဗြဟ္မာဘုံ၌

ပဋိသန္ဓေကိုဖြစ်စေ၍။ ကြွင်းသော သမာပါတ်တို့သည် ၎င်းအဟောသိကမ္မံ နာဟောသိကမ္မဝိပါကမည်ကုန်၏။

တနည်းအဋ္ဌကထာ၌။ ။များစွာသောကုသိုလ်အကုသိုလ်ကံတို့ကိုပြုပြီးလျက် ကလျာဏမိတ္တကိုအမှီပြု၍ အရဟတ္တဖိုလ်သို့ရောက်သော သူသည်လည်း အဟောသိ ကမ္မံနာဟောသိကမ္မဝိပါကမည်၏ ဟုဆို၏။ ။အတိတ်ကာလ၌ အားထုတ်ခဲ့သော အကြောင်းကံသည် ဤယခုပစ္စုပ္ပန်ဘဝ၌ အကျိုးပေးသည်ဖြစ်အံ့။အဟောသိကမ္မံအတ္ထိကမ္မဝိပါကမည်၏။ အတိတ်ကာလ၌အားထုတ်အပ်သောအကြောင်းကံသည်ဤပစ္စုပ္ပန်ဘဝ၌အကျိုးမပေးသည်ဖြစ်အံ့။အဟောသိကမ္မံနတ္ထိကမ္မဝိပါကမည်၏။ ။အတိတ်၌ အားထုတ်ခဲ့သောကံသည်ပစ္စုပ္ပန်၌ အကျိုးမပေးဘဲအနာဂတ်ဘဝ၌အကျိုးပေးသည်ဖြစ်အံ့။ အဟောသိကမ္မံဘဝိဿတိကမ္မဝိပါကမည်၏။ ။အတိတ်၌အားထုတ်ခဲ့သောကံသည် အနာဂတ် ဘဝ၌လည်း အကျိုးမပေးသည်ဖြစ်အံ့။ အဟောသိကမ္မံနဘဝိဿတိကမ္မဝိပါကမည်၏။ ။နာဟောသိကမ္မဝိပါကောတိဝေမာဒိသု။ ဟူသော အဋ္ဌကထာပါဠိ၌ နဟူသောပဋိသေဓသည် အတိတ်ကိုသာ ဖြစ်သည်။ ပစ္စုပ္ပန်အနာဂတ်ကိုမဖြစ်။ထို့ကြောင့်ကံကားဖြစ်ပြီးကံ၏အကျိုးကားဖြစ်ပြီးမဟုတ်။ ဖြစ်ဆဲဖြစ်လတ္တံ့ဆိုလိုသည်။ ။(ဝေမာဒိ၌အာဒိဝံဖြင့်အတ္ထိဘဝိဿတိကမ္မဝိပါကောကိုယူစေလိုသည်။)

ထို့ကြောင့်။ ။မူလဋီကာ၌။ ။တေသုပန သမာနသဘာဝေသုဧကေနဝိပါကေဒိန္နေ ဣတရာနိ အတ္တနာကတ္တဗ္ဗကိစ္စဿ တေနေဝကတတ္တာ နဒုတိယံ တတိယံပိစ ပဋိသန္ဓိံ ကရောန္တိ။ ဧကဿ ပန အညာနိပိ ဥပတ္ထမ္ဘကာနိ ဟောန္တိ တိဒဋ္ဌဗ္ဗာနိ။ ။ဟုမိန့်ဆိုလျက်ရှိလေသည်။

အနက်ကား။ ။သမာနသဘာဝေသု၊ မိစ္ဆတ္တနိယတအဖြစ်ဖြင့်တူသော သဘောရှိကုန်သော။တေသုပန၊ ထိုနှစ်ပါးသုံးပါးလေးပါး ငါးပါးသော အနန္တရိယကံတို့တွင်။ ဧကေန၊ တခု

သောဖလဝကံသည်။ ဝိပါကော၊ ထိုစုတိအခြားမဲ့၌ပဋိသန္ဓေ ပဝတ္တိအကျိုးကို။ ဒိန္နေ၊ ပေးသည်ရှိသော်။ ဣတရာနိ၊ဤမှတပါးဒုဗ္ဗလ ဖြစ်သော အနန္တရိယ ကံတို့သည်။ အတ္တနော၊ မိမိသည်။ ကတ္တဗ္ဗဿ၊ ပြုသင့် ပြုထိုက်သော ကိစ္စကို။ တေနေဝ၊ ထိုပဋိသန္ဓေကိုပေးသောဖလဝကံသည်သာလျှင်။ ကတတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ ဒုတိယံပိ စပဋိသန္ဓိံ၊ နှစ်ကြိမ်မြောက်သောပဋိသန္ဓေကိုရင်း။ တတိယံပိစ ပဋိသန္ဓိံ၊ သုံးကြိမ်မြောက်သောပဋိသန္ဓေကိုရင်း။ နကရောန္တိ၊ မပြုပြင်ကုန်။ ပန၊ စင်စစ်မူကား။ ဧကဿ၊ ပဋိသန္ဓေကိုပေးသောတခုသောဖလဝကံအား။ အညာနိပိ၊ တပါးသောဒုဗ္ဗလကံတို့သည်လည်း။ ဥပတ္ထမ္ဘကာနိ၊ ထောက်ပံ့ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဒုဗ္ဗလာနိ၊ မှတ်အပ်ကုန်၏။ ။ဤမူလဋီကာ၏အလိုကိုအနုဋီကာ၌။ ။အနေကေသုအနန္တရိယေသု ကတေသုကိဉ္စာပိဖလဝတောယေဝ ပဋိသန္ဓိဒါနံ။ နဣတရေသံ၊ အတ္တနာပနကတ္တဗ္ဗဿ ကိစ္စဿတေနေဝကတတ္တာတဿ ဝိပါကဿ ဥပတ္ထမ္ဘနဝသေန ပဝတ္တနတောဣတရာနိတေနနနိဝါရိတ ဗလာနိနာမဟောန္တိ။ ။ဟု ပြဆိုတော်မူသည်။

အနေကေသု၊ များစွာကုန်သော။ အနန္တရိယေသု၊ အနန္တရိယကံတို့ကို။ ကတေသု၊ ပြုအပ်ကုန်သည်ရှိသော်။ ဖလဝတောယေဝ၊ အားကြီးသောကံသည်သာလျှင်။ ပဋိသန္ဓိဒါနံ၊ ပဋိသန္ဓေကိုပေးတတ်သည်။ ဣတရေသံ၊ ဤမှတပါးသောဒုဗ္ဗလကံတို့အား။ နပဋိသန္ဓိဒါနံ၊ ပဋိသန္ဓေကိုမပေးနိုင်သည်။ ကိဉ္စာပိဟောတိ၊ အကယ်၍ကား ဖြစ်၏ရှင့်။ ပန၊ ယင်းသို့ဖြစ်သော်လည်း။ အတ္တနာ၊ မိမိသည်။ ကတ္တဗ္ဗကိစ္စဿ၊ ပြုသင့်ပြုထိုက်သောကိစ္စကို။ တေနေဝ၊ ထိုဖလဝကံသည်သာလျှင်။ ကတတ္တာ၊ ပြုပြင်သည်၏အဖြစ်ကြောင့်။ တဿဝိပါကဿ၊ ထိုပဋိသန္ဓေကိုပေးတတ်သောဖလဝကံ၏အကျိုးကို။ ဥပတ္ထမ္ဘနဝသေန၊ ထောက်ပံ့သည်၏အစွမ်းဖြင့်။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်။ ဣတရာ

နှိ၊ ဒုဗ္ဗလကာံတို့ကို။ တေန၊ ထိုဗလဝကံသည်။ နနိဝါရိတဖလာနိ နာမ၊ မမြစ်အပ်သောအကျိုးရှိသည်မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။(ဤဒိုကာ၏စကားနှစ်ရပ်ကိုထေပံလျှင်နာဟော သိကမ္မ ဝိပါကောဟူသည့်ကား။ ပဋိသန္ဓေကိုသာ မြစ်သည်၊ ပဝတ္တိအကျိုးကိုကား ဥပတ္ထမ္ဘကအားဖြင့်အကျိုးကိုပေးဆဲပေ လတ္တံ့သောကံဟုသိရမည်။ ။ဤမူလဋီကာ အနုဋီကာစကား ကိုထောက်လျှင် သတ္တမဇောဥပပဇ္ဇဝေဒနီယကံသည် စုတိ၏ အခြားမဲ့နှစ်ခုမြောက်သောဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးရမှ ပဝတ္တိအကျိုးကိုပေးနိုင်သည်။ ဒုတိယဘဝ၌ပဋိသန္ဓေကိုမပေး နိုင်လျှင် ပဝတ္တိ အကျိုးကိုသည်း မပေးဟု ဆိုသော စကားကို ဆင်ခြင်ရန်ရှိသည်)။ ။ဤကားအနန္တရိယကဏ္ဍတည်း။

ထိုမှတပါး။ ။စတုကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်၌လာ သောအစိန္တေယျတရားကိုပြဦးအံ့။

စတ္တာရိမာနိဘိက္ခဝေအစိန္တေယျာနိနစိန္တေတဗ္ဗာနိ။ ယာနိ စိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ ဘာဂီ အဿ။ ။ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော်၌ဟောတော်မူသည်။

ဘိက္ခဝေ၊ ချစ်သားတို့။ စတ္တာရိ၊ လေးပါးကုန်သော။ ဣမာနိ အစိန္တေယျာနိ၊ ဤမကြံစည်အပ်သောအရာတို့ကို။ နစိန္တေတဗ္ဗာ နိ၊ မကြံအပ်မကြံထိုက်ကုန်။ ယာနိ၊ အကြင်မကြံစည်အပ်သောအ ရာတို့ကို။ စိန္တေန္တော၊ ကြံသောသူသည်။ ဥမ္မာဒဿ၊ ရူးခြင်း၏။ ဝိဃာတဿ၊ စိတ်နှလုံးပင်ပန်းခြင်း၏။ ဘာဂီ၊ အဘို့သည်။ အဿ၊ ဖြစ်ရာ၏။

မကြံစည်အပ်သောအရာလေးပါးကား။ အဘယ်နည်းဟူမူ ကား။ ။ဗုဒ္ဓဝိသယလည်းတပါး။ ဈာနဝိသယလည်းတပါး။ လောကဝိသယလည်းတပါး။ ကမ္မဝိပါကလည်းတပါး။ ဤကား အစိန္တေယျလေးပါးတို့တည်း။ ။ထိုလေးပါးတို့တွင်။ ။ ဗုဒ္ဓဝိသယဟူသော်ကား။ ။သဗ္ဗညုတဉာဏ်မှစ၍မြတ်စွာ

ဘုရား၏ ဂုဏ်တော်ကျေးဇူးတော်တို့၏ ဖြစ်ခြင်း အာနုဘော်သည်ဗုဒ္ဓဝိသယမည်၏။ ။အဘယ်သို့ဖြစ်သနည်းဟူမူကား။ မြတ်စွာဘုရားသည်တဆဲ့ရှစ်တောင်အမြင့်ပမာဏရှိသောပကတိသော ကိုယ်တော်ဖြင့် မုန်ညင်းဆံ မုန်ညင်းခွံတွင်းသို့ ဝင်တော်မူနိုင်သည်ကား ဘုရားမှတပါး ကြွင်းကျန်သော ဗုဒ္ဓိမန္တပုဂ္ဂိုလ်တို့၏ အရာမဟုတ်။ မြတ်စွာဘုရားကိုရည်၍မုန်ညင်းခွံလည်းကြီးသည်မဟုတ်။မုန်ညင်းခွံကိုရည်၍မြတ်စွာဘုရားကိုလည်း ငယ်အောင်သေးအောင် ပြုပြင်တော် မူသည်လည်း မဟုတ်။ ပကတိသောကိုယ်တော်ဖြင့်ပကတိသော မုန်ညင်းခွံ၏ အတွင်းသို့ ဝင်နိုင်ခြင်းကြောင့်သာလျှင် ဤအရာကိုဗုဒ္ဓဝိသယ ဟုဟောတော်မူလေသည်။

ထို့ကြောင့်။ ။ဝင်းအင်္ဂုတ္တိုရ်အဋ္ဌကထာ၌။ ။ဗုဒ္ဓဝိသယောတိ သဗ္ဗညုတညာဏာဒီနံ ဗုဒ္ဓဂုဏာနံ ပဝတ္တိစ အာနုဘာဝေါစ။ ဘဂဝါဟိအစ္ဆရိယဗ္ဘုတ္တု ဓမ္မေနေဝကာယေနသာ သပဂ္ဂဏ္ဍံ ပဝိသတိ။ နစ ဘဂဝ ံ သင်္ခါယ သာသာသပဂ္ဂဏ္ဍော မဟာ ဟောတိ။ နစ သာသာသပဂ္ဂဏ္ဍံ သင်္ခါယ ဘဂဝါ ခုဒ္ဒကော ဟောတိ။ ဣဒံသော သဗ္ဗညုဗုဒ္ဓါနံ အစိန္တေယျော၊ တသ္မာ ဗုဒ္ဓဝိသယော။ အစိန္တေယျော စိန္တေန္တော ပန ဥမ္မတ္တကာဒိဘာဝံ ပါပုဏာတိ။ ။ဟုမိန့်ပြီး။

ဗုဒ္ဓဝိသယောတိ၊ဗုဒ္ဓဝိသယဟူသည်ကား။သဗ္ဗညုတညာဏာဒီနံ၊ သဗ္ဗညုတညာဏ်အစရှိကုန်သော။ဗုဒ္ဓဂုဏာနံ၊ မြတ်စွာဘုရားဂုဏ်တော်ကျေးဇူးတော်တို့၏။ ပဝတ္တိစ၊ အပျံ့အနှံ့ဖြစ်တော်မူခြင်းသည်ဝင်း။အာနုဘာဝေါစ၊အာနုဘော်တော်သည်ဝင်း၊ ဗုဒ္ဓဝိသယော၊ဗုဒ္ဓဝိသယမည်တော်မူ၏။ ဟိ၊ဖြစ်ဟန်ကိုထင်စွာပြဦးအံ့။ ဘဂဝါ၊ မြတ်စွာ ဘုရားသည်။ အစ္ဆရိယဗ္ဘုတ္တုမ္မေနေဝ၊တဆဲ့ရှစ်တောင်အမြင့်ရှိသည်သာလျှင်ဖြစ်သော။ကာယေန၊ပကတိသောကိုယ်တော်ဖြင့်။သါသပဂ္ဂဏ္ဍံ၊ပကတိသော မုန်ညင်းခွံတွင်းသို့၊ ပဝိသတိ၊ဝင်စွမ်းနိုင်၏။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို၊ သင်္ခါယ၊ရည်၍။ သာသာသပဂ္ဂဏ္ဍော၊မုန်

ညင်းခွံသည်။မဟာ၊ကြီးမားသည်။ နစဟောတိ၊ မဖြစ်သဉ်သာလျှင်ထည်း။သာသပဂတ္တံ၊မှန်ညင်းခွံကို။သန္တာယ၊ရည်၍။ ဘဂဝါ၊မြတ်စွာဘုရားသည်။ ခုဒ္ဒကော၊ သေးငယ်သည်။ နစဟောတိ၊ဖြစ်သည်မဟုတ်။ဇူနံဝိသယံ၊ဤအရာသည်ကါး။သေသဇ္ဇူ၊ မန္တာနံ၊ဘုရားမှတပါးကြွင်းသောဇ္ဇူ၊မန္တပုဂ္ဂိုလ်တို့၏။အဝိသယံ၊ အရာမဟုတ်။ တသ္မာ၊ ထို့ကြောင့်။ ဗုဒ္ဓဝိသယော၊ ဗုဒ္ဓဝိသယ မည်၏။ အစိန္တေယျော၊ အကြံအစ်မကြံရာသောဗုဒ္ဓဝိသယကို။ စိန္တေန္တော၊ ကြံသောသူသည်ကား။ဥမ္မတ္တကာဒိဘာဝံ၊ ရူးခြင်းစသည်၏အဖြစ်သို့။ပါပုဏာတိ၊ ရောက်တတ်၏။

ဤအရာဝယ်ရူးသွပ်ဘူးသောသာဓကကိုပြဦးအံ့။ ။သိဟိုဠ်ကျွန်းကြီး၌ တယောက်သော ယောကျ်ားသည် မြတ်စွာဘုရား၏တန်းခိုးဇူ၊ပြာဋိဟာရိတော်တည်းဟူသောအစိန္တေယျဗုဒ္ဓဝိသယကို ကြံခြင်းကြောင့် ရူးသွပ်ခြင်းသို့ ရောက်လျက် လှည့်လည် သွားလာကာ နေလေသတည်း။ ထိုအခါတယောံသော ပညာရှိယောကျ်ားက။ထိုရူးလွင့်ရူးသွပ်သောသူကိုခေါ်ဆောင်၍။ မဟာစေတီတော်ကြီး၏ အနီးသို့ရောက်ကာလ။ အချင်းယောကျ်ား၊ဤမဟာစေတီတော်ကိုရှုစမ်းလော။ ဥာဏ်တော်သံတောင် တရာ့နှစ်ဆယ်ရှိ၏ ။အဝန်းကားသံတောင် သုံးရာခြောက်ဆယ်ရှိ၏။ ထိုမျှပမာဏရှိသောမဟာစေတီတော်ကြီးသည် ဤတထွာတမိုက်ခန့်မျှပမာဏရှိသော ကြေးမုံပြင်၌ဝင်သည့်ကိုမြင်ရာဘိ၏ တကား။ ကြေးမုံပြင်ကိုရည်၍ ဤစေတီတော်သည် သေးငယ်သည်လည်းမဟုတ်။ မဟာစေတီတော်ကိုရည်၍ကြေးမုံပြင်ကျယ်သည်ကြီးသည်လည်းမဟုတ်။ပကတိသောမဟာစေတီတော်သည်ပကတိသောကြေးမုံပြင်၌ဝင်၍ကိန်းဝပ်တော်မူသည်မဟုတ်လောဟုပြောကြားပြီးလျှင်။ ဤတန်းခိုးပြာဋိဟာကိုလည်း ထို့အတူမှတ်ယူလောဟု သိစေရလေသတည်း။

ထို့ကြောင့်ရင်းအဋ္ဌကထာ၌။ ။ကောကိရပုရိသော ဇု ဒမေဝရနိနော ဇုဒ္ဒိပိသောသံစိန္တနွော ဥမ္မာဒပတ္တော ဝိစရတိ။ အထေကောပဏ္ဍိတပုရိသောတမာနိယမဟာစေတိယဿသန္တိကံဂတွာပဿတော။ ဇုမံမဟာစေတိယံအယံပိသရတနသဘာရာမေ။တိသဘာသဋ္ဌိရတနပရိဏာဟံဟောတိ။ တံအသ္မိံဒိပဿာ မိတ်အာဒါသံဒဿေတွာ။ ဇုမံစေတိယံ နအာဒါသဘလံသန္ဓာယ ခုဒ္ဒကံအဟောသိ။ နစမဟာစေတိယံ သန္ဓာယအာဒါသဘလံမဟာအဟောသိ။ဘထုပမိမံပါဠိဟာရိယန္တိသညာပေတိ။ ။မိန့်အပ်ပြီ၊ ။

ကော၊တယောက်သော။ပုရိသော၊ ယောကျ်ားသည်။ရနိနော၊မြတ်စွာဘုရား၏။ဇုမမေဝဇုဒ္ဒိပိသောသံ၊ ဤအစိန္တေယျတည်းဟူသော ဇုဒ္ဒိပိသောသကိုပင်လျှင်။ စိန္တနွော၊ ကြံခြင်းကြောင့်၊ ဥမ္မာဒပတ္တော၊ ရူးသွပ်မျှုံလွင့်ခြင်းသို့ရောက်သည်ဖြစ်၍။ ဝိစရတိကိရ၊ လှည့်လည်သွားလာသတတ်။အထ၊ထိုအခါ၌။ကော၊တယောက်သော။ ပဏ္ဍိတပုရိသော၊ ပညာရှိသောယောကျ်ားသည်။ တံဥရိသံ၊ ထိုရူးသောယောကျ်ားကို။ အာနိယ၊ ခေါ်ဆောင်၍။မဟာစေတိယဿ၊ မဟာစေတီတော်၏။ သန္တိကံ၊အနီးသို့။ဂတွာ သွား၍။ဘော၊အဆွေယောကျ်ား။ဇုမံမဟာစေတိယံ၊ဤမဟာစေတီတော်ကို။ ပဿ၊ရှုလော့။အယံ၊ ဤစေတီတော်သည်။ ပိသရတနသတာရာမေ၊ သံတောင် တရာ့နှစ်ဆယ်ဥာဏ်တော်ရှိ၏။ တိသတသဋ္ဌိ ရတန ပရိဏာဟံ၊ သံတောင်သုံးရာခြောက်ဆယ်အဝန်းကျယ်သည်။ ဟောတိ၊ ဖြစ်၏။တံမဟာစေတိယံ၊ ထိုမျှကြီးကျယ်သောမဟာစေတီတော်သည်။ အသ္မိံပိ၊ ဤတထွာတမိုက်ခန့်ရှိသော ကြေးမှုံ၌လည်း။ပဿာမိ၊မြင်ရ၏။ဇာတိ၊သို့။ အာဒါသံ၊ကြေးမှုံကို။ ဒဿေတွာ၊ပြ၍။ဇုမံစေတိယံ၊ ဤစေတီတော်ကြီးသည်။ အာဒါသတလံ၊ကြေးမှုံပြင်ကို။သန္ဓာယ၊ ရည်၍။ခုဒ္ဒကံ၊ ငယ်သည်။ နအဟောသိ၊ မဖြစ်၊မဟာစေတိယံ၊မဟာစေတီတော်ကို။သန္ဓာယ၊ရည်

၍။ အာဒါသတလံ၊ ကြေးမုံပြင်သည်၊မဘာ၊ကြီးသည်။ နစအ ဟောသိ၊ မဖြစ်သည်သာတည်း။ ဣမံပါဒိုဟာရိယံ၊ ဤတန်းခိုး ပြာဒိုဟာသည်။တထူပမံ၊ထိုနှင့်တူသောဥပမာရှိ၏။ ဣတိ၊သို့။ သညာပေတိ၊သိစေရ၏။

ဣဒ္ဓိဝိသယအစိန္တေယျဟူသည်ကား။ ။ဤ၃နအဘိညာဉ် တန်းခိုးနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် မိမိအနီးသို့ ရောက်လာ သောနေလကို သုံးသပ် ခြင်း၃ာ အလိုရှိ၍ အဓိဋ္ဌာန် ပြုသည်ရှိ သော်အဓိဋ္ဌာန်၏အာနုဘော်ကြောင့် ဓာညာမှလွတ်သောထန်း သီးမှည့်ကဲ့သို့။ဟတ္ထပါသ်သို့ရောက်သဖြင့်နေလတို့ကိုသုံးသပ် နိုင်ခြင်း၊ အကယ်၍ခြေပွတ်အိုးခြမ်း၊ ခြေဆေးအင်းပျဉ်၊နေရာ ညောင်စောင်း၊ မှိုရာတံကဲပြုလုပ်လိုသည်ဖြစ်အံ့။ မိမိအလိုရှိရာ ပြု၍သုံးဆောင်နိုင်ခြင်း။ တဦးတယောက်သော ရဟန်း သာမ ဟုတ်။ အရာအထောင်အသိန်းမကသောဣဒ္ဓိမန္တရဟန်းတို့သည် အသီးအသီးမိမိတို့အလိုရှိတိုင်း နေလတခုတခုစီသုံးဆောင်နိုင် ခြင်း၊ ပကတိသွားမြဲခရီး၌ အသွားအလာမပျက် ပကတိသွားမြဲ သွားလာခြင်း ပကတိဖြစ်မြဲအတိုင်း အလင်းကိုဖြစ်စေခြင်း စ သောတန်းခိုးအထူးကို ဈာနဝိသယ၊ဣဒ္ဓိဝိသယ၊အစိန္တေယျဟု ဟောတော်မူသည်။

ထို့ကြောင့်ရင်းအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ မဇ္ဈိမနိ ကာယ်အဋ္ဌကထာတို့၌။ ။ဣဒ္ဓိမန္တာနံစန္ဒိမသူရိယာပိပါဒပိဋ္ဌ သယနာဒိဘာဝံဥပဂစ္ဆန္တိ။ ပကတိဂတိဥ္စနဝိဇဟန္တိ၊ နိဒ္ဓိတစန္ဒိ မသူရိယာနဟောန္တိ။ ဇေံဈာနဝိသယောပိအစိန္တေယျော။ ။ ဟူ၍ရင်း။ ။သွာယံယဒိဣဒ္ဓိဂတိကတ္ထဲ့ပရာမသိတုံဂတ္ထဲ့ ပရာမသ တိ။ယဒိပနဣစ္ဆတိဝေနိသိန္နကောဝပရာမသိတုကာမောဟောတိ။ အဓိဋ္ဌာနဗလေန ဝဏ္ဏာပရိုဘ္ဘာတာလဖလံဝိယ အာဂန္တွာဟတ္ထ ပါသေဌိတေဝါပရာမသတိ။ဟတ္ထံဝါဝဍ္ဎေတွာ။ ။ဟူ၍ရင်း။ ။ နကေဝလံစန္ဒိမသူရိယေပရာမသတိ။ သစေဣစ္ဆတိပါဒကထ လိကံကတွာပါဒေဌပေတိ။ပါဒပိဋ္ဌံကတွာနိသီဒတိ။မဉ္စကင

နိပ္ပဇ္ဇတိ။အပသေသနဖလကံကတွာအပဿသတိ။ ယထာစဧဝံအ
ပရောအနေကေသုပိဘိက္ခုသတသဟဿသုဧဝံကရောန္တေ
သု။တေသဥ္စကေမေကဿတထေဝဏ္ဏာဘိတ္တိ။ စန္ဒိမသူရိယာနမ္ပိ
စဂမနမ္ပိအာလောက ကရဏမ္ပိတထေဝဟောတိ။ ယထာဟိ
ပါတိသဟဿသုဥဒကံပူရေတွာသဗ္ဗပါတိသုစန္ဒမဏ္ဍလာဒိ
နိဒိဿန္တိ။ပါကတိကမေဝစန္ဒသဂမနံ အာလောကကရဏဥ္စ
ဟောတိ။ ။ဟူ၍ဋင်းမိန့်တော်မူပြီ။

· စန္ဒိမသူရိယာပိ၊ လနေတို့သည်လည်း။ ဣဒ္ဓိမန္တာနံ၊ တန်းခိုး
အဘိညာဉ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့၏။ပါဒပိဋ္ဌသယနာဒိဘာ
ဝံ၊ ခြေဆေးအင်းပျဉ်၊ အိပ်ရာနေရာ စသည်၏ အဖြစ်သို့။ ဥပ
ဂစ္ဆန္တိ၊ကပ်ရောက်ရကုန်၏။ ပကတိဂတိဥ္စ၊ပကတိသောသွား
လာခြင်းကိုလည်း။နဝိဇဟန္တိ၊မစွန့်ကုန်။ နိမ္မိတစန္ဒိမသူရိယာစ၊
တန်းခိုးဖြင့်ပြီးသော လနေတို့ သည်လည်း။ နဟောန္တိ၊ မဖြစ်
ကုန်။ ဧဝံ၊ဤသို့။ ဈာနဝိသယောပိ၊ ဈာန်အဘိညာဉ်၏ အရာကို
လည်း။အစိန္တေယျော၊မကြံအပ်သည်သာတည်း။ ။မဟိဒ္ဓိကော၊
ကြီးသောတန်းခိုးရှိသော။သွာယံသော၊အယံဘိက္ခု၊သည်။ဂန္တွာ၊
ကိုယ်တိုင်သွား၍။ပရာမသိတုံ၊သုံးသပ်ခြင်းငှါ။ယဒိဣစ္ဆတိ၊အ
ကယ်၍အလိုရှိသည်ဖြစ်အံ့။ ဂန္တွာ၊ သွား၍။ ပရာမသတိ၊သုံးသပ်
နိုင်၏။ ပန၊ယင်းသို့မဟုတ်။ ဣဓေဝ၊ဤနေရာ၌သာလျှင်။ နိသိန္န
ကောဝ၊ထိုင်နေလျက်ပင်လျှင်။ပရာမသိတုကာမော၊သုံးသပ်လို
သည်။ ယဒိဟောတိ၊ အကယ်၍ဖြစ်အံ့။ အဘိညာန ဗလေန၊ အ
ဘိညာဉ်၏ အာနုဘော်ကြောင့်။ ဝဏ္ဏာ၊အညာသမှ။ ပဒုဋ္ဌ တာလဖ
လံဝိယ၊ကင်းလွတ်သောထန်းသီးမှည့်ကဲ့သို့။အာဂစ္ဆတု၊လာလတ်
၍။ဟတ္ထပါသေ၊အနီးဟတ္ထပါသ်၌။ ဌိတေဝ၊ တည်လာသော
နေလတို့ကိုမူလည်း။ ပရာမသတိ၊သုံးသပ်ရ၏။ဟတ္ထံဝါ၊လက်
ကိုမူလည်း။ဝဍ္ဎေတွာ၊ ပွါးစေ၍။ပရာမသတိ၊သုံးသပ်နိုင်၏။ ။
စန္ဒိမသူရိယေ၊လနေတို့ကို။ကေလံ၊သက်သက်သာလျှင်။ နပ
ရာမသတိ၊သုံးသပ်သည်ကားမဟုတ်သေး။ သစေဣစ္ဆတိ၊ အ

ကယ်၍အလိုရှိမှုကား။ပါဒကထလိကံကတွာ၊ခြေပွတ်ဒိုးခြမ်းပြု၍။ပါဒေ၊ခြေရင်း၌။ ဌပေတိ၊ထားနိုင်၏။ ပါဒပိဏ္ဍံကတွာ၊ခြေဆေး အင်းပျဉ်ပြု၍။ နိသီဒတိ၊ နေနိုင်၏။ မဏ္ဍုကတွာ၊ အိပ်ရာညောင်စောင်းပြု၍။ နိပဇ္ဇတိ၊အိပ်နိုင်၏။ အပသောန ဖလကံ၊နောက်မှီတံကဲကို။ ကတွာ၊ ပြု၍။အပဿတိ၊မှီ၍နေနိုင်၏။ အပရော၊တယောက်သောရဟန်းသည်။ကရောတိယထာ၊ပြုသကဲ့သို့။ဧဝံ၊ဤသို့။ကရောန္တော၊ပြုကုန်သော။ အနေကေသု၊များစွာကုန်သော။ ဘိက္ခုသတသဟဿေသုပိ၊ အသိန်းမကသောရဟန်းတို့၌လည်း။ ဧဝံ၊ဤအတူ။ ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ တေသဉ္စ၊အသိန်းမကသောရဟန်းတို့တွင်လည်း။ ဧကမေကဿ၊တယော်ယောက်သောရဟန်းအား။ တထေဝ၊ထို့အတူနေလအသီးအသီးတို့သည်သာလျှင်။ ဇာနုဿန္တိ၊ပြီးကုန်၏။ စန္ဒိမသူရိယာနမ္ပိ၊လနေတို့၏လည်း။ဂမနမ္ပိစ၊သွားလာခြင်းသည်၎င်း။ အာလောကကရဏမ္ပိစ၊အရောင်အလင်းကိုပြုခြင်းသည်၎င်း။ တထေဝ၊ထိုရှေးအတိုင်းသာလျှင်။ဟောတိ၊ဖြစ်၏။ ဟိ၊ဥပမာဖြင့်ထင်ရှားပြဦးအံ့။ ပါတိသဟဿေသု၊ရေခွက်အထောင်တို့၌။ ဥဒကံ၊ရေကို။ပူရေတွာ၊ ပြည့်စေ၍။ဌပိတေသု၊ထားအပ်ကုန်သည်ရှိသော်။ သဗ္ဗပါတိသု၊ခပ်သိမ်းသောရေခွက်တို့၌။စန္ဒမဏ္ဍလာနိ၊လဝန်းစသည်တို့သည်။ ဒိဿန္တိယထာစ၊ထင်မြင်ရကုန်သကဲ့သို့၎င်း။ စန္ဒဿ၊လ၏။ ဂမနဉ္စ၊သွားလာခြင်းသည်၎င်း။ အာလောကကရဏဉ္စ၊အရောင်အလင်းကို ပြုခြင်းသည်၎င်း။ ပါကတိကမေဝ၊ရှေးပကတိအတိုင်းသာလျှင်။ ဟောတိယထာစ၊ ဖြစ်သကဲ့သို့၎င်း။ဧတံပါဋိဟာရိယံ၊ထိုတန်းခိုးပြာဋိဟာသည်။ တထူပမံ၊ထိုနှင့်တူသောဥပမာရှိ၏။

ဤအရာ၌ဣဒ္ဓိအပြားကိုအဖွင့်ပြဦးအံ့။ ။ဒသဣဒ္ဓိယော၊ အဓိဋ္ဌာနာဣဒ္ဓိ၊ဝိကုဗ္ဗနာဣဒ္ဓိ၊မနောမယာဣဒ္ဓိ ဉာဏဝိပ္ဖာရာဣဒ္ဓိ၊ သမာဓိဝိပ္ဖာရာဣဒ္ဓိ၊အရိယာဣဒ္ဓိ၊ကမ္မဝိပါကဇာဣဒ္ဓိ။ပုညဝတောဣဒ္ဓိ၊ဝိဇ္ဇာမယာဣဒ္ဓိ၊ တတ္ထသမ္မာပယောဂပစ္စယာဣဒ္ဓိ။ ။ဟူ

သည်နှင့်အညီ။ တန်းခိုးဆယ်ပါးအပြားရှိ၏။ ။ထိုဆယ်ပါးတို့တွင် ပကတိကိုယ်ခန္ဓာကို အရာအထောင်အသိန်းမက ဖြစ်စိမ့်သောဌာနှလုံးသွင်း၍ ဘာဝနာဉာဏ်ဖြင့်ဓိဋ္ဌာန်ခြင်းကိုပြု၏။ ထိုအဓိဋ္ဌာန်အတိုင်းအရာအထောင်အသိန်းမကသော ကိုယ်၏ဖြစ်ခြင်းသည်။ အဓိဋ္ဌာနာဣဒ္ဓိ၊ အဓိဋ္ဌာန်၏အစွမ်းကြောင့်ဖြစ်သောတန်းခိုးမည်၏။

ထို့ကြောင့်မဇ္ဈိမနိကာယ်စသောအဋ္ဌကထာတို့၌။ ။တတ္ထ ပကတိယာဧကောဗဟုကံအာဝဇ္ဇတိ။ သတံဝါသဟဿံဝါအာဝဇ္ဇိတွာဉာဏေနအဓိဋ္ဌာတိ။ ဗဟုကောါဟောမီတိဧဝံဝိဘတ္တိတွာဒဿိတာဣဒ္ဓိအဓိဋ္ဌာနဝသေနနိပ္ဖန္နတ္တာအဓိဋ္ဌာနာဣဒ္ဓိနာမ။ ။ဟုမိန့်၏။

တတ္ထ၊ ထိုဆယ်ပါးသောတန်းခိုးတို့တွင်။ ပကတိယာ၊ ပြကတေ့အားဖြင့်။ ဧကော၊ တယောက် တည်းသော ရှာနလာဘီပုဂ္ဂိုလ်သည်။ သတံဝါသဟဿံဝါ၊ အရာအထောင်လည်းဖြစ်သော။ ဗဟုကံ၊ အများကို။ အာဝဇ္ဇတိ၊ ဆင်ခြင်၏။ အာဝဇ္ဇိတွာ၊ ဆင်ခြင်၍။ ဉာဏေန၊ ဉာဏ်ဖြင့်။ ဗဟုကော၊ အရာအထောင်မက များသည်။ ဟောမိ၊ ဖြစ်လို၏။ ဣတိ၊ သို့။ အဓိဋ္ဌာတိ၊ အဓိဋ္ဌာန်၏။ ဧဝံ၊ ဤသို့။ ဝိဘတ္တိတွာ၊ ဝေဘန်၍။ ဒဿိတာ၊ ပြအပ်သော။ ဣဒ္ဓိ၊ တန်းခိုးသည်။ အဓိဋ္ဌာနဝသေန၊ အဓိဋ္ဌာန်၏အစွမ်းဖြင့်။ နိပ္ဖန္နတ္တာ၊ ပြီးသည်၏အဖြစ်ကြောင့်။ အဓိဋ္ဌာနဣဒ္ဓိနာမ၊ အဓိဋ္ဌာနဣဒ္ဓိမည်၏။ ။

ပြကတေ့သော မိမိ၏အသွင်ကိုစွန့်၍ သူငယ်၏အသွင်၊ နဂါးဂဠုန်၏အသွင်၊ အသုရာ၏အသွင်၊ သိကြားနတ်၏အသွင်၊ တောင်သမုဒ္ဒရာ၏အသွင်၊ ခြင်္သေ့သစ်ကျား၏အသွင်၊ ဆင်မြင်းနွားခြသည်အသွင်ကိုရင်း၊ အထူးထူးသော စစ်အင်္ဂါအ. ပါင်း၏အသွင်ကိုရင်းဖြစ်အောင်ဓိဋ္ဌာန်၍ ဖြစ်. စခြင်းသည်။ ဝိကုဗ္ဗနာဣဒ္ဓိ၊ အထူးထူးဘောက်ပြန်သည်၏အစွမ်းဖြင့်ပြီးသော တန်းခိုးမည်၏။

ထို့ကြောင့်ရင်းအဋ္ဌကထာ၌ ။သါ ကတိဝဏ္ဏံဝိဇဟိတွာ

ကုမာရဝဏ္ဏံဝါ ဒဿေတိ။ နာဂဝဏ္ဏံဝါဒဿေတိ။ သုပဏ္ဏ ဝဏ္ဏံဝါဒဿေတိ။အသုရဝဏ္ဏံဝါဒဿေတိ။ဣန္ဒဝဏ္ဏံဝါဒဿေ တိ။ ဒေဝဝဏ္ဏံဝါဒဿေတိ။ ဗြဟ္မဝဏ္ဏံဝါဒဿေတိ။ သမုဒ္ဒ ဝဏ္ဏံဝါ ဒဿေတိ။ ပဗ္ဗတဝဏ္ဏံဝါ ဒဿေတိ။ သီဟဝဏ္ဏံဝါ ဒဿေတိ။ ဗျဂ္ဃဝဏ္ဏံဝါ ဒဿေတိ။ ဒီပိဝဏ္ဏံဝါ ဒဿေတိ။ ဟတ္ထိံပိဒဿေတိ။အဿံပိဒဿေတိ။ရထံပိဒဿေတိ။ပတ္တိံပိ ဒဿေတိ။ ဝိဝိဓံသေနာဗျူဟံဒဿေတီတိ ဧဝံအာဂတာဣဒ္ဓိ ပကတိဝဏ္ဏံ ဝိဇဟန ဝိကာရဝသေန ပဝတ္တာ ဝိကုဗ္ဗနာ ဣဒ္ဓိ နာမ။ ။ဟုမိန့်ပြီ။

ပကတိဝဏ္ဏံ၊ ပြကတေ့သောအသွင်အပြင်ကို။ ဝိဇဟိတွာ၊ စွန့်၍။ကုမာရဝဏ္ဏံဝါ၊သူငယ်၏အသွင်ကိုမူလည်း။ ဒဿေတိ၊ ပြ၏။နာဂဝဏ္ဏံဝါ၊နဂါး၏အသွင်ကိုမူလည်း။ ဒဿေတိ၊ ပြ၏။ သုပဏ္ဏဝဏ္ဏံဝါ၊ ဂဠုန်၏အသွင်ကိုမူလည်း။ ဒဿေတိ၊ ပြ၏။ အသုရဝဏ္ဏံဝါ၊ အသုရာ၏အသွင်ကိုမူလည်း။ ဒဿေတိ၊ပြ၏။ ဣန္ဒဝဏ္ဏံဝါ၊သိကြား၏အသွင်ကိုမူလည်း။ဒဿေတိ၊ပြ၏။ဒေဝ ဝဏ္ဏံဝါ၊နတ်၏အသွင်ကိုမူလည်း။ ဒဿေတိ၊ပြ၏။ ဗြဟ္မဝဏ္ဏံ ဝါ၊ဗြဟ္မာ၏အသွင်ကိုမူလည်း။ ဒဿေတိ၊ပြ၏။သမုဒ္ဒဝဏ္ဏံဝါ၊ သမုဒ္ဒရာ၏အသွင်ကိုမူလည်း။ ဒဿေတိ၊ ပြ၏။ပဗ္ဗတဝဏ္ဏံဝါ၊ တောင်၏အသွင်ကိုမူလည်း။ ဒဿေတိ၊ ပြ၏။ သီဟဝဏ္ဏံဝါ၊ ခြင်္သေ့၏အသွင်ကိုမူလည်း။ဒဿေတိ၊ပြ၏။ ဗျဂ္ဃဝဏ္ဏံဝါ၊ကျား ၏အသွင်ကိုမူလည်း။ဒဿေတိ၊ ပြ၏။ဒီပိဝဏ္ဏံဝါ၊ သစ်၏အသွင် ကိုမူလည်း။ ဒဿေတိ၊ပြ၏။ ဟတ္ထိံပိ၊ ဆင်ကိုလည်း။ ဒဿေ တိ၊ပြ၏။အဿံပိ၊မြင်းကိုလည်း။ဒဿေတိ၊ပြ၏။ရထံပိ၊ရထား ကိုလည်း။ ဒဿေတိ၊ ပြ၏။ ပတ္တိံပိ၊ ခြေသည်၏ အသွင်ကို လည်း။ ဒဿေတိ၊ ပြ၏။ ဝိဝိဓံ၊ အထူးထူးအပြားပြားများစွာ သော။သေနာဗျူဟံဝါ၊စစ်အင်္ဂါအပေါင်းကိုလည်း။ဒဿေတိ၊ ပြ၏။ဣတိဧဝံ၊ ဤသို့။ အာဂတာ၊လာသော။ သာဣဒ္ဓိ၊ထိုတန်ခိုး သည်။ပကတိဝဏ္ဏံ၊ပြကတေ့သောအသွင်ကို။ ဝိဇဟနဝိကာရ

ဝသေန၊ ဓွန့်၍ဘောက်ပြန်သည်၏ အစွမ်းဖြင့်။ ပဝတ္တာ၊ ဖြစ်
သော။ဝိကုဗ္ဗနာဣဒ္ဓိနာမ၊ဝိကုဗ္ဗနတန်းခိုးမည်၏။

တန်းခိုးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ဤကိုယ်၏ အတွင်း၌
စိတ်ဖြင့်ပြီးသောခပ်သိမ်းသော်အင်္ဂါကြီးငယ်တို့မှစ၍ မယုတ်
မလွန်ထပ်တူထပ်မျှ အကွဲအပြားမရှိသော ကိုယ်တပါးကိုပြီး
စေနိုင်ခြင်းသည်မနောမယာဣဒ္ဓိမည်၏။

ထို့ကြောင့်ရင်းအဋ္ဌကထာ၌။ ။ဣဒ္ဓိမာဘိက္ခု၊မမှာကာယာ
အညံကာယံအဘိနိမ္မိနာတိ။ မနောမယံ သဗ္ဗင်္ဂပစ္စင်္ဂ အဟီနိန္ဒြိ
ယန္တိဣမိနာနယေနအာဂတာဣဒ္ဓိသရီရဗ္ဘန္တရေအညဿေဝ
မနောမယဿနိဗ္ဗတ္တိဝသေနပဝတ္တတ္တာမနောမယာဣဒ္ဓိနာမ။ ။
ဟုမိန့်၏။

ဣဒ္ဓိမာ၊တန်းခိုးနှင့်ပြည့်စုံသော။ဘိက္ခု၊ ရဟန်းသည်။ဣမမှာ
ကာယာ၊ဤကိုယ်မှ။အညံ၊တပါးသော။သဗ္ဗင်္ဂပစ္စင်္ဂအဟီနိန္ဒြိယံ၊
အလုံးစုံသော အင်္ဂါကြီးငယ်တို့မှ မယုတ်သော။ မနောမယံ၊
စိတ်အလိုရှိတိုင်းပြီးသော။ ကာယံ၊ ကိုယ်ကို။ အဘိနိမ္မိနာတိ၊
ဘန်ဆင်း၏။ ဣတိဣမိနာနယေန၊ ဤသို့သော နည်းဖြင့်။ အာ
ဂတာ၊ လာသော။ ဣဒ္ဓိ၊ တန်းခိုးသည်။ သရီရဗ္ဘန္တရေ၊ကိုယ်
၏အတွင်း၌။မနောမယဿ စိတ်ဖြစ်တိုင်းပြီးသော။အညဿဝ၊
တပါးသောကိုယ်ကိုသာလျှင်။ နိဗ္ဗတ္တိဝသေန၊ ပြီးစေသည်၏
အစွမ်းဖြင့်။ပဝတ္တတ္တာ၊ဖြစ်သည်၏အဖြစ်ကြောင့်။ မနောမယာ
ဣဒ္ဓိနာမ၊ မနောမယာဣဒ္ဓိမည်၏။

မဂ်ဉာဏ် ဖြစ်သည်မှရှေးအဘို့၌ရင်း၊နောက်အဘို့၌ရင်း၊ထို
ခဏ၌ရင်း၊ ဉာဏ်၏အာနုဘော်ကြောင့်ဖြစ်သောအထူးသည်။
ဉာဏ ဝိပ္ဖါရာဣဒ္ဓိ၊ ဉာဏ်ပြန့်ခြင်းကြောင့် ဖြစ်သော တန်းခိုး
မည်၏။

ထို့ကြောင့်အဋ္ဌကထာ၌။ ။ဉာဏုပ္ပတ္တိတောပနပုဗ္ဗေဝါ
ပစ္ဆာဝါတံခဏေဝါဉာဏာနုဘာဝနိဗ္ဗတ္တောဝိသေသောဉာဏ
ဝိပ္ဖါရာဣဒ္ဓိ။ အာယသ္မတော ဗာကုလဿ ဉာဏ ဝိပ္ဖါရာဣဒ္ဓိ။

တထာ သံကိစ္စသာ တထာဘူတ ပါလသာ။ ။စသည်ဖြင့် မိန့်၏။

ဉာဏရုပ္ပတ္တိတော၊မဂ်ဉာဏ်ဖြစ်သည်မှ။ ပုဗ္ဗေဝ၊ ရှေး၌ရင်း ပန္တာဝါ၊ နေ့ာက်၌ရင်း။ တံခဏေဝ၊ ထိုမဂ်ဉာဏ် ခဏ၌ရင်း။ ဉာဏာနုဘာဝနိဗ္ဗတ္တော၊ဉာဏ်၏အာနုဘော်ကြောင့်ဖြစ်သော၊ ဝိသေသော၊ ဘေးအန္တရာယ်မရောက်နိုင်သော အထူးသည်။ ဉာဏ ဝိပ္ဖါရဣဒ္ဓိ၊ ဉာဏဝိပ္ဖါရ ဣဒ္ဓိမည်၏။ အာယသ္မတော ဗာကုလဿ၊ အရှင်ဗာကုလ မထေရ်အား။ ဉာဏဝိပ္ဖါရဣဒ္ဓိ၊ ဉာဏ်ပြန့်ခြင်းကြောင့်ဖြစ်သောတန်းခိုးသည်။ ဟောတိ၊ဖြစ်၏။ တထာ၊ထို့အတူ။သံကိစ္စဿ၊သံကိစ္စမထေရ်အားရင်း။တထာ၊ ထို့အတူ။ ဘူတပါလဿ၊ ဘူတပါလ သူငယ်အားရင်း။ ဉာဏ ဝိပ္ဖါရဣဒ္ဓိ၊ဉာဏဝိပ္ဖါရဣဒ္ဓိသည်။ဟောတိ၊ဖြစ်၏။

ပြဆိုန်သက်သေကား။ ။အရှင်ဗာကုလထေရ်၏အလောင်း ဖြစ်သောသူငယ်သည်ဘွား၍ငါးရက်လွန်သောအခါမင်္ဂလာ ပြုခြင်းအကျိုးငှါဂင်္ဂါမြစ်၌ ရေချိုးစေရာတွင် အထိန်းတို့လက် မှငါးကြီး ဟပ်မျို၍သွားသဖြင့် ထိုငါးလည်း ယူဇနာသုံးဆယ် ကွာသော ဗာရာဏသီပြည် ရေဆိပ်သို့သွား၍ တံငါသည်တို့ မိသဖြင့်သူဌေးကြီးမယားကို ရောင်းလေသော် သူဌေးမလည်း ချက်ခြင်း ဝမ်းကို ဘောက်ခွဲ စေရာတွင် ငါးကြီး၏ ဝမ်းဝယ် အန္တရာယ်မရှိဘဲပါလာသောရွှေအဆင်းနှင့်တူသောသူငယ်ကို မြင်၍။ ငါ့အားသားကောင်းရပြီဟု ဝမ်းမြောက်ဝမ်းသာ ယူ၍ မွေးမြူလေသတည်း။ ဤသို့ငါး၏ဝမ်းတွင်းသို့ ရောက်လျက်အ နာကင်းသောအဖြစ်သည် အရှင်ဗာကုလထေရ်အား ဤဘဝ၌ ရလတ္တံ့သောအရဟတ္တမဂ်ဉာဏ်၏ အာနုဘော်ကြောင့်ဖြစ်ရ ကား၊ဉာဏဝိပ္ဖါရဣဒ္ဓိမည်၏။ ။အရှင်သံကိစ္စ၏အလောင်း ဖြစ်သောသူငယ်သည်လည်း ဝမ်းမှမဘွားမြင်မီ မယ်တော်ကံ ကုန်၍အလောင်းကိုသုသာန်ထင်းစင်၌တင်၍မီးဖုတ်သောအခါ တံပူးဝါးနှင့် ထိုးရာတွင် သူငယ်၏မျက်ထောင့်ကို ထိုးမိ၍ ငို

ကြွေးလေသဖြင့်ထိုငိုကြွေးသံကိုကြားမှ၊ သူသာန်စောင့်တို့က အလောင်းကိုမီးတွင်းကဆယ်၍ သူငယ်ကိုယူပြီးလျှင် အဘွားမှအားအပ်၍မွေးစေရလေသတည်း။ ဤသို့မီးပုံတွင်းသို့ရောက်လျက် မသေနိုင်ခြင်းသည်လည်း ထိုဘဝ၌ရလတ္တံ့သော မဂ်ဉာဏ်၏အာနုဘော်ပင် ဖြစ်လေရကား၊ အရှင်သံကိစ္စမထေရ်အားဉာဏဝိပ္ဖါရာဣဒ္ဓိမည်၏။

သူဆင်းရဲလှည်းသမား၏သားဖြစ်သော ဘူတပါလသူငယ်သည်လည်း အဘသည်တောမှ လှည်းဖြင့် ထင်းတင်၍လာရာတွင်မြို့တံခါး၏အနီးသို့ရောက်သောကာလ နွားတို့သည်ထွက်ပြေးလေ၍ သူငယ်ကို လှည်းအောက်၌ထားခဲ့၍ နွားကိုလိုက်ရလေသော် မြို့တွင်းက မထွက်မီ တံခါးကို ပိတ်ထားသည်နှင့်ထွက်ခွင့်မရဘဲ၊ တညဥ့်ပတ်လုံးနေရလေ၏။ ဘီလူးသားရဲတို့၏သွားလာရာခရီးဖြစ်သော မြို့အပ၌ ညဥ့်သုံးယံပတ်လုံး သူငယ်ကို ပစ်ထားလျက် အန္တရာယ် မရှိခြင်း သည်လည်း ဤဘဝ၌ရလတ္တံ့သောမဂ်ဉာဏ်၏ အာနုဘော်ပင် ဖြစ်ရကား၊ ဉာဏဝိပ္ဖါရာဣဒ္ဓိမည်၏။

သမထလေးဆယ်တို့တွင် တပါးပါးကိုနှလုံးသွင်း၍။ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိနှစ်ပါးတို့တွင် တပါးပါးဖြစ်သည်မှရှေးအဘို့၌ရင်း။ နောက်အဘို့၌ရင်း။ ထိုခဏ၌ရင်းသမထအာနုဘော်ကြောင့်ဖြစ်သောအထူးသည်သမာဓိဝိပ္ဖါရာဣဒ္ဓိမည်၏။

ထို့ကြောင့်အဋ္ဌကထာ၌။ ။သမာဓိတောပုဗ္ဗေဝါပစ္ဆာဝါတံခဏေဝါ သမထာနုဘာဝေန နိဗ္ဗတ္တောဝိသေသောသမာဓိဝိပ္ဖါရာဣဒ္ဓိ။ အာယသ္မတောသာရိပုတ္တဿ သမာဓိဝိပ္ဖါရာဣဒ္ဓိ။ တထာခါဏု ကောဏ္ဍညဿ ဥတ္တရာယဥပါသိကာယ သာမာဝတိယာဥပါသိကာယ။ ။ဟုမိန့်ပြီ။

သမာဓိတော၊ ဥပစာရသမာဓိအပ္ပနာသမာဓိမှ။ ပုဗ္ဗေဝါ၊ ရှေးအဘို့၌ရင်း။ ပစ္ဆာဝါ၊ နောက်အဘို့၌ရင်း။ တံခဏေဝါ၊ ထိုခဏ၌ရင်း။ သမထာနုဘာဝေန၊ သမထ၏ အာနုဘော်ကြောင့်။

နိဗ္ဗတ္တော၊ ဖြစ်သော။ ဝိသေသော၊ အထူးသည်။ သမာဓိဝိပ္ဖါရာဣဒ္ဓိ၊သမာဓိ၏ပြန့်ခြင်းကြောင့်ဖြစ်သောတန်းခိုးမည်၏။ ။ အာယသ္မတောသာရိပုတ္တဿ၊ အရှင်သာရိပုတ္တရာမထေရ်အား၊ သမာဓိဝိပ္ဖါရာဣဒ္ဓိ၊သမာဓိ၏ပြန့်ခြင်းကြောင့်ဖြစ်သောတန်းခိုးသည်။ ဟောတိ၊ ဖြစ်၏။ တထာ၊ ထို့အတူ။ ခါဏုကောဏ္ဍညဿ၊ ခါဏုကောဏ္ဍည မထေရ်အားလည်း။ ဥတ္တရာယ ဥပါသိကာယ၊ ဥတ္တရာမည်သော ဥပါသိကာမအားလည်း။ သာမာဝတိယာဥပါသိကာယ၊ သာမာဝတီမည်သောဥပါသိကာမအားလည်း။ ဟောတိ၊ ဖြစ်၏။

သက်သေပြရန်ကား။ ။အရှင်သာရိပုတ္တရာမထေရ်သည် အရှင်မဟာမောဂ္ဂလာန်မထေရ်နှင့်တကွ၊ ကပေါတမည်သော ချောက်၌လွင်တီးခေါင်တွင်နေသောအခါ၊ မိစ္ဆာဒိဋ္ဌိဘီလူးတယော်သည်လှည့်ပတ်လာရာတွင် အရှင်သာရိပုတ္တရာကိုမြင်လျှင် ပုတ်ခတ်ချင်သောအမူအရာကိုပြုရကား။ အဘော်ဘီလူးတဦး ကတားမြစ်သော်လည်းမနေ။ ကြီးစွာသောလှံ့ဘုံဖြင့်ဦးခေါင်းတော်ကိုရိုက်ခတ်သောကာလ၊ မိုးကြိုးသံကဲ့သို့ပြင်းထန်သော အသံသည်ဖြစ်၏။ အရှင်မြတ်လည်းသမာပတ်ကိုဝင်စားခိုက်ဖြစ်၍ထိုသမာပတ်၏အာနုဘော်ကြောင့် တစိုးတစိမျှကျင်နာခြင်း မဖြစ်သည်ကား။ သမာဓိဝိပ္ဖါရကြောင့်ဖြစ်သော တန်းခိုးပင်တည်း။ ။အရှင်သဉ္စိစ္စမထေရ်သည်လည်းနိရောဓသမာပတ်ကိုဝင်စားခိုက်အခါများစွာသောနွားကျောင်းသားတို့သည် ရဟန်းသေကောင်မှတ်၍ထင်းအမှိုက်တို့ဖြင့်မီးတိုက်ကြလေကုန်သတည်း။ ထိုအရှင်မြတ်လည်းသမာပတ် အာနုဘော်ကြောင့် သင်္ကန်းတော်၌ချည်တမျှင်ကိုမျှမလောင်။ ပြကတေ့သာတည်တော်မူလေသတည်း။ ။ပုဏ္ဏသူဌေးသမီးဖြစ်သောဥတ္တရာဥပါသိကာမသည်ဆွမ်းချက်၍နေရာ၌ သိရိမာသည်ကျိုက်ကျိုက်ဆူသောထောပတ်ပူဖြင့်လောင်းသောအခါဥတ္တရာဒါယိကာမသည်မေတ္တာဘာဝနာသမာဓိဖြင့်သာနေလေရကား။ မွေးညှင်း

တပင်မျှမပူကြာတော၌ ကျသောရေပေါက်နှင့် အတူသာဖြစ်လေ၏။ ။သာမာဝတီမိဘုရားအားဉတေနမင်းသည်မြားဖြင့်ပစ်သတ်ခြင်းဌါလေးကိုတင်ပါသော်လည်းမတင်နိုင်။ပစ်လွှတ်ပါသော်လည်းအပါး၌သာမြားကျ၍နေ၏။ ဤသို့ဖြစ်ခြင်းအထူးတို့သည်။သမာဓိဝိပ္ဖါရဇ္ဇာဣဒ္ဓိ၊ သမာဓိနှံ့ ခြင်းကြောင့်ဖြစ်သောတန်းခိုးတို့သာတည်း။ ။စက်ဆုပ်ရွံရှာဘွယ်သောသူကောင်ပုပ် စသည်တို့၌လည်း မစက်ဆုပ်ခြင်း၊ တပ်နှစ်သက် ဘွယ်သော နတ်သွီးစသည်တို့၌ သော်လည်း မတပ်မက်၊ အလုံးစုံသောဇ္ဈာဓ္ဖာရုံအနိဋ္ဌာရုံတို့၌ တုန်လှုပ်ခြင်းမဖြစ်မူ၍လျှင်လျှုရှုနိုင်ခြင်းသည် စေတောဝသိပတ္တဖြစ်တော်မူသော ရဟန္တာ အရိယာတို့အားသာလျှင် ဖြစ်သော တန်းခိုးဖြစ်သောကြောင့် အရိယိဒ္ဓိမည်၏။

ဗျာန်အဘိညာဉ် သမာပတ်နှင့် ကင်းလျက် ငှက်တို့အားကောင်းကင်ခရီးဖြင့်သွားလာနိုင်ခြင်း၊ နတ်တို့အားကိုယ်ကိုဖင်းမိမာန်ကိုဖင်းကွယ်ဖှက်နိုင်ခြင်း၊ မြင်စေလိုမှထင်ရှားပြနိုင်ခြင်း၊ ကောင်းကင်၌သွားလာနိုင်ခြင်း၊ ကမ္ဘာဦး၌ဖြစ်သောအချို့သောလူတို့အားကောင်းကင်ခရီးဖြင့်သွားလာနိုင်ခြင်း၊ ဝိယက်ရမာတာမည်သောဘီလူးမ၊ ဥတ္တရမာတာမည်သောဘီလူးမ၊ဖုဿမိတ္တ၊ဓမ္မဂုတ္တ၊ စသောအချို့သောဝိနိပါတိကါမျိုးတို့အားကောင်းကင်၌ သွားနိုင်ခြင်း တို့သည်။ ကမ္မဝိပါ ကဇိဒ္ဓိ၊ ကံ၏အကျိုးကြောင့်ဖြစ်သော တန်းခိုးမည်၏။ ။တနည်းကမ္မဝိပါကဇိဒ္ဓိမည်သည်ကား။ ။နာဂါန်နာဂိဒ္ဓိ၊ သုပဏ္ဏာနံသုပဏ္ဏိဒ္ဓိ၊ယက္ခာနံယက္ခိဒ္ဓိ၊ ဒေဝါနံဒေဝိဒ္ဓိ၊ ရာဇူနံရာဇိဒ္ဓိစသည်ဖြင့်များသောအပြားရှိ၏။ ။နာဂါနံ၊ မြွေနဂါးတို့အား။ နာဂိဒ္ဓိ၊ နဂါးတို့၏တန်းခိုးသည်။အထူးရှိ၏။သုပဏ္ဏာနံ၊ ဂဠုန်တို့အား။သုပဏ္ဏိဒ္ဓိ၊ဂဠုန်တို့၏ဘန်းခိုးသည်။အထူးရှိ၏။ယက္ခာနံ၊ ဘီလူးတို့အား။ယက္ခိဒ္ဓိ၊ ဘီလူးတို့၏တန်းခိုးသည်။ အထူးရှိ၏၊ ဒေဝါနံ၊ နတ်တို့အား။ဒေဝိဒ္ဓိ၊

နတ်တို့၏တန်းခိုးသည်။အတ္ထိ၊ ရှိ၏။ ရာဇူနံ၊ မင်းတို့အား။ရာဇိဒ္ဓိ၊
မင်းတို့၏တန်းခိုးသည်။အတ္ထိ၊ ရှိ၏။

အဓိပ္ပါယ်ကား။ ။ဒိဋ္ဌဝိသဒဋ္ဌဝိသနဂါးမျိုးတို့၏ ကြည့်သဖြင့်ရင်း၊ထိပါးကိုက်ခဲသဖြင့်ရင်း၊သူတပါးတို့၏သေခြင်းကိုပြုရာ၌နဂါးတို့၏တန်းခိုးဖြစ်ရကား၊နာဂိဒ္ဓိမည်၏။ ။သမုဒ္ဒရာမှအလံနှစ်ရာသုံးရာမျှမကကြီးမားသော နဂါးတို့ကိုဆောင်ယူနိုင်ခြင်းသည်ကား။ ဂဠုန်တို့၏တန်းခိုးဖြစ်လေရကား၊ သုပဏ္ဏိဒ္ဓိမည်၏။ ။ဘီလူးတို့၏လာသည်ကိုလည်းမမြင်ရ။ ရိုက်နှက်ပုတ်ခတ်သည်ကိုလည်း မထင်မမြင်ရဘဲလျက်ထိုပုတ်ခတ်ရာအရပ်၌သာလျှင် သတ္တဝါတို့၏ သေကြေပျက်စီးရခြင်းသည်ကားဘီလူးတို့၏တန်းခိုးဖြစ်၍ယက္ခိဒ္ဓိမည်၏။ ။ဝေဿဝဏ္ဏနတ်မင်းကြီး၏ သောတာပန်မဖြစ်မီရှေးကာလ၌ မျက်စောင်းလက်နက်ဖြင့်ကြည့်အပ်သော အထောင်မကသောကုမ္ဘဏ်တို့၏ သေကြေပျက်စီးခြင်းသည်ရင်း။ ထိုမှတပါးသော နတ်တို့အားမိမိတို့၏တန်းခိုးအာနုဘော်ဖြင့်သေစေနိုင်ခြင်းသည်ရင်း၊ နတ်တို့အာနုဘော်ဖြစ်ရကား၊ ဒေဝိဒ္ဓိမည်၏။ ။ပါဠ်ပါဠိကိုလိုလျှင် သာရတ္ထသင်္ဂဟာအဋ္ဌကထာမှာယူလေ။ ။အထက်တယူဇနာအောက်တယူဇနာတိုင်တိုင်အာဏာတန်းခိုး၏ပျံ့နှံ့ခြင်းသည်အသောကမင်း၏ရာဇိဒ္ဓိဟူ၍မှတ်။

ထို့ကြောင့်။ ။အသောကဿဟေဋ္ဌာစဥပရိစယောဇနေအာဏာပဝတ္တနာဒီသုရာဇိဒ္ဓိဝေဒိတဗ္ဗာ။ ။ဟုအဋ္ဌကထာ၌မိန့်၏။

ဟေဋ္ဌာစ၊ အောက်၌ရင်း။ဥပရိစ၊ အထက်၌ရင်း။ယောဇနေ၊ တယူဇနာတိုင်တိုင်။အာဏာပဝတ္တနာဒီသု၊ အာဏာတန်းခိုးပျံ့နှံ့ခြင်းစသည်တို့၌။အသောကဿ၊ အသောကမင်း၏။ရာဇိဒ္ဓိ၊ မင်း၏တန်းခိုးအာဏာဖြစ်၍ရာဇိဒ္ဓိမည်၏။ ။စကြဝတေးမင်းသည် မိမိအရံပရိသတ်နှင့်တကွကောင်းကင်ဖြင့် သွားလာနိုင်ခြင်း၊ ဇောတိကသူဌေးအား မဟာပထဝီမှထွက်၍ ပတ္တမြား

ပြာသာဒ်ပနေသာခြောက်ဆဲ့လေးပင်တို့ပေါက်ရခြင်း၊ ဇဝိုလ သူဌေးအားအတောင်ရှစ်ဆယ်မြင့်သော၊ရွှေတောင်ကြီးပေါက် ခြင်း၊ ဃောသိတသူဌေးအားရနစ်ဌာနတို့၌သေစေခြင်းဌာလို့ လပြုသော်လည်း အန္တရာယ်မရှိနိုင်ခြင်း၊ မေဏ္ဍကသူဌေးအား မင်းပေါယ်တပါယ်ခန့်ပမာဏရှိသောအရပ်၌ ရွှေဆိတ်ရုပ်ပဒေ သာပင်တို့ပေါက်ရခြင်း၊ ကောင်းကင်ကိုမျှော်၍ခေါ်တပြေးက။ သလေးစပါး မိုးယိုရွာရခြင်းတို့သည် ရှေးကုသိုလ်ကောင်းမှု ကြောင့်ပြီးသော တန်းခိုးဖြစ်လေရကား၊ ပုညဝတောဇ္ဈဣဒ္ဓိမည် ၏။

ထို့ကြောင့်အဋ္ဌကထာ၌။ ။စက္ကဝတ္တိအာဒိန်ဝေဟာသဂ မနာဒိကာပနပုညဝတေါဇ္ဈဣဒ္ဓိနာမ။ဇောတိကသဂဟပ္ပတိဿ ပဿဝိဘိန္ဒိတွာ မဏိပါသာဒေါဥဋ္ဌဟိ။ စတုသဋ္ဌိစကပ္ပရုက္ခာနို အယံသော ပုညဝတောဇ္ဈဣဒ္ဓိနာမ။ ဇဝိုလဂဟပတိကဿအသိ ဘိဟာသွောသုဝဏ္ဏပဗ္ဗတောနိုဗ္ဗတ္တိ။ဃောသိတဿသတ္တသုဌာ နေသုမရဏာတ္ထား သဥပက္ကမေကတေပိ။အာရောဂတာဝေါပုည ဝတော ဇ္ဈဣဒ္ဓိနာမ၊ မေဏ္ဍကဿ ဧကကရိ သမတ္တေ ပဒေသေ သတ္တရတနမယာနံမေဏ္ဍကာနံပါတုဘာဝေါပုညဝတော ဇ္ဈဣဒ္ဓိ နာမ၊ ။ဟုမိန့်၏။

စက္ကဝတ္တိအာဒိန်၊စကြဝတေးမင်းစသည်တို့အား။ ဝေဟာ သဂမနာဒိကာပန၊ ကောင်းကင်ခရီးဖြင့် သွားနိုင်ခြင်းစသော တန်းခိုးသည်ကား။ ပုညဝတောဇ္ဈဣဒ္ဓိနာမ၊ ပုညဝတောဇ္ဈဣဒ္ဓိမည် ၏။ ။ဇောတိကဿဂဟပ္ပတိဿ၊ဇောတိကသူဌေးကြီးအား။ ပဿဝိ၊မဟာပထဝိမြေကြီးကို။ဘိန္ဒိတွာ၊ဘောက်ခွဲ၍။ မဏိပါ သာဒေါ၊ပတ္တမြားပြာသာဒ်သည်။ဥဋ္ဌဟိ၊ ပေါ်ပေါက်၏။စတုသ ဋ္ဌိစကပ္ပရုက္ခာနို၊ ခြောက်ဆဲ့လေးပင်သောပနေသာပင်တို့သည် လည်း။ဥဋ္ဌဟိံသု၊ ပေါ်ပေါက်ရကုန်၏။အယံ၊ ဤသို့ပေါ်ပေါက် ရခြင်းသည်။အဿ၊ထိုဇောတိကသူဌေး၏။ပုညဝတောဇ္ဈဣဒ္ဓိနာ မ ရှေးကောင်းမှုကြောင့်ပြီးသောတန်းခိုးမည်၏။ ။ဇဝိုလဂဟ

ပတိကာသာ၊ ဇဋိလသူဌေးကြီးအား။အသီတိဟတ္ထော၊အတောင်ရှစ်ဆယ်ရှိသော။သုဝဏ္ဏပဗ္ဗတော၊ ရွှေတောင်သည်။နိဗ္ဗတ္တိ၊ဖြစ်ရခြင်းသည်။ပုညဝတောဣဒ္ဓိနာမ၊ပုညဝတောဣဒ္ဓိမည်၏။ ။ဃောသိတဿ၊ ဃောသိတသူဌေးကြီးအား။သတ္တသုဌာနေသု၊ခုနစ်ပါးသောအရာတို့၌။မရဏတ္ထာယ၊ သေစေခြင်းငှါ။ ဥပက္ကမေ၊လုံ့လအားထုတ်ခြင်းကို။ကတေပိ၊ပြုသော်လည်း။ အရောဂဘာဝေါ၊ ဘေးအန္တရာယ်မရှိခြင်းသည်။ပုညဝတောဣဒ္ဓိနာမ၊ပုညဝတောဣဒ္ဓိမည်၏။ ။မေဏ္ဍကဿ၊မေဏ္ဍကသူဌေးကြီးအား။ဧကကရိသမတ္တေ၊ တပါယ်မျှအတိုင်းအရှည်ရှိသော။ပဒေသေ၊ အရပ်၌။ သတ္တရတနမယာနံ၊ ရတနာခုနစ်ပါးဖြင့်ပြီးကုန်သော။မေဏ္ဍကာနံ၊ ဆိတ်ရုပ်ပဒေသာပင်တို့၏။ ပါတုဘာဝေါ၊ထင်ရှားဖြစ်ရခြင်းသည်ကား။ပုညဝတောဣဒ္ဓိနာမ၊ မေဏ္ဍကသူဌေး၏ပုညဝတောဣဒ္ဓိမည်၏။

ကြီးမားသော ကောင်းမှုရှိသော သူကား ငါး ယောက်တို့တည်း။ ။အဘယ်ငါးယောက်တို့နည်းဟူမူကား။ ။မေဏ္ဍကသူဌေးကြီးလည်းတယောက်။ စန္ဒပဒုမမည်သော်သူဌေးကတော်ကြီးလည်း တယောက်။ သားဖြစ်သော ဓနဥ္စယ သူဌေးလည်းတယောက်။သုမနဒေဝီမည်သော ချွေးမတော်လည်းတယောက်။ ပုဏ္ဏမည်သောကျွန်လည်းတယောက်။ ထိုငါးယောံသောမဟာပုညဖြစ်သူတို့အား ရှေးကောင်းမှုကြောင့်ပြီးသောတန်းခိုးနှင့်ပြည့်စုံသည်သာတည်း။ ။အဘယ်သို့ပြည့်စုံကြသနည်းဟူသော်မေဏ္ဍကသူဌေးကြီးသည် ဦးခေါင်းဆေးချော်ပြီးသော်ကောင်းကင်သို့မျှော်လျက်တောင့်တက။ အလိုရှိတိုင်းတောင့်တတိုင်းသောသလေးစပါးမိုးဃ်းတို့ကိုရွာစေနိုင်လေရကားသူဌေးကြီး၏ ရှေးကောင်းမှုကြောင့်ပြီးသော တန်းခိုးမည်၏။ ။စန္ဒပဒုမဒေဝီမည်သောသူဌေးကတော်ကြီးသည်တကွမ်းစားသောထမင်းကိုယူ၍ဇမ္ဗူဒိပ်ကျွန်းအလုံး၌ရှိသော်သူတို့အားကျွေးမွေး၍ မကုန်နိုင်ခြင်းဖြစ်ရသည်ကား။ သူဌေးကတော်၏

ရှေးကောင်းမှုကြောင့်ပြီးသောတန်းခိုးမည်၏။ ။သားဖြစ်သူဓနဉ္စယသူဌေးသည်လည်း တထောင်မျှလောက်သောအသပြာငွေကိုယူ၍ဇမ္ဗူဒိပ်ကျွန်းအလုံး၌ရှိသောသူတို့အားပွန့်ကြဲပေးကမ်း၍မကုန်နိုင် ဖြစ်ရသည်ကား။ ဓနဉ္စယသူဌေး၏ ရှေးကောင်းမှုကြောင့်ပြီးသောတန်းခိုးမည်၏။ ။ချွေးမဖြစ်သောသုမနဒေဝီသည်လည်းတကဍုမ္ဗမျှပမာဏရှိသောကောက်စပါးတို့ကိုယူ၍ဇမ္ဗူဒိပ်တကျွန်းလုံး၌ရှိသော သူတို့အားဝေခြမ်း၍ မကုန်နိုင်ဖြစ်ရသည်ကား။ ထိုချွေးမသုမနဒေဝီ၏ရှေးကောင်းမှုကြောင့်ပြီးသောတန်းခိုးမည်၏။ ။ပုဏ္ဏမည်သော ကျွန်သည်လည်း တချောင်းသောထွန်သွားဖြင့် လယ်ယာသို့သက်၍ထွန်သည်ရှိသော် တဘက်လျှင် ခုနစ်ကြောင်း ခုနစ်ကြောင်း ဖြစ်၍ ထွန်ကြောင်းရေတဆဲ့လေးကြောင်းရာ ဖြစ်ရသည်ကား။ ထို ကျွန်ပုဏ္ဏ၏ ရှေးကောင်းမှုကြောင့်ပြီးသော ပုညဝတော ဣဒ္ဓိမည်၏။ ။ပါဠိပါဌ်ကိုလိုလျှင်သာရတ္ထသင်္ဂဟာအဋ္ဌကထာမှာယူလေ။

ဝိဇ္ဇာဓိုရ်တို့သည်မန္တန်ကိုရပ်၍၎င်း၊ ဆေးပယောဂတို့ဖြင့်၎င်း၊ ကောင်းကင်သို့သွားနိုင်ခြင်း၊ မြေအပြင်၌ဝေးစွာသောခရီးကိုတခဏခြင်းရောက်နိုင်ခြင်း၊ ဆင်မြင်းဗိုလ်ပါထင်စေနိုင်ခြင်း သူသေကောင်ကိုထစေနိုင်ခြင်းစသောအရာတို့သည် အတတ်ဖြင့်ပြီးသောတန်းခိုးဖြစ်ရကား၊ ဝိဇ္ဇာမယ ဣဒ္ဓိမည်၏။ ။အမှတ်မရှိသောဆင်စီးမြင်းစီးအတတ်၊ သက်ကြည့်ဗေဒင်အတတ်၊ ဗေဒင်သုံးပုံတို့ကိုသင်ခြင်း၊ ပိဋကတ်သုံးပုံတို့ကိုသင်ခြင်း၊ အယုတ်အားဖြင့်လယ်ထွန်ခြင်း၊ မျိုးကြဲခြင်းကိုအစပြုလျက် ထိုထိုအမှုကိုပြု၍ပြီးပြည့်စုံသောအထူးသည်ကား။ တတ္ထ တတ္ထ သမ္မာပယောဂပစ္စယာ ဣဇ္ဈနဋ္ဌေန ဣဒ္ဓိမည်၏။ ဤကားဣဒ္ဓိဆယ်ပါးပြီး၏။ ဈာနဝိသယအစိန္တေယျပြီး၏။

လောကဝိသယ၏ဆန်းကြယ်ခြင်းဟူသည်ကား။ ။နေလနက္ခတ်စသည်တို့ကို အဘယ်သူ ပြုလေသနည်းဟူ၍၎င်း။ နှစ်

သိန်းလေးလီအထုရှိသောဤမဟာပထဝီမြေကြီးကိုအဘယ်သူ ပြုပြင်လေသနည်းဟူ၍၎င်း။ရှစ်ပါးသောအစ္ဆရိယအဗ္ဘုတဂုဏ် နှင့်ပြည့်စုံသော ဤမဟာသမုဒ္ဒရာကိုအဘယ်သူ ပြုပြင်လေသ နည်းဟူ၍၎င်း၊ အနောတတ္တစသောအိုင်ကြီးတို့ကိုအဘယ်သူ စီမံပြုပြင်လေသနည်းဟူ၍၎င်း။ ဩကာသလောကကိုလည်းမ ကြံအပ်။ ။ဆင်မြင်းကျွဲနွားမှစ၍ခပ်သိမ်းသောသတ္တဝါအပေါင်း ကို အဘယ်သူပြုပြင်စီမံ၍ ဖြစ်စေအပ်လေသနည်းဟူ၍ သတ္တ လောကကိုလည်းမကြံအပ်။ ။သရက်ပိန္နဲထန်းအုန်းစသောသစ် ပင်တို့ကိုအဘယ်သူဖြစ်စေအပ်သနည်းဟူ၍။အနုပါဒိဏ္ဏသင်္ခါ ရလောကကိုလည်းမကြံအပ်။ ။အစိန္တေယျဟုမှတ်အပ်၏။

ထို့ကြောင့်၎င်းအင်္ဂုတ္တိုရ်အဋ္ဌကထာ၌။ ။ကေနနုခေါစန္ဒိမ သူရိယာကတာ။ကေနမဟာပထဝီ၊ကေနသမုဒ္ဒေါစသည်ဖြင့် ၎င်း။ကေနသတ္တာဥပ္ပါဒိတာ၊စသည်ဖြင့်၎င်း။ ကေနအမ္ဗတာလ ဝေဠုနာဠိကေရာဒယောတိလောကစိန္တာနစိန္တေတဗ္ဗာ၊စသည် ဖြင့်မိန့်၏။ ။ကေန၊အဘယ်သူသည်။စန္ဒိမသူရိယာ၊လနေ့တို့ ကို။ကတာနုခေါ၊ပြုစီရင်လေသနည်း။ကေန၊အဘယ်သူသည်။ မဟာပထဝီ၊ နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီ မြေကြီးကို။ ကတာနုခေါ၊ ပြုပြင်စီရင်လေသနည်း။ ကေန၊အ ဘယ်သူသည်။သမုဒ္ဒေါ၊ ရှစ်သောင်းလေးထောင်အနက်ဆောင် သောမဟာသမုဒ္ဒရာကို။ကတောနုခေါ၊ပြုပြင်စီရင်လေသနည်း။ ကေန၊အဘယ်သူသည်။သတ္တာ၊သတ္တဝါတို့ကို။ဥပ္ပါဒိတာ၊ ဖြစ် စေအပ်ကုန်သနည်း။ကေန၊အဘယ်သူသည်။အမ္ဗတာလဝေဠု နာဠိကေရာဒယော၊ သရက်ပင်ထန်းပင်ဝါးပင် အုန်းပင်စသည် တို့ကို။ဥပ္ပါဒိတာ၊ဖြစ်စေအပ်ကုန်သနည်း။ဣတိဧဝံ၊ဤသို့။လော ကစိန္တာ၊သတ္တသင်္ခါရဩကာသဟုဆိုအပ်သောလောက၏ဆန်း ကြယ်ခြင်းတို့ကို။နစိန္တေတဗ္ဗာ၊မကြံအပ်ကုန်။ ။ကြံသော်လည်း ပင်ပန်းရုံမျှသာဖြစ်ရာသည်။ ။လူသာမန်ကိုမဆိုထားဘိ။ပစ္စေ ကဗုဒ္ဓါ၊အဂ္ဂသာဝကတို့သည်လည်း အနုပါဒိဏ္ဏသင်္ခါရလော

ကဏ်၏အထူးကိုတစိတ်တဒေသမျှသာသိနိုင်သည်။အကြွင်းမဲ့အကုန်အစင်သိမြင်ခြင်း၌ မစွမ်းနိုင်ကုန်။ သဗ္ဗညုမြတ်စွာဘုရားသာလျှင်ဥပါဒိဏ္ဏအနုပါဒိဏ္ဏသင်္ခါရလောကကိုနိပ္ပဒေသအားဖြင့်သိမြင်တော်မူနိုင်သည်။

ထို့ကြောင့်အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ၊ဥဒါနပါဠိဘင်းအဋ္ဌကထာတို့၌။ ။ပစ္စေကဗုဒ္ဓါဝေဝဒွေအဂ္ဂသာဝကာစအနုပါဒိဏ္ဏသင်္ခါရလောကဿ နာနတ္တံဧကဒေသတောဝဇာနန္တိ။ နိပ္ပဒေသတော၊ သဗ္ဗညုဗုဒ္ဓါယေဝနိပ္ပဒေသတောဇာနာတိ၊ ကထံ ဣမာယနာမခါတုယာ ဥဿန္နာယဣမဿကာဋ္ဌကော၊ ဣမဿမဇ္ဈော ဣမဿ ဗဟာလတ္တစော၊ ဣမဿ တနုတ္တစော ဟောတိ ဣမာယနာမခါတုယာ ဥဿန္နာယဣမဿ ရုက္ခဿ ပတ္တဝဏ္ဏသဏ္ဌာနာဒိဝသေန ဝေမတ္တံဟောတိ။ ဣမာယနာမခါတုယာ၊ ဥဿန္နာယ ဣမဿရုက္ခဿပုပ္ဖံနီလံဟောတိ ပီတကံ လောဟိတကံဩဒါတံသုဂန္ဓံဒုဂန္ဓံဟောတိ။ ။စသည်ဖြင့်မိန့်၏။

ပစ္စေကဗုဒ္ဓါစေဝ၊ ပစ္စေကဗုဒ္ဓါသည်၎င်း။ ဒွေအဂ္ဂသာဝကာစ၊ နှစ်ပါးသောအဂ္ဂသာဝကတို့သည်၎င်း။အနုပါဒိဏ္ဏသင်္ခါရလောကဿ၊အနုပါဒိဏ္ဏဖြစ်သောသင်္ခါရလောက၏။နာနတ္တံ၊ အထူးကို။ဧကဒေသတောဝ၊တစိတ်တဒေသအားဖြင့်သာလျှင်။ဇာနန္တိ၊သိကုန်၏။နိပ္ပဒေသတော၊အကြွင်းမရှိသောအားဖြင့်။နဇာနန္တိ၊ မသိနိုင်ကုန်။ သဗ္ဗညုဗုဒ္ဓါယေဝ၊ သဗ္ဗညုဘုရားရှင်သည်သာလျှင်။နိပ္ပဒေသတော၊ အကြွင်းမရှိသောအားဖြင့်။ဇာနာတိ၊သိတော်မူ၏။ကထံဇာနာတိ၊ အသို့သိတော်မူသနည်းဟူမူကား။ဣမာယနာမခါတုယာ၊ဤမည်သောဓာတ်၏။ ဥဿန္နာယ၊ များခြင်းလွန်ခြင်းကြောင့်။ ဣမဿရုက္ခဿ၊ ဤမည်သောသစ်ပင်၏။ ကာဋ္ဌကော၊မည်းသည်။ ဟောတိ၊ဖြစ်၏။ ဣမဿရုက္ခဿ၊ဤမည်သောသစ်ပင်၏၊မဇ္ဈော၊ချောမောပြေပြစ်သည်။ ဟောတိ၊ ၏။ ဣမဿရုက္ခဿ၊ ဤမည်သောသစ်ပင်၏။ ဗဟာလတ္တစော၊ထူသောအခေါက်ရှိသည်။ဟောတိ၊၏။ဣမာယနာမ

ဓါတုယာ၊ ဤမည်သောဓာတ်၏။ ဥဿန္နာယ၊ လွန်ခြင်းကြောင့်။ ဒုမဿရုက္ခဿ၊ ဤမည်သောသစ်ပင်၏။ တနုတ္တစော၊ ပါးသောအခေါက်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒုမာယနာမဓာတုယာ၊ ဤမည်သော ဓာတ်၏။ ဥဿန္နာယ၊ လွန်ခြင်းကြောင့်။ ဒုမဿရုက္ခဿ၊ ဤသစ်ပင်၏။ ပတ္တဝဏ္ဏသဏ္ဌာနာဒိဝသေန၊ အရွက်အဆင်းသဏ္ဌာန်စသည်တို့၏အစွမ်းဖြင့်။ ဝေရူပံ၊ ဤသို့သဘောရှိသည်။ ဟောတိ၊ ၏။ ဒုမာယနာမဓါတုယာ၊ ဓာတ်၏။ ဥဿန္နာယ၊ လွန်ခြင်းကြောင့်။ ဒုမဿရုက္ခဿ၊ ဤသစ်ပင်၏။ ပုပ္ဖံ၊ အပွင့်သည်။ နီလံ၊ စိမ်းညို့သောအဆင်းရှိသည်။ ဟောတိ၊ ၏။ ဒုမာယနာမဓာတုယာ၊ ဤမည်သော ဓာတ်၏။ ဥဿန္နာယ၊ လွန်ခြင်းကြောင့်။ ဒုမဿရုက္ခဿ၊ ၏။ ပုပ္ဖံ၊ အပွင့်သည်။ ပီတကံ၊ ရွှေသောအဆင်းရှိသည်။ လောဟိတကံ၊ နီသောအဆင်းရှိသည်။ ဩဒါတံ၊ ဖြူသောအဆင်းရှိသည်။ သုဂန္ဓံ၊ ကောင်းသောအနံ့ရှိသည်။ ဒုဂန္ဓံ၊ မကောင်းသောအနံ့ရှိသည်။ ဟောတိ၊ ၏။ ။ဒုမာယနာမဓာတုယာ၊ ဤမည်သောဓာတ်၏။ ဥဿန္နာယ၊ လွန်ခြင်းကြောင့်။ ဒုမဿရုက္ခဿ၊ ဤသစ်ပင်၏။ ဖလံ၊ အသီးသည်။ ခုဒ္ဒကံ၊ ငယ်သည်။ ဟောတိ၊ ၏။ ဒုမာယနာမဓာတုယာ၊ ဤမည်သောဓာတ်၏။ ဥဿန္နာယ၊ လွန်ခြင်းကြောင့်။ ဒုမဿရုက္ခဿ၊ ဤသစ်ပင်၏။ ဖလံ၊ အသီးသည်။ မဟန္တံ၊ ကြီးသည်။ ဒီဃံ၊ ရှည်သည်။ ရဿံ၊ တိုသည်။ ဝဋ္ဋံ၊ လုံးသည်။ သုသဏ္ဌာနံ၊ ကောင်းသောသဏ္ဌာန်ရှိသည်။ မဋ္ဌံ၊ ချောမောသည်။ ဖရုသံ၊ ကြမ်းသည်။ သုဂန္ဓံ၊ ကောင်းသောအနံ့ရှိသည်။ ဒုဂန္ဓံ၊ မကောင်းသောအနံ့ရှိသည်။ မဓုရံ၊ ချိုသောအရသာရှိသည်။ တိတ္တကံ၊ ခါးသောအရသာရှိသည်။ အမ္ဗိလံ၊ ချဉ်သောအရသာရှိသည်။ ကဋုကံ၊ စပ်သောအရသာရှိသည်။ ကသာဝံ၊ ဖန်သောအရသာရှိသည်။ ဟောတိ၊ ၏။ ဒုမာယနာမဓာတုယာ၊ ဤမည်သောဓာတ်၏။ ဥဿန္နာယ၊ လွန်ခြင်းကြောင့်။ ဒုမဿရုက္ခဿ၊ ဤသစ်ပင်၏။ ကဏ္ဍကော၊ ဆူးသည်။ တိခိဏော၊ ထက်သည်။ ဟောတိ၊ ၏။ ဒုမာယနာ

ဓါတုယာ၊ဤမည်သောဓာတ်၏။ဥဿန္နာယ၊လွန်ခြင်းကြောင့်။ ဈမသာရုက္ခဿ၊ ဤသစ်ပင်၏။ ကဏ္ဍကော၊ ဆူးသည်။ ဥဇုကော၊ ဖြောင့်သည်။ကုဋိလော၊ ကောက်သည်။ ကာဠော၊ မည်းသည်။ နီလော၊ညိုသည်။ ဩဒါတော၊ ဖြူသည်။ ဟောတိ၊ ဖြစ်၏။ ဈတိဧဝံ၊ ဤသို့။ အနုပါဒိန္နသင်္ခါရလောကဿ၊ အနုပါဒိန္နဖြစ်သောသင်္ခါရလောက၏။နာနတ္တပစ္စာနန့်၊အထူးထူးအပြားပြားကိုသိခြင်းသည်။ သဗ္ဗညုဗုဒ္ဓါနံ၊ သဗ္ဗညုဘုရားရှင်တို့အားသာလျှင်။ ဟောတိ၊ ဖြစ်၏။ အညေသံ၊ ဘုရားမှတပါးပစ္စေကဗုဒ္ဓါသာဝကစသောသူတို့အား။ နုး၊အနုပါဒိန္န သင်္ခါရလောက၏အထူးကို မသိနိုင်ကုန်။ ။ဤသို့လျှင် လောက ဝိသယသည် မြတ်စွာဘုရားတို့၏အရာသာဖြစ်လေရကား၊ မကြံအပ်မကြံရာသောအစိန္တေယျတပါးဟူ၍မှတ်။

ကမ္မဝိပါကအစိန္တေယျဟူသောကား။ ။ဒိဋ္ဌဓမ္မဝေဒနီယစသော ကုသိုလ်ကံအကုသိုလ်ကံနှစ်ပါးတို့၏ အကျိုးပေးသောအခြင်းအရာအထူး ကိုလည်း၊ ဘုရား၏အရာသာဖြစ်၍ မကြံရာသောအစိန္တေယျတပါးဟူ၍မှတ်။

ထို့ကြောင့်ရင်းအဋ္ဌကထာ၌။ ။ကမ္မဝိပါကောတိ ဒိဋ္ဌဓမ္မဝေဒနီယာဒီနံကမ္မာနံဝိပါကော။တတ္ထကုသလာကုသလကမ္မေသု ဧကေကမ္မံ၊ပဗ္ဗြဟိတသတ္တေသု ကေစိ မနုဿေသု ဥပ္ပဇ္ဇန္တိ။ ကေစိစတုမဟာရာဇိကာဒိတသ္မိံတသ္မိံဌာနေဥပ္ပဇ္ဇန္တိ။ တတ္ထတတ္ထပိတေနေဝ ကမ္မုနာ နိဗ္ဗတ္တာ သတ္တေသု- ဧကေ ဒုဗ္ဗဏ္ဏာဟောန္တိ။ ဧကေသုဝဏ္ဏာ၊ ဧကေရဿာ၊ ဧကေဒီဃာ၊ ဧကေအပ္ပေသက္ခာ၊ ဧကေမဟေသက္ခာ ဟောန္တိ။ ဣတိတေအနေကသဘာဝတိန္နာပိဟောန္တိ။ အကုသလကမ္မေပိ ဧသေဝနယော။ ဧဝံကမ္မဝိပါကောပိအစိန္တေယျော။ ။ဟူ၍မိန့်၏။

အလုံးစုံသောရွာသားတို့သည် တကောင်းသောဆိတ်ဝက်စသောသတ္တဝါတို့ကိုဇီဝိတ်ခြွေမှချကြကုန်သည်ရှိသော်အလုံးစုံသောသူတို့၏ပါဏာတိပါတဝဓကစေတနာသည် သူတပါး

၏ဇီဝိတိန္ဒြေကို အာရုံပြုကုန်၏။ ထိုအလုံးစုံသော ရွာသားတို့တွင်အချို့သောသူသည် ထိုပါဏာတိပါတ ကံကြောင့်ပင်လျှင်ငရဲ၌ဖြစ်ရ၏။ အချို့သောသူသည်လည်း ထိုကံကြောင့်ပင်လျှင်တိရစ္ဆာန်ဘုံ၌ဖြစ်ရ၏။အချို့သောသူသည်လည်းထိုကံကြောင့်ပင်လျှင်ပြိတ္တာဘုံ၌ဖြစ်ရလေ၏။ ။ငရဲဘုံ၌ဖြစ်သောသတ္တဝါတို့တွင်လည်း အချို့သောသူသည်ငရဲကြီးရှစ်ထပ်၌ဖြစ်ရ၏၊ အချို့သောသူသည် ဥဿဒရက်ငရဲငယ်၌ဖြစ်ကြရ၏။ တိရစ္ဆာန်ဘုံ၌ဖြစ်သောသတ္တဝါတို့တွင်လည်း အချို့သောသူသည်အခြေမရှိသောသတ္တဝါ၊အခြေနှစ်ချောင်း၊အခြေလေးချောင်း၊များသောအခြေရှိသော သတ္တဝါ ဖြစ်ကြရကုန်၏။ ပြိတ္တာဘုံ၌ ဖြစ်သောသတ္တဝါတို့တွင်လည်း အချို့ကား နိဇ္ဈာမတဏှိကပြိတ္တာ၊ အချို့ကားခုပ္ပိပါသိကပြိတ္တာ၊ အချို့ကား ပရဒတ္တူပဇီဝိကပြိတ္တာမျိုး၌ဖြစ်ကြရကုန်၏။ ထိုအလုံးစုံကိုလည်းထိုကံကိုအားထုတ်သော ခဏကပင်ဤသူဤသူတို့သည် ဤဘုံဤဘဝ၌ဤသို့သောအခြင်းအရာဖြင့်ဖြစ်ကြရလတ္တံ့ဟု၊ အကြွင်းမရှိ မြတ်စွာဘုရားသာသိမြင်တော်မူသည်။

အလုံးစုံသောရွာသားတို့သည်တပေါင်းတည်းသံဃဒါနပြုကြကုန်သည်ရှိသော် အလုံးစုံသောသူတို့၏ဒါနစေတနာသည်ဆွမ်းလျှင်အာရုံရှိကြကုန်၏။သံဃဒါနကိုအားထုတ်သောထိုအလုံးစုံသောရွာသားတို့တွင် အချို့သော သူတို့သည် နတ်ပြည်၌ဖြစ်ကြကုန်၏။ အချို့ကား လူ့ဘုံ၌ဖြစ်ကြကုန်၏။ ထိုနတ်ပြည်၌ဖြစ်သောသတ္တဝါတို့တွင်လည်း အချို့သောသူတို့သည် ပရနိမ္မိတဝသဝတ္တိဘုံ၌ ဖြစ်ရကုန်၏။ အချို့ကား နိမ္မာနရတိဘုံ၌ဖြစ်ရကုန်၏။ အချို့အချို့သောသူတို့ကား တုသိတာဘုံ၊ ယာမာဘုံ၊တာဝတိံသာဘုံ၊ စတုမဟာရာဇ်ဘုံတို့၌ အသီးအသီး ဖြစ်ကြကုန်၏။ အချို့ကားဘုမ္မစိုးနတ်တို့၌ဖြစ်ကြကုန်၏။ ထိုထိုဘုံတို့၌အချို့ကားနတ်မင်းဖြစ်ရာ၏။ အချို့အချို့ကားထိုနတ်မင်း၏ဒုတိယ၊တတိယဌာနန္တရ၌ဖြစ်ကြရကုန်၏။ အချို့ကား ထိုနတ်မင်း

တို့၏အလုပ်အကျွေး၌ဖြစ်ရလေ၏။ ။လူ့ဘုံ၌လည်းအချိုအချို
သောသူတို့သည် ခတ္တိယမျိုး၊ ဗြာဟ္မဏမျိုး၊ ဝေဿမျိုး၊ သုဒ္ဒမျိုး
တို့၌အသီးအသီးဖြစ်ရလေ၏။ လူ့ဘုံ၌ဖြစ်သောသူတို့တွင်အချို
ကားမင်း၊ အချိုအချိုကားဒုတိယ၊ တတိယဌာနန္တရ၌ဖြစ်ရကုန်
၏။ အချိုကားထိုလူမင်းတို့၏ အလုပ်အကျွေးအရာ၌ ဖြစ်ကြရ
ကုန်၏။ ယင်းသို့သံဃဒါနစေတနာတခု၏မတူသောအကျိုး၊ ထူး
သောအကျိုးရှိသည့်အရာကို မြတ်စွာဘုရားသည်လျှင်အကြွင်းမဲ့
ကုန်စင်အောင်သိမြင်တော်မူသည်။ ဘုရားမှတပါးတစုံတယောက်
သောသူမျှကုန်စင်အောင် မသိ မထင် မမြင်နိုင်သောကြောင့်။
ကမ္မဝိပါကောအစိန္တေယျောဟုဟောတော်မူလေသတည်း။

ထို့ကြောင့်ဉာဏဝိဘင်းအဋ္ဌကထာ၌။ ။သကလဂါမဝါ
သိကေသုပိ ဋွေကံဝါသူကရံဝါ မိဂံဝါ ဇီဝိတာဝေါရောပေန္တေသု
သဗ္ဗေသမ္ပိ စေတနာပရဿ ဇီဝိတိန္ဒြိယာ ရမ္မဏာဟောတိ။
တေသု ဧကောတေနေဝကမ္မေန နိရယေ နိဗ္ဗတ္တတိ ဧကောတိ
ရစ္ဆာနယောနိယံ။ ။စသည်ဖြင့်ဗုင်း။ ။တထာသကလဂါမဝါ
သိကေသုဧကတောပိဏ္ဍပါတံဒဒမာနေသုသဗ္ဗေသမ္ပိစေတနာ
ပိဏ္ဍပါတာရမ္မဏာဝဟောတိ။ တေသုကောစိ ဒေဝလောကေ
နိဗ္ဗတ္တန္တိ။ ကောစိမနုဿလောကေ။ ။စသည်ဖြင့်ဗုင်းမိန့်၏။

ကမ္မဝိပါကောတိ၊ ဟူသည်ကား။ ဒိဋ္ဌဓမ္မဝေဒနီယာဒီနံ၊ ဒိဋ္ဌ
ဓမ္မဝေဒနီယအစရှိကုန်သော။ ကမ္မာနံ၊ ကံတို့၏။ ဝိပါကော အ
ကျိုးတည်း။ တတ္ထ၊ ထိုအစိန္တေယျအရာတို့၌။ ကုသလာကုသလ
ကမ္မေသု၊ ကုသိုလ်ကံအကုသိုလ်ကံနှစ်ပါးတို့တွင်။ ဧကကမ္မုပ
ဗြူဟိတသတ္တေသု၊ တခုသောကံကို ပွါးများ ဆည်းပူးခြင်း ရှိ
သောသတ္တဝါတို့၌။ ကေစိ၊ အချိုသောသူတို့သည်။ မနုဿေသု၊
လူ့ပြည်တို့၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကြကုန်၏။ ကေစိ၊ အချိုသောသူတို့
သည်။ စတုမဟာရာဇိကာဒိ တသ္မိံတသ္မိံဌာနေ၊ စတုမဟာ
ရာဇ်စသောထိုထိုနတ်ပြည်၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တတ္ထတတ္ထ
ပိ၊ ထိုထိုလူ့ပြည်နတ်ပြည်တို့၌လည်း။ တေနေဝကမ္မုနာ၊ ထို

တခုသော ကုသိုလ်ကံကြောင့်သာလျှင်။ နိဗ္ဗတ္တသတ္တေသု၊ ဖြစ်သောသတ္တဝါတို့တွင်။ ဧကေ၊အချို့သောသူတို့သည်။ ဒုဗ္ဗဏ္ဏာ၊ အဆင်းမလှကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ဧကေ၊ အချို့သောသူတို့သည်။ သုဝဏ္ဏာ၊ ကောင်းသော အဆင်း ရှိကုန် သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ဧကေ၊အချို့သောသူတို့သည်။ ရဿာ၊နိမ့်ကုန်သည်။ ဟောန္တိ၊ကုန်၏။ ဧကေ၊အချို့သောသူတို့သည်။ ဒီဃာ၊ ရှည်ကုန်မြင့်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧကေ၊ အချို့သောသူတို့သည်။ အပ္ပေသက္ခာ၊နည်းသောတန်ခိုးရှိကုန်သည်။ ဟောန္တိ၊ကုန်၏။ဧကေ၊အချို့သောသူတို့သည်။ မဟေသက္ခာ၊ ကြီးသော တန်ခိုးရှိကုန်သည်။ ဟောန္တိ၊ကုန်၏။ ဇာတိ၊ဤသို့။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ အနေက သဘာဝဘိန္နာပိ၊ တပါးမက များစွာထူးခြားကွဲပြားသော သဘောရှိကုန်သည်လည်း။ ဟောန္တိ၊ကုန်၏။ အကုသလကမ္မေပိ၊ အကုသိုလ်ကံ၌လည်း၊ ဧသောနယော၊ဤနည်းလျှင်နည်းရှိ၏။ဧဝံ၊ဤသို့။ ကမ္မဝိပါကောပိ၊ကံ၏အကျိုးကိုလည်း။ အစိန္တိယော၊မကြံအပ်မကြံထိုက်။

သကလဂါမဝါသိကောသုပိ၊ အလုံးစုံသောရွာသားတို့သည်လည်း။ ဧဠကံဝါ၊ သိုးဆိတ်ကိုသော်၎င်း။ သူကရံဝါ၊ ဝက်ကိုသော်၎င်း။ မိဂံဝါ၊သားသမင်ကိုသော်၎င်း။ ဇီဝိတာ၊ဇီဝိတိန္ဒြေမှ။ ဝေါရောပေန္တေသု၊ချကြကုန်သည်ရှိသော်။သဗ္ဗေသမ္ပိ၊ အလုံးစုံသော ရွာသားတို့၏လည်း။ စေတနာ၊ ဝဓက စေတနာသည်။ ပရဿ၊တပါးသောသတ္တဝါ၏။ ဇီဝိတိန္ဒြိယာရမ္မဏာ၊ ဇီဝိတိန္ဒြေလျှင်အာရုံရှိသည်။ဟောတိ၊ဖြစ်၏။တေသု၊ထိုအလုံးစုံသော ရွာသားတို့တွင်။ ဧကော၊ တယောက်သောသူသည်။ တေနေဝ ကမ္မေန၊ ထိုပါဏာတိပါတကံကြောင့်ပင်လျှင်။ နိရယေ၊ ငရဲ၌။ နိဗ္ဗတ္တတိ၊ဖြစ်ရ၏။ ဧကော၊ တယောက်သောသူသည်။တိရစ္ဆာနယောနိယံ၊ တိရစ္ဆာန်ဘုံ၌။နိဗ္ဗတ္တတိ၊ဖြစ်ရ၏။ ဧကော၊တယောက်သောသူသည်။ ပေတ္တိဝိသယေ၊ပြိတ္တာဘုံ၌။

နိဗ္ဗတ္တတိ၊ ဖြစ်ရ၏။ တတ္ထ၊ ထိုအပါယ်ဘုံတို့တွင်။ နိရယေ၊ ငရဲ၌။ နိဗ္ဗတ္တမာနေသု၊ ဖြစ်သောသတ္တဝါတို့တွင်။ ကော၊ တယောက်သောသူသည်။ အဋ္ဌသုမဟာနိရယေသု၊ ငရဲကြီးရှစ်ထပ်တို့၌။ နိဗ္ဗတ္တတိ၊ ဖြစ်ရ၏။ ကော၊ တယောက်သောသူသည်။ သောဠသသုဥဿဒေသု၊ တဆဲ့ခြောက်ရပ်သော ဥဿဒရက်ငရဲတို့၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်ရ၏။ တိရစ္ဆာနယောနိယံ၊ တိရစ္ဆာန်ဘုံ၌။ နိဗ္ဗတ္တမာနေသု၊ ဖြစ်သောသတ္တဝါတို့တွင်။ ကော၊ တယောက်သောသူသည်။ အပါဒကော၊ အခြေမရှိသော သတ္တဝါသည်။ ဟောတိ၊ ဖြစ်၏။ ကော၊ တယော်သောသူသည်။ ဒွိပါဒကော၊ အခြေနှစ်ချောင်းရှိသော သတ္တဝါသည်။ ဟောတိ၊ ၏။ ကော၊ တယောက်သောသူသည်။ စတုပါဒကော၊ အခြေလေးချောင်းရှိသောသတ္တဝါသည်။ ဟောတိ၊ ၏။ ကော၊ တယောက်သောသူသည်။ ဗဟုပ္ပါဒကော၊ များသော အခြေရှိသော သတ္တဝါသည်။ ဟောတိ၊ ၏။ ။ ပေတ္တိဝိသယေ၊ ပြိတ္တာဘုံ၌။ နိဗ္ဗတ္တသတ္တေသုပိ၊ ဖြစ်သောသတ္တဝါတို့တွင်လည်း။ ကော၊ တယော်သောသူသည်။ နိဇ္ဈာမတဏှိကော၊ နိဇ္ဈာမတဏှိကပြိတ္တာမျိုးသည်။ ဟောတိ၊ ၏။ ကော၊ တယောက်သောသူသည်။ ခုပ္ပိပါသိကော၊ ခုပ္ပိပါသိကပြိတ္တာမျိုးသည်။ ဟောတိ၊ ၏။ ကော၊ တယောက်သောသူသည်။ ပရဒတ္တုပဇီဝိ၊ ပရဒတ္တုပဇီဝိကပြိတ္တာမျိုးသည်။ ဟောတိ၊ ဖြစ်၏။ တေံ သဗ္ဗံ၊ ဤအလုံးစုံကို။ တထာ ဂတော၊ မြတ်စွာဘုရားလည်း။ အာသယဟာဏဂ္ဂယေဝ၊ အားထုတ်သောခဏ၌သာလျှင်။ ဉာဏ်နာနီဟာရေန၊ ဤသို့သောနည်းဖြင့်။ အာသယဟိတတ္တာ၊ အားထုတ်အပ်သည်၏အဖြစ်ကြောင့်။ သေသော၊ ဤသူသည်။ နိရယေ၊ ငရဲ၌။ နိဗ္ဗတ္တတိ၊ ဖြစ်ရ၏။ ဉာတိအာဒိနာနယေန၊ ဤသို့စသောနည်းဖြင့်။ နိပ္ပဒေသတော ဝ၊ အကြွင်းမရှိသောအားဖြင့်သာလျှင်။ ပဇာနာတိ၊ သိတော်မူ၏။ ။ ဤကား ကဏ္ဍပကာသတည်း။

တထာ၊ ထို့အတူ။ သကလဂါမဝါသိကေသု၊ အလုံးစုံသော

ရွာသားတို့သည်။ဧကတော၊တပေါင်းတည်း။ပိဏ္ဍပါတံ၊ဆွမ်းကို။ဒဒမာနေသု၊သံဃာဒါနပြုလှူကြ ကုန်သည် ရှိသော်။ သဗ္ဗေသမ္ပိ၊ ခပ်သိမ်းသောရွာသားတို့၏လည်း။ စေတနာ၊ ဒါနစေတနာသည်။ပိဏ္ဍပါတာရမ္မဏာ၊ ဆွမ်းလျှင် အာရုံရှိသည်။ ဟောတိ၊ဖြစ်၏။တေသု၊ထိုရွာသားတို့တွင်။ကေစိ၊အချို့သောသူတို့သည်။ ဒေဝလောကေ၊နတ်ပြည်၌။နိဗ္ဗတ္တန္တိ၊ဖြစ်ကြကုန်၏။ကေစိ၊အချို့သောသူတို့သည်။မနုဿလောကေ၊လူ့ပြည်၌။နိဗ္ဗတ္တန္တိ၊ဖြစ်ကြကုန်၏။ တတ္ထ၊ ထိုနှစ်ရပ်တို့တွင်။ ဒေဝလောကေ၊ နတ်ပြည်၌။နိဗ္ဗတ္တမာနေသု၊ ဖြစ်သောသတ္တဝါတို့တွင်။ကေစိ၊ အချို့သောသူတို့သည်။ ပရနိမ္မိတဝသဝတ္တိသု၊ ပရနိမ္မိတ ဝသဝတ္တိနတ်ပြည်တို့၌။နိဗ္ဗတ္တန္တိ၊ဖြစ်ကုန်၏။ ကေစိ၊ အချို့သော သူတို့သည်။ နိမ္မာနရတိသု၊ နိမ္မာနရတိ နတ်ပြည်တို့၌။ ကေစိ၊ အချို့သော သူတို့သည်။ တုသိတေသု၊ တုသိတာ နတ်ပြည်တို့၌။ ကေစိ၊အချို့သောသူတို့သည်။ယာမေသု၊ ယာမာနတ်ပြည်တို့၌။ကေစိ၊အချို့သောသူတို့သည်။ တာဝတိံသေသု၊ တာဝတိံသာနတ်ပြည်တို့၌။ကေစိ၊အချို့သောသူတို့သည်။ စတုမဟာရာဇိကေသု၊စတုမဟာရာဇ်နတ်ပြည်တို့၌။ ကေစိ၊ အချို့သောသူတို့သည်။ဘုမ္မဒေဝေသု၊ဘုမ္မစိုးနတ်တို့၌။ နိဗ္ဗတ္တန္တိ၊ဖြစ်ကြကုန်၏။တတ္ထပိ၊ထိုနတ်ပြည်၌လည်း။ကောစိ၊ အချို့သောသူသည်။ဇေဋ္ဌဒေဝရာဇာဟုတွာ၊နတ်မင်းကြီး၏အဖြစ်ဖြင့်။နိဗ္ဗတ္တိ၊ဖြစ်ရ၏။ကောစိ၊အချို့သောသူသည်။တဿ၊ထိုနတ်မင်းကြီး၏။ဒုတိယံဝါတတိယံဝါဌာနန္တရံ၊ဒုတိယတတိယ ဖြစ်သော ဌာနန္တရအထုံးကို။ကရောတိ၊ပြုရ၏။ကောစိ၊အချို့သောသူသည်။ တေသံဒေဝရာဇာနံ၊ထိုနတ်မင်းကြီးတို့၏။ပရိစာရကော၊အလုပ်အကျွေးသည်။ဟောတိ၊ဖြစ်ရ၏။မနုဿေသု၊လူ့ပြည်တို့၌။နိဗ္ဗတ္တမာနေသုပိ၊ ဖြစ်သော သတ္တဝါတို့တွင်လည်း။ ကောစိ၊ အချို့သောသူသည်။ခတ္တိယကုလေ၊ ခတ္တိယအမျိုး၌။ ကောစိ၊ အချို့သောသူသည်။ဗြာဟ္မဏကုလေ၊ဗြာဟ္မဏအမျိုး၌။ ကောစိ၊အ

ချိုသောသူသည်။ဝေသကုလေ၊ ကုန်သည်မျိုး၌။ ကောစိ၊အ
ချိုသောသူသည်။သုဒ္ဒကုလေ၊စင်ကြယ်သောအမျိုး၌။ ကောစိ၊
အချိုသော သူသည်။ မနုဿေသု၊ လူ့ပြည်တို့၌။ ရာဇာ၊ မင်း
သည်။ဟောတိ၊ဖြစ်၏။ကောစိ၊အချိုသောသူသည်။ တသ္မိံ ရာ
ဇသော၊ ထိုမင်း၏။ဒုတိယံဝါတတိယံဝါဌာနန္တရံ၊ ဒုတိယ တတိ
ယဖြစ်သောဌာနန္တရကို။ကရောတိ၊ပြု၏။ ကောစိ၊ အချိုသော
သူသည်။တေသံရာဇာနံ၊ ထိုမင်းတို့၏။ပရိစာရကော၊အလုပ်အ
ကျွေးသည်။ဟောတိ၊ဖြစ်ရ၏။တံသမ္ပတ္တိံ၊ ထိုအလုံးစုံသောကံအ
ထူးအကျိုး အထူးကိုလည်း။ တထာ ဂတော၊ မြတ်စွာ ဘုရား
သည်။အာယူဟနကာလေ၊ အားထုတ်သော ခဏ၌သာ
လျှင်။ဇာနိနာနိဟာရေန၊ ဤသို့သောအကြောင်းဖြင့်။ အာယူဟိ
တတ္တာ၊ အားထုတ်အပ်သည်၏အဖြစ်ကြောင့်။ သေသော၊ဤ
သူသည်။ပရနိမ္မိတဝသဝတ္တီသု၊ ပရနိမ္မိတဝသဝတ္တီနတ်ပြည်
တို့၌။နိဗ္ဗတ္တတိ၊ဖြစ်ရ၏။ဇာတိအာဒိနာနယေန၊ဤသို့စသောနည်း
ဖြင့်။နိဗ္ဗေဓေသတော၊အကြွင်းမရှိသောအားဖြင့်။ ပဇာနာတိ၊သိ
တော်မူ၏။ ။ဝံ၊ဤသို့။ဥပါဒိဏ္ဏသင်္ခါရလောကဿ၊ ဥပါ
ဒိဏ္ဏဖြစ်သောသင်္ခါရလောက၏။ နာနတ္တပဇာနနံပိ၊ အထူးအ
ပြားကိုသိခြင်းသည်လည်း။သဗ္ဗညုဗုဒ္ဓါနံယေဝ၊ သဗ္ဗညုဘုရား
ရှင်တို့၏သာလျှင်။ဝိသယော၊အရာတည်း။အညေသံ၊တပါးသော
သူတို့၏။နဝိသယော၊အရာမဟုတ်။တသ္မာ၊ထို့ကြောင့်။အစိန္တေ
ယျာ၊မည်၏။ ။ဤကားအစိန္တေယျကထာတည်း။

ဖြဆိုအပ်ပြီးသောကမ္မန္တရာယ်၊ ကိလေသန္တရာယ်၊ ဥပ်ဝါ
ဒန္တရာယ်၊ ဝိပါကန္တရာယ်၊ အာဏာဝီတိက္ကမန္တရာယ် တည်း
ဟူသော ငါးပါးသော သဂ္ဂမောက္ခအန္တရာယ်ကြီးတို့မှ ကင်း
လွတ်ကြသော အမျိုးသားတို့အား ရသင့်ရထိုက်ရာကိုထုတ်
ပြဦးအံ့။

မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်ကိုအထိုရှိသော အမျိုးသားတို့

သည့်သီလဝိသုဒ္ဓိ၊ စတုပါရိသုဒ္ဓိသီလလေးပါး၏စင်ကြယ်ခြင်း၎င်း။စိတ္တဝိသုဒ္ဓိ၊စိတ်၏နီဝရဏာမှကင်းသည့်၏အဖြစ်သို့ရောက်သဖြင့်စင်ကြယ်ခြင်း၎င်း။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ဉာဏ်အမြင်၏စင်ကြယ်ခြင်း၎င်း။ကင်္ခါဝိတရဏာဝိသုဒ္ဓိ၊ တဆဲ့ခြောက်ပါးသောယုံမှားခြင်းကိုလွန်မြောက်နိုင်သောဉာဏ်အမြင်၏စင်ကြယ်ခြင်း၎င်း။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ မဂ်ဟုတ်သည် မဂ်မဟုတ်သည်၏ လက္ခဏာကိုသိသောဉာဏ်အမြင်၏စင်ကြယ်ခြင်း၎င်း။ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊မဂ်သို့ရောက်ကြောင်းဖြစ်သောအကျင့်ကိုသိသောဉာဏ်အမြင်၏စင်ကြယ်ခြင်း၎င်း။ဉာဏဒဿနဝိသုဒ္ဓိ၊ မဂ်တည်းဟူသောဉာဏ်အမြင်၏စင်ကြယ်ခြင်း၎င်း။ ။ဤသို့ ခြောက်ပါးသောလောကီဝိသုဒ္ဓိတို့အစဉ်အားဖြင့်ပွါးများပြည့်စုံမှဉာဏဒဿနဝိသုဒ္ဓိဟု ဆိုအပ်သောမဂ်ဉာဏ်သို့ရောက်ရသည်။ ။မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ရောက်ပြီးသော နောက် မဂ္ဂဋ္ဌာန် ဖလဋ္ဌာန်ပုဂ္ဂိုလ်၏ အဖြစ်ဖြင့်တည်၍ အဆုံးစွန်သော ကာလမှ နိဗ္ဗာန်သို့ရောက်သည်ကို အကြောင်းပြု၍။ သီလအစ မဂ်ဖိုလ်အလယ်နိဗ္ဗာန်အဆုံးဟုဟောတော်မူလေသည်။

ထိုတွင်စတုပါရိသုဒ္ဓိလေးပါးဟူသည်ကား။ ။အာပတ်ခုနစ်ပုံကို လုံခြုံစွာ စောင့်ရှောက်ခြင်းသည် အပါယ်လားခြင်းဘေးမှကင်းလွတ်စေတတ်သောကြောင့် ပါတိမောက္ခသံဝရသီလမည်၏။ ။စက္ခုန္ဒြေစသောခြောက်ပါးသော ဣန္ဒြေတို့ကိုတားမြစ်စောင့်ရှောက်ခြင်းသည် ဣန္ဒြိယ သံဝရသီလမည်၏။ ။ကုလဒူသနရှစ်ပါး။အနေသနနှစ်ဆဲ့တပါး။ကုဟနလပနစသောမိစ္ဆာဇီဝမှရှောင်ကြဉ်၍စင်ကြယ်စွာအသက်မွေးသောသီလသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏။ ။ပစ္စည်းလေးပါးတို့ကိုပစ္စဝေက္ခဏာသတိဖြင့်ဆင်ခြင်၍ သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတ သီလမည်၏။ ။ဤလေးပါးပြည့်စုံမှသီလဝိသုဒ္ဓိဖြစ်သတည်း။ ။ဤသီလလေးပါးကို ရဟန်းတို့၌ ရချအားဖြင့်ရသည်။ ။လူတို့၌သော်ကား။ ။လူတို့အားမလွန်

ကြူးအပ်ဟုမြစ်ပယ်တော်မူအပ်သောဒုစရိုက်ဆယ်ပါးမှစောင့်ရှောက်ခြင်းသည်အပါယ်လားကြောင်းမှ ကင်းလွတ်သည်ဖြစ်၍ ပါတိမောက္ခသံဝရသီလမည်၏။ ။စက္ခုန္ဒြေခြောက်ပါးကိုစောင့်စည်းခြင်းသည်ဣန္ဒြိယသံဝရသီလမည်၏။ ။သတ္ထဝါဏိဇ္ဇ၊သတ္တဝါဏိဇ္ဇ၊ ဝိသဝါဏိဇ္ဇစသောအဓမ္မိကဝါဏိဇ္ဇငါးပါးမှရှောင်ကြဉ်၍ အပြစ်ကင်းသောအမှုဖြင့် အသက်မွေးခြင်းသည်အာဇီဝပါရိသုဒ္ဓိ သီလမည်၏။ ။ခဲဘွယ်သောဇဉ်အာဟာရကို ခံစားသုံးဆောင်သော အခါဓာတုသညာ၊ ပဋိကူလသညာစသည်ဖြင့်သုံးဆောင်ခြင်းသည်ပစ္စယသန္နိဿိတသီလမည်၏။ ။ဤလေးပါးပြည့်စုံမှသီလဝိသုဒ္ဓိဖြစ်သည်။ ။စတုပါရိသုဒ္ဓိသီလပြည့်စုံမှမဂ်ဖိုလ်ကိုရသည်။

(လူတို့လည်းမဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရကြသောကြောင့်ထိုသို့ရသောအကျိုး မဂ်ဖိုလ်ကိုဆိုသဖြင့်အကြောင်းဖြစ်သောသီလဝိသုဒ္ဓိဖြစ်၏ဟုသိသင့်သိထိုက်သောကြောင့် လူတို့မှာလည်း စတုပါရိသုဒ္ဓိသီလကို ရထိုက်၏ဟုမှတ်)။ ။ဤကားဖလာနုမာန်နည်းတည်း။

စိတ္တဝိသုဒ္ဓိ၌စိတ်၏ နီဝရဏမှကင်းခြင်းသည် ဘယ်အခါ၌ဖြစ်လေသနည်း ဟူမူကား။ ဘုရားဂုဏ် စသည်ကို အာရုံပြု၍ ဥပစာရ သမာဓိဇောဖြစ်သောအခါ၌ရင်း၊ ပထဝီကသိုဏ်း စသည်ကိုအာရုံပြု၍၊ ဥပစာရသမာဓိဇော၊ အပ္ပနာသမာဓိဇောဖြစ်သောအခါ၌ရင်းနီဝရဏကင်းသည်။ ထိုသို့ကင်းသောစိတ်ကိုစိတ္တဝိသုဒ္ဓိဆိုသည်။

ရုပ်နာမ်တရားတို့ကိုလက္ခဏာ၊ရသ၊ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန်အားဖြင့်ဝေဘန်ပိုင်းခြား၍ သိသောဉာဏ်သည် ဉာဏ်အမြင်၏စင်ကြယ်ခြင်းဖြစ်၍ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ ။ထိုစကား၌ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို အဘယ်သို့ သိမ်းဆည်းရာသနည်း ဟူမူကား။ ။ရုပ္ပနလက္ခဏံရူပံ၊ ဝိကိရဏရသံ၊ အဗျာကတပစ္စုပဋ္ဌာန်။ ။ဝေဒယိတလက္ခဏာဝေဒနာ၊ ဝိသယသံဘောဂရ

သာ၊ သုခဒုက္ခပစ္စုပဋ္ဌာနံ။ ။သဉ္ဇာနနလက္ခဏာသညာ၊ပုန သဉ္ဇာဏာ ပစ္စယနိမိတ္တကရဏရသာ၊ ယထာဂဟိတ နိမိတ္တဝသေနအဘိနိဝေသပစ္စုပဋ္ဌာနာ၊အဘိသင်္ခရဏလက္ခဏာသင်္ခါရာအာယူဟနရသာ၊ဝိပ္ဖာရပစ္စုပဋ္ဌာနာ၊သေသခန္ဓတ္တယပဒဋ္ဌာနာ။ ။ဝိဇာနနလက္ခဏံဝိညာဏံ၊ ပုဗ္ဗင်္ဂမရသံ၊ သန္ဓာနပစ္စုပဋ္ဌာနံ၊နာမရူပပဒဋ္ဌာနံ။

ရုပ္ပံ၊ရုပ်သည်။ ရုပ္ပနလက္ခဏံ၊ ဖောက်ပြန်ခြင်းလက္ခဏာရှိ၏။ ဝိကိရဏရသံ၊ ဖရိုဖရဲကွဲခြင်းကိစ္စရှိ၏။ အဗျာကတပစ္စုပဋ္ဌာနံ၊ အကျိုးမပေးသည်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိ၏။ ။ဝေဒနာ၊ဝေဒနာသည်။ ဝေဒယိတလက္ခဏာ၊ အာရုံကိုခံစားခြင်းလက္ခဏာရှိ၏။ဝိသယသံဘောဂရသာ၊တွေ့တိုင်းသောအာရုံ၏ အရသာကို သုံးဆောင်ခံစားခြင်းကိစ္စရှိ၏။ သုခဒုက္ခပစ္စုပဋ္ဌာနာ၊သုခဒုက္ခလျှင်ထင်သောအခြင်းအရာရှိ၏။ ။သညာ၊သညာသည်။သဉ္ဇာနနလက္ခဏာ၊အမှတ်ကိုပြု၍သိခြင်းလက္ခဏာရှိ၏။ပုနသဉ္ဇာဏာပစ္စယနိမိတ္တကရဏရသာ၊ တဖန်သိခြင်း၏ အကြောင်းဖြစ်သော အမှတ်ကိုပြုခြင်းကိစ္စရှိ၏။ ယထာဂဟိတ နိမိတ္တဝသေန၊ အကြင်အကြင် ယူဘူးသော အာရုံ၏ အစွမ်းဖြင့်။ အဘိနိဝေသ ပစ္စုပဋ္ဌာနာ၊ နှလုံးသွင်းခြင်းလျှင်ထင်သော အခြင်းအရာရှိ၏။ ။သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အဘိသင်္ခရဏလက္ခဏာ၊ ပြုပြင်စီရင်ခြင်း လက္ခဏာရှိကုန်၏။အာယူဟနရသာ၊ အားထုတ်ခြင်းကိစ္စရှိကုန်၏။ ဝိပ္ဖာရပစ္စုပဋ္ဌနာ၊ ဗျာပါရရှိသည်၏အဖြစ်လျှင်ထင်သောအခြင်းအရာရှိကုန်၏။ သေသခန္ဓတ္တယ ပဒဋ္ဌာနာ၊ ကြွင်းသော ခန္ဓာသုံးပါးလျှင်နီးစွာသော အကြောင်းရှိကုန်၏။ ။(ရှေးခန္ဓာတို့လည်းပဒဋ္ဌာန်အတူမှတ်)။ ။ဝိညာဏံ၊ ဝိညာဉ်သည်။ ဝိဇာနနလက္ခဏံ၊ အာရုံကိုသိခြင်းလက္ခဏာရှိ၏။ ပုဗ္ဗင်္ဂမရသံ၊ ပြဋ္ဌာန်းခြင်း၊ရှေ့သွားဖြစ်ခြင်းကိစ္စရှိ၏။သန္ဓာနပစ္စုပဋ္ဌာနံ၊ရှေးရှေးစိတ်နှင့်မပြတ်စပ်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။ နာမရူပပဒဋ္ဌာန်၊

နာမ်ရုပ်အပေါင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ။ဤသို့ ခန္ဓာငါးပါးဍ္ဍလက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်အားဖြင့်သိမ်းဆည်းရာ၏။ ။ယင်းသို့ သိမ်းဆည်းသော ဉာဏ်သည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။

သတ္တဝါတို့သန္တာန်၌ ရုပ်နာမ်တရားတို့သည်ပဋိသန္ဓေကာလ၌ရှေးအတိတ်ဘဝကဖြစ်သောအဝိဇ္ဇာ၊တဏှာ၊ ဥပါဒါန်၊ ကံ ဟူသောအကြောင်းကြောင့်ဖြစ်၏။ ပဝတ္တိကာလ၌ရုပ်သည်ကံ၊ စိတ်၊ ဥတု၊ အဟာရတည်းဟူသော အကြောင်းတရားကြောင့်ဖြစ်၏။ တစုံတခုသောဗြဟ္မာ၊ သိကြား၊ ဘုရားဘန်ဆင်း၍ဖြစ်သည်မဟုတ်ဟု၊နာမ်ရုပ်တရားတို့၏အကြောင်းကိုသိမ်းဆည်းခြင်းသည် တဆဲ့ခြောက်ပါးသော ယုံမှားခြင်းကိုရင်း။ ရှစ်ပါးသောယုံမှားခြင်းကိုရင်းလွန်မြောက်ကြောင်းဖြစ်၍ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

တဆဲ့ခြောက်ပါးသောယုံမှားခြင်းဟူသည်ကား။ ။အဟောသိန္နခေါ် အဟံအတီတမဒ္ဒါနံ။ နနုခေါ်အဟောသိ အတီတမဒ္ဒါနံ၊ကိံနုခေါ် အဟောသိအတီတမဒ္ဒါနံ။ ကထံနုခေါ်အဟောသိ အတီတမဒ္ဒါနံ။ ကိံဟုတွာအဟောသိနုခေါ် အဟံအတီတမဒ္ဒါနံ။ ။အတိတ်ငါးပါး။ ။

ဘဝိဿာမိနုခေါ်အဟံအနာဂတမဒ္ဒါနံ။နနုခေါ်ဘဝိဿာမိ အနာဂတမဒ္ဒါနံ။ကိံနုခေါ်ဘဝိဿာမိအနာဂတမဒ္ဒါနံ။ကထံနုခေါ်ဘဝိဿာမိအနာဂတမဒ္ဒါနံ။ ကိံဟုတွာဘဝိဿာမိနုခေါ် အဟံအနာဂတမဒ္ဒါနံ။ ။အနာဂတ်ငါးပါး။ ။

အဟံနုခေါ်အသ္မိ။နနုခေါ်အသ္မိ။ ကိံနုခေါ်အသ္မိ။ ကထံနုခေါ်အသ္မိ။အဟံခေါ်ကုတောအာဂတော။ သောကုဟိံဂါမိဘဝိဿတိ။ ။ပစ္စုပ္ပန်ခြောက်ပါး။

အဓိပ္ပါယ်ကား။ ။ငါသည်လွန်လေပြီးသောကာလ၌ဖြစ်ဘူးလေပြီလောဟူ၍ရင်း။ ငါသည်လွန်လေပြီးသော ကာလ၌မဖြစ်ဘူးလေလောဟူ၍ရင်း။ ။ငါသည်လွန်လေပြီးသောကာ

လဒ္ဓ အဘယ်ဖြစ်ဘူး လေသနည်းဟူ၍ဖြင်း။ ။ငါသည်လွန်လေပြီးသောကာလဒ္ဓအသို့သော်ဝါသဏ္ဍာန်ဖြင့်ဖြစ်ဘူးလေသနည်းဟူ၍ဖြင်း။ ။ငါသည်လွန်လေပြီးသောကာလဒ္ဓအဘယ်သို့ဖြစ်၍ဖြစ်ဘူးလေသနည်းဟူ၍ဖြင်း။ ။အတိတ်ငါးပါး။

ငါသည်လာလတ္တံ့သောအခွန့်၌ဖြစ်ဦးအံ့လောဟူ၍ဖြင်း။ ။ငါသည်လာလတ္တံ့သောအခွန့်၌မဖြစ်လတ္တံ့လောဟူ၍ဖြင်း။ ။ငါသည်လာလတ္တံ့သော အခွန့်၌အဘယ်သို့ဖြစ်လတ္တံ့ နည်းဟူ၍ဖြင်း။ ။ငါသည်လာလတ္တံ့သောအခွန့်၌အဘယ်အခြင်းအရာဖြင့်ဖြစ်လတ္တံ့နည်းဟူ၍ဖြင်း။ ။ငါသည်လာလတ္တံ့သောအခွန့်၌အဘယ်သူဖြစ်၍ဖြစ်လတ္တံ့နည်းဟူ၍ဖြင်း။ ။အနာဂတ်ငါးပါး။ ။ဤရုပ်နာမ်သည် ငါဖြစ်၏လော။ ငါမဖြစ်လောဟူ၍ဖြင်း။ ။(အဘယ်သို့ငါဖြစ်သနည်း။ အဘယ်အခြင်းအရာဖြင့်ငါဖြစ်သနည်းဟူ၍ဖြင်း။ ။ငါသည်အဘယ်မှလာခဲ့သနည်း။ ထိုငါသည်အဘယ်သို့လားရဦးမည်နည်းဟူ၍ဖြင်း။ ။ပစ္စုပ္ပန် ၆ ပါး။ ။ဤသို့အတိတ်၌ငါးပါး။ အနာဂတ်၌ငါးပါး၊ ပစ္စုပ္ပန်၌ခြောက်ပါးအားဖြင့်ယုံမှားခြင်းတဆဲ့ခြောက်ပါးရှိ၏ဟူလို)။

ဤမှတပါးရှစ်ပါးသောယုံမှားခြင်းဟူသည်ကား။ ။ဗုဒ္ဓေကင်္ခတိ။ဓမ္မေကင်္ခတိ။သံဃေကင်္ခတိ။သိက္ခာယကင်္ခတိ၊ ပုဗ္ဗန္တေကင်္ခတိ။ အပရန္တေကင်္ခတိ၊ ပုဗ္ဗန္တာပရန္တေကင်္ခတိ။ ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နေသုဓမ္မေသုကင်္ခတိ။ ။ဟူသည်တည်း။

အဓိပ္ပါယ်ကား။ ။ဘုရား၌ယုံမှားခြင်း၊ တရားတော်၌ယုံမှားခြင်း၊သင်္ဃာတော်၌ယုံမှားခြင်း၊ သိက္ခာသုံးပါး၌ယုံမှားခြင်း အတိတ်အဘို့၌ယုံမှားခြင်း၊အနာဂတ်အဘို့၌ယုံမှားခြင်း၊ ပုဗ္ဗန္တာပရန္တာဟုဆိုအပ်သောအတိတ်အနာဂတ်နှစ်ပါး၌စွဲ၍ဖြစ်သောယုံမှားခြင်း၊ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ဖြစ်သောယုံမှားခြင်းဟူ၍ရှစ်ပါးရှိ၏ဟူလို။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဟူသည်ကား။ ။မဂ်ကိုရစိမ့်သောဥပိပဿနာကိုအားထုတ်သောပုဂ္ဂိုလ်သည် ဆိုအပ်ပြီး

သောနည်းဖြင့်ရုပ်နာမ်တရားတို့၏လက္ခဏာကိုရင်း။ထိုရုပ်နာမ်တရားတို့၏အကြောင်းကိုရင်းသိမ်းဆည်းပြီးသော်ထိုသို့သောအခြင်းအရာဖြင့်သိမ်းဆည်းအပ်ကုန်သောအကြောင်းနှင့်တကွဖြစ်ကုန်သောအတိတ်စသည်ဖြင့် ပြားကုန်သောတေဘူမကသင်္ခါရတရားတို့၌ခန္ဓာကိုဝေဘန်သောအားဖြင့်ရင်း။ဒွါရခြောက်ပါးအာရုံခြောက်ပါး၊ ထိုဒွါရအာရုံ၌ဖြစ်သောတရားတို့ကိုဝေဘန်သောအားဖြင့်ရင်းအာရုံပြုလျက်။ အပေါင်းအစည်း အစွမ်းဖြင့်အကြင်ရုပ်နာမ်အစုသည်အတိတ်၌ဖြစ်ပြီ။ ထိုရုပ်နာမ်အစုသည်အတိတ်၌ပင်ချုပ်လေပြီဟူ၍ရင်း။ အကြင်ရုပ်နာမ်အစုသည်အနာဂတ်၌ဖြစ်လတ္တံ့။ထိုရုပ်နာမ်အစုသည်အနာဂတ်၌ချုပ်လတ္တံ့ဟူ၍ရင်း။အကြင်ရုပ်နာမ်အစုသည်ဤယခုပစ္စုပ္ပန်၌ဖြစ်ဆဲ။ ထိုရုပ်နာမ်အစုသည် အနာဂတ်သို့မရောက်ဘဲ။ဤပစ္စုပ္ပန်၌ပင်လျှင်မချွတ်ချုပ်တတ်ပျက်တတ်၏ဟူ၍ရင်း။ ယင်းသို့ကုန်ခန်းချုပ်ပျောက်တတ်သောသဘောကြောင့်အနိစ္စလက္ခဏာ၊ဒုက္ခလက္ခဏာ၊အနတ္တလက္ခဏာသာဟူ၍ရင်း။ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောသာဟူ၍ရင်း။ဤသို့ကာလ၏အစွမ်းဖြင့်ရင်း။ သန္တရသာယုကဖြစ်စဉ်၏အစွမ်းဖြင့်ရင်း။ခဏ၏အစွမ်းဖြင့်ရင်း။သုံးသပ်ဆင်ခြင်တတ်သော သမ္မသနဉာဏ်ဖြင့် လက္ခဏာရေးသို့တင်၍သုံးသပ်သော ပုဂ္ဂိုလ်အားထိုတေဘူမကတရားတို့၌သာလျှင်အကြောင်း၏ အစွမ်းဖြင့်ရင်း၊ခဏ၏အစွမ်းဖြင့်ရင်းဖြစ်ခြင်းကိုသိတတ်သော ဥဒယဗ္ဗယဉာဏ်ဖြင့်ဖြစ်ခြင်း ပျက်ခြင်းကိုအဘန်တလဲလဲရှုသောပုဂ္ဂိုလ်အားအလွန်အားကြီးသော ဝိပဿနာ အဟုန်ကြောင့်အလုံးစုံသော ကိုယ်မှအရောင်အလင်းသည်ရင်း။နှစ်သက်ခြင်းပီတိပဿဒ္ဓိစသောဆယ်ပါးသောဝိပဿနာ၏ဖြစ်ပြုးကြောင်းဘေးရန်တို့သည်ရင်းဖြစ်ကုန်၏။

ဝိပဿနာ၏ဖြစ်ပြုးကြောင်းတရားဆယ်ပါးကား အဘယ်နည်းဟူမူကား။ ။ဩဘာသောပီတိပဿဒ္ဓိအဓိမောက္ခာစပဂ္ဂဟော။စသည်ဖြင့်အနုရုဒ္ဓါဆရာပင်ပြဆိုအပ်ပြီ။ ။ဩဘာ

သောစ၊ ဝိပဿနာစိတ်ကြောင့်ဖြစ်သောကိုယ်မှထွက်သောအလင်းဟုဆိုအပ်သောအရောင်ရင်း။ ပီတိစ၊ ဝိပဿနာစိတ်နှင့်ယှဉ်သောငါးပါးသောနှစ်သက်ခြင်းပီတိရင်း။ ပဿဒ္ဓိစ၊ ဝိပဿနာစိတ်ကြောင့် ဖြစ်သော ကိုယ်စိတ်၏ ပူပန်ခြင်းမှ ငြိမ်းခြင်းရင်း၊ အဓိမောက္ခောစ၊ ဝိပဿနာစိတ်ကြောင့် ဖြစ်သော အားကြီးသောသဒ္ဓိန္ဒြေဟုဆိုအပ်သော အဓိမောက္ခရင်း။ ပဂ္ဂဟောစ၊ ဝိပဿနာစိတ်နှင့် ယှဉ်သော သမ္မပ္ပဓာန် ကိစ္စတပ်သော ဝီရိယသံဗောဇ္ဈင်ရင်း။ သုခဉ္စ၊ ဝိပဿနာစိတ်ကြောင့်ဖြစ်သော လွန်မြတ်သောချမ်းသာရင်း။ ဉာဏဉ္စ၊ ဝရဖိန်လက်နက်ကဲ့သို့ထက်မြက်သောပညာရင်း။ ဥပဋ္ဌါနဉ္စ၊ အဘန်ဘန်အောက်မေ့နိုင်သောထင်သောသတိရင်း။ ဥပေက္ခာစ၊ ထိုထိုအာရုံ၌လျစ်လျူရှုတတ်သောဥပေက္ခာ သံဗောဇ္ဈင်သို့ရောက်သော မဇ္ဈတ္တုပေက္ခာ။ အာဝဇ္ဇာန်းနှင့်ယှဉ်သောဝေဒနုပေက္ခာရင်း။ နိကန္တိစ၊ ဩဘာသစသော ကိုးပါးသောတရား၌ တပ်သော သိမ်မွေ့သောတဏှာရင်းတည်း။ ။ဤကားဝိပဿနာငြစ်ငြူးကြောင်းဆယ်ပါးသရုပ်တည်း။

ထိုသို့ဖြစ်လာသောတရားဆယ်ပါးကိုဝိပဿနာ၏ငြစ်ငြူးကြောင်းဘေးရန်သါတည်းဟု၊ နှလုံးသွင်း၍ သိမ်းဆည်းသည်၏အစွမ်းဖြင့် မဂ်ဟုတ်သည်မဟုတ်သည်၏ လက္ခဏာကိုမှတ်ခြင်းသည်မဂ်ဟုတ်သည်မဟုတ်သည်ကိုသိသောဉာဏ်အမြင်၏စင်ကြယ်ကြောင်းဖြစ်၍။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟူသည်ကား။ ။ယင်းသို့ဆီးတားခြင်းဘေးရန်မှလွတ်လျက်ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကိုမြင်၍ဥဒယဗ္ဗယဉာဏ်ကိုရပြီးသော်ဖြစ်ခြင်းကို လွှတ်၍ပျက်ခြင်းကိုသာ အဘန်များစွာရှုသဖြင့် ပြိုလုသောကမ်းစွန်း၌တည်သော သစ်ပင်ကဲ့သို့ မိမိတွင်ရှိသော ရုပ်နာမ်ခန္ဓာတို့ကို ပျက်ဆဲဆဲဟုမြင်သော ဘင်ဉာဏ်သည်ဖြစ်၏။ ထိုဉာဏ်ဖြင့်ရှုပြန်သောကာလ သစ်ကျားခြင်္သေ့စသည်တို့ကို တွေ့သော

ခါကဲ့သို့ ကြောက်လန့်ဘွယ်ရှိသောအခြင်းအရာအားဖြင့် ထင်သော ဘယဉာဏ်သည်ဖြစ်၏။ ထိုဉာဏ်ဖြင့် အဘန်ဘန်ရှုပြန်သောကာလ၊ ငါးဝသောခန္ဓာတို့သည် မီးလောင်၍ လာသောအိမ်ကဲ့သို့ထိန်ထိန်တောက်လောင်သောအခြင်းအရာဖြင့် ထင်သည်ဖြစ်၍အပြစ်ဟုသိမြင်သော အာဒီနဝဉာဏ်သည် ဖြစ်၏။ ထိုဉာဏ်ဖြင့်အဘန်ဘန်ရှုပြန်သတ်သော် ဤရုပ်နာမ်ခန္ဓာ၌လွန်စွာငြီးငွေ့သော နိဗ္ဗိန္ဒဉာဏ်သည်ဖြစ်၏။ ထိုဉာဏ်ဖြင့်အဘန်ဘန်ရှုသေါပုဂ္ဂိုလ်အါးမီးလောင်သေါအိမ်မှထွက်သွားလိုသေါယောကျ်ားကဲ့သို့ ထိုတေဘုမ္မကဓမ္မတို့မှလွတ်လိုသောမုဉ္စိတုကမျတာဉာဏ်သည်ဖြစ်၏။ ထိုဉာဏ်ဖြင့်အဘန်ဘန်ရှုသောအခါလွတ်ရာလွတ်ကြောင်းကို ဆင်ခြင်မြော်မြင်တတ်သော ပဋိသင်္ခါနုပဿနာဉာဏ်သည်ဖြစ်၏။ ထိုဉာဏ်ဖြင့် အဘန်ဘန်ရှုသောပုဂ္ဂိုလ်အား စွန့်ပစ်ထိုက်၍၊ စွန့်လိုက်သောမယားကဲ့တပါး၌မြင်သော်လည်းခင်မင်စိတ်မလာ။လျစ်လျူသါရှုဘိသကဲ့သို့ မိမိခန္ဓာသင်္ခါရအစုတို့၌လျစ်လျူရှုတတ်သောသင်္ခါရုပေက္ခာဉာဏ်သည်ဖြစ်၏။ ထိုဉာဏ်ဖြင့်အဘန်ဘန်ရှုပြန်သောကာလ၊ ရလတ္တံ့သောမဂ်အား လျော်သောသစ္စာနုလောမ ဉာဏ်သည်ဖြစ်၏။ ။ဤသို့ရှေးပြခဲ့ပြီးသောဉဒယဗ္ဗယဉာဏ်မှစ၍ သစ္စာနုလောမ ဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် အဆင့်ဆင့်ဖြင့်ကျင့်ပေသေါယောဂီပုဂ္ဂိုလ်အားကိုးပါးသောဝိပဿနာဉာဏ်တို့၏ဖြစ်ခြင်းသည်ကျင့်သောဉာဏ်၏စင်ကြယ်ခြင်းဖြစ်၍ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။ •

ယင်းသို့ဆိုအပ်ပြီးသော အစဉ်အားဖြင့် လက္ခဏာရေးသုံးပါးကိုအားထုတ်၍ဝိပဿနာ၏ ရင့်ခြင်းသို့ရောက်သဖြင့်သောတာပတ္တိမဂ်အဥ္စနာဓောဖြစ်လိုလတ်သည်ရှိသော်ဘဝင်စလန၊ ဘဝင်ုပစ္ဆေဒ၊ ထို့နောင်တေဘုမ္မကဓမ္မတို့၏ အနိစ္စလက္ခဏာ ၊စသည်ကို အာရုံပြု၍ဆင်ခြင်တတ်သောမနောဒွါရာဝဇ္ဇန်း။ ထို့ ပ။နောင်ထိုအာရုံကိုအာရုံပြု၍မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇေါ

လေးချက်ရှိတွင် တချချသည်တိက္ခမန္တ ပုဂ္ဂိုလ်အားလျော်စွာပရိကံ၊ ဥပစာ၊ အနုလုံဟုနှစ်ကြိမ်သုံးကြိမ်၊ နိဗ္ဗာန်ကိုအာရုံပြု၍ ဂေါတြဘူဟု သုံးကြိမ်မြောက်လေးကြိမ်မြောက် ဝုဋ္ဌာနဂါမိနီဝိပဿနာဇောကိစ္စဖြစ်၍ချုပ်၏။ ထို့နောင်တိက္ခပညာ၊ မန္ဒပညာပုဂ္ဂိုလ်အားလျော်စွာ။ သောတာပတ္တိမဂ်စိတ်သည်နိဗ္ဗာန်ကိုအာရုံပြု၍ ဒုက္ခသစ္စာကိုပိုင်းခြား၍သိခြင်း၊ သမုဒယသစ္စာကိုပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကိုပွါးစေခြင်း တည်းဟူသောကိစ္စလေးပါးကို တပြိုင်နက် တချက်တည်းပြီးစေလျက်ခဏ်ဇောကိစ္စတကြိမ်ဖြစ်၍ချုပ်၏။ ထို့နောင်သောတာပတ္တိဖိုလ်စိတ်သည်နိဗ္ဗာန်ကိုအာရုံပြု၍ တိက္ခမန္ဒအားလျော်စွာ ဖိုလ်ဖိုလ်ဖိုလ်ဟု နှစ်ကြိမ်သုံးကြိမ်ဖိုလ်ဇောကိစ္စဖြစ်၍ ချုပ်၏။ ထို့နောင်ဘဝင်ကိစ္စဖြစ်ထိုက်သရွေ့ဖြစ်၍ချုပ်၏။ ။ယင်းသို့ခြောက်ပါးသောဝိသုဒ္ဓိ၊ ဆယ်ပါးသော ဝိပဿနာစိတ်အစဉ်ဖြင့်နိဗ္ဗာန်ကိုမြင်သောမဂ်စိတ်၏ ဖြစ်ခြင်းသည်သဉ္ဇာမမြောက်သောဉာဏဒဿနဝိသုဒ္ဓိမည်၏။ ။ထိုဉာဏဒဿန ဝိသုဒ္ဓိမည်သောမဂ်ဉာဏ်ဖိုလ်ဉာဏ်တို့၏အာရုံဖြစ်သောနိဗ္ဗာန်မည်သည်တစုံတခုသောရုပ်နာမ်ခန္ဓာတို့၏ မဖြစ်ခြင်းပျောက်ခြင်းငြိမ်းခြင်းမျှသာဟုမှတ်ယူရကုန်အံ့လောဟုဗြားအံ့။ ။စိတ္တံစေတသိကံရုပံနိဗ္ဗာနမိတိသဗ္ဗထာ။ ဟူသောပါဠိဖြင့်၊ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူ၍လေးပါးသော ပရမတ္ထတရားတို့သည် ထင်ရှား ရှိ၏ဟု လက်သန်းအဋ္ဌကထာ စသည်တို့၌ ဆိုသောကြောင့်ရင်း၊ စိတ်၊ စေတသိက်နှင့်နိဗ္ဗာန်သည်နာမ်၏အဖြစ်ဖြင့်တူကြသောကြောင့်ရင်း၊ သတ္တဝါသန္တာန်၌စိတ်၊ စေတသိက်တို့သည် ရှိသကဲ့သို့နိဗ္ဗာန်လည်းထင်ရှားရှိ၏ဟုသိရမည်။

ထို့ကြောင့်အဋ္ဌကထာ၌။ ။နိဗ္ဗာနံပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ မဂ္ဂဖလာနမာလမ္ဗဏဘူတံ ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။ ဟုမိန့်၏။

လောကုတ္တရသင်္ခါတံ၊ သင်္ခါရလောကမှ ထွက်မြောက်ရာဖြစ် သောစတုမဂ္ဂဉာဏေန၊လေးပါးသောမဂ်ဉာဏ် ဖြင့်။သင်္ခတကာ တဗ္ဗံ၊ပျက်မှောက်ပြုအပ်သော။ မဂ္ဂဖလာနံ၊မဂ်ဖိုလ်တို့၏။ အာ လမ္ဗဏဘူတံ၊ အာရုံဖြစ်၍ဖြစ်သော။ နိဗ္ဗာနံပန၊နိဗ္ဗာန်ကိုကား။ ဝါနသင်္ခါတာယ၊ဝါနဟုဆိုအပ်သော။ တဏှာယ၊ တဏှာမှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ပဝုစ္စတိ၊ဟောတော်မူအပ်၏။

ထိုပါဌ်တို့တွင်လောကုတ္တရသင်္ခါတံဟူသောပါဌ်ဖြင့်၊ဥပါ ဒါနက္ခန္ဓာ၊ ပဉ္စက္ခန္ဓာဟုဆိုအပ်သော လောကမှ ထွက်မြောက် သည်၏အဖြစ်ကို ပြတော်မူသည်။ စတုမဂ္ဂဉာဏေနသင်္ခတကာ တဗ္ဗံဟူသောပါဌ်ဖြင့်သောတာပန်၊သကဒါဂံ၊အနာဂံ၊ ရဟန္တာ ဟူသောအရိယာပုဂ္ဂိုလ်အား၊ ပျက်မှောက်ထင်ထင် သိမြင်နိုင် သည်၏အဖြစ်ကို ပြတော်မူသည်။ မဂ္ဂဖလာနမာလမ္ဗဏဘူတံ ဟူသောပါဌ်ဖြင့်ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် အနုမာန ဉာဏ်ဖြင့်ကြံဆ၍သိအပ်သည်၏အဖြစ်ကိုပြတော်မူသည်။

ထိုပါဌ်အပေါင်းတို့ဖြင့် ကိလေသာတို့၏ အကြွင်းမဲ့ ပြတ် ခြင်းတဘန်မဖြစ်ခြင်းကို ပြုတတ်သောမဂ်ဖိုလ်တို့၏ အာရုံဖြစ် သောနိဗ္ဗာန်ဟူသည်ကား။တခုသောပရမတ္ထတရားပင်တည်း။ သက်သက် မဖြစ်ခြင်း၊ ပျောက်ခြင်း၊ ကင်းခြင်း ငြိမ်းခြင်း၊ သ ဘောမျှကိုနိဗ္ဗာန်ဆိုသည်မဟုတ်ဟူသော အနက်ကိုလည်း ပြ တော်မူသည်။

ထို့ကြောင့်။ ။စတုမဂ္ဂဉာဏေနသင်္ခတကာတဗ္ဗန္တိ ဣမိနာ နိဗ္ဗာနဿ တံ တံ အရိယပုဂ္ဂလာနံ ပစ္စက္ခသိဒ္ဓတံ ဒဿေတိ။ မဂ္ဂဖ လာနမာလမ္ဗဏဘူတန္တိ ဣမိနာ ကလျာဏပုထုဇ္ဇနာနံ အနုမာန သိဒ္ဓတံ ဒဿေတိ။ သင်္ခတဓမ္မာရမ္မဏံ ဟိ ပညတ္တာရမ္မဏံ ဝါ ဉာ ဏံ ကိလေသာနံ သမုစ္ဆေဒ ပဋိပဿမ္ဘနေ အသမတ္ထံ အတ္ထိ စ လောကေ ကိလေသသမုစ္ဆေဒါဒိကိစ္စံ အတ္ထိ သင်္ခတသမ္မုတိ ဝမ္မဝိပရိတော။ ကိလေသာနံ သမုစ္ဆေဒပဋိပဿဒ္ဓိကရာနံ မဂ္ဂဖ

လါနုမာလမ္ဗဏာဘူတောါနိဗ္ဗါနံနုဒမေကောဓမ္မေါတိသိဒ္ဓံပစ္စက္ခာ နုမာနတာ ဒဿနေနစ အဘာဝမတ္တံ နိဗ္ဗာနန္တိ ဝိပ္ပဋိဝါဒါနံနိ သေဓေတိတိအလမတိပပဉ္စေန။ ။ဟုဋီကာ၌မိန့်၏။

စတုမဂ္ဂဉာဏေန သစ္ဆိကာ တဗ္ဗတ္တာ ဉာမိနာ၊ ကာတဗ္ဗံ ဟူသောဤပါဌ်ဖြင့်။နိဗ္ဗာနသည၊ နိဗ္ဗာန်တရား၏။ တံတံအရိယပုဂ္ဂလာနံ၊ထိုထိုအရိယာပုဂ္ဂိုလ်တို့၏။ ပစ္စက္ခသိဒ္ဓတံ၊ မျက်မှောက်ပြု၍သိအပ်မြင်အပ်သည့်၏အဖြစ်ကို။ ဒဿေတိ၊ ပြတော်မူ၏။ မဂ္ဂဖလါနမာလမ္ဗဏာဘူတတ္တာ ဉာမိနာ၊ဘူတံဟူသောဤပါဌ်ဖြင့်။ ကလျာဏပုထုဇ္ဇနာနံ၊ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့၏။ အနုမာနသိဒ္ဓတံ၊ အနုမာန ဉာဏ်ဖြင့်ဆ၍ သိအပ်သည့်၏ အဖြစ်ကို။ ဒဿေတိ၊ ပြ၏။ဟိ၊ ထင်စွာပြဦးအံ့။သင်္ခတဓမ္မာရမ္မဏံဝါ၊သင်္ခတ တရားလျှင် အာရုံ ရှိသည် ဖြစ်သော။ ပညတ္တာ ရမ္မဏံဝါ၊ ပညတ် တရား လျှင် အာရုံ ရှိ သည် လည်း ဖြစ် သော။ ဉာဏံ၊ ဉာဏ်သည်။ ကိလေသာနံ၊ ကိလေသာတို့ကို။ သမုစ္ဆေဒ ပဋိ ပဿမ္ဘနေ၊ အကြွင်းမဲ့ ဖြတ်ခြင်း၊ တဘန်ငြိမ်းစေခြင်း၌။ အသ မတ္ထံ၊ မစွမ်းနိုင်သည်သာတည်း။ လောကေ၊လောက၌။ ကိလေ သ သမုစ္ဆေဒါဒိ၊ကိလေသာတို့၏အကြွင်းမဲ့ဖြတ်ခြင်းစသောသ ဘောသည်လည်း။ အတ္ထိစ၊ ထင်ရှားလည်းရှိ၏။ယသ္မာ၊ အကြင့် ကြောင့်။ သင်္ခတသမ္မုတိဓမ္မဝိပရိတော၊ သင်္ခတတရား ပညတ် တရားမှပြန်သောအသင်္ခတသဘောသည်လည်း။အတ္ထိ၊ရှိသည် စင်စစ်တည်း။ တသ္မာ၊ထို့ကြောင့်။ ကိလေသာနံ၊ ကိလေသာ တို့၏။သမုစ္ဆေဒပဋိပဿဒ္ဓိကရာနံ၊အကြွင်းမဲ့ဖြတ်ခြင်းငြိမ်းခြင်း ကိုပြုတတ်ကုန်သော။မဂ္ဂဖလာနံ၊မဂ်ဖိုလ်တို့၏။ အာလမ္ဗဏာဘူ တော၊အာရုံဖြစ်၍ဖြစ်သော။ နိဗ္ဗာနံနာမ၊နိဗ္ဗာန်မည်သည်ကား။ ဓမ္မော၊ တရသောပရမတ္ထတရားတည်း။ ဣတိအတ္ထံ၊ ဤ သို့သောအနက်သည်။သိဒ္ဓံ၊ပြီး၏။ပစ္စက္ခာနုမာနတာဒဿနေန စ၊မျက်မှောက်သိအပ်သည့်၏ အဖြစ်၊ဆ၍ သိအပ်သည့်၏ အ ဖြစ်ကိုပြသဖြင့်လည်း။အဘာဝမတ္တံ၊ မရှိခြင်းမဖြစ်ခြင်း အဘာ

ဝမျှသည်။နိဗ္ဗာန်၊နိဗ္ဗာန်မည်၏။ ဉာတိ၊ဤသို့။ဝိပ္ပန္နဝါဒါန်၊ ပျက်
သောအယူရှိသောအချည်းနှီးသောပုဂ္ဂိုလ်တို့၏။ ဝါဒံ၊အယူဝါ
ဒကို။နိသေဓေတိ၊ မြစ်တော်မူ၏။ ဉာတိ၊ ဤသို့နိဗ္ဗာန်ရှိ၍ နိ သိ
ထောက်တန်သောကြောင့်။ အတိပပဥ္စေန၊ အလွန်ကျယ်လွန်း
သဖြင့်။အလံ၊အကျိုးမရှိပြီ။

(ဤစကားရပ်ဖြင့် စိတ်စေတသိက်ရုပ်တည်းဟူသောသင်္
တတရားလျှင် အာရုံရှိသောဉာဏ်၊ ပညတ် တရားလျှင် အာရုံ
ရှိသော ဉာဏ်သည် ကိလေသာ တို့ကို အကြွင်းမဲ့ ဖြတ် ခြင်း၊
တဘန်ငြိမ်းစေခြင်းငှါမစွမ်းနိုင်။ စင်စစ်မူကား။ အသင်္ခတဖြစ်
သော နိဗ္ဗာန်ကို အာရုံ ပြုနိုင် သော ဉာဏ် သည် သာလျှင် ကိ
လေသာကိုအကြွင်းမဲ့ဖြတ်ခြင်းငှါ စွမ်းနိုင်သည်။ ဤလောကဌ
ကိလေသာတို့၏ အကြွင်းမဲ့ ဖြတ်ခြင်း စသော သဘောသည်
လည်းဘုရား၊ရဟန္တာ၊ ပစ္စေကဗုဒ္ဓါတို့၌ ထင်ရှားရှိခဲ့၏။ ထို
သို့ရှိသောကြောင့်သင်္ခတတရား၊ သမ္မုတိပညတ်တရားတို့မှအ
သီးအခြားဖြစ်သောကိလေသာတို့ကိုဖြတ်တတ်သော မဂ်ဖိုလ်
တို့၏ အာရုံ ဖြစ်သော နိဗ္ဗာန် မည်သည် ကား။ တရသော ပရ
မတ္ထတရားပင် ဟူသော အနက် သည်ပြီး၏။ ။ယင်းသို့ ပြီးရ
ကား။တစုံတခုမျှ မဖြစ်ခြင်း သဘော ပျောက်ခြင်း၊ ငြိမ်းခြင်း
သည်နိဗ္ဗာန်မည်၏ဟူ၍။ပျက်သောအယူရှိသောမိစ္ဆာဝါဒီပုဂ္ဂိုလ်
တို့၏ဝါဒကိုယခင်ပါဠိတို့ဖြင့်ပယ်အပ်၏ဟူလို)။

ရေဝတမည်သော နတ်သားသည် ဘုရားရှင်ထံသို့ကပ်၍။
အရှင်ဘုရား၊နိဗ္ဗာန်မည်သော ပြည်ကြီးကား။ အဘယ်မျှလော
ဝေးပါသနည်း။အဘယ်ခရီးဖြင့် သွားရပါအံ့နည်းဟု လျှောက်
ရာတွင်ဘုရားသခင်က။ ။ယတ္ထခေါ အာဝုသော နဇာယတိ။
နဇီရတိ။နမိယတိ။နစဝတိ။နဥပပဇ္ဇတိ။နာဟံ့ဂမနေနလော
ကဿန္တံဉာတေယျံဒိဋ္ဌေယျံ ပတ္တေယျန္တိ ဝဒါမိ။ နစာဟံအာဝု
သောအပတွာစလောကဿန္တံဒုက္ခဿအန္တကိရိယံဝဒါမိ။ အ
ပိစာဟံ အာဝုသော ဗျာမမတ္တေ ယေဝ ဗျာမမတ္တေကဠေဝရေ သ

သညိမှိ သမနကေ။ လောကဉ္စ ပညာပေမိ လောကသမုဒယဉ္စ
လောကနိရောဓဉ္စ လောကဂါမိနိဉ္စ ပဋိပဒံ။ ။ဂမနေန န ပတ္တဗ္ဗော၊
လောကဿန္တော ကုဒါစနံ။ နစ အပတွာ လောကဿန္တံ၊ ဒုက္ခာ
အတ္ထိ ပမောစနံ။ ။ဟုဟောတော်မူသည်။

အာဝုသော၊ ရေဝတနတ်သား။ ယတ္ထ၊ အကြင်နိဗ္ဗာန်အရပ်၌။
နဇာယတိ၊ ဖြစ်လည်းမဖြစ်၊ နဇီရတိ၊ အိုလည်းမအို။ နမိယတိ၊
သေလည်းမသေ။ နစဝတိ၊ ရွေ့လည်းမရွေ့။ နဥပပဇ္ဇတိ၊ တ
ဘန်သည်းပဋိသန္ဓေမနေ။ လောကဿန္တံ၊ လောက၏ အဆုံး
ဖြစ်သော။ တံ၊ ထိုနိဗ္ဗာန်အရပ်သို့။ ဂမနေန၊ ရထားလှည်း
လှေခြေကျင်သွားခြင်းဖြင့်။ ဉာတေယျံ၊ သိအပ်၏ဟူ၍၎င်း။ ဒဋ္ဌေ
ယျံ၊ မြင်အပ်၏ဟူ၍၎င်း။ ပတ္တေယျန္တိ၊ ရောက်အပ်၏ဟူ၍၎င်း။ အ
ဟံ၊ ငါဘုရားသည်။ နဝဒါမိ၊ ဟောတော်မမူ။ ။အာဝုသော၊
ရေဝတနတ်သား။ လောကဿန္တံ၊ လောက၏ အဆုံးဖြစ်သော
နိဗ္ဗာန်သို့။ အပတွာစ၊ မရောက်ဘဲလည်း။ ဒုက္ခဿ၊ ဆင်းရဲ၏။
အန္တကိရိယံ၊ အဆုံးကိုပြုတတ်၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ န
ဝဒါမိ၊ ဟောတော်မမူ။ ။အာဝုသော၊ ရေဝတနတ်သား။ အပိ
စ၊ စင်စစ်သော်ကား။ ဗျာမမတ္တေ၊ တလံမျှလောက်သော။ သ
သညိမှိ၊ သညာနှင့်တကွသော။ သမနကေ၊ စိတ်နှင့်တကွသော။
ဣမသ္မိံ ယေဝ ကဠေဝရေ၊ ဤကိုယ်၌ သာလျှင်။ လောကဉ္စ၊
သင်္ခါရဒုက္ခတည်းဟူသော လောက ကို၎င်း။ လောကသမုဒ
ယဉ္စ၊ သင်္ခါရလောက၏ဖြစ်ကြောင်းကို၎င်း။ လောကနိရောဓဉ္စ၊
သင်္ခါရလောက၏ချုပ်ရာနိဗ္ဗာန်ကို၎င်း။ လောကနိရောဓဂါမိနိ
ပဋိပဒဉ္စ၊ သင်္ခါရလောက၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက် ကြောင်း
ဖြစ်သောအကျင့်ကို၎င်း။ ပညာပေမိ၊ ပညတ်တော်မူ၏။ ။အာ
ဝုသော၊ ရေဝတနတ်သား။ လောကဿ၊ သင်္ခါရ လောက၏။
အန္တော၊ အဆုံးဖြစ်သောနိဗ္ဗာန်သို့။ ဂမနေန၊ ရထားမြင်းဆင်။
လှေလှည်းယာဉ်ဖြင့်။ ကုဒါစနံ၊ တရံ တဆစ်မျှ။ နပတ္တဗ္ဗော၊ မ
ရောက်အပ်။ အာဝုသော၊ ရေဝတနတ်သား။ လောကဿ၊ လော

ကဏ္ဍ၏။အနန္တ၊အဆုံးဖြစ်သော နိဗ္ဗာန်သို့ အပတ္တာစ၊ မရောက်ဘဲ လည်း။ဒုက္ခာ၊ ဆင်းရဲမှ။ပမောစနံ၊လွတ်ခြင်းသည်။နတ္ထိ၊မရှိ။

(ဤဒေသနာတော်ဖြင့် နိဗ္ဗာန် မည်သည်လူတို့၏ မြို့ပြပြည် ရွာကဲ့သို့ တည်ရာဒေသ မရှိရကား။ ရထားမြင်း ဆင် စသော ယာဉ်ဖြင့်၎င်း။ လှည်းယာဉ်လှေယာဉ်ခြေကျင်သွားခြင်းဖြင့်၎င်း သွား၍ရောက်ကောင်းသည်မဟုတ်။ ဝိသုဒ္ဓိပဋိပတ် မြတ်သော အကျင့်ဖြင့်သာရောက်အပ်သည်။မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့်သာ မြင်နိုင် သည်။ ဆင်းရဲ၏အပေါင်း၏ ကုန်ရာ ဖြစ်သည်။ ထိုနိဗ္ဗာန် ကားကေန်ရှိသည်သာတည်း။ဤနိဗ္ဗာန်သို့မရောက်သမျှကာလ၊ ဒုက္ခမှကင်းလွတ်သည်မရှိဟုမိန့်တော်မူလေသည်)။

မိလိန္ဒပဥှာ၌ကား။ ။ဘန္တေ နာဂသေန ကတမေ သတ္တာ ကမ္မဇာ၊ကတမေဟေတုဇာ၊ ကတမေဥတုဇာတိ။ ယေကေစိ မဟာရာဇသစေတနာသတ္တာသဗ္ဗေကမ္မဇာ။ ပထဝီစသဗ္ဗေပဗ္ဗ တာဇလာဝါတာစဥတုဇာ။ အဂ္ဂိစသဗ္ဗေရုက္ခာဟေတုဇာ။ အာ ကာသောစ နိဗ္ဗာနဉ္စအကမ္မဇာ အဟေတုဇာနဥတုဇာတိ။ ။ စသည်ဖြင့်လာသည်။ ။

မြန်မာဘာသာကား။ အရှင်နာဂသိန်၊ အဘယ် သတ္တဝါတို့ သည်ကံကြောင့်ဖြစ်ကုန်သနည်း။ အဘယ်သဘောတို့သည်အ ကြောင်းကြောင့် ဖြစ်ကုန်သနည်း။ အဘယ် သဘောတို့သည် ဥတုကြောင့်ဖြစ်ကုန်သနည်းဟုမေး၏။မင်းကြီး၊ စိတ်ရှိသောအ ကြင်သတ္တဝါတို့သည်ဖြစ်ကုန်၏။ ထိုခပ်သိမ်းသောသတ္တဝါတို့ သည်ကံကြောင့်ဖြစ်ကုန်၏။မြေသည်၎င်း၊အလုံးစုံသောတောင် တို့သည်၎င်း၊ရေသည်၎င်း၊ လေသည်၎င်းဥတုကြောင့်ဖြစ်ကုန် ၏။ မီးသည်၎င်း၊အလုံးစုံသောသစ်ပင်တို့သည်၎င်းအကြောင်း ကြောင့်ဖြစ်ကုန်၏။ ကောင်းကင်သည်၎င်း၊နိဗ္ဗာန်သည်၎င်းကံ ကြောင့်လည်း မဖြစ်။ အကြောင်းကြောင့်လည်း မဖြစ်။ ဥတု ကြောင့်လည်းမဖြစ်ချေ။မင်းကြီး၊ နိဗ္ဗာန်ကိုကမ္မဇဟူ၍၎င်း၊ဟေ တုဇဟူ၍၎င်း၊ဥတုဇဟူ၍၎င်း၊ဖြစ်ပြီးဟူ၍၎င်း၊ဖြစ်ဆဲဟူ၍၎င်း၊

ဖြစ်သတ္တံ့ဟူ၍ ၎င်း၊ အတိတ်ဟူ၍ ၎င်း၊ အနာဂတ်ဟူ၍ ၎င်း၊
ပစ္စုပ္ပန်ဟူ၍၎င်း၊စက္ခုဝိညာဉ်ဖြင့်မြင်အပ်၏ဟူ၍၎င်း၊ သောတ
ဝိညာဉ်ဖြင့် ကြားအပ်၏ဟူ၍၎င်း၊ ဃာနဝိညာဉ်၊ ဇိဝှါဝိညာဉ်၊
ကာယဝိညာဉ်တို့ဖြင့် ရောက်အပ် သိအပ်၏ဟူ၍၎င်း မဆိုအပ်
ချေဟုဖြေတော်မူ၏။ ။ထိုအခါမင်းကြီးက။အရှင်ဘုရား၊ ထို
သို့ဖြစ်တပြီးကား။ အရှင်ဘုရားတို့သည် မရှိသော သဘောကို
နိဗ္ဗာန်ဟူ၍ ညွှန်းတော်မူသလောဟု လျှောက်၏။ ။မင်းကြီး၊
နိဗ္ဗာန်မည်သည်ကား မရှိသည်မဟုတ် ရှိသည်သာတည်း။ မ
နောဒွါရဖြင့်သာသိအပ်၏။ကောင်းသော်အကျင့်ရှိသောပုဂ္ဂိုလ်
သည်စင်ကြယ်စွာသောဉာဏ်ဖြင့် မြင်နိုင်၏ဟုဖြေလျှင်။ အရှင်
ဘုရား၊ ဥပမာဖြင့်သိစေပါလောဟုလျှောက်လျှင်။ ။မင်းကြီး၊
လေသည်ရှိ၏လောဟုမေး၏။ အရှင်ဘုရား၊ ရှိပါ၏ဟုလျှောက်
လျှင်။ မင်းကြီး၊ ဤရှိသောလေကိုငါ့အားပြပါလောဟုဆို၏။ အ
ရှင်ဘုရား၊ လေ၏အဖြူအနီစသောအဆင်းကို၎င်း၊အလုံးအပြားစ
သောသဏ္ဌာန်ကို၎င်း၊ ကြီးသည်ငယ်သည်တိုသည်ရှည်သည်
ကို၎င်းပြခြင်းငှါမတတ်နိုင်ပါဟုလျှောက်လေသော်။ မင်းကြီး၊
ထိုသို့မပြနိုင်မူ လေသည်ရှိလေသလောဟု မေးပြန်၏။ အရှင်
ဘုရား၊ လေကားရှိပါ၏။ပြခြင်းငှါသာမတတ်နိုင်ပါဟုလျှောက်
လျှင်။မင်းကြီး၊ ဤအတူနိဗ္ဗာန်လည်းကေန်စင်စစ်ရှိ၏။ ပြခြင်းငှါ
သာမတတ်နိုင်ဟူ၍မိန့်တော်မူ၏။အရှင်ဘုရား၊အလွန်သင့်မြတ်
ပေ၏။ အကျွန်ုပ် နိဗ္ဗာန်ရှိကြောင်းကို ဝန်ခံပါမည်ဟု လျှောက်
၏။ ။အရှင်နာဂသိန်၊ ခပ်သိမ်းသောသူတို့သည်နိဗ္ဗာန်ကိုရပ်
ကုန်သလောဟုမေးလျှောက်၏။ မင်းကြီး၊ ခပ်သိမ်းသောသူတို့
သည်နိဗ္ဗာန်ကိုမရကုန်။ စင်စစ်သော်ကား။ကောင်းသောအယူ
အကျင့်ရှိသော အရိယာသာဝကတို့သည်သာလျှင် နိဗ္ဗာန်ကိုရ
ကုန်၏ဟု မိန့်တော်မူ၏။ အရှင်ဘုရား၊ အကြင်ပုဂ္ဂိုလ်တို့သည်
နိဗ္ဗာန်ကိုမရကြကုန်။ထိုပုဂ္ဂိုလ်တို့သည်နိဗ္ဗာန်ကားအလွန်ချမ်း
သာ၏ဟူ၍သိပါကုန်အံ့လောဟုမေး၏။ ။မင်းကြီး၊သိပါ၏ငဲ

၍ဖြေသော်။ အဘယ်သို့ သိနိုင်ပါသနည်းဟုလျှောက်၏။ မင်းကြီး၊ ခြေသက်ဖြတ်ခြင်းကို မခံရသေးသောသူတို့သည် သူတပါးတို့လက်ခြေဖြတ်ခြင်းကို ခံရသောအခါ ငိုကြွေးသောအသံကိုကြားသဖြင့်ခြေလက်ဖြတ်ခြင်း၌ ဆင်းရဲကြီးသည်ကို သိသကဲ့သို့။ ဤအတူ အကြွင်းသူတို့သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်ကြ၏။ ထိုသူတို့၏ပြောဟောချီးမွမ်းသောအသံကိုကြားသဖြင့် နိဗ္ဗာန်ကား ဤသို့ စင်စစ်ချမ်းသာရ၏ဟု သိရသတည်း။ ဤသို့ဖြေတော်မူလျှင်။ အရှင်ဘုရား၊ လျှောက်ပတ်ပေ၏ဟုချီးမွမ်း၏။ ။ဤမှတပါး ဥပမာဥပမေယျတို့ဖြင့်အဋ္ဌကထာဋီကာတို့၌လာသည်ကားများသေး၏။အနုမာနတွေ့ ဆဆင်ခြင်၍သိမြင်ထောက်တန်ပြီဖြစ်ရကားမရေးသားလိုက်ပြီ။

ထိုနိဗ္ဗာန်သည်သဉပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်ဟု၍နှစ်ပါးပြားရာတွင် ရဟန္တာပုဂ္ဂိုလ်တို့အားကိလေသာကုန်၍ခန္ဓာငါးပါးသာ အကြွင်းရှိသည်ကား။ သဉပါဒိသေသနိဗ္ဗာန်မည်၏။ ကိလေသာလည်းကုန်-ခန္ဓာ ငါးပါးလည်း အကြွင်းမရှိသည်ကား။ အနုပါဒိသေသနိဗ္ဗာန်မည်၏။ ဤသို့ပြားခြင်းသည် ပရမတ္ထအားဖြင့်ပြားသည်မဟုတ်။သိလွယ်ရာသောအကြောင်းအဖွက်ဖြင့်သာပြားသတည်း။

ထို့ကြောင့်လက်သန်းအဋ္ဌကထာ၌။ ။တဒေတံဒုဝိဓံဟောတိကာရဏပရိယာယေန။ ။ဟုမိန့်၏။ ။

ဣတိဝုတ် အဋ္ဌကထာ၌ လည်း။ ။ယဒိပိတဿ ပရမတ္ထတောဘေဒေါနတ္ထိ ပရိယာယေနပန ပညာယတိ။ ။ဟုမိန့်ဆိုတော်မူသည်။

တနည်းကား။ ။သုညတနိဗ္ဗာန်၊ အနိမိတ္တနိဗ္ဗာန်၊ အပ္ပဏိဟိတနိဗ္ဗာန်ဟု၍သုံးတန် ဘယ့်ကြောင့် ပြားသနည်း။ ။အတ္တဟု၍စွဲလမ်းခြင်းကို စွန့်တတ်သော အနတ္တဟူ၍ စီးဖြန်းခြင်းသည် သုညတာနုပဿနာမည်၏။ ထိုအနုပဿနာဉာဏ်ဖြင့်စီးဖြန်း၀၁်မှထမြောက်ကြောင်း ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြစ်သည်

ဖြစ်အံ့။ ထိုဓာသည် သုညတဝိမောက္ခမည်၏။ ထိုဓာနောင်ကျသောမဂ်သည်လည်း သုညတမဂ်ဖိုလ်သည်လည်းသုညတဖို လ်မည်၏။ ထိုပုဂ္ဂိုလ်၏နိဗ္ဗာန်သည်သုညတနိဗ္ဗာန်မည်လေသတည်း။

ဝိပဿနာသနိမိတ်ကိုပယ်တတ်သော အနိစ္စဟူ၍ စီးဖြန်းခြင်းသည် အနိမိတ္တာနုပဿနာမည်၏။ ထိုအနုပဿနာဖြင့် စီးဖြန်း၍ဝုဋ္ဌာနဂါမိနီ ဝိပဿနာဓာဖြစ်အံ့။ ထိုဓာသည် အနိမိတ္တဝိမောက္ခမည်၏။ ထိုဓာနောင်ကျသောမဂ်လည်းအနိမိတ္တမဂ်ဖိုလ်လည်းအနိမိတ္တဖိုလ်မည်၏။ ထိုပုဂ္ဂိုလ်၏နိဗ္ဗာန်လည်း အနိမိတ္တ နိဗ္ဗာန်မည်၏။ ။တဏှာဟူသော တောင့်တခြင်းကို စွန့်တတ်သောဒုက္ခဟူ၍စီးဖြန်းခြင်းသည်အပ္ပဏိဟိတာနုပဿနာမည်၏။ ထိုအနုပဿနာဖြင့် စီးဖြန်း၍ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဓာဖြစ်အံ့။ ထိုဓာသည် အပ္ပဏိဟိတ ဝိမောက္ခမည်၏။ ထိုဓာနောင်ကျသောမဂ်ဖိုလ်သည်လည်း အပ္ပဏိဟိတမဂ်ဖိုလ်မည်၏။ထိုပုဂ္ဂိုလ်၏နိဗ္ဗာန်သည်အပ္ပဏိဟိတနိဗ္ဗာန်မည်၏။ ။ဤသို့ ဝိပဿနာတည်းဟူသော ရောက်ခြင်း အခြင်းအရာအားဖြင့်သုံးပါးပြားသည်ဟူပေ။

လက္ခဏာရေးသုံးပါးတို့တွင်တပါးပါးကိုနှလုံးသွင်း၍ တင်ရုံမျှဖြင့်မဂ်ကိုရအံ့လော။သုံးပါးလုံးတင်မှရသလောဟူငြားအံ့။ ။တပါးတင်ရုံမျှဖြင့်မရနိုင်။ သုံးပါးလုံးတင်မှရ၏ဟူပေ။ ။သုံးပါးလုံးတင်မှရလျှင်အဘယ်သို့သုညတစသည်မည်နိုင်အံ့နည်းဟူငြားအံ့။ ။သုံးပါးလုံးတင်သော်လည်း မိမိနှလုံးထားရင်းလက္ခဏာတပါးသာ ရှေးဦးစွာတင်သည်ဖြစ်၍။ ထိုတင်သောရောက်ကြောင်း၏အစွမ်းဖြင့်ရင်း၊ မိမိဂုဏ်အားဖြင့်ရင်း၊ အာရုံအားဖြင့်ရင်း။ ဤအကြောင်းသုံးပါးကြောင့် သုညတစသော အမည်ကိုရ၏ဟူပေ။

ထိုအနက်တို့ကိုတပေါင်းတည်းပြတော်မူလိုရကား။ ။ဓမ္မသင်္ဂဏီအဋ္ဌကထာ၌။ ။သုညတန္တိ လောကုတ္တရမဂ္ဂသနာ၊

သောဟိအာဂမနတော။ သဂုဏတော အာရမ္မဏတောတိ တီ
ဟိကာရဏေဟိနာမံလဘတိ။ ကထံဣဓဘိက္ခု အနတ္တတော
အဘိနိဝိသိတွာ အနတ္တတောသင်္ခါရေပဿတိ ။ယသ္မာပနအ
နတ္တတောဒိဋ္ဌမတ္တေနေဝမဂ္ဂဝုဋ္ဌာနံနာမနဟောတိ အနိစ္စတော
ပိဒုက္ခတောပိဒဋ္ဌုမေဝဝဋ္ဋတိ။ တသ္မာအနိစ္စဒုက္ခအနတ္တာတိတိ
ဝိဓံအနုပဿနံအာရောပေတွာ သမ္မသန္တောစရတိ။ ဝုဋ္ဌာနဂါ
မိနိပိပဿနာပနဿ တေဘူမကေသင်္ခါရေ သုညတောဝ
ပဿတိ။အယံဝိပဿနာသုညတာနာမဟောတိ။သာအာဂမနိ
ယဋ္ဌာနေဌတွာ အတ္တနောမဂ္ဂဿ သုညတန္တိနာမံဒေတိ။ ဧဝံ
မဂ္ဂေါအာဂမနတောသုညတနာမံလဘတိ။ယသ္မာပနသောရာ
ဂါဒီဟိသုညောတသ္မာ သဂုဏေနေဝ သုညတနာမံလဘတိ။
နိဗ္ဗာနံပိ ရာဂါဒီဟိ သုညတ္တာသုညတန္တိဝုစ္စတိ။ တံအာရမ္မဏံ
ကတွာဥပ္ပန္နတ္တာမဂ္ဂေါအာရမ္မဏတောသုညတနာမံလဘတိ။ ။
စသည်ဖြင့်မိန့်အပ်ပြီး။

သုညတန္တိ၊ သုညတဟူသောအမည်သည်။ လောကုတ္တရ
မဂ္ဂဿ၊ လောကုတ္တရာမဂ်၏။ နာမံ၊အမည်တည်း။ဟိ၊ထင်စွာ
ဆိုဦးအံ့။ သောမဂ္ဂေါ၊ထိုမဂ်သည်။ အာဂမနတောစ၊ ရောက်
ကြောင်းအားဖြင့်၎င်း။ သဂုဏတောစ၊ မိမိဂုဏ်အားဖြင့်၎င်း။
အာရမ္မဏတောစ၊ အာရုံအားဖြင့်၎င်း။ ဣတိ၊သို့။ တီဟိကာရ
ဏေဟိ၊ သုံးပါးသောအကြောင်းတို့ကြောင့်။ နာမံ၊သုညတ စ
သောအမည်ကို။လဘတိ၊ရ၏။ကထံ၊အဘယ်သို့ရသနည်းဟူမူ
ဣဓ၊ ဤသာသနာတော်၌။ဘိက္ခု၊ရဟန်းသည်။အနတ္တတော၊အ
ကား။ ။နတ္တအားဖြင့်။အဘိနိဝိသိတွာ၊နှလုံးသွင်း၍။သင်္ခါရေ၊
တေဘူမက သင်္ခါရတရားတို့ကို။ အနတ္တတော၊ အနတ္တအား
ဖြင့်။ ပဿတိ၊ မြင်၏။ ယသ္မာပန၊အကြင့်ကြောင့်ကား။ အနတ္တ
တော၊အနတ္တအားဖြင့်။ ဒိဋ္ဌမတ္တေနေဝ၊ မြင်ကာမျှဖြင့်သာလျှင်။
မဂ္ဂဝုဋ္ဌာနံနာမ၊ မဂ်၏ထမြောက်ခြင်းမည်သည်။နဟောတိ၊မဖြစ်။
အနိစ္စတောပိ အနိစ္စအားဖြင့်၎င်း။ ဒုက္ခတောပိ၊ ဒုက္ခအားဖြင့်

၎င်း။ဒဠှမေဝ၊ မြင်ခြင်းငှာသာလျှင်။ ဝဋ္ဋတိ၊ သင့်၏။ တဿ၊ ထို
သို့ မြင်သင့်မြင်ထိုက်သောကြောင့်။ အနိစ္စဒုက္ခအနတ္တာတိ၊ အ
နိစ္စဒုက္ခအနတ္တာဟူ၍။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ အနုပဿနံ၊
အနုပဿနာသို့။ အာရောပေတွာ၊ တင်၍။ သမ္မသန္တော၊ သုံးသပ်
လျက်။ စရတိ၊ ကျင့်၏။ အဿ၊ ထိုပုဂ္ဂိုလ်၏။ ဝုဋ္ဌာနဂါမိနိဝိပဿ
နာပန၊ ဝဋ်မှထမြောက်သောဝိပဿနာသည်ကား။ တေဘူမိကေ
ပိသင်္ခါရေ၊ ဘုံသုံးပါး၌ဖြစ်သော သင်္ခါရတရားတို့ကိုလည်း။
သုညတောဝ၊ ဆိတ်သောအားဖြင့်သာလျှင်။ ပဿတိ၊ မြင်၏။
အယံဝိပဿနာ၊ ဤဝိပဿနာသည်။ သုညတာနာမ၊ သုညတ
ဝိပဿနာမည်သည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုရှေးဦးစွာဖြစ်
သောဝိပဿနာသည်။ အာဂမနိယဋ္ဌာနေ၊ ရောက်ကြောင်း၏
အရာ၌။ ဌတွာ၊ တည်၍။ အတ္တနောမဂ္ဂဿ၊ မိမိမဂ်၏။ သုညတန္တိ
နာမံ၊ သုညတဟူသောအမည်ကို။ ဒေတိ၊ ပေး၏။ ဧဝံ၊ ဤသို့။
မဂ္ဂေါ၊ မဂ်သည်။ အာဂမနတော၊ ရောက်ကြောင်းဝိပဿနာအား
ဖြင့်။ သုညတနာမံ သုညတမဂ်ဟူသောအမည်ကို။ လဘတိ၊
ရ၏။ ယသ္မာပန၊ အကြင့်ကြောင့်ကား။ သောမဂ္ဂေါ၊ ထိုမဂ်သည်။
ရာဂါဒီဟိ၊ ရာဂအစရှိသောကိလေသာတို့မှ။ သုညော၊ ဆိတ်၏။
တသ္မာ၊ ထို့ကြောင့်။ သဂုဏတောဝ၊ မိမိဂုဏ်အားဖြင်သာလျှင်။
သုညတနာမံ၊ ကို။ လဘတိ၊ ရ၏။ နိဗ္ဗာနံပိ၊ နိဗ္ဗာန်သည်လည်း။
ရာဂါဒီဟိ၊ ရာဂစသည်တို့မှ။ သုညတ္တာ၊ ဆိတ်သည်၏အဖြစ်
ကြောင့်။ သုညတန္တိ၊ သုညတဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တံ၊ ထို
နိဗ္ဗာန်ကို။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ ဥပ္ပန္နတ္တာ၊ ဖြစ်သည်၏
အဖြစ်ကြောင့်။ မဂ္ဂေါ၊ မဂ်သည်။ အာရမ္မဏတော၊ အာရုံအားဖြင့်။
သုညတနာမံ၊ သုညတအမည်ကို။ လဘတိ၊ ရ၏။ ။ဣဓ၊ ဤ
သာသနာတော်၌။ ဘိက္ခု၊ သည်။ အာဒိတောဝ၊ အစစွာသာလျှင်။
ဒုက္ခတော၊ အားဖြင့်။ အဘိနိဝိသိတွာ၊ နှလုံးသွင်း၍။ သင်္ခါရေ၊
တို့ကို။ ဒုက္ခတောဝ၊ အားဖြင့်သာလျှင်။ ပဿတိ၊ ရှု၏။ ယသ္မာ
ပန၊ အကြင့်ကြောင့်ကား။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ ဝိဋ္ဌမဂ္ဂ
ဟာ

နေဝ၊မြင်ကာမျှဖြင့်သာလျှင်။ မဂ္ဂဝုဋ္ဌာနံနာမ၊ မဂ်၏ထမြောက်ခြင်းမည်သည်။နဟောတိ၊မဖြစ်။ အနိစ္စတောပိ၊အနိစ္စအားဖြင့်ဇင်း။အနတ္တတောပိ၊အနတ္တအားဖြင့်ဇင်း။ ဒဋ္ဌုမေဝ၊ မြင်ခြင်းငှာသာလျှင်။ ဝဋ္ဋတိ၊သင့်၏။ တသ္မာ၊ ထို့ကြောင့်။ အနိစ္စဒုက္ခအနတ္တာတိ၊ အနိစ္စဒုက္ခအနတ္တဟူ၍။ တိပိဓံ၊ သုံးပါးအပြားရှိသော။ အနုပဿနံ၊ သို့။အာရောပေတွာ၊တင်၍။ သမ္မသန္တော၊သုံးသပ်ကျက်။စရတိ၊ကျင့်၏။အဿ၊ထိုပုဂ္ဂိုလ်၏။ဝုဋ္ဌာနဂါမိနိဝိပဿနာပန၊ ဝုဋ္ဌာနဂါမိနိဝိပဿနာသည်ကား။ တေဘုမ္မိက သင်္ခါရေသု တိုရှဉ်း။ပက်ဝိ၊တဏှာဟူသောတောင့်တခြင်းကို။ သောသေတွာ၊ ခန်းခြောက်စေ၍။ပရိယာဒိယိတွာ၊ကုန်စေ၍။ ဝိဿဇ္ဇေသိ၊စွန့်လွှတ်၏။အယံဝိပဿနာ၊သည်။ အပဏိဟိတဝိပဿနာနာမ၊မည်သည်။ဟောတိ၊ဖြစ်၏။ သာဝိပဿနာ၊ ထိုဝိပဿနာသည်။အာဂမနိယဋ္ဌာနေ၊ ရောက်ကြောင်းအရာ၌။ ဌတွာ၊ တည်၍။ အတ္တနောမဂ္ဂဿ၊မိမိမဂ်၏။ အပဏိဟိတန္တိနာမံ၊ အမည်ကို။ဒေတိ၊ပေး၏။ဧဝံ ဤသို့။မဂ္ဂေါ၊သည်။အာဂမနတော၊ရောက်ကြောင်းအားဖြင့်။ အပဏိဟိတနာမံ၊ အမည်ကို။ လဘတိ၊ ရ၏။ ။သဂုဏာမှာရှေးအတူ။ ။(သုံးပါးသော လက္ခဏာထင်မှ မဂ်ကိုရ၏ဟူသော် ထိုလက္ခဏာရေးသုံးပါးတို့သည် တခုသောဓာတ်ထိ၌ထင်နိုင်လောဟူပြားအံ့။ ။တခုသောဝိထိ၌ကားတပြိုင်နက်မထင်နိုင်။ယင်းသို့မထင်နိုင်သော်လည်း ညဥ့်မိုက်သောအခါ၌မီးစက်ချာချာလှည့်သည်ရှိသော် စက်ဝန်းအသွင်ကဲ့သို့။ အာရမ္မဏိကစိတ်တို့သည် အလှန်လျင်သည်၏အဖြစ်ကြောင့်အာရုံတပြိုင်နက်ထင်သကဲ့သို့ဖြစ်၏ဟူပေ)။ .

ထို့ကြောင့် ဇင်းအဋ္ဌကထာ၌။ ။တိဏ်လက္ခဏာနိကော ၁ဋ္ဌနေနဒိယ အာပါထံ အာဂန္တွာ တိတ္တာဂ္ဂကေ တာအာပါထ ဂမန်နာမ ။ ကမ္မဋ္ဌာနဿ ၊ဝိဘူတ ဘာဝ ဒဿနတ္ထံဧဝံဝုတ္တံ ။ ဟုမိန့်၏။

တိဏ်လက္ခဏာနိ၊ သုံးပါးသောလက္ခဏာတို့သည်။ ကော

ဝဇ္ဇနေန၊ တခုသော အာဝဇ္ဇန်းရှိသောဝီထိဖြင့်။ အာပါထံဝါယ၊ ထင်ခြင်းသို့ရောက်သကဲ့သို့။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆန္တိ၊ ရောက်ကုန်၏။ စ၊ စင်စစ်သော်ကား။ တိဏ္ဏံ၊ သုံးပါးသောလက္ခဏာတို့၏။ ဧကတော၊ တပေါင်းတည်း။ ဝါ၊ တပြိုင်နက်။ အာပါထဂမနံ နာမ၊ ထင်ခြင်းသို့ရောက်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ပန၊ ယင်းသို့မရှိသော်သည်း။ ကမ္မဋ္ဌာနဿ၊ ကမ္မဋ္ဌာန်း၏။ ဝိဘူတဘာဝဒီပနတ္ထံ၊ ထင်ရှားသည်၏အဖြစ်ကိုပြခြင်းငှါ။ ဧဝံ၊ ဤသို့။ ဝုတ္တံ၊ ၏။

သုံးပါးသောသက္ခဏာတို့တွင် ရှေးဦးစွာတပါးပါးကို နှလုံးသွင်းသောပုဂ္ဂိုလ်အား သုံးပါးလုံး မထင်ကောင်းလော ဟူပြားအံ့။ ။ရှေးဦးစွာတပါးပါးကိုနှလုံးသွင်းသော်လည်း ဝုဋ္ဌာနဂါမိနိဝိပဿနာခဏ၌သုံးပါးလုံးကိုအာရုံပြုသဖြင့်ထင်ကောင်း၏။ ထိုသို့ထင်မှုသာလျှင်မဂ်ကိုရ၏ဟူပေ။

ထို့ကြောင့်၎င်းအဋ္ဌကထာ၌။ ။အနိစ္စာဒီသုဟိယတ္ထကတ္ထစိအဘိနိဝိသိတွာဣတရံပိလက္ခဏဒွယဉ္စဒဋ္ဌုံဝဋ္ဋတိယေဝ။ ဧကလက္ခဏာဒဿနေ မတ္တေ နေဝဟိ မဂ္ဂဝုဋ္ဌာနံ နာမ နဟောတိ။ တသ္မာအနိစ္စတောအဘိနိဝိဋ္ဌော ဘိက္ခု။ နကေဝလံအနိစ္စတောဝ ဝုဋ္ဌာတိ၊ ဒုက္ခတောပိဝုဋ္ဌာတိ၊ အနတ္တတောပိ ဝုဋ္ဌာတိယေဝ။ ဒုက္ခတောအနတ္တတောအဘိနိဝိဋ္ဌေပိဧသေဝနယော။ ။ဟုမိန့်တော်မူပြီ။

ဟိ၊ ထင်စွာဆိုဦးအံ့။ အနိစ္စာဒီသု၊ အနိစ္စစသည်တို့တွင်။ ယတ္ထကတ္ထစိ၊ အချက်မရှိသောလက္ခဏာကို။ အဘိနိဝိသိတွာ၊ နှလုံးသွင်း၍။ ဣတရံပိ၊ ဤမှတပါးသည်း ဖြစ်သော။ လက္ခဏဒွယဉ္စ၊ လက္ခဏာနှစ်ပါးကိုသည်း။ ဒဋ္ဌုံ၊ ရှုခြင်းမြင်ခြင်းငှါ။ ဝဋ္ဋတိယေဝ၊ သင့်သည်သာလျှင်တည်း။ ဟိသစ္စံ၊ စင်စစ်မှန်၏။ ဧကလက္ခဏာဒဿနမတ္တေနေဝ၊ တခုတည်းသောလက္ခဏာကိုမြင်ကာမျှဖြင့်သာလျှင်။ မဂ္ဂဝုဋ္ဌာနံနာမ၊ မဂ်၏ထမြောက်ခြင်းမည်သည်။ နဟောတိ မဖြစ်။ တသ္မာ၊ ထို့ကြောင့်။ အနိစ္စတော၊ အားဖြင့်။ အဘိနိဝိဋ္ဌော၊ နှလုံးသွင်းသော။ ဘိက္ခု၊ သည်။ ကေဝလံ၊ သက်သက်။

အနိစ္စတောဝ၊ အနိစ္စမှသာလျှင်။ န ဝုဋ္ဌာတိ၊ ထသည်မဟုတ်။ ဒုက္ခတောပိ၊ ဒုက္ခမှလည်း။ ဝုဋ္ဌာတိ၊ ထ၏။ အနတ္တတောပိ၊ အနတ္တမှသည်း။ ဝုဋ္ဌာတိယေဝ၊ ထသည်သာလျှင်တည်း။ ဒုက္ခတော၊ အားဖြင့်။ အနတ္တတော၊ အားဖြင့်။ အတိနိဝိဋ္ဌေပိ၊ နှလုံးသွင်းရာ၌လည်း။ ဧသောဝဧသောဝေနယော၊ ဤနည်းကိုသာလျှင်။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ။(ဤ နောက် နည်း ကား သုတ္တန် ပရိယာယ် နည်းတည်း)။ ။

ယင်းသို့ လက္ခဏာရေး သုံးပါးဖြင့် မှတ်၍ စီးဖြန်းသောသူအား ခန္ဓာငါးပါးတို့သည်၊ လည်၌ဆွဲထားသော အကောင်ပုပ်ကဲ့သို့ငြီးငွေ့၏။ ။ထို့ကြောင့်သင်္ခါရကိုအာရုံပြုသောဉာဏ်သည်ထိုသင်္ခါရတို့မှထမြောက်ခြင်းဖြစ်လေသတည်း။ ။ဥပမာကား သပိတ်ကို ဝယ်လိုသောရဟန်းသည် သပိတ်သည်၏လက်၌သပိတ်ကိုမြင်သဖြင့် ရွှင်လန်းစွာယူ၍ ရှုလတ်သော် သပိတ်၌ပါသောအပေါက်သုံးခုကိုတွေ့မြင်သဖြင့် အပေါက်၌သာတပ်ခြင်းကင်းသည်မဟုတ်။ သပိတ်ကိုပင် လိုချင်ခြင်း ကင်းသကဲ့သို့။ ထိုလက္ခဏာရေးဖြင့်နှလုံးသွင်းသောပုဂ္ဂိုလ်အားသုံးပါးသော လက္ခဏာတို့ တင်လတ်သော် ထိုလက္ခဏာ၏ တည်ရာခန္ဓာငါးပါးကိုပင် ခင်မင်ခြင်းမရှိ။ ကင်းကွာ၍ သင်္ခါရတို့မှထမြောက်ခြင်းဖြစ်လေသတည်း။ ။ဤကားဝိဝဋ္ဋကထာတည်း။

နိဂုံး။

ဤမျှသောစကားရပ်ဖြင့် သုတပညာကိုပွါးများရှာမှီးလေ့ရှိသော သူတော်ကောင်းတို့အား သုတပညာကို ပွါးများစေရန် ရည်သန်တောင့်တလျက် အထူးထူးသောကျမ်းဂန်တို့မှ ထုတ်ဆောင်စီရင်အပ်သော ပကိဏ္ဏကရှုဘွယ် ကျမ်းသည် ၁၂၆၁ ခု၊ တန်ဆောင်မုန်းဆွန်း ၅ ရက် ကြာသပတေး နေ့တွင် အပြီးတိုင်ရောက်လေသတည်း။ ။

စိရံတိဌတုသဒ္ဓမ္မော၊ ရာဇရက္ခတုမေဒနီ။ ဒေဝေါဝဿတု
ကာလေမှိ၊ သတ္တာဝဟောန္တု ပြအဝေရကာ။
သဒ္ဓမ္မော၊ သူတော်ကောင်းတရားသည်။ စိရံ၊ ရှည်မြင့်စွာ။ တိဋ္ဌ
တု၊ တည်စေသတည်း။ ရာဇာ၊ ရေမြေသေဋ္ဌနင်း၊ ပြည့်ရှင်မင်း
သည်။ မေဒနိံ၊ မြေအပြင်၌တည်သော သတ္တဝါ အပေါင်းကို။
ဓမ္မေန၊ မင်းကျင့်တရားဆယ်ပါးဖြင့်။ရက္ခတု၊ စောင့်ရှောက်စေ
သတည်း။ ကာလမှိ၊ ရွာသင့်ရွာထိုက်သောကာလ၌။ ဒေဝေါ၊
အမှုန္တရ ပဇ္ဇုန္နသည်။ ဝဿတု၊ လျှင်ထန်ပြင်းစွာ ရွာစေသ
တည်း။သတ္တာ၊သတ္တဝါတို့သည်။အညမည္ဘံ၊အချင်းချင်း၊ မေတ္တာ
စိတ္တေန၊ မေတ္တာစိတ်ဖြင့်။ ဗျာပေတွာ၊ ပျံ့နှံ့၍။အဝေရကာ၊ ရန်
မရှိကုန်သည်။ဟောန္တု၊ ဖြစ်စေကုန်သတည်း။
သုံးပါးသိက္ခာ။သာသနာသည်။ ထိန်ဝါထွန်း၍ တောက်စေ
သောဝ်။ ။ဓမ္မကျင့်ထုံး။စိတ်နှလုံးဖြင့်။စောင့်သုံးနိစ္စာ။ ဧကရာ
သည်။ ရှည်ကြာအာယုပွါးစေသောဝ်။ ။မိုးလချိန်ခါ။၍အရာ
တွင်။ဒေဝါပဇ္ဇုန်။အမှုန္တရ။သွန်၍ချပန်။လျှင်ထန်တဆော။ ရွာ
စေသောဝ်။
ဒုက္ခဘယာ။သောကာပတ္တ။ဝေနေယျတို့။ဒုက္ခရှင်းကွာ။ ဘ
ယာဝေးလွင်။သောကစင်၍။ကြည်လင်ရွှင်ပျ။ဓမ္မဆယ်ပါး။ ၍
တရားကို။ပွါးများနိုင်စေ။သိတာရေသို့။ ။ကာယေငြိမ်းချမ်း
ကြစေသောဝ်။ ။

ပကိဏ္ဏကရှုဘွယ်ကျမ်း၍တွင်ပြီး၏။

ဂုဏ်တော်ဘွင့်ဘုရားရှိခိုး။

ဣတိပိသောဘဂဝါအရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသဒမ္မသာရထိ၊သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ဘဂဝါတိ။

ဘုရားဂုဏ်တော်ဖွင့်။

သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ ဣတိပိဣမိနာစကာရဏေန၊ ဤတို့ထင်ရှား။ ဘုံသုံးပါး၌။ပိုင်းခြားရွှေဉာဏ်။ သွေမလွှန်ဘဲ။ဝေဘန်ကြိတ်နယ်။ရပ်ဆိတ်ကွယ်တွင်။မဘွယ်မရော။အနိဋ္ဌာတို့ကို။မထိုစွန့်ပစ်၍။မြူအညစ်ကင်းကွာလျက်။ မဟာဓမ္မ။ဧကရာဇာ။မှန်စွာအစစ်။ဖြစ်တော်မူသေါအထူး။ဂုဏ်ကျေးဇူးကြောင့်။ချီးကျူးကော်ရော်။သားတော်ဝဲယာ။အဂ္ဂသာဝက၊မဟာသာဝက။မြတ်လှအရိယာ။ထေရ်သဿာနှင့်။ ရာဇာလူနတ်။ ပြဟ္မာစပ်သဖြင့်။ လျှောက်ပတ်တင့်တယ်သောပရိသတ်တို့၏။ အမြတ်စနိုး။ရိုကျိုးတုပ်ကွ။ဂါရဝ။ဒွါရသုံးပါး။ကရိုဏ်းထား၍ ငါးပါးပဥ္စ။ဝိသေသဟု။သက္ကာယကင်း။ပူဇော်ခြင်းအထူးကိုခံတော်မူထိုက်သောအကြောင်းကြောင့်လည်း။အရဟံ၊အရဟမည်တော်မူ၏။

သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ ဣတိပိဣမိနာစကာရဏေန၊ ဤသို့ထက်မြက်။ ထားသန်လျက်ဖြင့်။ နှောင့်ရှက်အဝိဇ္ဇာ။ ကိလေသာကို။လျှင်စွာရိတ်လှီး။ မဂ်ခရီးက။ဖိုလ်ထီးမလပ်။ အမြဲကပ်သည်။ ရအပ်အမှန်။ သယမ္ဘူတ။ မြတ်ဉာဏကြောင့်။ဓမ္မသဗ္ဗံ။ဓမ္မံတရား။ပေါင်းအများ။ ဆီးတားမရှိ။မိမိအလိုလို။ကိုယ်တော်တိုင်သာလျှင်သိတော်မူလျက်။ ငါးပါးသော ;ဘရဲစနက်ကို။ချွေဖျက်သုတ်သင်။ ချတ်ထွင် ရှင်းလင်းတော်မူ

နိုင်သောသတ္တဝါနှင့်တကွ။အနန္တသွေမဏ္ဍနံဘဲ။ ဝေဘန်တိုင်းစား၍။အများသောလူနတ်ပြဟ္မာသတ္တဝါအပေါင်းတို့ကို။မစောင်းမတိမ်း။ မယိမ်းမယိုင်။ ဆုံးမတော်မူနိုင်သော သဗ္ဗညုတ ရွှေဉာဏ်တော်သည်။ စိန်ဖူးစိန်ထွန်းနှင့်တူစွာ။ မဟာဝိသုဒ္ဓိ။မဏိလျှံမောက်။ စွဲရောက်ဝင်းဝင်း။ အနန္တလင်း၍။ သန့်ရှင်းတော်မူသောအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဥတိပိဋကမိနာစကာရဏော၊ဤသို့အနမတဂ္ဂ။သံသာရကို။ကမ္ဘာ့ကမ္ဘာ။ အကမ္ဘာဟု။ခန္ဓာမှု။ပြုရသမျှ။သင်္ခါရနှင့်။ဘဝသောင်းပြောင်း။အပေါင်းများစွာ။ ဖြစ်လေရာကို။ သေချာစေ့ငူ။ သိတော်မူသောပုဗ္ဗေနိဝါသဉာဏ်တော်။တဘန်ထို့နောက်။ခေါက်ခေါက်လူးလာ။သတ္တဝါတို့၊ ခန္ဓာအစဉ်။ ဖြစ်လျှင်ပျက်ကြ။ သင်္ခါရ။ စွဲထပငိုသမ္ဘေ။တည်နေမဆိတ်။ အတိတ်ပစ္စုပ္ပန်။ တန်တန်အနာဂတ်။ ဤသုံးရပ်နှင့်။သိအပ်ခြင်းငှါ။ မတတ်ရာသော။ ကမ္ဘာအပိုင်းအခြားကိုသိမြင်တော်မူနိုင်သော ဒိဗ္ဗစက္ခုဉာဏ်တော်။ ၄ တန်စတု။ပေါင်းရပါရိ၊သုဒ္ဓိထင်ရှား။ဤတရားကား။ ။-၁-ပါတိမောက္ခသံဝရသီလဥ္စ၊ အပါယ်ဆင်းရဲအပေါင်းမှ လွတ်သည်ဖြစ်၍။ပါဏာတိပါတ၊အဒိန္နာဒါန။ ကာမေသုမိစ္ဆာစာရတည်းဟူသော ကာယဒုစရိုက် ၃ ပါး။ မုသာဝါဒ၊ ပိသုဏာဝါစာ။ ဖရုသဝါစာ၊သမ္ဖပ္ပလာပဝါစာဟူ၍ဝစီဒုစရိုက်၄ပါး။အဘိဇ္ဈာ၊ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိဖြစ်သော မနောဒုစရိုက် ၃ ပါးမှပေါင်းရာ ၁၀ ပါး အပြားရှိသော ဒုစရိုက် တို့ကို။ စေတနာနှင့် တကွ ရှောင်ကြဉ်ခြင်း ဖြစ်သော။ ပါတိ မောက္ခ သံဝသီလ လည်းကောင်း။ ။-၂-ဣန္ဒြိယသံဝရသီလဥ္စ။စက္ခုန္ဒြိယဥ္စ၊စက္ခုန္ဒြေ တို့သည်ရူပါရုံနှင့်တွေ့ထိတတ်သောအရာတို့ကို။ရာဂဖြင့်မရော မစပ်ရအောင်စောင့်စည်းဆင်ခြင်အပ်သော စက္ခုန္ဒြေလည်းကောင်း။ ။သောတိန္ဒြိယဥ္စ၊ ရာဂနှင့်စပ်သော၊သဒ္ဒါရုံအသံ

တို့ကို၊သိမ်မွေ့စွာသိမ်းဆည်းတတ်သော သောတိန္ဒြေလည်း
ကောင်း။ ။ဃာနိန္ဒြိယဥ္စ၊ တဏှာရာဂနှင့်စပ်အောင်တွေ့ထိ
တတ်သောအခြင်းအရာတို့ကိုသည်းခံစောင့်ထိန်းသိမ်းဆည်း
နိုင်သော။ထွက်သက်ဝင်သက်ဟုဆိုအပ်သော်ဃာနိန္ဒြေလည်း
ကာင်း။ ။ဇိဝှိန္ဒြိယဥ္စ၊ တဏှာရာဂဖြင့်ကာမဂုဏ်နှင့်စပ်၍ခပ်
သိမ်းသော အရသာတို့ကို။ သမထဝိပဿနာနှင့်တကွ။ လော
လုပ္ပမဖြစ်ရာ၌ စောင့်ထိန်းသိမ်းဆည်းခြင်း ဖြစ်သော ဇိဝှိန္ဒြေ
လည်းကောင်း။ ။ကာယိန္ဒြိယဥ္စ၊ကာယသံသဂ္ဂဖြင့် စပ်ရှက်
တတ်သောတဏှာရာဂတို့ကိုမဖြစ်ရန်လုံ့ခြုံစွာ စောင့်စည်းဆင်
ခြင်အပ်သောကာယိန္ဒြေလည်းကောင်း။ ။မနိန္ဒြိယဥ္စ၊အလုံးစုံ
တဏှာရာဂနှင့်စပ်၍ ဒုစရိုက်အကုသိုလ်ဖြစ်တတ်သောအနိမ့်
အပေါင်းတို့ကိုကြဉ်ခြင်းဖြင့်၊သုစရိုက်ကုသိုလ်တည်းဟူသော်။
ကောင်းသောသမ္ဘာဆန္ဒနှင့်တကွကျရောက်အောင်အားထုတ်
ခြင်းဟုဆိုအပ်သောမနိန္ဒြေလည်းကောင်း။ ။-၃-အာဇီဝ
ပါရိသုဒ္ဓိသီလဥ္စ၊ မိစ္ဆာဇီဝမှကြဉ်သဖြင့်ကောင်းသောသုစရိုက်
တရားတို့ကို ရှေသွားပြု၍ အသက်မွေးခြင်း အရောက်ကို လုံ့ခြုံစွာ
စောင့်ရှောံအပ်သောအာဇီဝပါရိသုဒ္ဓိသီလလည်းကောင်း။ ။
-၄-ပစ္စယသန္နိဿိတသီလဥ္စ၊ မအပ်သောဒုစရိုက်အကုသိုလ်
တို့ကိုကြဉ်၍ပြုအပ်သော သုစရိုက်တရားအပေါင်းနှင့်ရှေးရှုရ
အပ်သော ပစ္စည်းတို့ကို လွန်စွာသုံမြိး သုံးဆောင်တတ်၊ အပ်
သောပစ္စယသန္နိဿိတသီလလည်းကောင်း။ ။-၁-ဆအသာ
ဓါရဏဉာဏ်၊ ၆ ပါးသောမ ာကရုဏာသမာပတ္တိဉာဏဥ္စ၊
သတ္တဝါအပေါင်းတို့ကို လွန်စွာ သနားခြင်းရှိတော်မူသော မ
ဟာကရုဏာသမာပတ္တိ ဉာဏ်တော်လည်းကောင်း။ ။ ၂
ယမကပါဋိဟာရိယဉာဏဥ္စ၊ ယမိုက်ပြာဋ်ဟာအစရှိသောရေ
မီးအစုံစုံတို့ကိုလှစ်ဘွင့်၍ ထင်ရှားစွာ ပြတော်မူသော ယမက
ပါဋိဟာရိယဉာဏ်တော်လည်းကောင်း။ ။-၃-အာသယာ
နုသယဉာဏဥ္စ၊တပါးသောပစ္စေကဗုဒ္ဓါ၊ရဟန္တာသာဝကတို့

နှင့်မဆက်ဆံ မရထိုက်သော အာသယာနုသယဉာဏ်တော် လည်းကောင်း။ ။-၄-ဣန္ဒြိယပရောပရိယတ္တိဉာဏ္ဍ၊ တပါး သော ပဉ္စကဗုဒ္ဓါ၊ ရဟန္တာ သာဝကတို့နှင့်မတူ၊ အထူးထူး သော ခြားနားခြင်းရှိသဖြင့်၊ ငါးပါးသော ဣန္ဒြေတို့ကို သိမ်း ဆည်းတော် မူနိုင်သော ဣန္ဒြိယ ပရောပရိယတ္တိ ဉာဏ်တော် လည်းကောင်း။ ။-၅-သဗ္ဗညုတညာဏဍ္ဍ၊ အလုံးစုံသောအ ကောင်းအဆိုးတို့ကိုပိုင်းခြား၍ဖြစ်ခြင်းဍ္ဍပျက်တတ်သောသင်္ခါ ရ၊ အတိတ်၏ဖြစ်ပြီးသောဘေးအပေါင်းတို့နှင့် ဆက်ဆံတတ် သောဝိကာရ။ ရှေ့အစွန်းနောက်အစွန်းမှစ၍ ရှုကြည့်ဆင်ခြင် တော်မူနိုင်သောလက္ခဏာဟုဆိုအပ်သောဝိပါက် ၃၆။ ကြိယာ ၂၀-စေတသိက်-၃၈-ရုပ်-၂၈-အပေါင်းသည်။ ကုသိုလ်အကု သိုလ် မဟုတ်၄သော-၁၂၂-ပါးသော အဗျာကတ ပညတ်တို့ သည်။အတိတ်၊အနာဂတ်၊ပစ္စုပ္ပန်။အဇ္ဈတ္တ၊ဗဟိဒ္ဓ၊ဒူရ။အာသန္န၊ ဟီနပဏီတ၊သုခုမ၊ ဩဠာရိက ၁၁ ပါးအပြားတို့၏ ကင်းရာ၊ ကျန်ရာ၊ ငြိမ်းရာ၊ ချုပ်ရာနိဗ္ဗာန်သည်။ နာမ်ရုပ်မှ လွတ်သော။ ပညတ်ဟုဆိုအပ်သော။ ဥဇယျခံ တရားငါးပါးအပေါင်းတို့ကို သိစွမ်း တော် မူနိုင်သော သဗ္ဗညုတ ရွှေဉာဏ်တော် လည်း ကောင်း။ ။၆ အနာဝရဏဉာဏဍ္ဍ၊ ခပ်သိမ်းသောတရားတို့ ကိုအဆီးအတား အပိတ်အပင်မရှိ။ ပကတိအားဖြင့် အလုံးစုံသိ တော်မူသောအနာဝရဏဉာဏ်တော်လည်းကောင်း။ ။၁ ဒသဝိပဿနာ ဉာဏာသ၊ ဆယ်ပါးအပြားရှိသော။ သမ္မသန ဉာဏ်၊ ခပ်သိမ်းသောလူနတ်ဗြဟ္မာသတ္တဝါတို့၏။၃၂ကောဋ္ဌာ သ တည်းဟူသော ခန္ဓာပဉ္စက၊ အဇ္ဈတ္တ သန္တာန်၌ စက်ဆုပ် ရွံရှာဘွယ် အပေါင်းတို့ကို အိမ်သာ ကဲ့သို့ ရှုကြည့် ထင်မြင် တော်မူနိုင်သော သမ္မသန ဉာဏ်တော်။ ။ ၂ ဥဒယဗ္ဗယ ဉာဏ်၊ဖြစ်ခြင်းအစရှိသည်တို့ကို အဘန်တလဲလဲရှုကြည့်တော် မူနိုင်သော ဥဒယဗ္ဗယဉာဏ်တော်။ ။ ၃ ဘင်္ဂဉာဏ်၊ ပျက် တတ်သောသဘာဝဓမ္မအပေါင်းတို့ကိုအကြောင်းနှင့်တကွမြင်

သိတော်မူနိုင်သော ဘဂ်ဉာဏ်တော်။ ။ ၄ ဘယဉာဏ်၊ သင်္ခါရဒုက္ခတည်းဟူသောဘေးအပေါင်းဟုဆိုအပ်သော အနိဋ္ဌတို့ကိုဆင်ခြင်တော်မူနိုင်သောဘယဉာဏ်တော်။ ။ ၅ အာဒီနဝဉာဏ်၊ ဦးစွာဖြစ်လာ ကျရောက်တတ်သော ဘေးအပေါင်းတို့ကိုကုန်စင်အောင် သိတော်မူနိုင်သောအာဒီနဝဉာဏ်တော်။ ။ ၆ နိဗ္ဗိဒါဉာဏ်၊ မြင်အပ်ပြီးသော ရှိရှိသမျှအပြစ်နှင့်တကွ။သင်္ခါရတရားအပေါင်းတို့ကို ငြီးငွေ့တော်မူနိုင်သော နိဗ္ဗိဒါဉာဏ်တော်။ ။ ၇ မုဉ္စိတုကမျတာဉာဏ်၊ ငြီးငွေ့သောသင်္ခါရတို့မှ လွတ်ခြင်းငှါ အလိုရှိသည်၏။ အစွမ်းဖြင့်ရှုဆင်ခြင်တော်မူသောမုဉ္စိတုကမျတာဉာဏ်တော်။ ။၈ ပဋိသင်္ခါဉာဏ်၊ ဘဝတို့မှလွတ်ခြင်းအကြောင်း၌ ပြည့်စုံစွာဆင်ခြင်တော်မူနိုင်သော ပဋိသင်္ခါ ဉာဏ်တော်။ ။-၉-သင်္ခါရုပေက္ခာဉာဏ်၊ လောက၌ကြောက်မက်ဘွယ်ဖြစ်တတ်သော သဘာဝဓမ္မအပေါင်းတို့ကို လျစ်လျူရှုတော်မူနိုင်သော သင်္ခါရုပေက္ခာ ဉာဏ်တော်။ ။-၁၀-အနုလောမဉာဏ်၊ ရှေး၌ဆိုခဲ့ပြီးသောဉာဏ်တော် ၉ ပါးတို့၏ကိစ္စကိုမြင်ခြင်း။ ဗောဓိပက္ခိယတရား ၃၇ ပါးမှ ပေါင်းချုပ်ရော။ စုဒ္ဒသ။ ၁၄ ပါးတို့ကို သုံးသပ် ဆင်ခြင် ခြင်းနှင့် တကွ။ နိဗ္ဗာန် ရောက်ကြောင်းကောင်း မြတ်သော အနုလောမ ဉာဏ်တော်။ ။-၁-ပဉ္စဘိဋ္ဌနုဗ္ဗ၊ ငါးပါးသော ပြီးပြည့်စုံ ခြင်းနှင့် တကွ။ သဗ္ဗါ ဗလံ၊ တေဘုမ္မကသင်္ခါရခုံမှရစ်ပတ်တုပ်နှောင်၍လုပ်ဆောင်တတ်သောကိလေသာ၊တဏှာတည်းဟူသောသံယောဇဉ်ကြိုးတို့ကို ၁၀ မျိုးသောကာဠာဝက၊ဂင်္ဂေယျ၊ ပဏ္ဍရ၊တမ္ဗ၊ ပိင်္ဂလ၊ဂန္ဓ၊ မင်္ဂလ၊ဟေမ ဥပေါသထ၊ဆဒ္ဒန်တည်းဟူသော ကာယဗလသတ္တိဖြင့်ကြံ စွာ ခွန်အားရှိကြသော ဆင်အပေါင်း တို့သည်။ ပေါက်ရောက်ပြတ်လွတ်အောင်မရုန်းမထွက်နိုင် ကြသည်ဖြစ်သောကြောင့်။ ကိုယ်တော်မှစ၍ ပစ္စေကဗုဒ္ဓါရဟန္တာသာဝကအပေါင်းသည် ကောင်းမြတ်သော ရတနတ္တယ ဗလဝစေ

တနာ၁နှင့်တကွ ရအပ်သောပါရမီတော်အစွမ်းဖြင့် စွဲမြဲစွာရစ်
ပတ်ချည်တုပ်လျက် ရှိသော သံယောဇဉ်ကြိုးတို့ကို တိုးထွက်
ရန်းဖြတ်တော်မူနိုင်သောသဒ္ဓါဗိုလ်လည်းကောင်း။ ။-၂-
ဝိရိယဗလံ၊ အကောင်းအဆိုးမှ ပိုင်းခြား၍၊ သံသရာ၏ ထွက်
မြောက် ကြောင်း ကောင်းသော ဈာန်မှ ဓမ္မအပေါင်းနှင့် ပြည့်စုံ
ပြီးလျှင်၊ မကောင်းသော အနိဋ္ဌတို့ကို ဝါသနာ နှင့်တကွ စွန့်
ပစ်ရန်ကြိုးစွာသော လုံ့လဖြင့် ဥဿာဟမလျော့သောဝိရိယ
ဗိုလ်လည်းကောင်း။ ။-၃-သတိဗလံ၊ မကောင်းသော အ
ရာတို့ကို လွန်စွာ စက်ဆုပ်၍။ ဝိမုတ္တိအရ သာကို အခါ ခါရှု
ကြည့်ဆင်ခြင်တတ်သော သတိဗိုလ် လည်းကောင်း။ ။-၄-
သမာဓိဗလံ၊ ကောင်းစွာ တည်ကြည် ခြင်းနှင့်တကွ သိမ်မွေ့
သောနှလုံးဖြင့်စွဲမြဲတော်မူပြီးလျှင်။အဆင့်ဆင့်ရင့်မာ၍ ကြီးစွာ
တည်တံ့တော်မူနိုင်သောသမာဓိဗိုလ်လည်းကောင်း။ ။-၅-
ပညာဗလံ၊အလုံးစုံသော သဗ္ဗဓမ္မအပေါင်းတို့ကို နက်နဲစွာတိုး
ထွင်း၍သန့်ရှင်းသောတရားအပေါင်းကိုကောင်းစွာသိတော်မူ
ပြီးလျှင်။ခပ်သိမ်းသောလူနတ်ဗြဟ္မာသတ္တဝါအမျိုးမျိုးတို့၌ ဆိုး
ယုတ်စွာနှိပ်စက်တတ်သောအနိဋ္ဌဓမ္မ တည်းဟူသောဘေးအ
ပေါင်းတို့ကို ကောင်းမြတ်သော အမြိုက်ဆေးဖြင့် တိုက်ကျွေး
တော်မူနိုင်သောပညာ ဗိုလ်လည်းကောင်း။ ။ပဥ္စ၊ဆသတ္တာ။
လျော်ရာသုံးသပ်တော်မူသဖြင့်။အဘိညာဉ်ဟုဆိုအပ်သော။ ၊
-၁-ဣဒ္ဓိဝိဓဉာဏ္ဍ၊ အထူးထူးအပြားပြားတို့ကိုဖြစ်စေတော်မူ
နိုင်သောဣဒ္ဓိဝိဓဉာဏ်တော်လည်းကောင်း။ ။-၂-ဒိဗ္ဗသော
တဉာဏ္ဍ၊နတ်တို့၏သောတပသာဒကဲ့သို့ သိမ်မွေ့သော အ
သံကို ကြားစွမ်း နိုင်သော ဒိဗ္ဗ သောတ ဉာဏ်တော် လည်း
ကောင်း။ ။-၃-ပရစိတ္တဝိဇာနနဉာဏ္ဍ၊ သူတပါးတို့၏စိတ်
အကြံအလုံးစုံကိုအကုန်အစင်သိတော်မူနိုင်သောပရစိတ္တဝိဇာန
နဉာဏ်တော် လည်းကောင်း။ ။-၄-ပုဗ္ဗေနိဝါ သဉာဏ္ဍ၊
ရှေး၌ဖြစ်လာသောခန္ဓာအစဉ်ကိုသိတော်မူနိုင်သောပုဗ္ဗေနိဝါ

သဉာဏ်တော်လည်းကောင်း။ ။-၅-ဒိဗ္ဗစက္ခုဉာဏ၁၊ လော
ကသုံးပါး၌နတ်တို့ကဲ့သို့ မြင်ခြင်း၌ စွမ်းတော်မူနိုင်သဖြင့်၊ အ
တိတ်အနာဂတ်ကာလသို့တိုင်အောင်မြင်ခြင်း၌စွမ်းတော်မူနိုင်
သောဒိဗ္ဗစက္ခုဉာဏ်တော် လည်းကောင်း။ ။-၆-စေတော
ပရိယတ္တိဉာဏ၁၊ ပစ္စုပ္ပန်၌ထိုလှစ္စာဝေးကွာသောအရပ်တွင်ရှိ
ရှိသမျှသတ္တဝါတို့၏စိတ်အကြံကို သိစွမ်းတော်မူနိုင်သော စေ
တောပရိယတ္တိဉာဏ်တော်လည်းကောင်း။ ။-၇-အနာဂတံ
သဉာဏ၁၊သတ္တဝါတို့၏ ဖြစ်လတ္တံ့သော အနာဂတ်ဘဝကိုသိ
စွမ်းတော်မူနိုင်သောအနာဂတံသဉာဏ်တော်လည်းကောင်း။
တတော၊ထိုဉာဏ်တော်သည်။ ပရိစ္ဆိန္နာ၊ လျော်ရာပိုင်းဖြတ်၍
သုံးသပ် ဆင်ခြင်တော်မူသဖြင့်။ ၅ ပါးတမျိုး၊ ၆ ပါးတမျိုး၊ ၇
ပါးတမျိုးသည်။ ကိုယ်တော်မှစ၍ တပါးသော ပစ္စေကဗုဒ္ဓါ၊
ရဟန္တာ၊အဂ္ဂသာဝက၊ မဟာသာဝကအရှင်မြတ်တို့လည်းသင့်
ရာအသုံးပြုတော်မူကြနိုင်သော်အလုံးစုံထိုသို့သောဉာဏ်တော်
အပေါင်းတို့၏ရဝေးရာ။ ၁၆ ပါးပြားသော်ဂန္ထ၊ယောဂ၊သြဃ၊
အာသဝ၊တစမကျန်။အမှန်ညှိုးကျ။မိုးသောက်ထတွင်။ရတော်
မူသောအာသဝေါ။ဆေးကြောတတ်လှ။ဇေတိယဖြစ်သော အာ
သဝက္ခယဉာဏ်တော်။ထိုဉာဏ်တော်သုံးပါးဟုဆိုအပ်သော။
ဝိဇ္ဇာသုံးပါးနှင့်တကွ။သတံဟောမိ၊သဟာသံဟောမိစသဖြင့်။
၅ ပါးဟုသုံးသပ်အပ်သော။ဇ္ဈာနိဝိဓ၊ဒိဗ္ဗသောတ၊ ပရစိတ္တဝိဇာ
နန။သုံး၌ာနမှာ။ ပြဆိုပြီးထင်ရှား၍။ ၂ ပါးသော ဉာဏ်တော်
မှာ။ ။မဟာကြံယာဇော၊ မနောဝိညာဉ်တို့ဖြင့် အလိုတော်ရှိ
တိုင်းဖြစ်စေတော်မူနိုင်သောမနော မယိဒ္ဓိဉာဏ်တော်။ကိုယ်
တော်သန္တာန်၌။ ရုပ်နာမ်နှင့်တကွ။ အနိစ္စသညာ လက္ခဏာစ
သည်ဖြင့်အမြဲမရှိသောသဘော၊ ဆင်းရဲသောသဘော၊ အတ္တ
ဟုမှတ်ဘွယ်မရှိသောအနတ္တသဘောသာလျှင်ဟူ၍ အဘန်တ
လဲလဲပွါးများတော်မူနိုင်သောဝိပဿနာဉာဏ်တော် ။ဤအ
ဘိညာဉ် ၅ ပါးနှင့်ဝိဇ္ဇာသုံးပါးကိုပေါင်းသော် ဝိဇ္ဇာ ၈ ပါးဖြစ်

၏။ ။သဒ္ဓါ၊သီလ၊သုတ၊စာဂ၊ပညာ၊ ဟိရိ။ ဩတ္တပ္ပဟူ၍ သူတော်ကောင်းတရား ၇ ပါးဖြစ်၏။ ။စတုက္က နည်းအားဖြင့်။ ဝိတက်၊ဝိစာရ၊ပီတိ၊ သုခ၊ ဧကဂ္ဂတာတည်းဟူသောအင်္ဂါ ၅ ပါးနှင့်ပြည့်စုံသောပဌမဈာန်ကြိယာစိတ်တခု။ဝိစာရ၊ပီတိ၊ သုခ၊ဧကဂ္ဂတာတည်းဟူသောအင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော ဒုတိယဈာန်ကြိယာစိတ်တခု။ပီတိ၊ သုခ၊ဧကဂ္ဂတာတည်းဟူသော အင်္ဂါသုံးပါးနှင့်ပြည့်စုံသော တတိယဈာန်ကြိယာစိတ်တခု။သုခဧကဂ္ဂတာ တည်း ဟူသော အင်္ဂါ နှစ်ပါးနှင့် ပြည့်စုံ သော စတုတ္ထဈာန် ကြိယာစိတ်တခု။ ဤသို့လျှင်စတုက္ကဈာန်အင်္ဂါ ၄ ပါးဖြစ်၏။ ဣန္ဒြိယေသု၊စက္ခုန္ဒြေအစရှိသော။ ဣန္ဒြိယသံဝရသီလကို သိစွမ်းစောင့်စည်းတော်မူနိုင်သော ဣန္ဒြိယသံဝရသီလ ဉာဏ်တော်။ဂုတ္တဒွါရတာ၊စက္ခုဒွါရ၊သောတဒွါရ။ ဃာနဒွါရ၊ဇိဝှါဒွါရ၊ကာယဒွါရ၊မနောဒွါရဟုဆိုအပ်သော ၆ ပါးသော ဒွါရကိုစောင့်ထိန်း သိမ်းဆည်း အပ်သော ဂုတ္တဒွါရတာ ဉာဏ်တော်။ ဘောဇနေ၊ ဆွမ်းခဲဘွယ်အစရှိသောဘောဇဉ်အာဟာရတို့ကို အတိုင်း အရှည်အားဖြင့် လောလုပ္ပ တဏှာကို ပယ်ခြင်း၌စွမ်းနိုင်သောဘောဇနမတ္တညုတ ဉာဏ်တော်။ ဇာဂရိယာနုယောဂ၊ဝေနေယျဗြာသသယအလို့ငှါ အခါမလင့် နိုးကြားခြင်းနှင့်ပြည့်စုံတော်မူသောဇာဂရိယာနုယောဂ ဉာဏ်တော်။ ၄ ပါးကိုပေါင်းစပ်သည်ရှိသော်စရဏ ၁၅ ပါးဖြစ်၏။ ထိုစရဏ ၁၅ ပါးနှင့်ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏။

သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ ဉာတိပိဏ္ဍမိနာစကာရဏေန၊ဤသို့သုံးဆဲ့တဘုံအလုံးစုံ၌ကျင်လည်ကုန်သော သတ္တဝါအမျိုးမျိုးတို့၏ကောင်းကျိုးမင်္ဂလာမြိုက်ရသာကို။သိခါပတ္တ။ တုမရ။အစအဆုံး။မရှုံးစေရ။အနန္တမစတော်မူ။ ခပ်သိမ်းလူတို့ကို။ကယ်ယူလိုသောရွှေနှလုံးတော်မြတ်သည်။ မပြတ်လေ့လာခြင်းဖြင့်။လူမင်း၊နတ်မင်း၊ဗြဟ္မာမင်းတို့၏ စည်းစိမ်ထက်။လွန်

ဘက်မြက်သော။ဘေးမရှိသောခေမာအမတ။ နိဗ္ဗာနသို့။မုချပို့
တော်မူလိုသောသမ္မာဆန္ဒတော်ရှိသည်နှင့်အညီ။ အလိုလိုထပ်
လောင်း၍။ကောင်းမွန်သောစကားကိုသာလျှင်ဆိုတော်မူတတ်
သောအကြောင်းကြောင့်လည်း။သုဂတော၊ သုဂတမည်တော်
ရှု၏။

သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ ဇာတိပိဋ္ဌမိနာစကာ
ရဏေန၊ ဤသို့ အခါခပ်သိမ်းသိအပ်သော လောကဒ္ဓ ဒုက္ခသ
ဘောအားဖြင့်လည်းကောင်း။ချုပ်ရာအားဖြင့် လည်းကောင်း။
နိဗ္ဗာန်သို့ရောက်ကြောင်းအားဖြင့်လည်းကောင်း။အခါမလင့်သိ
မြင်တော်မူတတ်၏။ သင်္ခါရလောက။သတ္တလောက၊ ဩကာ
သလောကဟူ၍လောကသည် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့
တွင်။ခပ်သိမ်းသောသတ္တဝါတို့၏ခန္ဓာပဉ္စက အဇ္ဈတ္တသန္တာန်၌
အာဟာရလျှင်တည်ရာရှိသော ဇူမ္ဗိယဗဒ္ဓ၊ အနိမ္ဗိယ ဗဒ္ဓဟုဆို
အပ်သောစတုဇရုပ် ၂၈ ခု။စိတ်၈၉ ခု။စေတသိက် ၅၂ ခုတို့
သည်အကြောင်းနှင့်တကွ သင်္ခါရပြုပြင်၍။ လျှင်စွာဖြစ်ခြင်း၌။
ပျက်ဘက်သောသဘောရှိသောကြောင့်သင်္ခါရလောကမည်
၏။ဖြစ်ခြင်း၌မြဲသောသဘော၊ပျက်ခြင်း၌မြဲသောသဘော။ဇူမ္ဗိ
ယဗဒ္ဓ၊အနိမ္ဗိယဗဒ္ဓဟုဆိုအပ်သောစတုဇရုပ်၊စိတ်စေတသိက်
တို့၏ဖဝေးရာခန္ဓာအာရုံဘုံ ပဋိသန္ဓေအစရှိသည် တို့ကိုအစွဲပြု
၍။သူနတ်ဗြဟ္မာဟူ၍ လည်းကောင်း၊ သဇ္ဇပါတိရ သန္တာန်ဟူ၍
လည်းကောင်း။ အမည် သညာအားဖြင့်။ ခေါ်ဝေါ် အပ် သော
သတ္တသန္တာန ပညတ် သည် သတ္တလော ကမည်၏။ ထိုသတ္တ
လောက၏တည်ရာ။ ဗဟိဒ္ဓသန္တာန်၌ဇူမ္ဗိယဗဒ္ဓ ဖြစ်သောအဋ္ဌ
ကသလာပ်၊သဒ္ဒနဝကကလာပ်၊သီတဥတု။ ဥဏှဥတုဟု ဆိုအပ်
သောဥတုဇရုပ်အပေါင်းဖြစ်သော။ ငရဲ၊ တိရစ္ဆာန် ပြိတ္တာ အ
သုရကာယ်။အပါယ်လေးဘုံနှင့်၊ မနုဿဘုံ၊နတ်ပြည် ၆ ထပ်
ဟုဆိုအပ်သောကာမတဆဲ့တဘုံ။ဗြဟ္မပါရိသဇ္ဇာ၊ဗြဟ္မပုရော
ဟိတ၊မဟာဗြဟ္မာဟုဆိုအပ်သော ပဌမဈာန်သုံးဘုံ။ ပရိတ္တာ

ဘာ၊အပ္ပမာဏာဘာ၊အာဘဿရာဟုဆိုအပ်သောဒုတိယဈာန်
သုံးဘုံ။ပရိတ္တသုဘာ၊အပ္ပမာဏသုဘာ၊သုဘကိဏှာ တည်းဟူ
သောတတိယဈာန်သုံးဘုံ။ဝေဟပ္ဖိုလ်ဘုံ၊အသညသတ်ဘုံ။အဝိ
ဟာ၊အာတပ္ပါ၊ သုဒဿာ၊ သုဒဿီ၊အကနိဋ္ဌ တည်းဟူသော
သုဒ္ဓါဝါသငါးဘုံဟုဆိုအပ်သောစတုတ္ထဈာန် ၇ ဘုံ။ဤသို့လျှင်
ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် အားဖြင့်
ပြားသောရူပတဆဲ့ခြောက်ဘုံ အာကာသာနဉ္စာယတန၊ ဝိညာ
ဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာ နာသညာယ
တနတည်းဟူသောအရူပလေးဘုံ။ဤသို့ဆိုခဲ့ပြီးသော သုံးဆဲ့တ
ဘုံတို့သည်။အလုံးစုံသောလူနတ်ဗြဟ္မာသတ္တဝါတို့၏ တည်ရာ
နေရာဖြစ်သောကြောင့်ဩကာသလောကမည်၏။ ထိုဩကာ
သလောကသည် လည်း။ ဇာတိ ခေတ်ဟု ဆိုအပ် သော တ
သောင်းသောစကြဝဠာ၊အာဏာခေတ်ဟုဆိုအပ်သော ကုဋေ
တသိန်းသောစကြဝဠာ၊ဝိသယခေတ်ဟု ဆိုအပ်သော အနန္တ
စကြဝဠာ အမှဇ္ဈာရေမြေ။နေလနက္ခတ်တာရာအပေါင်းနှင့်တ
ကွ၊ ကောင်းကင်သမုဒ္ဒရာ၊ဟိမဝန္တာ၊မြင့်မိုရ်။ထိုထိုသောသတ္တ
ဝါအပေါင်းတို့၏ တည်ရာနေရာဖြစ်သောအရပ်လေးကခေတ်
နိုင်ငံအပေါင်းတို့သည်လည်း ဩကာသလောကပင်ဖြစ်၏။ ဤ
သို့လျှင်သင်္ခါရလောက၊ သတ္တလောက၊ ဩကာသ လောက
အပေါင်းတို့ကိုအဆုံးမရှိ သိမြင်တော်မူသောအနန္တဗုဒ္ဓဉာဏ်
တော်ဖြင့်အလိုတော်ရှိတိုင်း အကုန်အစင် သိမြင်တော်မူသော
အကြောင်းကြောင့်လည်း။လောကဝိဒူ၊ လောကဝိဒူမည်တော်
မူ၏။

သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ ဇာတိပိဋကမိနာစကာ
ရဏေန၊ဤသို့လျှင်သီလ၊သမာဓိ၊ ပညာ၊ ဝိမုတ္တိဉာဏဒဿန
တည်းဟူသော ဂုဏ်တော် တန်းခိုးကျေးဇူးမျိုး အတုမရှိလွန်
မြတ်တော် မူသည်ဖြစ်၍။ သစ္စက တက္ကတွန်း အမ္ဗဋ္ဌ လုလင်၊
ပေါက္ခရသာတိပုဏ္ဏား။ကူဋဒန္တပုဏ္ဏားအစရှိသောမယဉ်ကျေး

သေးသောလူယောကျ်ားတို့ကိုဧင်း။ ဗကပြဟ္မာ။ အာဋ္ဌဝကဘီလူး၊ ခရလောမ ဘီလူး အစရှိသော မယဉ်ကျေးသော နတ်ယောကျ်ားတို့ကိုလည်းကောင်း။အပလာနဂါး။စူဠောဒရနဂါး။မဟောဒရနဂါး။ ဓနပါလဆင်ပြောင်အစရှိသောမယဉ်ကျေးသေးသောတိရစ္ဆာန်ယောကျ်ားတို့ကိုလည်းကောင်း။ပြင်းစွာသောအဆိပ်အတောက်တို့ကို ကင်းပျောက် စေသည်ကိုပြု၍။ သရဏာဂုံပဥ္စသီတည်းဟူသော မြတ်သောတရား၌ တည်စေလျက်။ သိမြင်ရေးရာ လိမ္မာပါးနပ်သော ရထားထိန်းကဲ့သို့ ယဉ်ကျေးအောင်ဆုံးမတော်မူသည်၏အဖြစ်ကြောင့်လည်း။အနုတ္တရောပုရိသ ဒမ္မသာရထိ၊ အနုတ္တရောပုရိသ ဒမ္မသာရထိမည်တော်မူ၏။

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဇာတိပိဋကမိန္နာစကာရကော ၊ ဤသို့လူနတ်ပြဟ္မာသတ္တဝါတို့အါးဆင်းရဲခြင်းဝဋ်ဒုက္ခသည်အနန္တ အဆုံးမရှိသည်ကို။ ရွှေနှလုံးတော်၌ တိုက်ရိုက်သိမြင်တော်မူသဖြင့်။ အဆင့်ဆင့် ချီးမြှင့်မြှောက်စားတော် မူလိုသောမဟာကရုဏာတော်အရှင်ဖြစ်သည်နှင့်အညီ။ ဘေးမသိသောရွှေပြည်အမတနိဗ္ဗာနခရီးဝယ်။ဆိုးတားလျက်ရှိသောဇာတိကန္တာရ၊ ဇရာကန္တာရ၊ ဗျာဓိကန္တာရ၊ မရဏာကန္တာရဟုဆိုအပ်သောသံသရာကန္တာရခ၌အနိမ္မဘေးရန်တို့သည်။အဘန်ဘန်အခါခါများစွာနှိုင်စက်၍ဖြစ်ပျက်ဘောက်ပြန်တတ်သော။ သဘာဝ ဒုက္ခတည်း ဟူသော ဘေးအပေါင်း တို့၏ ကုန်ရန်။ ပစ္စုပ္ပန်၌ဖြစ်သော အကျိုးစီးပွါး။ တမလွန်၌ဖြစ်သောမဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသောပရမတ္ထဖြစ်သောအကျိုးစီးပွါးတို့ကိုပွါးများတိုးတက်အောင်ဆောင်ယူဆုံးမတော်မူသော အကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝမနုဿာနမည်တော်မူ၏။

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဇာတိပိဋကမိန္နာစကာရကော၊ ဤသို့အကြောင်းဖြစ်သော သမုဒယသစ္စာ၊ အကျိုးခံ

စားတတ်သောဒုက္ခသစ္စာ၊ အကြောင်းဖြစ်သောမဂ္ဂသစ္စာ၊ အကျိုးကိုခံစားတတ်သော နိရောဓသစ္စာ၊ ဟုဆိုအပ်သောသစ္စာလေးပါးမြတ်တရားတို့ကို ပိုင်းခြားဝေဘန်၍ သိမြင်အပ်သောကိစ္စ။ ပရမတ္ထသဘောသည်။ လောကီစိတ်ဇောသိတ်။ လောဘကြဉ်သော စေတသိက်ဇောပညာသ။ ရုပ်အဋ္ဌဝိသအပေါင်းတို့နှင့်တကွ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း။ လောဘမူစိတ်၌ယှဉ်သော လောဘ စေတသိက်ဖြစ်သော သမုဒယသစ္စာကို ပယ်ခြင်း။ မဂ်ဖိုလ်၏အာရုံဖြစ်သော နိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာကိုမျက်မှောက်ပြုခြင်း။မဂ်စိတ်လေးချဉ်ယှဉ်သော မဂ္ဂင်တရား ၈ ပါးဟုဆိုအပ်သောမဂ္ဂသစ္စာကိုပွါးများစေခြင်း။ ဤသို့သိမြင်အပ်သော ပရမတ္ထတရားကိုယ်အားဖြင့်။ ပီဠနတ္ထ၊ သင်္ခတတ္ထ၊ သန္တာပတ္ထ၊ ဝိပရိဏာမတ္ထစသော။ နှိပ်စက်တတ်သောအနက်၊ပြုပြင်တတ်သောအနက်၊ ပူပန်တတ်သောအနက်၊ ဖောက်ပြန်တတ်သောအနက်အားဖြင့် ဒုက္ခမည်သောအရိယသစ္စာလည်းကောင်း။ အာယူဟန၊နိဒါန၊သံယောဂ၊ ပလိဗောဓတ္ထစသောအားထုတ်တတ်သောအနက်၊အကြောင်းဖြစ်သောအနက်၊ ယှဉ်စေတတ်သောအနက်၊ ကြောင့်ကြတတ်သောအနက်အားဖြင့်သမုဒယမည်သော အရိယသစ္စာလည်းကောင်း။ နိဿရဏတ္ထ၊ ဝိဝေကတ္ထ၊ အသင်္ခတတ္ထ၊ အမတတ္ထဟုဆိုအပ်သော။ ဝဋ်မှထွက်မြောက်တတ်သော အနက်၊ ဆိတ်သောအနက်၊မပြုပြင်အပ်သောအနက်၊ သေခြင်းကင်းသောအနက်အားဖြင့်နိရောဓမည်သောအရိယသစ္စာလည်းကောင်း။ နိယျာနိက၊ ဟေတွတ္ထ၊ ဒဿန၊ အဓိပတေယျတ္ထ စသော။ ကိလေသာမှထွက်မြောက်တတ်သောအနက်၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သောအနက်၊နိဗ္ဗာန်ကိုမြင်တတ်သောအနက်၊သမ္ပယုတ်တရားတို့ကိုအစိုးရသောအနက်အားဖြင့် မဂ်မည်သောအရိယသစ္စာလည်းကောင်း။ဤသို့လျှင်။စတ္တာရိ၊လေးပါးကုန်သော။သစ္စာနိ၊ သစ္စာတို့သည်။ အတ္တနာပိ၊ကိုယ်တော်၏ ဖောက်ပြန်ခြင်းမရှိ

ဘဲ ၁၄ ပါးသောအနက် ဖြစ်နှင့်တကွ။ ဗုဒ္ဓ၊ သိတော်မူတတ်သောသဗ္ဗညုတဉာဏ်တော်ဖြင့် လျော်စွာပိုင်းခြားဝေဘန်နိုင်သောကြောင့်။အညေပိ၊တပါးသော်။ သတ္တေ၊ သတ္တဝါတို့၌။ ဗောဓေတိ၊ အချင်းခပ်သိမ်းသောတရားအပေါင်းတို့ကို။ ဗုဒ္ဓ၊ သိတော်မူပြီးလျှင်မဂ်ဖိုလ်သို့ရကြောင်းရရာဖြစ်သောဘာဝနာနှင့်တကွ။ အပ္ပနာသမာဓိ၊ ဇောဝီထိတို့ဖြင့် ပကတိ တည်စေတော်မူသေါ်အကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။

သောဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ ဇာတိပိဋ္ဋမိနာစကာရဏေန၊ ဤသို့အထူးထူးသောအနက်ရှိသောဘဂ္ဂသဒ္ဒါ၌။ ဘဂဝါဟူဆိုအပ်သောမြတ်သောဘုန်းတော်နှင့်အညီ။ ပါရမီတော်ကုသိုလ်ဖြင့်။မဂ်ဖိုလ်နှင့်တကွ။ရအပ်သောသမာပတ်ရှာန်။ အဘိညာဉ်အပေါင်းတို့ဖြင့်ဝင်စားတော်မူနိုင်ခြင်း။ နိရောဓသမာပတ်၊ ဖလသမာပတ်တို့ကို မပြတ်ဖြစ်စေတော်မူခြင်းစသော။ ကိုယ်တော်ကြိယာဇော၊မနောဓာတ်၊ မနောဝိညာဉ်အပေါင်းတို့၌။ ကောင်းစွာဖြစ်တော်မူသော ဇာဒ္ဓိပါဒ်တန်းခိုးဖြင့်အစိုးရခြင်းဟူဆိုအပ်သော ဇာသရိယဘုန်းတော်လည်းတပါး။ အနုမြူပမာဏ။သဘာဝကိုယ်တော်၌။ အလိုတော်ရှိတိုင်းပြုတော်မူနိုင်ခြင်း၊ ကောင်းကင်ပျံသွားခြင်း လောကီအခြင်းအရာအားဖြင့်လည်းကောင်း။ဆန်းကြယ်သောနည်းနာဖြင့်ထုတ်၍။လောကုတ္တရာဒေသနာ၊ပရမတ္ထဒေသနာတို့ဖြင့်။နတ်ပြဟ္မာအပေါင်းတို့အားဟောကြားတော်မူနိုင်သောလောကုတ္တရာအခြင်းအရာအားဖြင့်၎င်း။အကြောင်းနှစ်ပါးနှင့်ပြည့်စုံတော်မူသောဓမ္မဘုန်းတော်လည်းတပါး။ လောကသုံးပါး၌ ထင်ရှား ဟုတ်မှန်သောဂုဏ်တော် အပေါင်းနှင့် တကွ ကောင်းစွာ ဖြစ်တော်မူခြင်းရှိသောသီလ၊ သမာဓိ၊ ပညာတို့သည်၊ ကုဋေတသိန်းသောစကြာဝဠာတို့၌၊သင်္ခါရ၊သတ္တ၊ဩကာသလောကဓာတ်။အရပ်ရပ်တို့မှ၊ ပျံ့နှံ့ကျော်စောတော်မူခြင်းရှိသောယသဘုန်းတော်

လည်း တပါး။ အဆင်း တော်ကို မြင်သဖြင့်။ ခပ်သိမ်းသော သတ္တဝါတို့၏ပသာဒစက္ခု။ ကြည့်ရှုတိုင်းအခါခါ။ ကောင်းစွာ ကြည်လင်စေခြင်း။ နှစ်သက်ကြည်ညိုဘွယ် တင့်တယ်သော ယောက်ျားမြတ်တို့၏အင်္ဂါလက္ခဏာတို့ဖြင့်မြင်စေနိုင်ခြင်း။အဆင်းတော် ရူပကာယ၌လည်း။ ဝေပုလ္လတောင်ထိပ်ဝယ်။ တဘိတ်ဘိတ်တလျှံလျှံ။ အတန်မျှမဆိတ်သော။မဏိဇောတိရသ်၊ ကျောက်မြတ် ပတ္တမြား ရတနာသည်။ များစွာသော ပဒ္မာမြား ကျောက်အပေါင်းနှင့်မတူ။ထက်မြက်စွာစွဲကပ်သော ပဒ္မာမြား အနီရဲကဲ့သို့။ အထွေထွေသော ဂုဏ်တော် ဉာဏ်တော်အပေါင်းတို့၏တည်ရာ။ လွန်စွာသန့်ရှင်းစင်ကြယ်သောခန္ဓာပဥ္စက သဏ္ဌာန်တော်သည်။ တိမ်ကြောတိမ်တိုက်မှလွတ်သော စန္ဒာလမင်းကဲ့သို့ရင်း။ကြည်ညိုဘွယ်ရှိသောဂုဏ်နှင့်မကင်း၊ဖြဟ္မာမင်းတို့၏ရူပကာယကဲ့သို့။ပသာဒစက္ခုနြွေဖြင့်။ အရေတော်ရှိသောသိရိဘုန်းတော်လည်းတပါး။ကိုယ်တော်၏အကျိုးစီးပွါး၌ရင်း၊ သူတပါးတို့၏ အကျိုးစီးပွါး၌ရင်း၊ အကြောင်းနှင့်တကွ တောင့်တတော် မူသောအခါ ထိုထိုသောအဖြစ်တို့ကဲ့ အလိုတော်ရှိသမျှ တောင့်တတော်မူတိုင်း မဆုတ်မနစ်ဖြစ်တော်မူတတ်သောအလိုတော်ဟုဆိုအပ်သော ကာမဘုန်းတော်လည်း တပါး။ခပ်သိမ်းသောလောက၏အရေ့ဖြစ်တော်မူသော။ သမ္မာသမ္ဗုဒ္ဓ။အနုတ္တရ။သေဋ္ဌ၊ဇေဋ္ဌ။အတုလဂုဏ်တော်အပေါင်းနှင့် တကွ။ ဘုရားအဖြစ်သို့ပြီးခြင်း အကြောင်း၌ ကောင်းစွာအား ထုတ်တော်မူနိုင်သော သမ္မာဝါယာမ။ ဝိရိယလုံ့လဟု ဆိုအပ်သောပယတဘုန်းတော်လည်းတပါး။ ဤသို့လျှင်။ ဣဿရိယ၊ ဓမ္မ၊ယသ၊သိရိ၊ကာမ၊ပယတဟုဆိုအပ်သေါခြောက်ပါးသော ဘုန်းတော်နှင့်ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ ဘဂဝါ၊ဘဂဝါမည်တော်မူ၏။ ဣတိ၊ဤသို့။ နဝဂုဏောဟိ၊ ၉- ပါးသောဂုဏ်အလုံးစုံတို့ဖြင့်။ တိလောကေ၊သုံးပါးသောလောကဌ်၊ကိတ္တိဗျာပိတံ၊ကျော်စောပျံ့နှံ့ခြင်းရှိတော်မူထသော။ အ

နန္တဂုဏာသမ္ပန္နံ၊ အဆုံးမရှိသော ကျေးဇူးဂုဏ်နှင့်ပြည့်စုံတော်မူပြီးထသော။အတုလံ၊ သီလအစရှိသောဂုဏ်တို့ကြောင့်တစုံတယောက်သောသူနှင့်တူတော်မမူထသော၊ ဇေကံ၊ ပြိုင်ဘက်ကင်းခြားတပါးတည်းသာဖြစ်တော်မူထသေါ။ဓမ္မရာဇံ၊တရားမင်းသည်းဖြစ်တော်မူသော။သမ္ဗုဒ္ဓံ၊ ဆရာကင်းပြီး။မဂ်ခရီးဖြင့်။ ပြည့်ကြီးပုရ။ အမတသို့။ ကြွတော်မူပြီးသော မြတ်စွာဘုရားကို။အဟံ၊ ငါးပါးခန္ဓာနှစ်ဖြာနာမ်ရုပ်။ အကောင်ပုပ်ကို။သဉ္ဇာသမုတ်။အကျွန်ုပ်သည်။ ဟိဟိဒွါရေဟိ၊ကာယအစ။ ဝစီအသယ်။မနောအဆုံး။ သုံးပါးသောဒွါရ။ ပဏာမတို့ဖြင့်။ အာဒရုံ၊ရိုသေစွာ။နမာမိ၊ တုပ်ကွရိုကျိုး။ လက်စုံမိုး၍။ရှိခိုးပူဇော်။ဖူးမြော်မာန်လျှော့ကန်တော့ပါ၏။

ဘုရားဂုဏ်တော်ဘွင့်ပြီး၏။

တရားဂုဏ်တော်ဘွင့်။

သွာက္ခာတောဘဂဝတာဓမ္မော။သန္ဒိဋ္ဌိကော၊အကာလိကော။ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟီတိ။

ဘဂဝတော၊မြတ်စွာဘုရားသည်။သွာက္ခာတော၊သုအက္ခာတော၊ ကောင်းစွာဟောတော်မူအပ်သော။ဓမ္မော၊တရားတော်သည်။ သတ္ထံ၊အလုံးစုံသောအကောင်းအဆိုး။ ကျိုးကြောင်းနှစ်ရပ်ကို။စပ်၍ပြအပ်သည်ဖြစ်သောကြောင့်။ ကာယာနုပဿနာသတိပဋ္ဌာန်၊ပဋိသန္ဓိကာလလရုပ်တည်သည်မှ။ကာယဒသကကလာပ်၊ဘာဝဒသကကလာပ်၊ဝတ္ထုဒသကကလာပ်ဟုဆိုအပ်သော။ သုံးပါးသောဒသကတို့သည်။ ရုပ်အရေအားဖြင့်-၃၀ သောကသလ အခါမှလွန်သဖြင့်။ ဒွါစတ္တာလီသ၊ ၄၂- သတ္တတည်းဟူသော-၂၁-စည်းသောကလာပ်တို့သည်။ကံကြောင့်ဖြစ်သောကလာပ်-၉-စည်း။စိတ်ကြောင့်ဖြစ်သောကလာပ် ၆

စည်း။ ဥတုကြောင့်ဖြစ်သော ကလာပ်-၄-စည်း။ အာဟာရ
ကြောင့်ဖြစ်သောကလာပ်-၂-စည်းတို့ကို လွန်မြောက်သဖြင့်၊
ကာလလရေကြည်အစ၊ မဏ္ဍလုဂ်ပြီးနှောက်အဆုံးရှိသော။ ဥတ္တိ
သာကာရအစုတို့သည်။ ကေသာ၊ နှစ်ကုဋေငါးသန်းသော ဆံ
ပင်။ လောမာ၊ ကိုးသိန်းကိုးသောင်းသော်အမွေး။ နခါ၊ ၂၀-သော
ခြေသည်းလက်သည်း။ ဒန္တာ၊ ၃၂-ချောင်းသောသွား။ တစော၊
တကိုယ်လုံးခြုံ၍လုံးသော်။ ဆီးကင်းပမာဏရှိသောအရေပါး။
တစေတာ၊ အရေထူ။ မံသံ၊ ၉၀၀-သော အသားတစ်။ နှာရု၊
၉၀၀-သောအကြော။ အဋ္ဌိ၊ ၃၀၀-သောအရိုး။ အဋ္ဌိမိဉ္ဇံ၊ ရိုး
တွင်းရှိခြင်ဆီ။ ဝက္ကံ၊ အညို့။ ဟဒယံ၊ ရင်ချိုင့်၏အတွင်းကြာငုံဖူး
သဏ္ဌာန်ဖြင့်၊ ပညာနည်းသောသူတို့အားချေစွာ။ ပညာရှိသော
သူတို့၌ စဉ်းငယ်ပွင့်လျက် ရှိသောနှလုံး။ ယကနံ၊ ပညာနည်း
သောသူတို့တွင် တခုတည်းကြီးစွာ။ ပညာရှိသော သူတို့တွင်
အများ၌နှစ်ခုသုံးခုကွဲ လျက်သေးငယ်သောအသည်း။ ကိလော
မကံ၊ အမြှေး။ ပိဟကံ၊ သရက်ရွက်တည်းဟူသောအဖျဉ်း။ ပပ္ဖါ
သံ၊ အဆုတ်။ အန္တံ၊ ယောကျ်ားကား-၃၂-တောင်။ မိန်းမကား
၂၈-တောင်-၂၈-ပတ် ခွေလျက်ရှိသော အူမ။ အန္တဂုဏံ၊ အူ
သိမ်။ ဥဒရိယံ၊ အစာသစ်။ ကရီသံ၊ အစာဟောင်း။ မဏ္ဍလုဂ်ပြီး
နှောက်။ ပိတ္တံ၊ သည်းခြေ။ သေမ္ဟံ၊ သလိပ်။ ပုဗ္ဗော၊ ပြည်။ လောဟိ
တံ၊ အချိုးချိုးသောသွေး။ သေဒေါ၊ ချွေး။ မေဒေါ၊ အဆီ။ အဿု၊
မျက်ရည်။ ဝသာ၊ ဆီကြည်။ ခေလော၊ တံထွေး။ သိင်္ဃာဏိကာ၊
နှပ်။ လသိကာ၊ အစေး။ မုတ္တံ၊ ကျင်ငယ်တည်း ဟူသော-၃၂-
ကောဋ္ဌာသတို့သည် အလွန်စက်ဆုပ် ရွံရှာဘွယ်ရှိသဖြင့်။ သု
သာန်၌ ကျရောက်ပြီးဖြစ်သော။ ဖူးယောင်ပုပ်နံ့တတ်သောသူ
ကောင်ဟူ၍ ဆင်ခြင်ရန်သင့်သော ကာယာနုပဿနာသတိပ
ဋ္ဌာန်လည်းကောင်း။ ။၂-ဝေဒနာနုပဿနာသတိပဋ္ဌာန၌၊
ကုသိုလ်၊ အကုသိုလ်-၂-ရပ်တွင်။ သုခတည်းဟူသော ဓမ္မစ
ကျက်ဝေဒနာမှတပါး။ ဒုစရိုက်အကျွမ်းဝင်တတ်သောဖောဋ္ဌဗ္ဗ

အတွေ့ဖြင့်။ဒုက္ခနှင့်ရွေ့ခြင်းဖြစ်သော။ကြဉ်အပ်ပါအပ်သောဝေဒနာနုပဿနာသတိပဋ္ဌာန်လည်းကောင်း။ ။၃-စိတ္တာနုပဿနာသတိပဋ္ဌာန၌၊ အကုသိုလ်နှင့်ဆက်ဆံတတ်သောဒုစရိုက်အနိဋ္ဌဓမ္မတည်းဟူသော။မကောင်းသောတရားအပေါင်းကိုသွေးဆောင်တတ်သော မဟာပါပတရ၊ ပါပဇလတ္တိ တို့ကို။ ကြဉ်ရှောင့်ခြင်းနှင့်တကွ။ သုစရိုက်ကုသိုလ်ကို အလိုရှိသမျှ တိုက်တွန်းနှိုးဆော် ဆုံးမတတ်သော။ ဘုရား၊တရား၊သင်္ဃာမှဆင်းသက်၍။ အစဉ်ကောင်းသောလာခြင်းဖြင့် ပြည့်စုံသော။ သီလဝတ္တကလျာဏပုဂ္ဂိုလ်တို့မှတပါး။ ခိုမှီရန်မရှိဟု။ သတိစေတသိက်တို့ဖြင့် ရှုကြည့်ဆင်ခြင်ရန်သင့်သော စိတ္တာနုပဿနာသတိပဋ္ဌာန်လည်းကောင်း။ ။၄-ဓမ္မာနုပဿနာသတိပဋ္ဌာန၌၊ မကောင်းသောလော ။ဒေါသ၊မောဟဟုဆိုအပ်သောအကုသိုလ်ဒုစရိုက်အပေါင်းမှရှောင်ကြဉ်၍။ ကုသိုလ်သုစရိုက်တည်းဟူသော အလောဘ၊ အဒေါသ၊ အမောဟ အပေါင်းတို့ကို။ ကောင်းစွာစွဲမြဲရှေးရှု၍။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော သဒ္ဓါစေတသိက်နှင့်တကွ။ အခါမလင့် ကောင်းကျိုးကို ပေးတတ်သောဓမ္မာနုပဿနာသတိပဋ္ဌာန်လည်းကောင်း။

ယောသဘာဝေါ အတ္တာနံ ဓရေန္တေသတ္တေ စတူသုအပါယေသုဝဋ္ဋဒုက္ခေသုအပတမာနေဓရေတိတိဓမ္မော။ ။ဋီကာပါဌ်။ ။ယောသဘာဝေါအကြင်သဘောတရားသည်။အတ္တာနံ၊မိမိကို။ဓရေန္တေ၊ဆောင်ကုန်သော။သတ္တေ၊သတ္တဝါတို့ကို။စတူသု၊လေးပါးကုန်သော။အပါယေသုစ၊ အပါယ်ဆင်းရဲတို့မှလည်းကောင်း။ ဝဋ္ဋဒုက္ခေသုစ၊ဝဋ်ဆင်းရဲအပေါင်းတို့မှလည်းကောင်း။ အပတမာနေ၊မကျစေသည်တို့ကို။ ကတ္တွာ၊ ပြု၍။ဓရေတိ၊ဆောင်တတ်၏။ဣတိတသ္မာ၊ထိုသို့သောသတ္တိကြောင့်။ဓမ္မော၊ ဓမ္မမည်၏။ ။ဣတိ၊ ဤသို့။စတ္တာရော၊လေးပါးအပြားရှိသော။သတိပဋ္ဌာန်၊ သတိပဋ္ဌာန်တို့သည်။ ကော၊ တခုတည်းသော။မူလံ၊ မူလဟူ၍။ သစိတ္တံ၊သတိစေတသိက်တရား တပါး

တည်းသါလျှင်။ဟောန္တိ၊ဖြစ်ကုန်၏။ ။၁သမ္မပ္ပဓါန်၊သမ္မပ္ပဓါန်
တို့သည်။ဥပ္ပန္နာန်၊ဖြစ်ကုန်ပြီးသော။ ပါပကာနံ၊ အကုသိုလ်တ
ရားတို့ကို။ပဟာနာယ၊ ပယ်ခြင်းငှါ။ဝါယာမောစ၊လုံ့လပြုခြင်း
လည်းကောင်း။ ။၂-အနုပ္ပန္နာနံ၊မဖြစ်ကုန်သေးသော။ပါပကာ
နံ၊အကုသိုလ်တရားတို့ကို။အနုပ္ပါဒါယ၊မဖြစ်စေခြင်းငှါ။ဝါယာ
မောစ၊လုံ့ပြုခြင်းလည်းကောင်း။ ။၃-အနုပ္ပန္နာနံ၊ မဖြစ်ကုန်
သေးသော။ကုသလာနံ၊ကုသိုလ်တရားတို့ကို။ဥပ္ပါဒါယ၊ဖြစ်စေ
ခြင်းငှာ။ဝါယာမော၊လုံ့လပြုခြင်းလည်းကောင်း။ ။၄-ဥပ္ပန္နာ
နံ၊ဖြစ်ကုန်ပြီးသော။ကုသလါနံ၊ကုသိုလ်တရားတို့ကို။ဘိယျော
ဘာဝါယ၊ လွန်စွာပွါးများစေခြင်းငှာ။ ဝါယာမောစ၊လုံ့လပြု
ခြင်းလည်းကောင်း။ဣတိ၊ဤသို့။စတ္တာရော၊လေးပါးကုန်သော။
သမ္မပ္ပဓာနာ၊သမ္မပ္ပဓာန်တို့သည်။ မူလံ၊ မူလဟုဆိုအပ်သော။ ဧ
ကော၊ တခုတည်းဖြစ်သော တရားသည်။ ဟောန္တိ၊ ဖြစ်ကုန်
၏။ ။ဣဒ္ဓိပါဒေါစ၊ဣဒ္ဓိပါဒ်တရားတို့သည်။ ၁-ဆန္ဒိဒ္ဓိပါဒေါ
စ၊ကောင်းစွာ တည်ကြည်သိမ်မွေ့ခြင်းနှင့်ပြည့်စုံသော အကု
သိုလ်တရားမှရှောင်ကြဉ်၍။ ကုသိုလ်တရားတို့ကိုစွဲလမ်းတတ်
သောဆန္ဒိဒ္ဓိပါဒ်လည်းကောင်း။ ။၂-ဝီရိယိဒ္ဓိပါဒေါစ၊မလျော့
သောလုံ့လဖြင့် ဒုစရိုက်အပေါင်းတို့ကိုကြဉ်၍။ ကောင်းသော
သုစရိုက် အပေါင်းတို့ကို အားထုတ်တတ်သော ဝီရိယိဒ္ဓိပါဒ်
၎င်း။ ။၄-စိတ္တိဒ္ဓိပါဒေါစ၊မကောင်းကိုကြဉ်၍။ ထင်စွာအလို
ရှိအပ်သောဈာန်အပေါင်းကိုစွဲမြဲတတ်သောစိတ္တိဒ္ဓိပါဒ်၎င်း။ ။
၄-ဝိမံသိဒ္ဓိပါဒေါစ၊ထူးသောကောင်းသောတရားတို့ကို လွန်
စွာစွဲမြဲ၍ အနည်းနည်း ရှုကြည့်ဆင်ခြင်နိုင်သော ဝိမံသိဒ္ဓိပါဒ်
၎င်း။ဣတိ၊ဤသို့။စတ္တာရော၊လေးပါးအပြားရှိသော။ ဣဒ္ဓိပါဒါ၊
ဣဒ္ဓိပါဒ်တရားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ။ဣန္ဒြိယာနိ၊
ဣန္ဒြေတို့သည်။ ၁-သဒ္ဓိန္ဒြိယဉ္စ၊ဘုရားတရားသံဃာအစရှိသော်
သရဏတည်းဟူသောသဒ္ဓါရတနာမှတပါး။ ကိုးကွယ်လည်း
လျောင်း ပုန်းအောင်းမှီခိုရာမရှိဟု ယုံကြည်သဖြင့်။ မကောင်း

သောအနိဋ္ဌဖလတို့ကိုကြဉ်ရှောင်ခြင်းတည်းဟူသော သဒ္ဓိန္ဒြေလည်းကောင်း။ ။၂-ဝီရိယိန္ဒြိယဉ္စ၊ မကောင်းသော တရားကိုကြဉ်၍။ကောင်းသောသမာဓိတရားအပေါင်းတို့ကို မဆုတ်မယုတ်မတွန့်ရွံ့အားထုတ်ခြင်းဖြစ်သော ဝီရိယစေတသိက်ဟုဆိုအပ်သော ဝီရိယိန္ဒြေလည်းကောင်း။ ။၃-သတိန္ဒြိယဉ္စ၊ ဆိုးညစ်စွာသောအယုတ်တရားအပေါင်းတို့ကိုကြဉ်၍။ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သောတရားအပေါင်းတို့ကို များစွာအားထုတ်ရန်အရပ်ရပ်ကိုယုတ်လျော့ သည်မှတပါး။ လွန်ကဲခြင်းမရှိနိုင်သောသတိန္ဒြေလည်းကောင်း။ ။၄-သမာဓိန္ဒြိယဉ္စ၊ နိဗ္ဗာန်ရောက်ကြောင်းကောင်းမြတ်သော တရားမှတပါး။ အခြားသောဒုစရိုက်ကုသိုလ်တို့ကိုမဖြစ်စေတတ်သော သမာဓိန္ဒြေလည်းကောင်း။ ။၅-ပညိန္ဒြိယဉ္စ၊ ရာဂတဏှာ။ သံသရာဖြစ်တတ်သောဘေးအပေါင်းတို့ကိုသုတ်သင်သန့်ရှင်းတတ်သော အမောဟ စေတသိက်ဟု ဆိုအပ်သောပညိန္ဒြေလည်းကောင်း။ဣတိ၊ဤသို့။ပဉ္စ၊ငါးပါးကုန်သော။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ။ဗလာနိ၊ဗိုလ်တို့သည်လည်း။ ။ဗုဒ္ဓဂုဏော၊ဘုရားဂုဏ်တော်၌။ဝုတ္တနယေန၊ဆွင့်ပြအပ်ပြီးသောနည်းရှိသည်ဖြစ်၍အကျဉ်းပြအပ်သော သဒ္ဓဗလ၊ ဝီရိယဗလ၊ သတိဗလ၊သမာဓိဗလ၊ပညာဗလဟုဆိုအပ်သောငါးပါးအပြားရှိ၏။ ။ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တို့ သည်လည်း။ သတိ သမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တည်းဟူသော ဗောဇ္ဈင်ခုနစ်ပါးတရားတို့ကို။ အဓိပ္ပေတော၊ အလိုရှိအပ်သော။ နယော၊ နည်းသည်။ ဥဒယျသဘာဝေန၊ သိအပ်ပြီးသောသဘောရှိသည်၏အဖြစ်ကြောင့်။ နအဓိပ္ပေတော၊ အလိုမရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ။မဂ္ဂင်္ဂါပန၊ မဂ္ဂင်တို့သည်ကား။ ၁ ။သမ္မာဒိဋ္ဌိစ၊ ကောင်းစွာမြင်တတ်သောသမ္မာဒိဋ္ဌိလည်းကောင်း။ ၂ ။သမ္မာသင်္ကပ္ပေါစ၊ ကောင်းစွာကြံ၍။

တတ်သော သမ္မာသင်္ကပ္ပလည်းကောင်း။ ၃ ။သမ္မာဝါစာစ၊ ကောင်းစွာ ဆိုတတ် ပြောတတ်သော သမ္မာဝါစာ လည်းကောင်း။ ၄ ။သမ္မာကမ္မန္တော စ၊ ကောင်းစွာဆောင်ရွက် ပြုပြင်တတ်သော သမ္မာကမ္မန္တလည်းကောင်း။ ၅ ။သမ္မာအာဇီဝေါစ၊ ကောင်းစွာ အသက်မွေးခြင်း ဖြစ်သော သမ္မာအာဇီဝလည်းကောင်း။ ၆ ။သမ္မာဝါယာမောစ၊ ကောင်းစွာလုံ့လပြုခြင်းဖြစ်သောသမ္မာဝါယာမလည်းကောင်း။ ၇ ။သမ္မာသတိစ၊ ကောင်းစွာဆင်ခြင်အောက်မေ့နိုင်သော သမ္မာသတိလည်းကောင်း။ ၈ ။သမ္မာသမာဓိစ၊ ကောင်းစွာ တည်ကြည် သိမ်မွေ့ခြင်းရှိသော သမ္မာသမာဓိလည်းကောင်း။ ။ဇာတိ၊ ဤသို့သမ္မာ၊ ကောင်းစွာထင်မြင်တတ်သိအပ်သောမဂ္ဂင်ရှစ်ပါးတရားတို့ကို တပေါင်းတည်း ရဝေးသည်ရှိသော်။ ဧတေဓမ္မာ၊ ထိုဗောဓိပက္ခိယတရားတို့သည်။ သဘာဝေန၊ စေတသိက်လက္ခဏာအားဖြင့်။ စုဒ္ဒသာ၊ တဆဲ့လေးပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဘေဒေန၊ ကိစ္စအပြားအားဖြင့်။ သတ္တတိံသ၊ သုံးဆဲ့ခုနစ်ပါး တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သင်္ဂဟော၊ ဂဏနသမောဒါနသင်္ဂဟနည်းသည်ကား။ တတ္ထ၊ ထိုဗောဓိပက္ခိယသင်္ဂဟ၌။ သတ္တ၊ ခုနစ်ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ ဇာတိတသ္မာ၊ ထို့ကြောင့်။ သတ္တဝါ၊ ခုနစ်ပါးအပြားရှိသော ဗောဓိပက္ခိယတရားသုံးဆဲ့ခုနစ်ပါး။ စုဒ္ဒသာ၊ တဆဲ့လေးပါးတို့၏။ သင်္ဂဟော၊ သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးတို့၏ ရေတွက်ရာ။ သတ္တဝါ၊ ခုနစ်ပါးဟူ၍။ အဓိပ္ပေတော၊ အလိုရှိအပ်သော။ နယော၊ နည်းဖြစ်သောကြောင့်။ ။မိစ္ဆာ ဝါဒါ၊ မကောင်းသော အကုသိုလ်ဒုစရိုက်တရားဖြစ်သော မိစ္ဆာဝါဒအယူတို့သည်။ ၁ ။မိစ္ဆာ၊ မှားသဖြင့်။ဒိဋ္ဌိ၊ မြင်ခြင်းသို့ဖြစ်တတ်သော မိစ္ဆာဒိဋ္ဌိလည်းကောင်း။ ၂ ။မိစ္ဆာသင်္ကပ္ပေါစ၊ မှားသဖြင့်ရှေးရှုတတ်သောမိစ္ဆာသင်္ကပ္ပလည်းကောင်း။ ၃ ။မိစ္ဆာ

ဝါစာစ၊ မှားသဖြင့်ဆိုတတ်ပြောတတ်သော မိစ္ဆာဝါစာလည်း ကောင်း။ ၄ ။မိစ္ဆာကမ္မန္တောစ၊ မှားသဖြင့် ဆောင်ရွက်လုပ် ကိုင်တတ်သော မိစ္ဆာကမ္မန္တလည်းကောင်း။ ၅ ။မိစ္ဆာအာဇီ ဝေါစ၊ မှားသဖြင့်ယုတ်စွာအသက်မွေးခြင်းဖြစ်သော မိစ္ဆာအာ ဇီဝလည်းကောင်း။ ၆ ။မိစ္ဆာဝါယာမောစ၊ မှားသဖြင့် ယုတ် ညံ့စွာလုံ့လအားထုတ်တတ်သော မိစ္ဆာဝါယာမလည်းကောင်း။ ၇ ။မိစ္ဆာသတိစ၊ မှားသဖြင့် အောက်မေ့နှိုးဆော်တတ်သော မိစ္ဆာသတိ လည်းကောင်း။ ၈ ။မိစ္ဆာသမာဓိစ၊ မှားသဖြင့် အကုသိုလ် ဒုစရိုက်တရား အပေါင်းတို့ကို ကောင်းစွာ တည် ကြည်တတ်သောမိစ္ဆာသမာဓိလည်းကောင်း။ ။တထာ၊ ထိုသို့ သော ဒုစရိုက်တရား ၈ပါးတို့နှင့်စပ်၍ သုစရိုက် တရား အ ပေါင်းမှမြုပ်နစ်အောင်ဖုံးလွှမ်းတတ်သော။ ၁ ။မောဟောစ၊ မောဟသည်လည်းကောင်း။ ၂ ။အဟိရိကဉ္စ၊ အကုသိုလ်ဒုစ ရိုက်တို့ကိုပြုခြင်း၌အရှက်မှကင်းတတ်သော အဟိရိကလည်း ကောင်း။ ၃ ။အနောတ္တပ္ပဉ္စ၊ ဒုစရိုက်အကုသိုလ် အပေါင်းတို့ ကိုပြုရာ၌မလန့်ခြင်းဖြစ်သောအနောတ္တပ္ပလည်းကောင်း။ ၄ ။ ဥဒ္ဓစ္စဉ္စ၊ စိတ်၏တည်ကြည် ငြိမ်သက်ခြင်းမှကင်းသော ဥဒ္ဓစ္စ လည်းကောင်း။ ၅ ။လောဘောစ၊ တဏှာတည်း ဟူသော အာရုံကို စွန်းငြိအောင် ဆောင်တတ်သော လောဘ လည်း ကောင်း။ ၆ ။ဒိဋ္ဌိစ၊ မကောင်းသောအားဖြင့်ယူဆတတ်သော ဒိဋ္ဌိ သည်းကောင်း။ ၇ ။မာနောစ၊ ထောင်လွှား တတ်သော မာနလည်းကောင်း။ ၈ ။ဒေါသောစ၊ ပါးပျဉ်းထောင်ထောင်။ မာန်စောင်ကြွားကြွား။ လွှအသွားကဲ့သို့။ ကြမ်းကြုတ်တတ်စွာ။ မြွေဟောက်ပမာနှင့်တူသော ဒေါသလည်းကောင်း။ ၉ ။ ဣဿာစ၊ သူတပါးတို့၏စည်းစိမ်ကိုမလို ငြူစူပျက်ပြားစေလို သော ဣဿာလည်းကောင်း။ ၁၀ ။မစ္ဆရိယဉ္စ၊ မိမိ၌ရှိသော စည်းစိမ်ကိုလျှို့ဝှက်တတ်သောမစ္ဆရိယလည်းကောင်း။ ၁၁ ။ ကုက္ကုစ္စဉ္စ၊ ဒုစရိုက်အကုသိုလ်တို့ကို ဖြစ်စေအောင် လုံ့လပြု

တတ်သည့်အဖြစ်၊ ဖြစ်ခဲ့ပြီးသောအကုသိုလ်ဒုစရိုက်တို့ကို ရှေး
ရှုခြင်း၊ မဖြစ်သေးသော သုစရိုက်ကိုလည်း အနိဗ္ဗဖြစ်အောင်
ပိုးရိမ်ပူပန်တတ်သော ကုက္ကုစ္စလည်းကောင်း။ ၁၂ ။ထိနဉ္စ၊
စိတ်၏မခိုင်မခံ့ဖြစ်စေတတ်သောထိနလည်းကောင်း။ ၁၃ ။
မိဒ္ဓဉ္စ၊ စေတသိက်တို့၏ မခိုင်မခံ့ခြင်း ဖြစ်စေတတ်သော မိဒ္ဓ
လည်းကောင်း၊ ၁၄ ။ဝိစိကိစ္ဆာစ၊ အနိဗ္ဗဓမ္မ အပေါင်းတို့ကို
အဆုံး အခဲ မရှိအောင် ဘိစိုး တတ်သော ဝိစိကိစ္ဆာ လည်း
ကောင်း။ ။ဣတိ၊ ဤသို့။အဥ္စ၊ စုဒ္ဒသ၊ ရစ်ပါး၊ တဆဲ့လေးပါးတို့
၏ပေါင်းရခါဒွါဝီသ၊ နှစ်ဆဲ့နှစ်ပါးပြားသော အနိဗ္ဗအပေါင်းတို့
သည်တပ်ငြိစွဲကပ်၍ ဒုစရိုက်အကုသိုလ်ဖြစ်အောင်သွေးဆောင်
တတ်သောကြောင့်။ ရှောင်ကြဉ်ရာ ရှောင်ကြဉ်ခြင်း စေတနာ
နှင့်တကွ၊ ရသင့်၊ ရထိုက်၊ ရအပ်သော သုစရိုက်ကုသိုလ်သည်
ဝိသုဒ္ဓိဟူ၍။ အနဝဇ္ဇသုခဝိပါကလက္ခဏာ၊ အပြစ်မရှိ ကောင်း
ကျိုးကိုသာပေးတတ်သောကြောင့် တဏှာ၏ရေသောက်ဖြစ်
အကုသိုလ် လောဘမူစိတ်ရှစ်ခု၊ ဒေါသမူစိတ်နှစ်ခု၊ မောဟမူ
စိတ်နှစ်ခု၊ အကုသိုလ် ဝိပါက်စိတ် ခုနစ်ခု၊ ပေါင်းတဆဲ့ကိုးခု
သောစိတ်တို့သည် လောဘ၊ ဒေါသ၊ မောဟအပေါင်းတို့ကို
တပ်ငြိစွဲကပ်အောင် ဆောင်ယူသည်ဖြစ်သောကြောင့် မတပ်
မငြိမစွဲမကပ်အောင် ကုမရန်ဆေးကားအကြောင်းမရှိ အကျိုး
သက်သက်ဖြစ်သေါ်အဟိတ်ကုသလဝိပါက်စိတ်ရှစ်ခု၊အဟိတ်
ကြိယာစိတ်သုံးခု၊ ကာမာဝစရကုသိုလ်စိတ်ရှစ်ခု၊ သဟေတု
က ကာမာဝစရမဟာဝိပါက်စိတ်ရှစ်ခု၊ သဟေတုက ကာမာ
ဝစရမဟာကြိယာစိတ်ရှစ်ခု။ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ ဧကဂ္ဂ
တာဟုဆိုအပ်သော ရူပါဝစရကုသိုလ်စိတ်ငါးခု။ဝိတက်၊ဝိစာ
ရ၊ပီတိ၊သုခ၊ ဧကဂ္ဂတာဟုဆိုအပ်သော ရူပါဝစရဝိပါက်စိတ်
ငါးခု။ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ဧကဂ္ဂတာဟုဆိုအပ်သောရူပါ
ဝစရကြိယာစိတ်ငါးခု။ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာ
ယတန၊ အာကိဉ္စညာယတန၊ နေဝသညာနာသညာယတနဟု

ဆိုအပ်သောအရူပါဝစရကုသိုလ်စိတ်လေးခု။အာကာသာနဉ္စာယတန၊ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာနာသညာယတနဟုဆိုအပ်သော အရူပါဝစရဝိပါက်စိတ်လေးခု။အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာ နာသညာယတနဟုဆိုအပ်သော အရူပါဝစရ ကြိယာစိတ် လေးခု။ သောတာပတ္တိမဂ်နှင့် ယှဉ်သော ဝိတက်စိတ်၊ သောတာပတ္တိ မဂ်နှင့် ယှဉ်သော ဝိစာရ စိတ်၊ သောတာပတ္တိမဂ်နှင့်ယှဉ်သောပီတိစိတ်၊သောတာပတ္တိမဂ်နှင့်ယှဉ်သောသုခဧကဂ္ဂတာစိတ်၊သောတာပတ္တိမဂ်နှင့်ယှဉ်သောဥပေက္ခာဧကဂ္ဂတာစိတ်။ ဤသို့ သောတာပတ္တိ၊ သကဒါဂါမိ၊ အနာဂါမိ၊ အရဟတ္တအားဖြင့် မဂ်လေးပါးတို့၌ တပါးပါးလျှင် ဈာနင်ငါးပါးစီဖြစ်၍မဂ်စိတ်၌ပေါင်းနှစ်ဆယ်။ ဖိုလ်စိတ်၌လည်း ငါးပါး လေးကြိမ်ဖြင့်၍ ဖိုလ်စိတ်ပေါင်း နှစ်ဆယ်။ ပေါင်းမဂ်စိတ်၊ ဖိုလ်စိတ်တို့သည် လေးဆယ်။ အလုံးစုံပေါင်းသော် ကုသိုလ်စိတ်တရာ့နှစ်ခုဖြစ်သောကြောင့်။ တဏှာ၏ရေသောက်မြစ်ဖြစ်သောဒုစရိုက်သုံးပါးကိုပယ်ရှားရိတ်လှီးနိုင်သော်အနိစ္စ၊ဒုက္ခ၊အနတ္တ တည်းဟူသော အမြိုက်ဆေး ဖြစ်သည်နှင့်အညီ။ မချွတ်စစ် အလောဘ၊အဒေါသ၊အမောဟသည် သန့်ရှင်းစင်ကြယ်စွာ သိခါပတ္တအထွတ်အထိပ်သို့ရောက်ရှိသော သုခချမ်းသာ ရတနာကောင်းကျိုးကို သူတော်ကောင်းတို့၏စိတ်၌။ အဟော အစ္ဆရိယ၊ သြော်အံ့ဘွယ်ရှိလေစွ။ အဟောသာဓုဝတ၊ သြော် ကောင်းလေစွဟု တောင့်တ အလိုရှိအပ်သော လောကုတ္တရာမြတ်ချမ်းသာသည်။ သောတာပတ္တိမဂ်၊သောတာပတ္တိဖိုလ်။ သကဒါဂါမိမဂ်၊သကဒါဂါမိဖိုလ်။ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်။ နိဗ္ဗာန်၊ပရိယတ္တိအားဖြင့်ဆယ်ပါးသော။ ဓမ္မော၊ တရားတော်မြတ် ပိဋကတ်သည်။ သန္တိဋ္ဌိကော၊ချီးမွမ်းအပ်သောမဂ်ပညာဖြင့်ကိလေသာကိုလျှင်

စွာသတ်ဖြတ်ရိတ်လှီးတတ်သည်ဖြစ်၍ကောင်းစွာအောင်တော်မူတတ်၏။

အကာလိကော၊ အခါမလင့်။ ချီးမြှောက်ပင့်။ ဆင့်ကာဆင့်ကာ။သမ္မာဆန္ဒ။အာသီသနှင့်။ တောင့်တအလိုရှိအပ်သော။ လူနတ်ချမ်းသာ။မဟာသမ္ပတ္တိ။ဝိမောက္ခချန်း။မဂ်လေးဝဖိုလ်လေးတန်။နိဗ္ဗာန်ချမ်းသာတည်းဟူသောကောင်းကျိုးကိုလည်း ပေးတတ်၏။

ဧဟိပဿိကော၊ မနေ့သလျှင်လျှင်။ စိတ်၌ရှင်။ ကြည်လင်စွာဘိ။သုစရိ။ သတိမြဲစွာ။ကွေမကွာ။ပညာစေတသိက်။ အတိတ်ပစ္စုပ္ပန်။ ကြွင်းကျန်မလပ်။ အနာဂတ်ကို။ မပြတ်ဆင်ခြင်။ ကသိုဏ်းတင်၍။ ဘာဝင်ကဲ့စွ။စိတ်မခွ။ ဒိဋ္ဌကြည့်စွာ။ ရှည်မကြာအောင်။ လာလှည့်ရှုလှည့်ဟူသော အစီအရင်ကိုလည်း ခံထိုက်၏။

ဩပနေယျိကော၊ မိမိစိတ်၌ကပ်၍။မအပ်သမျှ။အနိဋ္ဌ။ မောဟမိစ္ဆာ။အဘိဇ္ဈာတို့ကို။ ပယ်ခွါစွန့်ပစ်၍။ဖြစ်လာသော အတိဋ္ဌရုဋ္ဌာရုံသည်။ ကုသိုလ်ဟုန် စေတသိက် တို့ကြောင့်။ အတိတ်ပစ္စုပ္ပန်။ တန်ဘန်အနာဂတ်။ဤသုံးရပ်၌။ ရစ်ပတ်တွေ့ထိတတ်သော ဒုစရိုက်အကုသိုလ် မကောင်းမှုတို့ကို ပြောင်းရွှေ့ပယ်ရှား၍။ သုစရိုက် အကျိုး များအောင် တိုးပွါး သန့်ရှင်းသော ကောင်းကျိုးကိုလည်းထိုက်၏။

ပစ္စတ္တံဝေဒိတဗ္ဗော၊ ဝိညူဟိ၊ ပညာရှိတို့သည်။အစ္ဆတ္တံ၊မိမိစိတ်၌။ ဝေဒိတဗ္ဗော၊ ဘယ်ခါမလပ်။မြတ်ထက်မြတ်အောင်။ သတိဆောင်၍။ စောင်စောင်ပိဋကတ်။မပြတ်လေ့လာ။သဒ္ဓါတရား။ ဆယ်ပါးပါရမီ။ အညီ စေ့စပ်။ တတ်ထက် တတ်မှ။ လူ့ရပ် နတ်ဘုံ။ ဖြဟ္မာစုံအောင်။ပေးဆောင်ထပ်ထပ်။ခါမလပ်ဘဲ။သိအပ်ခံစားအပ်၏။ ။

ဣတိ၊ ဤသို့။ ဆဂုဏောဟိ၊ ခြောက်ပါးသောဂုဏ်။ အလုံးစုံတို့ကြောင့်။ တိလောကမ္ဟိ၊ လောက သုံးပါး၌။ ပါကဋံ၊ ထင်ရှားသော။ တိဝိဓ သမ္ပတ္တိဒါယကံ၊ လူ၊ နတ်၊ နိဗ္ဗာန်။ သုံးတန်သော

ချမ်းသာကိုပေးတတ်သော။သမ္မာသမ္ဗုဒ္ဓပူဇိတံ၊မြတ်စွာဘုရား
တို့သည် ပူဇော်အပ်တော်မူထသော။ သဒ္ဓမ္မံ၊သူတော်ကောင်း
တို့၏တရားဆယ်ပါးကို။ အပါံ၊ ခန္ဓာပဥ္စက။ဖြဗ်မျှကို။ သတ္တာသ
ရတ်။အကျွန်ုပ်သည်။ တိဟိဒွါရေဟိ၊သုံးပါးသောဒွါရ။ပဏာမ
တို့ဖြင့်။အာဒရံ၊ရိုသေစွာ။ နမာမိ၊ကာယဝစီ။ မနောညီလျက်။
ထိပ်ဆီလက်ပုံ။ရှိကြာခုံဖြင့်။ကြည်ယုံသဒ္ဓါ။ရှိခိုးပါ၏။

တရားဂုဏ်တော်ဘွင့်ပြီး၏။

သင်္ဃာဂုဏ်တော်ဘွင့်။

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။ ဥဇုပ္ပဋိပန္နော
ဘဂဝတော သာဝကသံဃော။ ဉာယပ္ပဋိပန္နော ဘဂဝတော
သာဝက သံဃော။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝက
သံဃော။ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ။ဧသ
ဘဂဝတော သာဝက သံဃော။ အာဟုနေယျော၊ ပါဟုနေ
ယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုည
က္ခေတ္တံလောကဿာတိ။

ဘဂဝတော၊မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်
သားသင်္ဃာတော်သည်။ သုပ္ပဋိပန္နော၊ မဂ်ရောဖိုလ်ပါ။ ရှစ်ဖြာ
တရား။ ဆယ်ပါးဓမ္မ။အသေခကြောင့်။ အနန္တဂုဏ်။ လုံးစုံနဝ။
ကုသလနှင့်။အနိဋ္ဌထိုထို။အကုသိုလ်တို့ကို။မလိုစွန့်ပစ်၍။ အနှစ်
သာရတည်းဟူသော သမ္မာဆန္ဒတော်နှင့် တကွ။ သမင်္ဂကို။
တစမကျန်။ အမှန်စောင့်ကြပ်၍။ အလပ်မရှိ။ ကောင်းစွာဖြည့်
ကျင့်တော်မူတတ်၏။

ဘဂဝတော၊မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်
သားသင်္ဃာတော်သည်။ဥဇုပ္ပဋိပန္နော၊သဘောမကောံ။မနွှေံ
အကုသိုလ်။ ထိုထိုအဝိဇ္ဇာ။တဏှာတရား။ယင်းနှစ်ပါးကို။ မပွါး
စေရ။ရာဂကိလေသာ။မသမ္မာတတ်သောဘေးအပေါင်းတို့မှ

ရှောင်ကြဉ်ရာ ရှောင်ကြဉ်ကြောင်း ဖြစ်သော။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဟူ၍သိက္ခာသုံးပါးအပြားရှိ၏။ ထိုသိက္ခာသုံးပါးတို့ကို ပဋိပ္ပဿမ္ဘာဝိကာသို့ ရောက်ရှိတော် မူကြပြောသော်လည်း။ မကျိုးမပေါက်။ မပြောက်မကျားစေမူ၍ ဖြောင့်မတ်စွာ ဖြည့်ကျင့်တော်မူတတ်၏။

ဘဂဝတော၊မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သားသဃ်ာတော်သည်။ ဉာယပ္ပဋိပန္နော၊ မကောင်းသောအရာကို လွန်စွာနှလုံးနှင့်တွေ့ထိတတ်သော ဖောဒ္ဓဗ္ဗာရုံကြောင့်ဖြစ်သော ဝေဒနာလည်းတပါး။ ထပ်ပွါးမရှိနိုင်သော တဏှာ၏ကုန်ရာ ကုန်ကြောင်း ဖြစ်သဖြင့်။ ။ဝါနတော တဏှာယနိက္ခန္တတ္တာနိဗ္ဗာနန္တိ ဝုစ္စတိ။ ။ဝါနတော၊ဝါနဟုဆိုအပ်သော။ တဏှာယ၊တဏှာမှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်တတ်သည်၏အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊နိဗ္ဗာန်ဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။ ဟုလာသောတရားတော်နှင့်အညီ၊ဘေးမတည်။ချွေပြည်ဌာန။အမတသို့။မချရောက်အံ့သောအကျိုးငှါဖြည့်ကျင့်တော်မူတတ်၏။

ဘဂဝတော၊မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သားသဃ်ာတော်သည်။ သာမိစိပ္ပဋိပန္နော၊ သဘောနှစ်မြှိုက်။ ဒုစရိုက်။ မသိုက်မစား။ အမှားမရှိ။ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ဗျာဓိဒုက္ခ၊မရဏဒုက္ခတည်းဟူသောဒုက္ခအပေါင်းတို့ကို။ ကောင်းကောင်းကြီး ကြောက်ရွံ့တော် မူသဖြင့်။ အဆင့်ဆင့် တိုးပွါးအောင်ကြိုးစားတော်မူလိုသောသမ္မာဆန္ဒတော်ရှိရင်းအတိုင်း။ ဆုတ်ဆိုင်းမရှိ။ ပကတိ အထွေထွေဖြင့်။ အရိအသေ ပြုထိုက်အောင်ကောင်းစွာဖြည့်ကျင့်တော်မူထိုက်၏။

ယဒိဒံယာနိစတ္တာရိပုရိသယုဂါနိ၊ အကြင်လေးယောံသောယောကျ်ားမြတ် အစုံတို့သည်။ ယဒိဒံယေဏ္ဍမေ အဋ္ဌပုရိသပုဂ္ဂလာ၊ အကြင်အသီးအသီးရှစ်ယောက်သော ယောကျ်ားပုဂ္ဂိုလ်တို့သည်။သန္တိ၊ရှိကုန်၏။

ဘဂဝတော၊ မြတ်စွာ ဘုရား၏။ သေဌေသော သာဝက သံဃော၊ ထိုအစုံလေးယောက်၊ အသီးအသီးရှစ်ယောက်သော တပည့်သား သဃ်ာတော်သည်။ အာဟု နေယျော၊ အဝေးမှ ဆောင်ယူ၍။ နှစ်ရာ့နှစ်ဆယ်။ ချနစ်သွယ်သော အဓိသီလ၊ အဓိ စိတ္တ၊ အဓိပညာ သိက္ခာတို့ကို လုံခြုံစွာစေ့စပ်လျက်။ သီလဝန် ပုဂ္ဂိုလ်မြတ်တို့အား တရားမလွန်ပေးအပ်သော အလှူကိုလည်း ခံထိုက်၏။

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့် သား သဃ်ာတော်သည်။ ပါဟု နေယျော၊ ရပ်ဆယ်မျက်နှာ။ ဒိသာပတ်ကုံး။ စုရုံးချီးကြူး၍။ အထူးထူးသောအရပ်မှလာကုန် သော။ ချစ်နှစ်လိုအပ်သောဧည့်သည်တို့၏ မင်္ဂလာကောင်းကျိုး တိုးတက်ပွါးများစေခြင်းငှါ။ သုံးဖြာဒွါရ။ ပဏ္ဏာမဖြင့်။ ဂါရဝ စေတနာနှင့်တကွ။ ရှိသေစွာစီရင်အပ်သောအကပ္ပိယ၊ ကပ္ပိယ၊ နှစ်ရပ်တို့တွင်။ သင့်တင့်လျောက်ပတ်သော နည်းဖြင့် အလှူခံ ထိုက်၏။

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့် သားသဃ်ာတော်သည်။ ဒက္ခိဏေယျော၊ တမလွန်လောကကို ယုံကြည်လေးမြတ်သဖြင့်။ အလိုလိုပေးအပ်၍ မြတ်သော အလှူ အမျိုးမျိုးတို့ကိုခံထိုက်၏။

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့် သားသဃ်ာတော်သည်။ အဉ္ဇလိကရဏီယော၊ သဘောထက် သန်။ သုံးတန်သောချမ်းသာနှင့်တကွ။ အရောရာကောင်းမှုကိုအ လိုရှိသော သူတော်ကောင်းတို့၏ လက်အုပ်ချီခြင်း ပြုသည်ကို ခံထိုက်၏။

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့် သားသဃ်ာတော်သည်။ အနုတ္တရံအနုတ္တရော၊ အတုမရှိသော။ ပုညက္ခေတ္တံ ပုညက္ခေတ္တော၊ ကောင်းမှုကုသိုလ်။ ထိုထိုသော မျိုးစေ့တို့၏။ တိုးတက်ကြီးပွါး။ စည်ကားထက်သန်၍။ ကြိမ်

ဘန်များစွာ ရိုက်ပျိုးအပ်၊ ရိုက်ပျိုးရာ၊ လယ်မြေကောင်း သဘွယ်တင့်တယ်စွာဖြစ်တော်မူ၏။

ဣတိ၊ ဤသို့။ နဝဂုဏောပေတံ၊ ကိုးပါးသော ဂုဏ်အပေါင်းတို့ဖြင့်။ တိလောကေ၊ လောကသုံးပါး၌။ သုတံ၊ ကျော်စောသော။ ပဋိသမ္ဘိဒါပတ္တ အဘိညာဒိဂုဏသမ္ပန္နံ၊ ပဋိသမ္ဘိဒါအဘိညာဉ်အစရှိသောကောင်းသောများစွာသောဂုဏ်တော်အပေါင်းနှင့်ပြည့်စုံသော။ ပုညက္ခေတ္တကာနံ၊ ကုသိုလ်ကောင်းမှု အစုစုကိုအလိုရှိသောသူတော်ကောင်းတို့၏တိုးပွါးစည်ကားထက်သန်ရန် ရိုက်ပျိုးရာ လယ်မြေကောင်းသဘွယ် တင့်တယ်စွာ ဖြစ်တော်မူသော။ အရိယသံဃံ၊အရိယာရှစ်ယောက်အပေါင်းကို။ အဟံ၊ သုံးဆဲ့နှစ်ကောဋ္ဌာသ။ အသုဘဟု။ ရှုချအဟုတ်။သရုတ်အပ်သောအကျွန်ုပ်သည်။ တိဟိဒွါရေဟိ၊ ကာယဝစီ။ မနောချိုလျက်။ သုံးလီဒွါရ။ ပဏာမဖြင့်။ အာဒရံ၊ရိုသေစွာ။ နမာမိ၊ ရှိခိုးပါ၏။

သံဃာဂုဏ်တော်ဘွင့်ပြီး၏။

သာသနာလျှောက်။

ဘဒ္ဒကမ္ဘာ၊ ပေါ်ဦးခါ၌။ မဟာသမ္မတ၊ ခတ္တိယဟု။ ဂေါတမအလောင်း။ မင်းကောင်းမင်းမြတ်။ လောကခေတ်ကို။ ဆုံးဖြတ်ကြည့်ရှု။ ဘန်ဆင်းပြုလျက်။ အာယုအသင်္ချေ။ တည်နေ့စိုးစံသည်မှနောက်ကာလ၌။ မြန်မာ့နွယ်တူ။ လောကီလူတို့သည်။ အမူအကျင့်။ မသင့်တရား။ ဘောက်ပြားယွင်းသွေကြသော့ကြောင့်။ အသင်္ချေယျအသက်မှသည်။ လျော့ပျက်နောက်ဆုတ်။ ယုတ်ခါယုတ်ခါ။ ရှစ်ကြိမ်ကြာအောင်။ ဟာယနခေတ်။ အစဉ်ဖြစ်၍။ အနှစ်ငါးသောင်းတမ်းသို့ ရောက်လတ်သော်။ ဘဒ္ဒမည်သာ။ ဤကမ္ဘာတွင်။ ပဉ္စမာဒိက။ အမတနိဗ္ဗာန်။ ခရီးညွှန်သော။ ကကုသန်ဘုရား။ သုံးလူ့ဖျားသည်။ ပတ္တမြားမြည်ို။ ကုက္ကိုဗောဓိ။ သီရိညွှန့်ရှင်။ ပလ္လင်ဦးတည်။ အောင်မြင်စည်၌။ ပျက်လှည့်ငါးမာရ်။ ပယ်တွန်းလှန်၍။ အနန္တာရုံ။ ဝေနေပုံကို။ မြေခံရိမတ်။ ဘူမိရပ်သို့။ ရတနတ္တယံ။ ရထားပျံဖြင့်။ ယူခံမစ။ တင်ပို့သ၍။ ပဉ္စမပွဲကြီးယင်ပါသည်။

ထိုအနှစ်ငါးသောင်း။ သက်ပေါင်းအာယုကပ်။ ပညတ်သည်မှ။ တစတစ။ ခယဝယော။ ရွှေလျှောဆုတ်နစ်လျက်။ ဆယ်နှစ်မြောက်သက်တမ်းတွင်။ သေါင်းခမ်းထိခိုက်၍။ ပြိုက်ပြိုက်ညက်ကြေ။ ကျွန်းမြေဇမ္ဗူ။ လူအလုံးတို့သည်။ သေဆုံးပျက်စီး၍။ အချည်းနှီးဖြစ်ကြကုန်သော်။ ပုညသမ္ဘာ။ ပညာရှိသူ။ အနည်းငယ်လူတို့သည်။ ကြောက်မှုလန့်ကြား။ ပြေးသွားပုန်းရှောင်။ တောတောင်ဝင်ခို။ ဖြပ္ပမိုတဘန်။ ကျင့်ကြပြန်၍။ လူ့ထံဝင်မြောက်။ လူ့အလျှောက်ဖြင့်။ အဆောက်အဦ။ ထောင်ထုဝတ္ထု။ ပြုကြရာတွင်။ ဓမ္မတာနိယံ။ ကုသိုလ်ကံတခြား။ ဟိတ်နှစ်ပါးကြောင့်။ ပွါးတုံပွါးတုံ။ လူပုံဗိုလ်ပါ။ သတ္တဝါတရတို့သည်။ အာယုအသင်္ချေ။ တည်နေဖြစ်ထွန်းပြီးမှ။ နောင်ကာလပြမ်း။ စည်းကမ်းယွင်းယို။ ဖြပ္ပမို လစ်လပ်၍။ ဆုတ်ကပ်အသစ်။ အနှစ်သုံးသောင်း ခနစ်

ထောင့်ငါးရာ။ အခါအဘို့။ လူတို့သက်တမ်းရောက်ပြန်သော်။ နိဗ္ဗာန်ရိုးခြုံ။ ကောဏာဂုံမည်ရ။ ဘဝသေဋ္ဌ်နင်း။ တရားမင်းသည်။ဝင်းဝင်းလျှံမောင်း။မြတန်ဆောင်းကဲ့သို့။ ရိပ်ကောင်းပင်ဝန်း။ရေသဘန်းဟု။ရွှေနန်းဥကင်။ ဗောဓိပင်နှင့်။ပလ္လင်ဇေယျခုံ။ မြေရန်လုံ၍။သုံးဘုံတမွတ်။ အထွတ်မြောက်တိုင်။ တရားပိုင်၍။ သုံးဆိုင်ဘုံသူ။ ဝေနေလူတို့ကို။ မရူရသ။ ဓမ္မမြိုက်ဆေး။တိုက်ကျွေးကုသလျက်။ဒုတိယပွဲကြီးယင်ပါသည်။

ထိုမှနောက်လည်း။ထိုနည်းထိုပုံ။ယုတ်တုံတက်ပြန်။တဘန်လျှောကျ။ တတိယအန္တရ။ဟာယနဆုတ်ကပ်၍။သဗ္ဗဟိန္နဂူ။လူတို့သက်စစ်။ အနှစ် နှစ်သောင်းငါးထောင်။ ယခေါင်ခန့်တိုင်း။ သက်ပိုင်းဆုံးဖြတ်။ ရောက်ပြန်လတ်သော်။ ကဿပဘုရား။ငါးပါးစက္ခု။ သဗ္ဗညုဘုန်းခေါင်သည်။ပြည့်ညောင်ရွက်စိပ်။ ဗောဓိရိပ်၍။မာန်နှိပ်ဝိသယ။ အတုလမြေ။ပလ္လင်ဘွေထက်။ ငါးထွေဒွေးယှဉ်။မြတ်ဓမ္မကို။လက်ရဆွတ်ချူ။ ပိုင်တော်မူလျက်။ လူဝေနေဗိုလ်။များထိုထိုကို။ မဂ်ဖိုလ်ရှစ်ပါး။ယမ်းကျင်းထိုး။အကြီးအကျယ်။ မင်းဘွယ်ရိုးခမ်း။ ဘုန်းလွှမ်းသနား။ မြှော့ံစားပျုံ့ပျူး။ ရာထူးဝိသေသ။အောင်ဆုဌ၍။တတိယပွဲကြီးယင်ပါသည်။

ထိုမှနောင်တုံ။ရှေ့ပုံပမာ။ဆုတ်ခါပွါးပြန်၍။ဝဋ္ဋန္တရ။နှလောမဖြင့်။ ကာလချင့်တွက်။လူ့အသက်ရာတမ်းသို့ရော့ံပြန်သော်။ သာရမဏ္ဍ။ ကမ္ဘာမန္ဒ။ စတုဏ္ဍမင်းတရား၏။ ရွှေဘဝါးတော်စက်အောက်။လျှားမှောက်ဝပ်စင်း။ကိုယ်ဖြင့်ရင်း၍။တင်းတင်းသန့်စွမ်း။ မှုထမ်းအားကြီး။ နှီးခွဲသည်အတိုင်း။ အပိုင်းအခြား။ ထားတော်မူလတ်။ ပညတ်သမုတ်။ ရွှေနတ်မင်္ဂလာ။ သိုက်ဩဘာသည်။ အခါစေ့လတ်တုံရကား။ ကမ္ဘာဦးမဟာသမ္မတမှစ၍။သူရိယမိတ်။အာဒိစ္စဂိုဏ်း။ တိုင်းပြုပြည်ပြု။ ဇမ္ဗူ့သေဋ္ဌ်နင်း။ မင်းသုံးသိန်းသုံးသောင်းလေးထောင် ငါးရာ့ခြောက်ကျိပ် ရှစ်ယောက်မြောက်ခဲ့ပြီးသော်။တိုင်းကြီးသက္က။ ကပိလရွှေပြည်၌။ ဇေယျသိမ်မင်ကြီး၏သား။ သိဟာဟနုမင်းသည်။ ရှစ်ထီးရိုက်

ဘူ။မနေ့ာယူလျက်။ ဇမ္ဗူသိမ်းတော်မူသည်တွင်။ထိုမင်းယော်ဘာ။ဒေဝဒဟာ။ ပြည်ဌာနီ၌။ သကျဝံသာ။ မဟာအဥ္စနမင်းကြီးသည်။ အတည် ပညတ်။ ယုဂ်လေးရပ်တွင်။ သဗ္ဗအန္တ။ ကလိယုဂ်အတွင်း။ သကျမင်းမှ။ အရင်းအမြစ်။ ဝေါဟာဖြစ်သော။ သက္ကရာဇ်ရှစ်ထောင်ခြောက်ရာ့လေးဆယ်ခုနစ်ခုကို။ ပယ်ဘုတ္တိ။ကိန်းလက်ရှိဖြင့်။ချေဘိပြုခွင်း၍။အကြွင်းနှစ်ပါးထားသည်ကကို။ ကာလမကြာ။ ကောဇာသက္ကရာဇ်။ခြောက်ဆဲ့ရှစ်တွင်။ ခေတ်ဝိသယ။လောကအပေါင်း။ဦးခေါင်းယို့ယို့။နှိမ်ဝပ်ကြုံရသော။ ငါတို့သိဒ္ဓတ်မင်းသား ဘုရားလောင်းသည်။ ဝမ်းလျားပတ်ပိုက်။ တသောင်းတိုက်ကို။ ကျိုက်ကျိုက်ဖွန်းဝေ။ ကျော်စောစေလျက်။ ဓွန္နီဖလံ။ ကဲ့သဏ္ဌာန်သို့။ ဝတ်ဆံပျုံသင်း။ အင်ကြင်းမင်္ဂလာ။မြိုင်ခမ်းဝါ၌။မာယာမိဘုရား။ ရှစ်သောင်းဖျား၏။ ဖတ္တာမြားမြဆိုင်။ဂူလိုဏ်သင်ခမ်း။ တိုက်တော်ဝမ်းမှ။ ငြိမ်းချမ်းသန့်စင်။ဘွားမြင်တော်မူပါသည်။

ဇမ္ဗူချက်၌။ မင်းဆက်တကာ။ မစံရာသော။ မဟာသမတ်။ စည်းစိမ်မြတ်ဖြင့်။လောကဓါတ်အလုံး။သိမ်းကျုံးဘက်မဲ့။ခံစားခဲ့၍။ သုံးဆဲ့ငါးနှစ်။ သက်စစ် ရောက်ခါ။ ကောဇာတရာ့သုံးခုတွင်။မြေထုရေထု။နေရုစက္ကဝါ။သောင်းမျက်နှာကို။ ချာချာသိမ့်ရှင်။ပွဲ့တင်ခတ်တီး။ကောင်းချီးနှုမော်။ ခေါ်ပစေလျက်။ဗုဒ္ဓဟောညောင်။ မာရ်အောင်ရန်နှိပ်။ ပလ္လင်ထိပ်ထက်။ တကျိပ်နှစ်ဦး။ဗိုလ်မှူးယာဝဲ။ စိုးကွပ်ကဲသော။သူရဲကိလေသာ။ထောင့်ငါးရာကို။ပါရမီရဲမက်။ လက်နက်ထားလှံ။မြတ်ဘုန်းကံဖြင့်။ လုပ်ကြံတိုက်သိမ်း။ ငြိမ်းစေတော်မူလျက်။ လူဝေနေရ။ဗိုလ်ထုအခြား။ သုံးပြည်သားတို့ကို။ထိုက်အားလျော်စွာ။သရဏဂုဏ်သီလ။မဂ္ဂဖလဌာန်။ နိဗ္ဗာန်တိုင်တိုင်။ ပြည့်လှိုင်တင်းကျမ်း။ စည်းစိမ်ဖွမ်းကို။ပေးကမ်းဝေဌ။ဆုတော်ချ၍။စတုဿပွဲကြီးယင်ပါသည်။

ထိုစတုဿပွဲသဘင်သည်။မြင့်တင်ကြာညောင်း။ နှစ်ပေါင်းလေးဆဲ့ငါး။ တရားတူရိယာ။ မြိမ့်မှုဥြာလျက်။ ကောဇာတရာ့

လေးဆယ်ရှစ်။သက္ကရာဇ်ယုဂ။ကဆုန်လအချိန်တွင်။ကုသိနာရုံ၊
ရကုန်ဂနိုင်။ အင်ကြွင်းမြိုင်၌။သုံးဆိုင်ဘုမ္မိ။ ဓိပတိရာဇာ။ ထွက်
သကျာသည်။ အနုပါဒိသိသ်။ တိတ်ဆိတ်ဥပါဒါန်။ မကျန်ကုန်
စင်။နိဗ္ဗာန်ဝင်၍။သဘင်ပွဲကြီးသိမ်းပါသည်။

နိဗ္ဗာန်အော   က်။ဝင်မည့်ရက်တွင်။ ရွှေစက်တော်ပါး။ဝင်
ခစားသော။သိကြားမင်းကိုခေါ်တော်မူ ။သူ့ဖံပတော့။ဤယံနေ့
ကား။ခြင်္သေ့မင်းမြေး။ပျုံမွေးနာမ။ဝိဇယကုမ္မာ။လောင်းပွင့်လျာ
ကို။ဗိုလ်ပါခပင်း။ကျွန်သင်းခုနစ်ရာနှင့်တကွ။ လာလတိုင်းမည်။
သီဟပြည်မှ။မကြည်မျက်ကြုဘ်။ဖြိုနှင်ထုတ်၍။ သမုတ်ကျယ်
ပြော။ပင်သယ်ကြောသို့။စွန့်မျှောပစ်ပယ်ကြလေသည်။

ထိုဝိဇယကုမ္မာ။လောင်းပွင့်လျာသည်။လက်ကျွန်းခွင်ဝယ်။
ရာဇဝင်ပျုံပွါး၍။ ငါဘုရား သာသနာတော်၌။ ကောင်းစွာမြင့်
ရှည်။ တည်ပိမ့်သသူ ဖြစ်ပေသည်။ ထိုသို့ဖြစ်၍။ ဥပရာဇ်နန်း
နှယ်။ မင်းသားငယ်အား။ အန္တရာယ်ရောဂါ။ ဘေးဘျန်းကွာ
အောင်။ ဆီးကာစောင်မရစ်ရမည်ဟု။ နတ်ပြည်စိုးရ။မိုးမာဃ
ကို။ ချီမြန်ပျော်။ အာလုပ်ဘော်၍။ အမိန့်တော်ထုတ်ပြန်ခဲ့ပါ
သည်။

ဘုရားဘဂဝန်။နိဗ္ဗာန်မွေလျှော်။ စံတော်မူသည်နှစ်။ ဇေက်ဇ
ယအင်္ဂ။ ဓိမာသ်ကောဇာ။ ယုတ်သင်္ချာကို။ အဇာတသတ်မင်း
နှင့်။ကဿပဘုန်းမော်။မထေရ်ကျော်တို့။ ခေါ်ဝေါ်သညာ။သာ
သနာသက္ကရာဇ်။တချက်တည်းဖြစ်ကြအောင်။ ပယ်ပစ်အကုန်
ဖြိုပါသည်။

လောကီဦးစွန်း။နိဗ္ဗာန်နန်းသို့။ စံမြန်းသည့်နောက်။ လေးလ
မြောက်၌။ပါမောက္ခဖျား။တရားဓမ္မိက။ကဿပရဟန္တာသည်။
အဇာတသတ်မင်းနှင့် တိုင်ပင်၍။ လေးအင်သင္ဂြိုဒ်။ ပိဋကသုံး
တန်။ အဘိညာဏ်ခြောက်ပါး။ ဂုဏ်ခြောက်မြားသော။ ဂိုဏ်း
သားငါးရာ။ရဟန္တာတို့နှင့်။ ပိဋကတ်သုံးတန်ကို။ သမယန္တာရ

ဝိဒဏ္ဍာဂိုဏ်းပွါး။ ဗာဟိသားတို့သည်။ ဖြစ်ပွါးမွေနောက်။ စုန်စောထောက်၍။ လှုပ်ချောက်ခြင်းငှါ။မဝံ့သာအောင်။ အဂ္ဂရာဝုဏ္ဏာ။ ဓာလုံးမျှန္ဒ။ ဒေါသမမြင်။ သုတ်သင်ပုန်ပါင်။ အာဂုံရွတ်လျက်။ ညီညွတ် ဝါဒ။ ခုနစ်လဖြင့်။ ပဉ္စမ သင်္ဂါယနာ တင်ပါသည်။

သောဠသနှစ်ပျိုတွင်။ ရာဇဂြိုဟ်ပြည်မြတ်က။ နာဂဒတ်မင်းကြီးနှင့်။ငါတို့မြန်မာ။သုနာပရန်။တိုင်းကြီးမှန်သော။ ပဋ္ဌာန်းရစ်။ သရေခေတ်က။နေမြစ်နွယ်လာ။မဟာသမ္ဘဝမင်း။ထိုမင်းနှစ်ဦး။ စိုးမှူးသိမ်းပိုက်။ထီးစိုက်နန်းပြိုင်ဖြစ်ပါသည်။

ဘုရားသခင်။ ပရိနိဗ္ဗာန်စံယူတော်မူသည့်နှစ်မှ။ သက္ကရာဇ်တရာ။ရောက်လစ်ခါသော်။ဝေသာလီပြည်ကြီးရှင်။ ဘုရင်ကာသာသောကမင်းလက်ထက်။ ဆယ်ချက်သောအဓမ္မကမ္မ။ ဥဗ္ဗိနယဝါဒီဖြင့်။ဝဇ္ဇိတိုင်းသား။ ရဟန်းများတို့။ ဘောက်ပြားသည်ကိုအကြောင်းမူ၍။ နိဗ္ဗုတာရုံ။ပြည့်စုံလက်ရှိ။ သိဒ္ဓိမြောက်ပြီး။ မထေရ်ကြီးခုနစ်ရာ။ရဟန္တာအရှင်မြတ်တို့သည်။ ရှင်မဟာယသ။ထေရိန္ဒကို။ဂဏာပါမောက်။အကြီးမြှောက်၍။ မေးလျှောက်ဖြေပြန်။သမယန္တရ။ပေါ် ပြလင်းလင်း။ရှင်းပစေလျက်။ကိုးထွေအင်္ဂါ၊ဒေသနာကို။ရခါရှင်ဆို။ ဘောဉ်ညီရှစ်လ။ အံ့ရွတ်ကြ၍။ဒုတိယသင်္ဂါယနာတင်ပါသည်။

တိုင်းမဇ္ဈေချာ။ ပြည့်ဝေသာက။ ကာလာသောကမင်းမြတ်နှင့်။ မြန်မာရပ်စစ်။ သရေခေတ်က။ တိနေတြ။ သကလဇမ္ဗူ။ တိုင်းလုံးယူသော။ ဇမ္ဗူရန်အောင်။ ဒွတ္တပေါင် မင်းကြီးသည်။ ထီးပြိုင်နန်းပြိုင်ဖြစ်ပါသည်။

ရှင်ချစ်ဘုရား။ နိဗ္ဗာန်လားသည်မှ။ သက္ကရာဇ် နှစ်ရာ့သုံးဆဲ့ငါးခု။ကိန်းစုသာသနာ။ ထိုအခါတွင်။ ပါဋလိပုတ္တ။ထိုပြည်မန္ဒ။ အသောကမင်းကောင်း။သောင်းဇမ္ဗူဒိပ်။ စိုးနှိပ်သည့်အတွင်း။ သိတင်းဝိသုဒ္ဓ။ ဥပုသ်ပဝါရဏာ။ဘောက်ပြားဝိသဘာ။ နာနာဝါဒ ကိုးဆောင်ကြသော။ ဗာဟိရတက္ကတွန်း။ ရဟန်းအလစ္ဆီ။

ရှင်ဒုသီတို့ကို။ လွှန်ကဲဇာဋ္ဌိပါဒ်။ အရဟတ္တအရိယာ။ ရဟန္တာ တထောင်တို့သည်။ အခေါင်မိပတိ။ မောဂ္ဂလိပုတ္တ။ တိဿမဟာ။ ဂိုဏ်းဆရာကို။ပရိနာယကပြု၍။ ပေါင်းစုကိုးလ။တတိယသင်္ဂါယနာတင်ပါသည်။

ဓမ္မာသောက။ တတိယပွဲ။ စဲသည်မှနောက်။ မောဂ္ဂလိပုတ္တ။ သင်္ဃရာဇာ။ထေရ်မဟာသည်။မဇ္ဈိမာဒေသဖြင့်။လွင်ဗာဟိရ။ ပစ္စန္တကိုးရပ်၌။ သဗ္ဗညုသာသနာ။ ရောင်ဝါကဲလွှမ်း။ ထွန်းစိမ့်ရည်၍။ ပစ္စန္တိကအစရှိသော။ဇာဋ္ဌိမန္တ။ ဒိဏ္ဏာသဝ။လောကဆိမိး။ဂိုဏ်းတောက်ကြီးတို့ကို။အသီးသီးစေခိုင်း၍၊ကိုးတိုင်းကိုးဌာနတို့၌။ဘုရားသာသနာကို။ကောင်းစွာပြုစုစေပါသည်။

ကိုးဌာနတိုင်းနိုင်ငံတွင်။ယွန်းရဟန်းဓမ္မရက္ခိတပြုစုသော။ ပရန္တတိုင်းကြီးသည်။ ဘုန်းမီးလျှံဝင်း။ မြန်မာမင်းတို့။ နန်းခင်းရာရိုက်။ဆောက်စိုက်စိုးမိုးရာ။ မင်္ဂလာအောင်မှူ။ မှောင်မည်းသော။ငါတို့မြန်မာတိုင်းပင်ဖြစ်ပါသည်။

အဝန်းကိုးရာ။ မဟာဘူမိ။ တိုင်းမဇ္ဈိက။ သီရိဓမ္မာသောကမင်း။ သမုတ်ခြားရာ။ ကျွန်းလင်္ကာက။ ဒေဝါနံပိယတိဿမင်း။ သရေခေတ္တရ။မြန်မာ့ဗိမာန်။တိုင်းရပ်ဌာနက။ ရန်ဘောင်မင်း။ ထိုမင်းသုံးပါးတို့သည်။တရားစည်ကြီး။အညီတီး၍။ ထီးတဖြိုင်နက်ဆောက်ပါသည်။

အထက်ကာလ။ဗျာဒိတ်ရသော။ ဝိဇယကုမ္မာသည်။လင်္ကာကျွန်းကြီး၌။ ထီးနန်းတိုင်းပြည်။ တည်ထောင်သည်ကစ၍။ဝိဇယဘုန်းကြွယ်။အနွယ်တော်တဘက်။သက္ကဌာနီ။ ကပိလဝတ္ထု။ ပြည်ပျိုနူက။ ဘဏ္ဍုသာကီဝင်။ဘုရင်ပြည်စိုး။ စောသတိုး၏။ နေမျိုးလည်းတဘက်။ အဆက်ဆက်ပွါးပြန်၍။နိဗ္ဗာန်ဆိပ်သာ။ကျွန်းလင်္ကာ၌။ မဟာဝင်နွယ်။ ဆက်သွယ်စည်ကား။ အလွန်အားဖြင့်။ဘုရားသာသနာ။ ရောင်ဝါထွန်းဝင်း၍။ ပွင့်လင်းလှပါသည်။

ထိုတမ္ဗပါဏိ၌။ဝိဇယအမည်။ နှယ်စည်လျှံတောက်။ဆဲ့သုံး မြောက်ဝယ်။ ဘုန်းမောက်တေဇ။ ဝဋ္ဋဂါမဏိမင်းကြီး လက်ထက်။ မင်္ဂဝေဇယန်။ ဘောင်တော်ကန်၍။ နိဗ္ဗာန်ဝင်တော် မူသည့်နောက်။ လေးရာ့ငါးဆဲ့ရှစ်နှစ်ဝယ်။မြင့်ကျယ်နှစ်ပုံ။ ရော်လတ်တုံသော်။ သုံးပုံပိဋကတ်။ကျမ်းတတ်ငါးရာ။ ရဟန္တာတို့ သည်။ ဤအခါမှ။ နောက်ကာလ၌။ မန္ဒပညာနိ။ သတိပညိန္ဒြေ။ ယုတ်သွေ ယွင်းချို။ လူတို့ ဉာဏ်လျော့။ နည်းချေတော့မည်။ ဉာဏ်နည်းပါး၍။ ဘုရား နှုတ်ကပါဌ်။ ပိဋကတ်ကို။ နှုတ်ရွတ် ဆောင်ဆောင်။ မဆောင်နိုင်ကြ။ရှိချေကလည်း။ မူးလပရိယာ။ သာသနာသည်။မကြာကွယ်ပျောက်ချေတော့မည်။ အရှည်အလျှားကို။ထောက်ထားဆင်ခြင်။မြင်တော်မူသဖြင့်ရင်း။ ထေရဝါဒမှ။ပဏ္ဍိတစု။ ဂိုဏ်းသီးပြုသော။ ကုပိဂ်လ။ မဟာတိဿမထေရ်တို့။ မူနည်းအာစာရ။ အခမ္ဘကို။ သံဝေဂရူတော်မူကြသဖြင့်ရင်း။အကြောင်းနှစ်တန်။ သာသနတ္တာရာယ်။ မိတ္တာနှယ်တို့ကို။ ပယ်တော်မူလို သဖြင့်။ သီဟိုဠ်ကျွန်းတဲတွင်။ မာလဲ အမည်ရှိသော။ဇနပုဒ်ဌာန။အာလောကလိုဏ်ကြီး၌။ နှီးနှောချွန်းစု။တိုင်ပင်ပြု၍။သုံးလူ့မှန်ကင်း။ဟောရင်းပါဠိနှင့်တကွ။အဋ္ဌကထာစုံ။ ပိဋကတ်သုံးပုံကို။ ခိုင်လုံသော့ရိုက်။ ဝမ်းရွှေတိုက်က။ နှုက်ခါ နှုက်ခါ။ ပေရွက်လွှာ၌။ ငါးရာဘုရား။ ထေရ်မြတ်များတို့သည်။ ရေးသားပီသ။တင်ထားကြ၍။ စတုတ္ထသင်္ဂါယနာတင်ပါသည်။

လက်ာဒီပ။ကျွန်းဌာနက။ ဝဋ္ဋဂါမဏိမင်း။ ခေတ္တာသရိ။ဌာနီ အောင်ချက်။ ငါတို့ဘက်က။ကြက်ဦးခေါင်းစား။ တေပါးမင်း။ ထိုမင်းနှစ်ဆူ။ရိပ်ဖြူဖြန့်ဝန်း။ ရွှေနန်းစိုးကြ။ တကာလတည်းဖြစ်ပါသည်။

နိဗ္ဗာန်အောင်ချာ။ဝင်သောခါမှ။ငါးရာမျှလောက်။နှစ်ပေါင်းရောက်သော်။ အောက်၌ညွှန်ပြ။ကိုးဌာနတွင်။ ယောနကတိုင်း။ အပိုင်းအခြား။တဂိုဏ်းထားသော။ ယိုးဒယားလူမျိုးတို့နေရာ။ သာဂလပြည်ကြီးကို။ ဘုန်မီးနေလ။ အစိုးရသော။ မိလိန္ဒမင်း

မြတ်သည်။ပိဋကတ်သုံးပုံကို။အာဂုံနှုတ်ပါ။ကြံစိတ်ဖြာ၍။ပညာ
ရှိဟူသမျှ။ပဏ္ဍိတတို့၏။ ဟာဒယဝတ္ထုချုပ်ကို။ တုန်လှုပ်ပူပန်စေ
ခြင်းငှါ။ စွမ်းနိုင်ကောင်းသော ကျိုးကြောင်း နက်နဲ။ ခဲခက်လှ
သောပြဿနာဖြင့်။ပုစ္ဆာစောဒကတင်သည့်တွင်။ရှင်နာဂသိန်၊
ထေရ်မှုနိန်သည်။မိလိန္ဒမင်းမြတ်၏ခဲခက်သောစောဒနာကို။ဝ
ဇီရာဝုဓ။ထိတိုင်းရှသော။ ဝဇီရစက်။ဉာဏ်လက်နက်ဖြင့်။ချတ်
ဖျက်သင်ဖြေလျှက်။သုံးထွေသောသာသနာ။ထွန်းစိမ့်ငှါဟု။ပိဋ
ယာထုတ်ပြ။ဥဿာဟဖြင့်။ပဉ္စမသင်္ဂါယနာတင်ပါသည်။

ယောနကလောကံ။ယိုးဒယားနိုင်ငံတွင်။ ထီးရန်နန်းတည်၊
သာဂလမြေပြည်က။ဘုန်စည်ကျော်ရှိန်။မိလိန္ဒမင်း။ပရန္တဂိုဏ်း
တိုင်းသီရိခေတ်။မြစ်၏အရှေ့။ရသေ့ပြုဘန်။ပြည်ဗိမာန်က။ပါပိ
ရံမင်း။ထိုမင်းအပြိုင်။နှစ်နန်းဆိုင်၍။စိုးပိုင်စံပယ်ကြပါသည်။

နိဗ္ဗာန်လွန်နောက်။ အစဉ်ရောက်သော်။ ၆၂၄ ခုတွင်။ဥတု
စိတ္တ။ ဋ္ဌိဇသမုဒ္ဒ။ သင်္ချာဓိမာသ်။ နက္ခတ်ယောဇန။ နေလနှစ်
ပါး။ အသွား ယွင်းဘောက်။ ကိန်းခန်း ရောက်သောကြောင့်။
အောက်နှစ်ဘုံနတ်။တမွတ်စိုးရ။အဇယုဇ္ဈသခင်။ မိုးဘုရင်သည်။
ဆင်ခြင်ရှုမြော်၍။လောကနန္ဒာ။တည်ရာရပ်ကွက်။ မြကျောက်
ထက်၌။ မြွေလက်တံဆိပ်။ ခတ်နှိပ်ပြေချော။ ဒေါ်ဒေါ် ရဿ။
ဖြိုကိန်းကျဟု။ ဒေဝဏ္ဏုဒ္ဒိပါဒ်။ ဓိမာသ် အစစ်။ ကိန်းစနစ်ဖြင့်။
သက္ကရာဇ်ကိုဖြိုပါသည်။

ယင်းသို့ဖြို၍။အတိုနှစ်ချမှတ်သည်မှ။ ရဿသက္ကရာဇ်။ သုံး
ရာ့ရှစ်တွင်။ရှင်ချစ်ဗုဒ္ဓ။မနိန္ဒ၏။ဥဿာသာသနာ။ကိုးရာ့သုံးဆယ်။
ကျွန်းလယ်မဇ္ဈိ။ဗောဓိအနီး။ရွာကြီးဂါမ။ ဃောသကဒ္ဓ။ပုဏ္ဏား
ရင်သွေး။ ရှေးအတိတ်က။ဗျာဒိပ်ရသော။ကလျာဏပုထုဇ္ဇန်။
ထေရ်မွန် ဗုဒ္ဓဃောသ။ အမည်ရသော။ ဆရာကျော် ပုဂ္ဂိုလ်
သည်။သီဟိုဠ်ဘာသာဖြင့်။အက္ခရာတင်ထားသော။ ဘုရားပိဋ
ကတ်ကို။ပုဒ်ပါဌ်မယွင်း။ပေါရင်းမူလ။မဂဓဘာသာဖြင့်။အဋ္ဌ
ကထာစီရင်။ရေးတင်ပြုစု၍။သုဝဏ္ဏဘုံ။သထုံနဂရ။ ပြည်ဌာန်

သို့။ လုံ့လဆောင်ယူခဲ့ပြီးသော်။ မြေပေါ်နှံ့ပြား။ ဇမ္ဗူသားတို့ကို။သင်ကြားကျူးယူစေသဖြင့်။ထေရာသဘာ။ ရှင်စောသသည်။ ဆဋ္ဌမသင်္ဂါယနာတင်ပါသည်။

လက်ာခဉ်ခံ။ ကျွန်းဒိပံကာ။မဟာနုမ်မင်း။ တောင်ဇမ္ဗူရံ။မြန်နိုင်ငံက။ ပေါက္ကံဇာတိ။အရင်းရှိသော။သိရိပစ္စယာမြို့တည်။သင်လည်ကြောင်မင်း။ သုဝဏ္ဏပုရ။သုဝဏ္ဏက။ ဓမ္မပါလမင်း။ထိုမင်းကေရာဇ်။ မင်းစစ်သုံးပါး။ တရားမဇ္ဈ။ ရာဇညတို့သည်။ကာလတချက်တည်းဖြစ်ပါသည်။

သာသနာတော်ဝသာ။ ၁၁၇၅ ခု။ နေရသေဌ်နင်း။ရိုးညွှင်းမင်း၏။ ပြိုကွင်းလက်စ။ ၅၆၂။ သက္ကရာဇ်ကောဇာကို။ ပေါက္ကံရာမံ။နန်းစံမပျက်။မင်းဆက်ဗာဝီသ။ နေမှန္တယ်ခြား။ ပုပ္ပါးစောရဟန်း။လု့ကြင်နန်းသည်။ ကိန်းခန်းနေကျ။ ခဆပဥ္စာ။သင်္ချာအလို။နှုတ်သိမ်းပြို၍။အတိုနှစ်ခုထားပါသည်။

ဝိနာယက။မုနိန္ဒသည်။ပဌမရွှေနန်း။ သိမ်းမြန်းတော်မူသည်မှ။ကိန်းရှည်သာသနာ။သင်္ချာအဖြောင့်။၁၆၀၁ နှစ်။ သက္ကရာဇ်အလို။ကိန်းတိုရသာ။ ၄၁၉ ခုတွင်။အနုရုဒ္ဓ။ဒေဝရာဇာ။နော်ရထာမင်းစောသည်။ အာသဝေါမလိမ်းကျံ။ ဝန်ဆိတ်ညံသော။ အရဟံမည်ခေါ်။မထေရ်ကျော်ကို။အဘော်တံကဲ။သဟဲမှီငြမ်းပြု၍။ သုဝဏ္ဏဘုမ္မိ။ သထုံရှိသာသနာ။ လက်ာကျွန်းပေါင်။ သွားယူဆောင်သော။ မြားမြောင်မွေခတ်။ ပရိယတ်ကျမ်းစာ။ သာသနာတို့ဖြင့်။ရဟန္တာရှင်အရဟံသည်။စီမံပြသ။ လမ်းမှန်ချ၍။ မူလရှိဟောင်း။ ခြောက်သောင်းကျော်စဉ်။ အရည်းရှင်တို့၏။ ဥမင်ဂမ။နိုရယစီးပွါး။ ပယ်ရှားဉာဏ်ရောင်။ နှိပ်နှင်းဆောင်မှ။ တထောင် အရိယာ။ ရဟန္တာတို့နှင့်။ အောင်ချာပုရ။ ရိမဒ္ဒန္ဒ။ သတ္တမသင်္ဂါယနာတင်ပါသည်။

သာသနာတော်။ ၉၁၂ ။သက္ကရာဇ်ရှစ်ရာ။နှစ်ကောဇာတွင်။ ရတနာပုရ။ပြည်ရွှေဝန္ဒ။မြန်မာသေဌ်နင်း။ရိုးညွှင်းမင်းသည်။သင်္ကြင်းသမာဓိ။ ပညာရှိသော။သမ္ဗုတိရှင်ကောင်း။ မင်းကျောင်း

ပုဂ္ဂိုလ်။ စာကြိုသူမြတ်တို့နှင့်။ ညီညွတ်နိုင်းဆ။ တိုင်ပင်ကြ၍။ရှိ မဒ္ဒမင်း။ ဖြိုကြွင်းစဉ်လာ။ ၅စ်ရာပြည့်နှစ်။ သက္ကရာဇ် တခုကို။ ဘာသျှုနောသတ်။ ကိန်းလက်မှတ်ဖြင့်။ ချေဖျက်ပယ်ချ၍။ သေ သန္နှစ်ချ။ကိန်းသစ်ပြုသည်တွင်။ သမ္မုတိမပြောက်။ နောက်ပုဂံ ဖြစ်။သက္ကရာဇ်ဟုမျိုး။ မိုးညွှင်းသက္ကရာဇ်။ အသစ်တတည်။အ ၅ည်အတို။အလိုမပြီး။နှစ်သီးနှစ်ဖုံဖြစ်ပါသည်။

၅င်စောဘုန်းစည်။ငါးမာရ်နည်သည်။ ရွှေပြည်ကျွန်းဦး။ကျူး တော်မူသဉ်မှ။ကာဿပသက္ကရာဇ်။ အနှစ်နှစ်ထောင့်ခုနစ်ဆယ် တွင်။ဂယ်သုံးချ။ဥဿျှစ်ထုဟု။လူ့သင်္ကေတ။၅စ်ရာ့၅စ်ဆဲ့၅စ်။ သက္ကရာဇ်ကောဇာတွင်။မိစ္ဆာမျိုးခြား။သိုဟံသွားသည်။ တရား ယွင်းဘောက်။မင်းဖြစ်မြောက်၍။ မွေနှောက်ညွှင်းပန်း။ ရဟန်း ကိုသတ်။မွေခံတသရိ။စေတီကိုဖျက်။ နှုတ်နက်ဓမ္မကျွန်း။ကျမ်း ဂန်ခပင်းကို။ မီးထင်းရှို့တိုက်၍။ စရိုက်ယွင်းပါး။ ၅မ်းဖျက်ပြား သောကြောင့်။ ဘုရားသာသနာ။ ထိုခါတကြိမ်။ သေးသိမ်ဆွမ်း နယ်လေသည်တွင်။ ကေတုမတီ။ တောင်ငူပြည်သို့။ သွားခါ လွတ်ရှောင်း။ နေကိန်းအောင်းသော။ ၅င်ကောင်းထေရ်မြတ်။ သဒ္ဒမှ ကိတ္တိဆရာ၏ သိက္ခာပညာ။ နည်းနာခံမှီ။ ဂန္ထိရညာဏ် စွမ်း။ ပြည့်လျှမ်းထက်မြက်တော်မူသော။ တပြက်သာမြို့သား။ လေးပါးသုဒ္ဓိ။မှုမငြိသော။၅င်တိသာသနဓဇ။ ဒုတိယဇေတဝန် ဆရာတို့သည်။ မြန်မာမျိုးရင်း။ သမာဓိမင်းတို့နှင့်။ အသင်းအ ပင်းပြုဧပ်၍။ သာသနုပ္ပဒ္ဒဝ။ ပျောက်ပကင်းကွာ။ ပွင့်လင်းသာ အောင်။ ရတနာပုရ။ ပြည်ရွှေဝဋ္ဋ။ အဌမ သင်္ဂါယနာ တင်ပါ သည်။

မဟာဝိဇယ။သုံးလူ့ဘသည်။သိဝဉကင်။ ဝင်တော်မူသည့် နောက်။ နှစ်ပေါင်းနှစ်ထောင့်နှစ်ရာ့သုံးဆဲ့ငါး။လူများကောဇာ။ တောင်တရာ့ဆဲ့သုံးခုတွင်။ဇမ္ဗူသိဟ။ရမ္မညမှ။တန့်ပုန်ကန်။တ လိုင်းရန်ကြောင့်။ ဗိမာန်ဌာန။ ပြည်ရွှေဝသည်။ကြေမွပျက်ပြား

ကြပါသည်။ ထိုသို့တိမ်းပါး။ ယိုယွင်းများသဖြင့်။ အလင်းသာသနာ။ တခါညစ်နွမ်းပါသည်။

ယင်းသို့တဘန်။ ဆက်မှန်နေမျိုး။ တန့်ခိုးဌန်ခြောင်း။ ပွင့်ဆုတောင်းသော။ အလောင်း မင်းတရားကြီး ဘုရား။ ဘုန်းအားဇာဋ္ဌိပါဒ်။ ရန်လုံးသတ်၍။ သိုက်ခေတ်ညီစွာ။ ရတနာသိင်္ဂ။ ပြည်မကုန်းဘောင်။ တည်ထောင်ရွှေနန်း။ မြန်းသည်ကာလ။ ၁၁၁၅ ခုနှစ်တွင်။ ဇေကရာဇ်မင်းမြတ်၏ဆရာ။ မဟာအတုလသဒ္ဓမ္မရာဇဂုရု။ တံဆိပ်နာမံ။ ရွှေဘွဲ့ခံသော။ သမ္မုတိထေရ်မြတ်သည်။ နေမီးလဝါ။ မနိုင်းသာအောင်။ သာသနာရောင်ရွှန်း။ ထွန်းပစေလျက်။ သပြေအခေါင်။ ကုန်းဘောင်နဂရ။ ပြည်သိင်္ဂ၌။ နဝမသင်္ဂါယနာတင်ပါသည်။

အသချေ်ယျ။ နာမတံဆိပ်။ ငါးမာရ်နှိပ်သည်။ ပြည်နိဗ္ဗုခွင်။ ဝင်တော်မူသည်မှ။ တွက်ဆသင်္ချာ။ သာသနာနှစ်ထောင့်သုံးရာ့နှစ်ဆယ်။ လူဝယ်သီးခြား။ မှတ်သားသံဝစ္စရ။ တောင်တရာ့သုံးဆဲ့ရှစ်ခုတွင်။ ဇမ္ဗူ့ဥသျှောင်။ ကုန်းဘောင်တည်ရင်း။ အလောင်းမင်း၏မြေးတော်။ တေဇော် ကွန့်မြူး။ စဥ့်ကူးမင်းတရားသည်။ ဆယ်ပါးရာဇဓံ။ ရွှေနန်းစံတော်မူသည်တွင်။ ဟံသာဝတီရောက်မင်းဘိုးတော်။ တူဘော်ရာဇ။ ရွှေဝနန်းရိုး။ စိုးစံသည့်အခါ။ တုံရွှာရှင်ဂုဏာဘိလင်္ကာရ။ အရည်ပုဂ္ဂိုလ်သည်။ အလိုကွဲပြား။ ဝါဒအားဖြင့်။ ရှာသွားမြှုဝင်။ အတင်ဒုက္ကဋ်။ ဂိုဏ်းသီးထုတ်၍။ မဟုတ်သောဝိနည်းကံကို။ ကျင့်ကြံဆောင်ရွက်သည်မှစ၍။ သပယသံ။ အရုံဂိုဏ်း၊ အတင်ဂိုဏ်း။ တဆိုင်းတပွဲ။ ကွဲလွဲဝေးကွာ။ ဝိဝါဒါဓိကရုဏ်း ဖြစ်ကြသည်တွင်။ ဝိဝါဒနှိပ်နင်း။ ဖြေရှင်းနိုင်သူ။ မပေါ်မထွက်။ ခြောက်ဆက်မင်းပေါင်း။ ကာလညှောင်းအောင်။ ထုံးဟောင်းမကျ။ သာသနအနှံ့ရာယ်။ ငြိတွယ်မှေးရှက်ခဲ့သည်ကို။ ပြည်တဲသေဌ်နင်း။ တရားမင်းနှင့်။ စလင်း ရှင်နန္ဒမာလာ။ ထေရ်မဟာတို့။ အာဏာဓမ္မစက်နှစ်ပါး။ သုတ်သင်ရှား၍။ ပိုင်းခြားဆုံးဖြတ်။ လမ်းဖြောင့်မတ်အောင်။ သဒ္ဓမ္မဝါဒီ။ အညီပတ်ကုံး။

နိုင်ငံလုံးကို။ရှေးထုံးအတိုင်း။အရုံဂိုဏ်းဟု။တဂိုဏ်းတည်းသာ ဖြစ်စေ၍။ အောင်မြေဌာန။ပြည်ရွှေဝဠ်၌။ ဒသမသင်္ဂါယနာတင် ပါသည်။

တြိမကုဋ။ ဒ်တုလဘဂဝါ။ စေသထ္ထာသည်။ မာလာကု သိန်။ခြည်ရှိန်ခိုင်မွေ။ ဝင်သည်နေ့မှ။ လွှ.လွှ.ရှည်ကြာ။သာ သနာ ၂၃၆၄-ရောက်သက္ကရာဇ်။၁၂၁၄ ခုနှစ်တွင်။နေမြစ်ခိုင် ညွှန့်။ဘုန်းရောင်ဖြန့်သား။ ရန်သန့်ပယ်ရှင်း။မင်းတုန်းမင်းတရား ကြီးသည်။ သီးသီးရာဇ၀ံ။ လောကံပြည့်တင်း။ မင်းဖြစ်တိုင် မြောက်။ရောက်လတ်သောခါ။ သာသနာကို။ ကောင်းစွာမြှင့် ချီး။ ထဲနှိုးနှလုံး။ စွဲသုံးရင်းရှိရကား။ သီလသမာ။ ပညာရင့်ရုံ။ စွယ်အစုံရောက်။ ပြောင်မွန်မြောက်သော။ ပါမောက်.မဟာ။ ဂိုဏ်းသင်္ဃာတို့နှင့်။ ကောင်းစွာညီညွတ်။ပိဋကတ်ကို။ တည်း ဖြန့်မယွင်း။ဟောရင်းအတိုင်း။ ကရိုဏ်းပယတ်ဌာန်။ဖြောင့်မှန် မပျက်။ တပြေးတည်းထွက်ခဲ့လျှင်။ နေစက်ရောင်ဆင်း။ ဝင်း ဝင်းလျှံတောက်။ သလင်းကျောက်ထက်။ ထွင်းဘောက်လှလှ။ တင်ပြုသ၍။ချက်မမြေခံ။မန်းရွှေဘုံ၌။ဇေယျုံသဘင်။ပွဲကြီးယင် လျက်။ကောဒသမသင်္ဂါယနာတင်ပါသည်။

ထိုသို့ကောဒသမသင်္ဂါယနာ။မဟာသဘင်။ ယင်သည်က ကို။ပဌမဝတ္ထု။ အရင်းပြု၍။ ယခုသီဘောမင်းတရားကြီးလက် ထက်ကောဘ်တိုင်။ဘုန်းလှိုင်သကျ။ဂေါတမ၏။ဩဝါဒသာသနာ သည်။မိစ္ဆာဒိဋ္ဌိ။မငြိမရှက်။ ရှင်းသန့်သက်၍။တနှစ်ထက်တနှစ်။ ဆုတ်နစ်မည့်။ဖြိုးဖြိုးဖွံ့၍။ပျံ့နှံ့ထွန်းလင်းပါသည်။

ဤသို့တုံလျှင်။သုံးခွင်မှန်ကူ။သယမ္ဘူသည်။ မိန့်ကြူးမြွက်။ ရွှန်နှုတ်ပွက်၍။မှတ်ချက်သာသနာ။ထားတော်မူခဲ့သော။ သချာ တွက်ရေ။ ငါးထောင်စေတွင်။ ရွှေပြည်ခေမ။ ဝင်သည်ကကို။ အမရရန်အောင်။ ရွှေနန်းထောင်၍။ ကုန်းပေါင်းသတိုး။ နေမျိုး ရန်လှစ်။ တကျိပ်တစ်ထိ။ ဘုန်းသစ်ဖြိုးလျှံ။ စိုးစံထွန်းတော်ဆဲ။

ယခုရောက်အောင်။ နောက်အတိတ်သာသနာကို။ သင်္ချာတွက် ရှောင်း။ ဂဏန်းပေါင်းသော်။ ၂၄၄၇ ခုဖြစ်ပါသည်။

အနာဂတ် သာသနာ။ နောင်လာဧင်း။ ထိုနှစ် ပေါင်းကား။ ၂၅၅၃ ခုဖြစ်ပါသည်။

မြန်မာမင်းမျိုး။ နေနန်းရိုးတို့။ တန်းခိုးအာဏာ။ နှံ့ရောပတ်ကုံး။ နိုင်ငံလုံး၌။ သုံးဆောင်ဝေါဟာရ။ ပညတ် ကြသော။ လူများ သညာ။ နှစ်ကောဇာကား။ ပေါက္ကံရာမ။ နန်းဌာန၌။ နေကြင်း။ စောရဟန်းမင်း။ ကိန်းပြုခွင်း၌။ အကြွင်းနှစ်ပါး။ ထားသည်က ကို။ ဉာဏ်တည်ထောက်ရှု။ စွဲမှတ်ပြု၍။ ယခုသည်နှစ်။ ဆိုက် ရောက်လစ်သော။ ။နိဋ္ဌိတံ။

နံပါတ်	အမှား	အမှန်	ကြောင်းရေ
၁၆	ဘာဂဝတော	ဘာဝတော	၁၈
၃၁	ခါရနေ	ခါရိနေ	၂၁
၃၂	ဝိနဿတိ	ဝိနသိဿတိ	၂၅
၃၃	အပါယိကာသတ္တာ	အပါယိကာသတ္တာ	၂၁
၄၀	တာလခန္ဓာ	တာလက္ခန္ဓာ	၇
၄၂	ပညာယန္တံ	ပညာယန္တိ	၁၃
၄၅	ယာဝကရိ	ယာဝကပ္ပ	၁၉
၅၃	ကောသမ္ဗိံနာဋ္ဌေ	ကောသမ္ဗိံယေဝနာဋ္ဌေ	၇
၆၃	ရောက်၏	ရောက်၍	၁၇
၆၃	ထိုအလှူသည်။ ဟောတိ။	ထိုအလှူသည်။ ဒိန္နံ၊သည်။ဟောတိ။	၂၃
၆၄	ယောဂရူပ	ရောဂရူပ	၁၇
၆၅	ယောဂရူပသမုဋ္ဌံ၊ ယောဂါ	ရောဂရူပသမုဋ္ဌံ၊ ရောဂါ	၂
၆၅	အန္တရိယ	အနန္တရိယ	၂၅
၇၁	မည်ကုန်၏။ ပုရိမာနိ	မည်ကုန်၏။ဣတိ၊သို့။ ပုရိမာနိ	၂၁
၇၇	ကဋ္ဌဗ္ဗဿ	ကာတဗ္ဗကိစ္စဿ	၄
၇၀	အစိန္တယာနိ	အစိန္တယျာနိ	